www.burmeseclassic.com

ရွှေပဒေသာစာပေ

# မယ်နိုင်

နီယာမ

(အချစ်ဆုံးချင်းဝတ္ထုသစ်)



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊ ၂၀၁၅၊ ဖေဖော်ဝါရီလ။ |
| ထုတ်ဝေသူ | - ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ဈေး | - ၁၄၀၀ ကျပ် |
| အုပ်ရေ | - ၅၀၀ အုပ် |

ဂ၉၅ ဂ၃

မယ်နိုင်

နိယာမ / မယ်နိုင် - ရန်ကုန်၊

ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။

၃၀၄ - စာ ၊ ၁၂.၃ × ၁၈ စင်တီ။

(၁) နိယာမ


# မယ်နိုင်

# နိယာမ

www.burmeseclassic.com

www.burmeseclassic.com

စွဲလမ်းနေမိသော်လည်း
အသည်းက မာလွန်းနေတယ်၊
မာနကြီးနေမိသော်လည်း
အရမ်းချစ်တတ်နေပြန်တယ်၊
မုန်းမိသော်လည်း
သတိက ရ,ရနေတတ်တယ်၊
နာကြည်းမိသော်လည်း
လွမ်းနေရပြန်ရော။
နေမှကောင်းရဲ့လား . . .
အချစ်သစ်နဲ့ တွေ့နေပြီလား . . .
သတိမှရသေးရဲ့လား . . .
အဖန်ဖန်တွေးမိနေတဲ့
နှလုံးသားတစ်စုံက
မျက်ရည်များနဲ့ ပြုံးနေသူပါ မောင်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တဖျပ်ဖျပ်လက်နေသော ကင်မွန်ရာမီးရောင်အောက်တွင် ဟန်ရေးအမျိုးမျိုးပြနေသော ကိန္နရီမလေးတစ်ဦး။

သူက ကြယ်စုံဖူး။ ပါတိတ်ဝမ်းဆက် အစိမ်းနုရောင်လေး သည် ဝင်းဝါသော ကြယ်စုံ၏ကိုယ်ပေါ် တင့်တယ်၍နေလေသည်။

"မိုက်တယ် . . . အဲဒီအတိုင်း ဆက်လုပ်မယ်"

တင်ကို နောက်ပစ်၊ ရင်ကို ကော့ထား၏။ ရေပန်းမှရေ များသည်လည်း ကြယ်စုံ့ကိုယ်ပေါ် တသောသောကျနေလေ သည်။

ဇော်ရင်ကလည်း မြက်ခင်းပေါ်လှဲချပြီး ရှုထောင့်ကို စိတ်ကြိုက်ရွေးချယ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ"

ထုံးစံအတိုင်း ဇော်ရင်က ကျေနပ်ပါက အိုကေဟု အားပါးတရ အော်ပစ်တတ်သည်။

"ဒီပုံတွေနဲ့သာ လျှောက်လွှာတင်ရင် နင် သေချာပေါက် ရွေးချယ်ခံရမှာပဲ ကြယ်စုံ"

"ငါ့ကိုပြ . . . ငါကြည့်မယ်"

ကြယ်စုံဖူးသည် သွက်လက်ချက်ချာသူပီပီ ဇော်ရင့်အနီးသို့ ဇွတ်ခနဲရောက်ရှိလာသည်။ ပြီးနောက် . . . ကင်မရာကိုင်ထားသော ဇော်ရင်၏လက်ကို အုပ်မိုးကာ ဆုပ်ကိုင်ပြီး ကင်မရာကို လုကြည့်သည်။

"ဟွန်း . . . ငါက ကြည့်ပါမယ်ဆို၊ နင်ကလည်း"

"အေးပါဟာ . . . ပြပါ့မယ်၊ နင်ကလည်း လောလိုက်တာ"

ဟု ချစ်စနိုးလေး ကျီစယ်နေသော ဇော်ရင်၏ပခုံးကို ကြယ်စုံက ခပ်ဖွဖွထုရိုက်သည်။

"ကြည့်ချင်တာပေါ့ဟဲ့ . . . အစွမ်းကုန်ကြိုးစားထားတဲ့ဟာကို၊ နင်ကလည်း ကိုယ်ချင်းမစာမနာ၊ မော်ဒယ်ဖြစ်ရဖို့က ငါ့အိပ်မက်ပဲဟာကို"



"ဘယ်သူက မသိဘဲနေလို့လဲ၊ ဒီမှာကြည့်"

ဇော်ရင်ပြသောပုံများကို ကြယ်စုံဖူး စိတ်ဝင်တစား ကြည့်သည်။ အနေအထားချင်း နီးကပ်သွားကြသောကြောင့် ဇော်ရင့်ထံမှ ရေမွှေးနံ့သင်းသင်းကို ကြယ်စုံ ရှူရှိုက်မိသွားသည်။

"နင့်ရေမွှေးက သိပ်ကောင်းတာပဲနော်၊ နှင်းဆီနံ့ထင်တယ်"

"အာရှုံခံ သိပ်ကောင်းတယ်၊ ဟုတ်တယ် . . . နှင်းဆီရေမွှေးပဲ၊ ငါ့မွေးနေ့တုန်းက လက်ဆောင်ရထားတာလေ၊ ပြည်စိုးက ငါ့ဦးလေး ပို့လိုက်တာ"

"နင့်ကို ငါ သိပ်အားကျတာပဲ ဇော်ရင်ရယ်"

"ဘာလို့လဲ"

"နိုင်ငံခြားမှာနေတဲ့ ဆွေမျိုးတွေ အများကြီးရှိတယ်၊ ပြီးတော့ မွေးနေ့တိုင်းလည်း အကောင်းစားလက်ဆောင်ပစ္စည်းတွေ ရတယ်"

"နင်က မရလို့လား"

"ပို့စကတ်ကလွဲရင် မရဖူးဘူး"

"အင်း . . . ဒီတစ်ကြိမ် နင့်မွေးနေ့ရောက်ရင် ငါ နင့်ကို ရေမွှေးလက်ဆောင်ဝယ်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်"

"ငါ ညာဖူးလို့လား"

"အိုး . . . ပျော်လိုက်တာ၊ မနက်ဖြန်ပဲ မွေးနေ့ရောက်လိုက်ချင်ပြီ"

"ဘာမွေးနေ့တွေ ရောက်နေကြတာလဲ"

နောက်ထပ်ဝင်လာသူ တစ်ဦး။ သူက ရွှေစင်ယော်။ မျက်နှာက မှုန်ကုပ်ကုပ်နှင့် ဖြစ်သည်။ တစ်စုံတစ်ခုကို အလိုမကျပုံနှင့် ရွှေစင်ယော်သည် လှသောမျက်နှာကြီး ပုပ်သိုး၍ နေလေသည်။

ရွှေစင်ယော် မျက်နှာညှိုးပါက အနေကျုံ့သောကြယ်စုံ့သည် အပြုံးလေးပင် ဆုံးအောင်မသယ်ဆောင်လိုက်နိုင်ချေ။ ဇော်ရင့်ရှေ့၌ ဇက်ကလေးကိုပုပြီး ခေါင်းကလေးငုံ့သွားသည်။

"ငါးရှဉ့်မ ဘယ်ကလျှောထွက်လာရပြန်တာလဲ"

"ဒါ . . . ငါ့နယ်နိမိတ်လေ၊ နင့်အသုံးအနှုန်းက နည်းနည်းကျော်နေတယ် ဇော်ရင်"

"နင့်ကို ငါမကြိုက်တာ အဲဒီ ခပ်ရင့်ရင့်အသုံးအနှုန်း အပြောအဆိုတွေကြောင့်ပဲ . . . သိလား ရွှေစင်ယော်"

"နင် ကြိုက်ဖို့မလိုပါဘူး၊ ငါအဆင်ပြေသလို နေရရင်



ပြီးရော၊ ရေဆာလာတယ်၊ ကြယ်စုံ . . . ငါ့ကို အိမ်ထဲမှာ ရေဘူး သွားယူပေးပါ"

ရွှေစင်ယော်၏လေသံသည် ခပ်မာမာဖြစ်သည်။ ဇော်ရင့်ရှေ့မှာမို့ ကြယ်စုံ့ရင်ထဲ အောင့်သွားသည်။ သို့သော် ဘာတတ်နိုင်မှာမို့လဲ။ သူ့အရိပ်ကိုခိုမှတော့ သူခိုင်းတာလုပ်ရတော့မည်ပေါ့။

"သူငယ်ချင်းအချင်းချင်း နင် ဘယ်လိုပြောလိုက်တာလဲ ရွှေစင်ယော်"

ခပ်ကုပ်ကုပ်ထွက်သွားသော ကြယ်စုံ့ကျောပြင်ကို ကြည့်ပြီး ဇော်ရင်က အပြစ်တင်သည်။

ရွှေစင်ယော်သည် ခေါက်ယပ်တောင်လေးကို တဖျတ်ဖျတ်ခတ်ရင်း ဇော်ရင့်ကို ပမာမခန့် မော့ကြည့်၏။

"ကဲကဲဆတ်ဖြစ်နေတဲ့ နင့်ပုံက ဘာသဘောလဲ၊ ငါက သူ့ကို ဘာပြောမိလို့လဲ"

"တော်တော်များသွားပြီ ရွှေစင်ယော်၊ မင်း ငါ့ရှေ့မှာ ဘာလေသံနဲ့ ဘယ်လိုခိုင်းလိုက်သလဲဆိုတာ မဆန်းစစ်နိုင်လောက်အောင် မင်းညံ့နေပြီလား၊ အရှုံးပဲကွာ"

"ရေဘူးလေးယူခိုင်းမိတာနဲ့ ငါက အရှုံးဖြစ်ရရောလား၊ ဒီမှာ ဇော်ရင် . . . နင်က ငါ့သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးပါ၊

www.burmeseclassic.com



ဒီဟာမ ရောက်လာပြီးကတည်းက နင့်လေသံတွေက ငါ့အပေါ် ရင့်နေတယ်ဆိုတာ နင့်ကိုယ်နင်ရော သိရဲ့လား၊ ရှူးနေတာက ငါမဟုတ်ဘူး ဇော်ရင် . . . နင်၊ အဲဒီမာယာတွေ ပျာတာတွေကြား ထဲ နင် ရုန်းမထွက်နိုင်တော့ဘူး၊ ဒီမှာ နင့်ကိုလည်း ငါ ကြိုပြော ထားမယ် . . . အဲဒီ မာယာအိုင်ထဲက နင် ရုန်းထွက်ရင် ရုန်းထွက်၊ မရုန်းနိုင်ရင် နောက်မှ ကူပါ,ကယ်ပါ လာမလုပ်နဲ့၊ ရွှေစင်ယော် တို့က ဆောရီးပဲ''

''ရွှေစင်ယော် . . . နင် ရင့်လှချည်လား''

''နင်တို့ယောကျ်ားလေးတွေ အဲဒါခက်တာပဲ၊ အပေါ်ယံ အရောင်ကိုပဲ မြင်တယ်၊ အဲဒီအရောင်အောက်မှာ ဘာတွေ လျှို့ ဝှက်နေသလဲဆိုတာ မြင်အောင်မကြည့်ဘူး၊ ဒါကို အခွင့်အရေး ယူပြီး အဲဒီလိုမိန်းမတွေ ထွန်းကားနေရတာပဲ၊ တရားခံက အဲဒီ မိန်းမတွေ မဟုတ်ဘူး၊ နင်တို့လို နုံအတဲ့ယောကျ်ားတွေပဲ၊ သနား တတ်လွန်းတဲ့ယောကျ်ား, ယုံလွယ်လွန်းတဲ့ယောကျ်ားတွေ''

''တော်ပြီ ရွှေစင်ယော် . . . ငါ နင်နဲ့ ဆက်မပြောချင် တော့ဘူး၊ ကြာလာရင် နင့်ကို ငါ ချဉ်တူးသွားလိမ့်မယ်''

''နင့်ကိုယ်နင် သိပ်တော်နေပြီလို့ ထင်နေသလား ဇော် ရင်''



''ဘာစကားလဲ၊ ဘာအဓိပ္ပာယ်လဲ''

ဇော်ရင့်မျက်လုံးကြီးများ နီရဲ၍နေသည်။ ဇော်ရင် စိတ်တို နေပြီဆိုတာ ရွှေစင်ယော် သိလိုက်သည်။ သို့သော် ဂရုမစိုက်ပေ။ တစ်ဖက်ရဲ့အနေအထားကို ထိန်းညှိပြီး ပြောဆိုဆက်ဆံရမှာမျိုး ရွှေစင်ယော် မကြိုက်ပေ။ ထိုသို့ ဆက်ဆံနေရခြင်းသည်လည်း အောက်ကျသည်ဟု ထင်သည်။

''ချဉ်တူးတာတွေ, ခါးသက်တာတွေ နင်က သတ်မှတ်ရ လောက်တဲ့ထိ ငါ့အဆင့်က မနိမ့်သေးဘူး''

''ငါ့စိတ်ကိုလည်း ဟိုဟာဖြစ်ပါ, သည်ဟာဖြစ်ပါဆိုပြီး အမိန့်ပေးရလောက်အောင်လည်း နင့်အဆင့်က မမြင့်ဘူး၊ နေပါဦး . . . မသိလို့ မေးပါဦးမယ်၊ အဆင့်ဆိုတာ ဘာလဲ၊ အဲဒီအဆင့်တွေ ကို နင်က ဘာစံချိန်စံညွှန်းနဲ့ သတ်မှတ်နေတာလဲ၊ ငွေကြေးချမ်း သာနေတာကို ပြောချင်တာလား၊ ပညာအရည်အချင်းလား၊ ဒါဆို ရင်တော့ နင်နဲ့ငါက မတိမ်းမယိမ်းပဲ၊ ယဉ်ကျေးမှုနဲ့သတ်မှတ်တယ် ဆိုရင်တော့ နင့်ထက် ကြယ်စုံက ပိုပြီးအဆင့်ရှိလိမ့်မယ်''

ပန်းရုံအကွယ်လေးမှ ကြယ်စုံဖူးသည် ဇော်ရင့်စကား ကြောင့် ပါးချက်လေးပေါ်သည်ထိ နှစ်လိုစွာပြုံးမိသည်။

ကြယ်စုံအပြုံးနှင့် ဆန့်ကျင်သောမျက်နှာတစ်ခုသည် ရွှေ



www.burmeseclassic.com

www.burmeseclassic.com



စင်ယော်ဖြစ်သည်။

ရွှေစင်ယော်မျက်နှာကြီးသည် နီမြန်း၍နေလေသည်။ ငါ့ကိုများ အဲဒီလိုမိန်းမနဲ့ ယှဉ်ရကောင်းသလားဆိုသည့်စိတ်က မခံချိမခံသာ ပုံ့နှံ့၍နေလေသည်။ ထိုစဉ် ကြယ်စုံဖူးသည် ပန်းရုံကွယ်လေးမှ ခေါင်းကလေးငုံ့ကာ ကုန္တြေရရ ထွက်လာသည်။

ကြယ်စုံလက်ထဲ၌ ရေသန့်ဘူးနှင့် ရေခွက်ထည့်ထားသော လင်ပန်းတစ်ချပ် ပါလာသည်။

"ကြယ်စုံ ... နင် အကျီသွားလဲတော့၊ စိုနေတဲ့ဥစ္စာ၊ ဖျားနေဦးမယ်"

"ရပါတယ် ... အရမ်းမစိုသေးပါဘူး၊ လေသလပ်ရင် ခြောက်သွားမှာပါ"

"မိုးဦးလေဦး ဖျားတတ်တယ် ... သွားပါ"

"ဟင့်အင်း ... ပိတ်ရက်မို့ အချိန်ရတာနဲ့ အကျီတွေ အကုန် လျှော်လှန်းထားတယ်၊ ရပါတယ်"

စေတနာစကားဆိုနေသော ဇော်ရင့်ကိုရော၊ ကြယ်စုံဖူးကိုပါ ရွှေစင်ယော့်ရင်ထဲ ခါးသက်သွားသည်။ မနက်တုန်းက ကြယ်စုံ အဝတ်အစားတွေလျှော်နေတာကို မြင်သည်။ သို့သော် အကုန်တော့ မဖြစ်နိုင်ပါ။ ဇော်ရင့်ရှေ့ သက်သက် မိန်းမပီသ





ကြောင်း ကြွားနေမှန်း ရွှေစင်ယော်သိ၏။ ညအိပ်ဝတ်အစုတ်ဝင်လဲလိုက်လည်း ဖြစ်တဲ့ကိစ္စကို တမင် ရေစိုအဝတ်နှင့် ဟန်ရေးပြချင်တိုင်း ခုလို ပဲများနေမှန်းသိသည်။ အဖြစ်မှန်ကိုမသိဘဲ ပဲစကားကို အဟုတ်မှတ်နေသော ဇော်ရင့်ငယ်ထိပ်ကိုသာ တဖျင်းဖျင်း ထုရိုက်ပစ်ချင်သည်။

"ပဲများမနေပါနဲ့ ကြယ်စုံဖူးရယ်၊ ညအိပ်ဝတ်နေကျ ရှော့ပင်နဲ့ အတိုနဲ့နေလည်း နင့်ကို အတင်းပြောမယ့်သူ တစ်ယောက်မှမရှိဘူး၊ ဘာလဲ ... ဇော်ရင့်ရှေ့မှာ မလှမှာစိုးလို့လား၊ မွှင့်မွှင့်လင်းလင်းပေါ့၊ ဇော်ရင့်ကို ကြိုက်ရင် ကြိုက်တယ်"

"ရွှေစင်ယော် ... နင် တော်တော့"

ဇော်ရင့်အသံက မြင့်သည်။

မျက်နှာဖုံးကို ခွာချပြလိုက်သောအခါ ရဲရဲနီနေသော ကြယ်စုံဖူး၏မျက်နှာကို အရသာခံပြီး ထိုင်ကြည့်ချင်လှ၏။

"မဟုတ်ရင် ခံပြင်းစရာအကြောင်းကို မရှိတာ"

မျက်ရည်များစီးကျလာသော ကြယ်စုံဖူး၏မျက်နှာကို အရသာခံကာ ကြည့်ရင်းဆိုသည်။

"ငါ ဒီနေ့ ဒီကိုလာတာ မှားသွားပြီထင်တယ်၊ ဆောရီး ကြယ်စုံ ... ဒီလောက်ကြီး မခံစားပါနဲ့၊ ငါက ဘာမှမဖြစ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အဲလောက် ရှက်မသွားပါနဲ့၊ ဘာလို့လဲဆိုတော့ ငါက ရွှေစင်ယော်အကြောင်း သိနေလို့ပါ''

''ဘာပြောတယ် ဖော်ရင်''

''နင် ငါ့ကိုများ ကြိုက်နေတာလား ရွှေစင်ယော်''

''ဘာ''

''ငါလုပ်သမျှ လိုက်ကြည့်၊ ငါပြောသမျှ စိတ်တို၊ ငါ့နား မှာ ရစ်သီရစ်သီနဲ့ အမြဲတမ်းပဲ၊ အခုလာတာက နင့်ဆီကိုမဟုတ် ဘူး ... ကြယ်စုံဆီကို၊ နင်က ဘာကိစ္စနဲ့ ငါ့နား လာပြေနိတာလဲ၊ ဘာကြောင့် ရန်လိုနေရတာလဲ၊ နင် ငါ့ကိုကြိုက်နေလို့လား ... ဟမ်''

''ဘာပြောတယ်''

ရွှေစင်ယော်သည် ခပ်လှမ်းလှမ်းတွင် ထိုင်နေရာမှ ထရပ် လာသည်။ မီးဟုန်းဟုန်းတောက်နေသော မျက်လုံးမျိုးနှင့် ဖော်ရင့်ကို စူးစိုက်စွာကြည့်နေသည်။

''တော်ကြပါတော့ဟယ် ... တော်ကြပါတော့၊ ငါ့ ကြောင့်တော့ ရန်မဖြစ်ကြပါနဲ့''

ကြယ်စုံဖူးသည် ဖော်ရင့်ရှေ့ ဝင်ရပ်သည်။ ရွှေစင်ယော် ရင်ထဲခါးသွားသည်။ နှစ်ယောက်နှင့်တစ်ယောက် ဖြစ်သွားခြင်းကို





အားငယ်မိသည်။ ဒေါသဖြစ်မိသည်။

ထိုဒေါသသည် ဘာကိုမှမမြင်တော့ပေ။ ကြယ်စုံကို လက်ကောက်ဝတ်မှ ဆွဲကိုင်ကာ ဘေးတွင်ရှိသော ရေကန်ထဲ ဆွဲချပစ်တော့၏။

'ဗွမ်း'

''မှတ်ထားကြ ... ရွှေစင်ယော်ကို ဒီလိုလာချိုးလို့ မရ ဘူး''

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"အန်တီ . . . ကြယ်စုံရှိလား"

စိန်ပွင့်လေးများကို တစ်ပွင့်ချင်း အသေးစိတ်ကြည့်နေသော ဒေါ်မိမိရွှေသည် ဇော်ရင့်ထံ လှမ်းကြည့်လာသည်။ မျက်မှန်ကို မျက်ဝတ်အိတ်အောက်ချထားသော ဒေါ်မိမိရွှေသည် ရွှေစင်ယော်အမေပါဟု ဘုရားစူး ကျိန်ပြောရလိမ့်မည်။

ရွှေစင်ယော်သည် မျက်နှာချွန်ချွန်၊ ကိုယ်လုံးသေးသေးနှင့် ပိန်ကပ်ကပ်လေးဖြစ်သည်။ သို့သော် ဒေါ်မိမိရွှေသည် အသားဖြူဖြူ၊ ခပ်ဝဝနှင့် ခန့်ခန့်ကြီး ကျက်သရေရှိသည်။ အသံကလည်း တည်ကြည်ပြီး ဩဇာရှိသည်။

"ရှိမယ် . . . နေမကောင်းလို့ ဆေးထိုးထားရတယ်။





ဝင်သွားလေ"

ဒေါ်မိမိရွှေသည် သာမန်သာဆိုပြီး လုပ်စရာရှိသည်ကို ဆက်လုပ်နေသော်ငြား ဇော်ရင်သည် ပျာယာခတ်သွားသည်။

မနေ့က ရေကူးကန်ထဲ ကျသွားခဲ့သည်။ ထို့ကြောင့် ရွှေစင်ယော်နှင့် စကားများပြီး စိတ်တိုတိုနှင့် ပြန်ခဲ့သည်မှာ ကြယ်စုံ ဘယ်လိုဖြစ်ကျန်ရစ်မှန်းပင် မသိတော့။

သူ့လိုအပ်ချက်ဖြစ်သည်။ ရွှေစင်ယော်နှင့် ဘယ်လောက် စကားများများ ကြယ်စုံကို ရေထဲမှ ဆွဲတင်မှုပေးပြီး နွေးနွေးထွေးထွေးရှိချိန်ကို သူ စောင့်ကြည့်ခဲ့သင့်သည်။ ခုတော့ -

"ကြယ်စုံ ကြယ်စုံ"

အခန်းတံခါးကိုပင် မခေါက်တော့ဘဲ အခန်းထဲ ပြေးဝင်မိသည်။ ထင်ထားသည့်အတိုင်းပင် ကြယ်စုံသည် အိပ်ရာထဲ ခွေခွေလေး လှဲနေရှာသည်။

"ကြယ်စုံ . . . နင် နေသာရဲ့လား"

နဖူးကိုစမ်းပြီး မေးသည်။ အဖျားရှိန်ကြောင့် နဖူးသည် ခပ်နွေးနွေးရှိနေသေးသည်။

"ဘယ်အချိန်ရှိသွားပြီလဲဟင် ဇော်ရင်"

"ဘာလုပ်မလို့လဲ . . . ဆေးသောက်မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ဆေးက သောက်ပြီးပြီ သင်တန်းသွားရမယ်လေ၊ သင်တန်းပျက်လို့ မဖြစ်ဘူး"

"ကျန်းမာရေးထက် ဘယ်ဟာက ပိုအရေးကြီးနေတာလဲ၊ လှဲနေပါ"

"မဖြစ်ဘူး ဇော်ရင် . . . ငါ သွားမှဖြစ်မယ်၊ စာတတ်မှဖြစ်မယ်၊ သူများထက်ပုနေတဲ့ငါက စာတစ်ခုပဲ ရည်အောင်လုပ်ပေးနိုင်မှာ၊ ငါ သင်တန်းသွားမယ်"

ကြယ်စုံစကားကြောင့် ဇော်ရင့် ရင်ထဲနာသွားသည်။

ကြယ်စုံ့စိတ်ကိုလည်း ကရုဏာသက်မိသလို စိတ်ဆိုးဝမ်းနည်းဖြစ်ရသည်။

ရွှေစင်ယော်နှင့် ဒေါ်မိမိရွှေစင်တို့၏ အကျီအကျများကိုသာ သီဝတ်ရရှာသော ကြယ်စုံ့ဘဝကို သူသိနေသည်။

စပို့ရှပ်နှင့်ဘောင်းဘီဝတ်လာလျှင် ရွှေစင်ယော်အကျဖြစ်သည်။ မြန်မာဆန်ဆန် ဝမ်းဆက်ကိုဝတ်ထားလျှင် ဒေါ်မိမိရွှေအကျသာ ဖြစ်သည်။

သူများအကျီအကျတွေမို့ အရောင်က မွဲခြောက်ခြောက်နှင့် ပုံပန်းမကျလှပေ။ သို့သော် နဂိုလှသော ကြယ်စုံက ဘာဝတ်ဝတ် လှသည်ဟု ဇော်ရင် ခံစားရသည်။



"နင် အတန်းတစ်ရက်မတက်တာနဲ့ နင့်ကမ္ဘာကြီး ပျက်မသွားပါဘူး ကြယ်စုံရယ်"

ခုတင်ပေါ်မှ ထရပ်နေသော ကြယ်စုံ့လက်ကိုဆွဲပြီး ဇော်ရင် ပြောလိုက်ခြင်းဖြစ်သည်။ ဇော်ရင့်အသံက မာသွားသောကြောင့် ကြယ်စုံ မျက်ရည်စို့လာသည်။

ကြယ်စုံ့ဘဝတွင် ကြယ်စုံ့အပေါ် ကြင်နာပေးသူက ဇော်ရင်တစ်ယောက်သာ ရှိသည်။ ထို့ကြောင့် ဇော်ရင့်ကို တွယ်တာမိသည်။ ဇော်ရင်၏ကြင်နာမှုကို ဝတ်မွတ်တောင့်တသည်။ အထူးသဖြင့် ယခုလို နေမကောင်းဖြစ်ချိန်၌ ပို၍ ငတ်မွတ်သည်။ ဇော်ရင်သည် ကြယ်စုံ့အနားရောက်လာ၍ ကြင်နာတော့မည်၊ ဂရုစိုက်တော့မည်ဟု မျှော်လင့်ထားခါမှ ငေါက်ငမ်းခံရသောအခါ နှလုံးကွဲမတတ် နာကျင်ခံစားရသည်။

"ဟင် ကြယ်စုံ . . . ဘာလို့ငိုတာလဲ၊ ဘယ်နားက နာလို့လဲ၊ ခေါင်းကိုက်လို့လား"

"နင့်ကြောင့်ပေါ့၊ နင်က ငါ့ကို အဲလိုအော်ရင် တစ်ကိုယ်လုံး နာသလို ခံစားရတယ်"

"ငါက စေတနာနဲ့ပါ၊ သင်တန်းမှာက အဲကွန်းနဲ့ဆိုပဲ အေးတာ၊ နင် ထပ်ဖျားခဲ့မှာစိုးလို့ ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"တစ်လကို သုံးသောင်းကျတယ်၊ တစ်လမှာမှ ဆယ့်ငါး ရက်ပဲ သင်ရတာ၊ တစ်ရက်ပျက်ရင် နှစ်ထောင်ရှုံးတယ်၊ ဒါက ဈေးတွက်နဲ့ပါ၊ မသင်ရင် မတတ်ဘူး၊ အန်တီပြောမှာကိုလည်း ငါကြောက်တယ်"

"နင် ဖျားလို့ မသွားတာလေ၊ ဘယ်သူက ဘာပြောနေဦး မှာလဲ၊ အတွေးမခေါင်စမ်းပါနဲ့ ကြယ်စုံရယ်"

"နင်က ချမ်းသာတာပဲ၊ သူများအိမ်မှာ သူများအထောက် အပံ့နဲ့မှ မနေဖူးတာ၊ ဒါတွေဘယ်သိမလဲ၊ မသိတာ မဆန်းပါဘူး"

"နင့်မှာ ဘာအခက်အခဲရှိလို့လဲ ကြယ်စုံ၊ ဘာလဲ ... နင့်ကို အန်တီမိက ဆူလို့လား"

"ငါ့ကို တည့်တည့်တော့ ဘယ်ဆူမလဲ၊ ရွှေစင်ယော်ကိုပဲ ပြောတာ၊ သမီးရင်းကိုတောင် ဒီလောက်တွက်ပြနေမှတော့ ငါက ဦးနိုင်ဘက်က ဆွေမျိုးနီးစပ်တော်တဲ့လူလေ၊ အရိပ်ပြရင် အကောင်မြင်ရမှာပေါ့"

"နင် မပင်ပန်းဘူးလား ကြယ်စုံ"

"ပင်ပန်းရင်လည်း သည်းခံနေရမှာက ငါ့ဘဝပဲ၊ ငါ အမြင့်ကို တက်မှဖြစ်မယ် ... သိလား"

ကြယ်စုံကို ကရုဏာသက်မိသော်လည်း ထိုစိတ်အား



ထက်သန်မှုကြီးကိုတော့ မကြိုက်ပေ။ ကြယ်စုံ ပင်ပန်းသည်ဟု ထင်သည်။ ကြယ်စုံကို အေးအေးချမ်းချမ်းရှိစေချင်သည်။ ထက် သန်သော စိတ်တစ်ခုသည် လူကို ပူလောင်စေသည်ဟုထင်သည်။ အေးချမ်းသောစိတ်မျိုးနှင့်သာ ကြယ်စုံက လိုက်ဖက်သည်။ ဖြူနု သောမျက်နှာလေးတွင် အေးချမ်းမှုလေး ဆင့်ကဲနေစေချင်သည်။ သို့သော် ကြယ်စုံ့ဘဝ အခက်ကို သူသိသည်။ ကြယ်စုံသည် ဤအိမ်တွင် အနိမ့်ခံဖြစ်သည်။ အနိမ့်ခံဘဝမှ လွတ်ချင်သည်မှာ ဆန်းလှတဲ့စိတ်ရယ်တော့ မဟုတ်ပေ။ ထို့ကြောင့် ကြယ်စုံ့ကိုလည်း အပြစ်မတင်ရက်ပေ။

"ဒါပေမဲ့ ဒီနေ့တော့ နားလိုက်ပါ၊ သွားလိုက်လို့ အအေး ဆက်မိနေရင် ဒဏ်လည်းခံရဦးမယ်၊ တစ်ရက်ပျက်လို့ ပြီးရမယ့် အတန်းကို သုံးလေးရက် ဆက်ပျက်နေရမယ်"

"နင့်ရဲ့စေတနာကို ငါ တကယ်ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ငါ့ကို သင်တန်းပို့ပေးပါနော်"

ကြယ်စုံသည် နေလာသော ကာလပတ်လုံးတစ်လျှောက် လုံး၌ ဟိုပို့ပေး ဒီပို့ပေးဆိုပြီး ဇော်ရင့်ကို တစ်ခါမျှ မတောင်းဆိုဖူး ချေ။ ယခုတော့ သင်တန်းကို ပို့ပေးပါတဲ့လား။

ဪ ... ကြယ်စုံရယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ Native Speaker တန်းရှိတယ်"

အင်္ဂလန်မှ ဆရာမလေးဖြစ်သည်။ အသက်အစိတ်ခန့်သာ ရှိဦးမည်ဟု ခန့်မှန်းရသည်။ ငယ်ရွယ်သော်လည်း လေယူလေသိမ်း အသင်အပြ ကောင်းသည်။ ထိုဆရာမလေးအချိန်ဆို သင်တန်းသား ကြိုးငယ်စုံသည်။ ဆရာမလေးက ကူညီတတ်သည်။ ကြုံလာသမျှ အခက်အခဲကို ဟာသအနေနှင့်မြင်တတ်သည်။ ပညာရေးဖြတ်သန်းမှုနှင့် သူ့နိုင်ငံအကြောင်းကို အမှန်အတိုင်း ပြောပြတတ်သည်။ ထို့ကြောင့် ဆရာမလေးနှင့်တွေ့ချိန် တစ်နာရီခွဲသည် အင်္ဂလန်ကို တစ်နာရီခွဲရောက်သွားသလို ခံစားရ၏။ ပြီးတော့ ဆရာမနှင့်ကြယ်စုံသည် အထူးခင်မင်သူဖြစ်သည်။

သူတို့ထက် အင်္ဂလိပ်စာကောင်းသော ကြယ်စုံသည် ဆရာမနှင့် စကားဖောင်ဖွဲ့လေ့ရှိသည်။ ဘာသွားပြောသလဲဆိုတာတော့ မသိပေမယ့် ဆရာမနှင့် ပြောနေချိန်တွင် ကြယ်စုံ့မျက်နှာသည် ကြည်ရွှင်ပြီးမှ နေသည်။ သူ ဆက်မငြင်းချင်တော့ပေ။

"အဲဒါဆိုလည်း အင်္ကျီကို ထူထူဝတ်ခဲ့နော်"

ပျော်သွားသောကြယ်စုံ့မျက်လုံးလေးများကို ထာဝရတာ သိမ်းထားလိုက်ချင်သည်။

"ကျေးဇူးပဲ ဇော်ရင်ရယ်"



"ရပါတယ်၊ နင်နဲ့ငါကြား အဲဒီစကားကြီး မလိုပါဘူး။ ထွက်လာခဲ့နော်၊ ငါ အိမ်မှာ ကားသွားယူလိုက်ဦးမယ်၊ ဦးမြကြီး မရှိရင် ကိုယ်တိုင်မောင်းလာခဲ့မယ်"

"နင့်မှာ လိုင်စင်ရှိနေပြီလား"

"သင်မောင်းလုပ်ထားတယ်လေ၊ မလိုပါဘူးဟာ . . . ငါ ဦးမြကြီးထက်တောင် ကျွမ်းသေးတယ်၊ ခဏနော်"

အခန်းထဲမှ ဇော်ရင် လှစ်ခနဲ ပြေးထွက်သွားသည်။ ကြယ်စုံ အိပ်ရာထဲမှ လူးလဲထသည်။ တစ်နေကုန်လှဲနေ၍လား မသိ ခေါင်း မိုက်ခနဲဖြစ်သွားသောကြောင့် ပြန်ထိုင်နေရသေးသည်။

ကိုယ်ပိုင်ကားနှင့် သွားရတော့မှာမို့ ကြယ်စုံ အလှဆုံးပြင်သည်။ မြန်မာဝတ်စုံလေးများနှင့်ဆို လှသည်ဟု ဇော်ရင်က ပြောသောကြောင့် အနီရင့်ရောင် ပါတိတ်ဝမ်းဆက်လေးကို အချိုးကျကျဝတ်သည်။ ပြီးနောက် ကုတ်အင်္ကျီလေး အပေါ်မှခြုံလိုက်၏။

စီးကွင့်ထိုးထားသော ကတ္တီပါဖိနပ်အနက်ရောင်လေးသည် ခြေထောက်ဖွေးဖွေးလေးနှင့် လိုက်ဖက်၍နေလေသည်။ ဒါကို ဇော်ရင်က မချီးကျူးဘူးဆိုလျှင် ဇော်ရင့်ထံ နှလုံးသားပါမလာ၍ ဖြစ်လိမ့်မည်။

သနပ်ခါးပါးကွက်နုလေးကို မှိန်နေသောပါးပေါ် အပုံလိုက်

www.burmeseclassic.com

www.burmeseclassic.com



ကလေးတင်သည်။ ပြီးနောက် နီရဲသော နှုတ်ခမ်းလေး ပန်းနုရောင် လွှမ်းသွားအောင် ဆိုးဆေးတင်၏။

ဒေါ်မိမိရွှေပေးထားသော လက်ကိုင်အိတ်သည် လူငယ်မဆန်သော်လည်း ကြယ်စုံဖူးလက်ထဲ၌ တသွေးတမွေး လှနေခဲ့သည်။

"အန်တီမိရေ . . . ကြယ်စုံ သင်တန်းသွားဦးမယ်"

ကော်ဖီကို ဖိမ်ခံသောက်နေသော ဒေါ်မိမိရွှေသည် ကြယ်စုံကို ခေါင်းစခြေဆုံး မယုံသကာကြည့်၏။

ကြယ်စုံ မနေတတ်ပေ။ ကြောက်၏။ အကြည့်များသည် စူးရှလွန်းသောကြောင့် ခြေဖဝါးကို အားယူကာ ကုပ်ခြစ်ထားမိသည်။

ခုနကပဲ သေတော့မလိုဖြစ်နေတာ၊ အခုက ဘာပုံစံလဲ ဆိုသည့် စကားလုံးများသည် ဒေါ်မိမိရွှေ၏မျက်လုံးထဲမှ လျှံထွက်နေသည်။

"ဒီတစ်ကြိမ် ထပ်ဖျားလာရင် ရွှေစင်ယော်ရဲ့ပယောဂ မပါဘူးနော်"

ကြယ်စုံရင်ထဲ ထိတ်သွား၏။ ဆရာဝန်ဆေးလာထိုးစဉ်တုန်းက ရွှေစင်ယော်တွန်းလိုက်လို့ ရေကန်ထဲ ပြုတ်ကျခဲ့ကြောင်း



ဆရာ့ကို ပြောလိုက်မိသည်။ အအေးမိသွားကြောင်း ဆရာဝန်က ခန့်မှန်းသဖြင့် ပြောမိခြင်းသာဖြစ်သည်။ ထိုအချိန်က အခန်းထဲတွင် ဆရာနှင့် ကြယ်စုံ့အပြင် အခြားလူ မရှိချေ။ ဒေါ်မိမိရွှေများ ကြားသွားလေရော့သလား။

ရွှေစင်ယော်ကိုဆို အူလှိုက်သည်းလှိုက်ချစ်သော ဒေါ်မိမိရွှေ၏စိတ်ကို ကြယ်စုံသိသည်။ ကြယ်စုံ အိမ်ရောက်စအချိန်၊ လွန်ခဲ့သော နှစ်နှစ်ကျော် သုံးနှစ်ခန့်က ရွှေစင့်ယော်အိမ်ပေါက်ဝ၌ ခလုတ်တိုက် လဲဖူးသည်။ ရွှေစင်ယော် ဒူးပြဲသွား၏။ တံတောင်ဆစ်လည်း ပွန်းရှသွားသည်။ နှုတ်ခမ်းလည်း ကွဲသွားသည်။ ထိုအချိန်က အိမ်အကူရော ဒရိုင်ဘာပါမကျန် အကုန်အဆူခံခဲ့ရသည်။ ဝင်ပေါက်ကိုလည်း ဖြိုပြီး ပြန်ပြင်ဆောက်ခဲ့သည်။

ရွှေစင်ယော်ကို အားကျခဲ့ရသည်။ ကြယ်စုံ့ထံတွင်လည်း ထိုသို့အမေမျိုး ရှိချင်သည်။ ထိုအားကျစိတ်သည် ကြယ်စုံ့ရင်ထဲ အကြောက်တရားတို့ ထိုးသွင်းပေးခဲ့သည်။ ထို့ကြောင့် ကျယ်သောအိမ်သည် ကြယ်စုံ့အတွက် ကျဉ်းမြောင်း၍နေခဲ့သည်။

ဦးနိုင်နှင့် ခွေမျိုးနီးစပ်တော်သော်လည်း ဒေါ်မိမိရွှေသည် ဤအိမ်၌ ဩဇာညောင်းသူဖြစ်သည်။ ကြယ်စုံကို တစ်စုံတစ်ရာမပြောသော်လည်း ကြယ်စုံ့အတွက်တော့ ဒေါ်မိမိရွှေ၏

www.burmeseclassic.com

www.burmeseclassic.com



အကြည့်စူးစူးရှေ့တွင် မဝံ့မရဲ ဖြစ်ရသည်။ ကားမီးရောင်ထိုးထား လို့ ဘယ်ပြေးလို့ပြေးရမှန်း မသိဖြစ်နေသော ခွေးငယ်ပမာ ဖြစ်နေ သည်။

"သွားတော့လေ . . . ဘာရပ်လုပ်နေတာလဲ"

"ဟုတ်"

မေးခွန်းတစ်စုံတစ်ရာမရှိသောကြောင့် အနေခက်လှ သည်။ သွားတော့လေလို့ ချိုသာနာအေး မပြောဘဲ ဇော်ရင် လာခေါ်လို့ တွေ့ခန့် ပါသွားသလား အစရှိသဖြင့် ဆိုခဲ့ရင်တောင် ကြယ်စုံ့ရင်ထဲ အနေရအထိုင်ရ သက်သာလိမ့်ဦးမည်။ ခုတော့ တုံးတိကြီးနိုင်လှသည်။

ကြယ်စုံသည် လှေကားပေါ်သို့ လှမ်းမျှော်ကြည့်သည်။ ရွှေစင်ယော့်အသံသည် အထူးတိတ်ဆိတ်နေ၏။ မရှိဘူးလား။ သင်တန်းသွားလိုက်ပြီလား။ သင်တန်းသွားပြီဆိုပါလျှင် ကြယ်စုံ ကျေနပ်သည်။ ရွှေစင်ယော်ပါပါက ဇော်ရင်နှင့် ကြယ်စုံကြား အနှောင့်အယှက်ဖြစ်၏။

ရွှေစင်ယော်ကို မပါစေချင်ပါ။ ဒါမှ ကြယ်စုံနှင့်ဇော်ရင်တို့ အပြန်လမ်းတွင် အင်းယားဘက်လျှည့်ဝင်ပြီး ဘူးသီးကြော်စားဖြစ် နိုင်သည်။



ညနေခင်းဖြစ်သောကြောင့် လေသည် တဖြူးဖြူးတိုက် ခတ်နေသည်။ ကန်ရေပြင်နှင့် ကြယ်စုံအလှသည် ဝိရောဓိဖြစ်နေ ပါက ဇော်ရင့်စိတ်ကို နှိုးဆွသလို ဖြစ်နေလိမ့်မည်။ ဒါဆိုရင်တော့ ဇော်ရင်က ကြယ်စုံ့ကို သေချာပေါက်ချစ်စကားဆိုလိမ့်မည်။

မိန်းကလေးတစ်ယောက်၏ဉာဉ်အရ ဇော်ရင့်စိတ်ကို အကဲခတ်မိနေသည်။ ဇော်ရင်သည် ကြယ်စုံ့ကို ချစ်နေသည်။ ဖွင့်မပြောရဲတာလည်း ဖြစ်နိုင်သလို မပြောဖြစ်သေးတာလည်း ဖြစ်နိုင်၏။ ဇော်ရင့်ကို ကြယ်စုံ ငြင်းစရာအကြောင်းမရှိချေ။ အရပ် ရှည်သည်၊ ချောသည်၊ တည်ကြည်ခန့်ညားသည်၊ ချမ်းသာသည်၊ နိုင်ငံခြား၌ ဆွေမျိုးတွေရှိနေပြီး အမျိုးအာဆွေများ၏အသည်း ဖြစ် သည်။

ကုမ္ပဏီပိုင်ရှင်သူဌေး၏ တစ်ဦးတည်းသောသား၊ အမေ က ရွှေဆိုင်ဖွင့်ထားသည်။ ကြယ်စုံ့ဘဝ မြင့်မားရေးအတွက် ဇော် ရင်သည် သော့ချက်တစ်ခုဖြစ်သည်ဟု ထင်သည်။ ဇော်ရင်ကသာ ချစ်ခွင့်ပန်ခဲ့ပါက ကြယ်စုံ့ထံ အဖြေက အဆင်သင့်ရှိနေပြီဖြစ် သည်။ ဇော်ရင်နှင့်သာ လက်ထပ်ဖြစ်ပါက ဂုဏ်မောက်သော ရွှေစင်ယော်၏မာနကို တစ်လှှာချင်း ခွာချပစ်မည်။

ရွှေစင်ယော်သည် ပိန်ခြောက်ခြောက်ကိုယ်လုံးနှင့် စုတ်



www.burmeseclassic.com

www.burmeseclassic.com



ချွန်းချွန်းမျက်နှာပိုင်ရှင် ဖြစ်သည်။

ကြယ်စုံနှင့် ရွှေစင်ယော်တို့၏ အလှတရားသည် နွံသာဆီနှင့် အီးပမာ ကွာခြားလွန်းသည်ကို မိခင်ဖြစ်သော ဒေါ်မိမိရွှေပင် လက်မခံနိုင်မရချေ။ ဒါကြောင့်များ ကြယ်စုံကို ချိုးနှိမ်ထားလေရော့သလား။ ဒေါ်မိမိရွှေ၏ လေယူလေသိမ်းနှင့် စကားအသွားအလာအရ ဇော်ရင့်ကို သားမက်ဖမ်းချင်သည့်အနေအထားမျိုး ရှိသည်။

ဇော်ရင်ကသာ ကြယ်စုံ့ကို ချစ်ခွင့်ပန်လာပါက ကြယ်စုံ့လောကဖြစ်လာမည်မှာမလွဲပင်။ ခဲတစ်လုံးတည်းနှင့် ငှက်အကောင်ပေါင်းများစွာကို ပစ်ချနိုင်လိမ့်မည်။

ကြယ်စုံက သူများအိမ်မှာ ခိုကပ်နေတာပါဆိုပြီး အထင်သေးစွာ ကြည့်တတ်သော အိမ်ဖော်အလုပ်သမားများ၏ ဦးခေါင်းကိုလည်း ရိုက်ချိုးပစ်နိုင်မည်။ ဒေါ်မိမိရွှေ ပက်လက်လန် လဲကျသွားအောင်လည်း ချက်ကောင်းကို ရိုက်ချနိုင်မည်။ အရာအားလုံးထက် ဇော်ရင့်ကို ပိုအလေးသာသော ရွှေစင်ယော်စိတ်ကိုလည်း သတ်ပစ်နိုင်လိမ့်မည်။ ထိုအကြံအစည်အောင်မြင်ရေးအတွက် ဇော်ရင်၏ ချစ်စကားတစ်ခွန်းသာ လိုသည်။

ဇော်ရင်က ကြယ်စုံ့ကို ချစ်နေမှန်း ကြယ်စုံ့နှလုံးသားက သိနေသော်လည်း ထိုအချစ်တွေ ပွင့်အံကျလာအောင် ကြယ်စုံ





ဖန်တီးရပေလိမ့်မည်။

ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန်အတွက် ကြယ်စုံသည် အလှဆုံးဖြစ်အောင်နေသည်။

ယောက်ျားတွေက အလှတရားပေါ် ခုံမင်သည်ဟူသော အချက်ကို ကြယ်စုံသိ၏။ ကြယ်စုံသည် ညှို့အားမြင့်သော အလှတရားပိုင်ရှင်လေး ဖြစ်ချင်သည်။

ထို့ကြောင့် လည်ပင်းစိကပ်နေသော ဒေါ်မိမိရွှေ၏ အင်္ကျီများကို လက်ချုပ်အပ်နှင့် ကပ်ကြေးအားကိုးကာ စိတ်ရှည်ရှည် ပြုပြင်ယူသည်။ မျက်ဝန်းတွေကိုလည်း အထူးဂရုစိုက်သည်။ စိတ်၏တံခါးပေါက်သည် မျက်ဝန်းဖြစ်၏။ ဂုဏ်ရည်သေးနုပ်သော်ငြား ထက်မြက်သူဆိုပြီး တစ်ဖက်လူ ယူဆစေလိုသည်။

ကိုယ်တိုင် သူဌေးမဟုတ်သော်လည်း သူဌေးကတော်ဆိုသည့်ရာထူးကို လက်ခံဖို့အတွက် ကိုယ်ပိုင်အရည်အချင်း ရှိရမည်ဟု ယုံကြည်သည်။ ထို့ကြောင့် ခေတ်နှင့်အဝေးကြီးတွင် ပြတ်မကျန်ရစ်စေရန် အတတ်နိုင်ဆုံး ကြိုးစား၏။ ပကာသနအရာတွင် ရွှေစင်ယော်ကို မယှဉ်နိုင်သော်လည်း ကိုယ်ရည်တောက်ပမှုတွင် ယှဉ်နေစရာမလိုလောက်အောင် သာလွန်ချင်သည်။

ကြယ်စုံ့ကြိုးစားမှုသည် အရာရောက်ခဲ့ပေပြီ။ တစ်နေ့၏



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်မှုသည် မသိသာသော်လည်း တစ်နှစ်တွင် တိုးတက်မှုက ရွှေစင်ယော်သည် ကြယ်စုံကို လိုက်မမီနိုင်တော့ချေ။

ရွှေစင်ယော်က အင်္ဂလိပ်ကို အူအူအအ၊ ဂူးဂူးဝါးဝါး ပြောနေချိန်တွင် ကြယ်စုံကတော့ အင်္ဂလန်မှ ဆရာမနှင့်ပင် သူငယ်ချင်းပြော ပြောနေနိုင်ပြီဖြစ်သည်။

'တီ တီ'

ဟွန်းသံကြောင့် ဝမ်းသာအားရ လှည့်ကြည့်မိသည်။ စိတ်ပျက်မိ၏။ ဇော်ရင်သည် ကားကို ကိုယ်တိုင်မောင်းမလာဘဲ ဒရိုင်ဘာဦးမြကြီးက မောင်းလာသည်။

အလိုမကျသော်လည်း ကျေနပ်၏။ နောက်ခန်းထဲတွင် သူနှင့် ကြယ်စုံ နှစ်ယောက်စီးရမည်ဖြစ်သည်။ လူချမ်းသာပီသလှ၏။ သို့သော် ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်ချိန်တွင် စိတ်အပျက်ဆုံးအချိန်ကို ရင်ဆိုင်ရတော့၏။

ရွှေစင်ယော် ...။

Earphone ကိုနားထောင်ရင်း မိန့်မိန့်ကြီးထိုင်နေသော ရွှေစင်ယော်။

ကြည်နူးတဲ့စိတ်များပင် ဘယ်ရောက်ကုန်မှန်း မသိ။

"ဟင် ... နင် နေမကောင်းဘူး မဟုတ်လား"





"Native Speaker တန်းမို့ပါ"

"နားလိုက်ပေါ့၊ ဒါတွေက နင်ကျွမ်းပြီးသားတွေပဲ"

ရွှေစင်ယော်က ရွဲ့တာလား၊ ခနဲ့ပြောလိုက်တာလား၊ အကောင်းပဲပြောတာလား။ အကောင်းပြောတာဆိုရင်တော့ ကြယ်စုံ့အရည်အချင်းကို အသိအမှတ်ပြုတဲ့အတွက် ဝမ်းသာရပေလိမ့်မည်။

"နောက်ဆို နင်ဖျားရင် ဆရာဝန် မခေါ်ပေးဘူး ... သိလား။ ဇော်ရင့်ကို ခေါ်ပေးမယ်၊ ဇော်ရင် ... နင် ဘယ်လိုအစွမ်းသတ္တိများ ပိုင်နေသလဲ၊ သေမလိုဖြစ်နေတဲ့လူက ဝေါက်ခနဲ ထထိုင်ရုံမက လှလှပပပြင်ပြီး သင်တန်းပါသွားနိုင်ပြီ"

ရွှေစင်ယော်၏စကားကြောင့် နောက်ခန်းထဲမှ ကြယ်စုံရော ဇော်ရင်ပါ အနေရအထိုင်ရ ခက်ကုန်သည်။

ဦးမြကြီးကတော့ တဟဲဟဲနှင့် အသံထွက်ရယ်နေလေ၏။

ဦးမြကြီးရဲ့ရယ်သံက ဘာလဲ။ ရွှေစင်ယော်၏ ပြောင်ကျမှုကို ထောပနာပြုတာလား။ ကြယ်စုံ့ကို လှောင်ပြောင်တာလား။ ဦးမြကြီးဆိုသူမှာ ဇော်ရင်တို့အိမ်မှ ဒရိုင်ဘာ။ ဒရိုင်ဘာဆိုသူမှာ ခိုင်းစေဖို့သက်သက် အလုပ်သမားဖြစ်သည်။ အကယ်၍ ဇော်ရင်နှင့် ကြယ်စုံသာ ချစ်သူဖြစ်ပါက ဦးမြကြီးသည် ကြယ်စုံ့ခိုင်းဖတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတော့မည့်လူ။ ဒါနဲ့များ ကိုယ့်အဆင့်ကိုယ်မသိဘဲ ကြယ်စုံ့ကို လှောင်ပြောင်ရရိုးလား။

မိုးကောင်းတုန်း ရွာထားဦးပေါ့လေ။

"ရွှေစင်ယော် ... နင် ဘာတွေလျှောက်ပြောနေတာလဲ၊ မသိဘဲနဲ့ စွတ်ဆက်ပွားမနေနဲ့၊ ကြယ်စုံ့ကိုယ်ပေါ်မှာ အနွေးထည် မမြင်ဘူးလား၊ ဆရာမအချိန်မှီ အတန်းမပျက်ချင်တာပဲရှိတယ်"

ရှုပ်လိုက်တာ။ ရွှေစင်ယော်ပါလာတော့ မလိုအပ်ဘဲ ခရီးဖင့်နေသည်။ ဒီငါးရှဥ့်မ ဘယ်ကဘယ်လို ကပ်ပါလာရသလဲ။

ဇော်ရင်တို့အိမ်ကို မိမိအိမ်အလား တံခါးမရှိ ဥဒဟိုသွားနေသော ရွှေစင်ယော်သည် သင်တန်းဆိုရုံနှင့် ဆိုင်းမဆင့်ဘုံမဆင့် ပါလာပုံရသည်။ လွယ်နေကျ ကျောပိုးအိတ်လည်း ဘေး၌ မမြင်ပေ။

"ဦးမြ ... ရွှေစင့်ကို ဘေးမှာရပ်ပေးတော့၊ ဟိုအထဲကြီးက ကားဝင်ရခက်တယ်၊ ရွှေစင့်ဘာသာပဲ လမ်းလျှောက်သွားတော့မယ်"

"ဟယ် ... မဟုတ်တာ၊ မမြင့်က တိုက်ရှေ့အရောက် ပို့ပေးဖို့ မှာလိုက်တာ"

"အဲဒါဆိုလည်း သဘောပဲ၊ ဦးမြကြီးကိုတော့ မနိုင်ဘူး၊





အန်တီမြင့်မှာတာဆို မှာတဲ့အတိုင်းပဲ၊ ရွှေစင်က ရပါတယ်ဆိုတဲ့ဟာကို"

ရွှေစင်ယော်က ဘယ်သွားနေတာလဲ၊ သင်တန်းမသွားဘူးလား သိချင်ပေမယ့် မမေးချင်ပါ။ သို့သော် မမေး၍လည်း အသိခေါင်းပါးရာရောက်လိမ့်မည်။ အန်တီမိပြောနေတဲ့ ကျောက်မျက်ရတနာသင်တန်းများ တက်မှာလား။ ဇဝေဇဝါရယ်ပါ။

"အတန်းမတက်ဘူးလား ရွှေစင်"

"အတန်းပဲ သွားတက်မှာပဲ၊ ဒါပေမဲ့ အင်္ဂလိပ်တော့ မဟုတ်ဘူး ... ကျောက်မျက်၊ အင်္ဂလိပ်စာတွေကိုတော့ နင်တို့နှစ်ယောက်ပဲ လွတ်လွတ်လပ်လပ် သွားပါ၊ ငါ့ခက်ပြီး မျက်စိနောက်ခံချင်တော့ဘူး"

"တိုက်နံပါတ် သုံးဆယ့်ရှစ်နော် သမီး"

"ဟုတ်ကဲ့ ဦးမြ"

ဦးမြကြီးနှင့် ရွှေစင်ယော်တို့ အပေးအယူတည့်နေလေသည်။

"ပြောနေရင် ငါက Uamp ဖြစ်တယ်၊ ကိုယ်တိုင်ထိတွေ့ခံစားမှ အမှန်တရားကို မြင်ရမှာပဲ၊ ကဲ ဇော်ရင် ... ခြေလှမ်းကျွံမိစေဖို့ ငါဆုတောင်းပေးလိုက်မယ်၊ နင် ကံကောင်းပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ဆင်းခါနီးထိပင် ရွှေစင်ယော်က ဖော်ရင့်ကို လှမ်းရိသွားသေး၏။ ရွှေစင်ယော်နှင့် ဖော်ရင်တို့ရဲ့ စကားအဓိပ္ပာယ်တွေကို ကြယ်စုံ နားမလည်ပေ။ သို့သော် ကြယ်စုံနှင့် ထိုစကားစုသည် တစ်နည်းတစ်ဖုံ ပတ်သက်နိုင်ပေမည်။

ဘာလဲ . . . ထိုစကားက ဘာကိုရည်ညွှန်းနေတာလဲ။

သည်းမခံနိုင်တော့ချေ။ ထို့ကြောင့် ဖော်ရင့်ကို တည့်တည့်ကြီးမေးပစ်ဖို့ စိတ်ကူးမိသွားသည်။

"ဖော်ရင်"

"အင်း . . . ပြော"

နောက်ခန်းထဲ လူလွတ်နေရဲ့သားနဲ့ နေရာပြောင်းမထိုင်သော ဖော်ရင့်ကို ကြယ်စုံ ဘဝင်မကျပေ။ ဒရိုင်ဘာနှင့် သေးချင်းယှဉ်လျက်ထိုင်သည်က သူ့ဒွေး၏ဟိတ်ဟန်မျိုး မရှိဘူးဟုထင်သည်။

"ရွှေစင်ယော် ဘာတွေပြောသွားတာလဲ . . . ငါ နားမလည်လို့"

"စိတ်ထဲထားမနေပါနဲ့ ကြယ်စုံရယ်၊ ရွှေစင့်အကြောင်း နင်လည်း မသိတာမှမဟုတ်တာ။ သူက နည်းနည်းကလေးဆန်တတ်တာကလွဲလို့ စိတ်ထားတော့ကောင်းပါတယ်"



ကြယ်စုံ့ရင်ထဲ မျက်ခနဲ နာသွားသည်။

ဘာလဲ . . . ဖော်ရင်က ရွှေစင်ယော်ကို ချီးကျူးစကားပြောတာလား။ ရက်စက်လိုက်တာ ဖော်ရင်ရယ်။ ငါ မနှစ်သက်တဲ့လူကိုမှ နင့်နှုတ်ဖျားက ချီးမွမ်းရသလား။ နင် သိပ်ရက်စက်တာပဲ။

ငိုချင်စိတ်ကို မနည်းဖုံးဖိထားရသည်။ နှစ်ယောက်တည်းသာဆို ငိုမိမှာ မလွဲပင်။ သို့သော် ဦးမြကြီးက ကြားထဲရှိနေသောကြောင့် မျက်ရည်ကို ထိန်းသိမ်းလိုက်ရသည်။

ကြယ်စုံအတွက် အဆင်မပြေတာတွေချည်း တစ်နေ့တည်း စုဖြစ်နေတော့၏။

သို့သော် သင်တန်းမှာတော့ ဆရာမနှင့် အဆင်ပြေပြေ စကားပြောဖြစ်ခဲ့သည်။ ဆရာမက ကြယ်စုံ့ကို လှတယ်၊ အလှမယ် ဝင်ပြိုင်ပါလားဟု ပြောသဖြင့် ကြယ်စုံ့ကမ္ဘာကြီး ထိန်လင်းခဲ့ရသည်။

"အင်းလျားကိုမရောက်တာကြာပြီ ဖော်ရင်ရယ်၊ ငါတို့အပြန် အင်းလျားဝင်ရအောင်"

သင်တန်းမှအပြန် ကားထဲဝင်ဝင်ချင်း ကြယ်စုံပြောသည်။ ဖော်ရင့်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ကြယ်စုံ့ကိုမယုံနိုင်သလို စိုက်ကြည့်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မယုံရင် ကြည့်ထား။ ငါမပါရင် နင့်ကို သေချာပေါက် အင်းလျားကန်သွားရအောင်လို့ အဖော်ညှိမှာပဲ"

ရွှေစင်ယော်၏စကားကို ရုတ်တရက် ကြားယောင်မိလာသည်။ ရွှေစင်ယော် ထိုသို့ပြောခဲ့စဉ်က မနာလို၍ အပိုပြောသည်ဟု ထင်ခဲ့သည်။ သို့သော် ယခုတော့ ရွှေစင်ယော်မှန်းဆချက်နှင့် တစ်ခုမှ မလွဲချေ။

အတန်းထဲ၌လည်း ဆရာမရှေ့ မဟုတ်ဘဲ သူ့ဘေး၌ ထိုင်သည်။ လေ့ကျင့်ခန်းသောအချိန်လည်း အားမရှိဘူးဟုဆိုပြီး သူ့လက်မောင်းကို တွဲခိုပြီးဆင်းသည်။

ရွှေစင်ယော်ပြောခဲ့သည့်အတိုင်းပင်။

သို့သော် ကြယ်စုံ့မျက်နှာကို အကဲခတ်ရပြန်သောအခါ ရွှေစင်ယော်ပြောခဲ့သလို လောဘစိတ်နှင့် မာယာတို့ကို မတွေ့ရပြန်ပါ။ လှသောမျက်နှာလေးသည် ပကတိ ဝင်းဖန့်နေ၏။

ကြည်စင်သောမျက်သားလေးများသည် ရိုးသားမှုကို သက်သေထူနေလေသည်။ ရွှေစင်ယော်ပြောတာ မဖြစ်နိုင်ပါ။ တိုက်ဆိုင်နေတာလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ရွှေစင်ယော်က ကြယ်စုံ့ကို အမြင်ကြည်လှသူမဟုတ်မှန်း သူသိနေသည်။

"ငါတို့ အကြော်စားကြရင် မကောင်းဘူးလားဟင်"





သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားပြန်သည်။

"အင်းလျားရောက်ရင် အကြော်စားဖို့ သူသေချာပေါက် ပြောမှာပဲ။ ပြီးရင် ရေနွေးဖြစ်ဖြစ်၊ အချဉ်ခွက်ဖြစ်ဖြစ် နင့်အကျီသော် လည်းကောင်း၊ သူ့ကိုယ်ပေါ်သော်လည်းကောင်း မတော်တဆပုံစံနဲ့ တမင်တကာ လောင်းချလိမ့်မယ်၊ အဓိပ္ပာယ်ကတော့ နင်နဲ့သူနဲ့ အနေနီးကပ်သွားစေဖို့ပဲ"

ရွှေစင်ယော်၏စကား မှန်၊မမှန် သူစမ်းကြည့်ချင်လာသည်။ ထို့ကြောင့် လေညင်းခံရင်း အကြော်စားဖြစ်ကြပြန်သည်။

"အကြော်စုံတစ်ပွဲဟေ့"

မှာယူပြီး သိပ်မကြာခင်တွင် အကြော်ပူပူတစ်ပွဲ လာချပေးသည်။ သူရော ကြယ်စုံပါ အကြော်ပူပူကို အားပါးတရ စားကြ၏။

"နေမကောင်းတာက အကြော်နဲ့ တည့်သွားပုံမလား ကြယ်စုံ"

"ဟွန်း . . . နင်ကလည်း လေညင်းခံတောင်ထွက်လာမှ တော့ ငါ နေကောင်းသွားလို့ပေါ့"

"ဆရာဝန်ရဲ့ဆေးအရှိန်က အခုမှ ထိရောက်ပုံရတယ်"

"ဟုတ်မယ်၊ စားလို့ကောင်းလိုက်တာဟယ် . . . ပြောင်းဖူးကြော်လေးက ချိုဆိမ့်နေတာပဲ၊ ဆီလည်း သန့်ပုံရတယ်၊ လည်

www.burmeseclassic.com



ချောင်းထဲ ကြမ်းရှရှမဖြစ်ဘူး''

ကြယ်စုံသည် ပြောပြောဆိုဆိုပင် ဘူးသီးကြော်တစ်ချောင်းကို ကိုင်ပြီး အချဉ်ရည်နှင့်တို့လိုက်သည်။ ထိုဘူးသီးကြော်ကို ပါးစပ်ထဲထည့်မည်အလုပ်တွင် အချဉ်ရည်သည် အင်္ကျီရင်ဘတ်ပေါ် စွန်းပေသွားသည်။ ဒါကို သူကမြင်ပြီး ရင်ထဲ ထိတ်သွားသော်လည်း ကြယ်စုံကတော့ သတိပြုမိလိုက်ပုံ မရချေ။

''ကောင်းတယ်နော်ဇော်ရင်၊ နောက်လည်း ငါတို့နှစ်ယောက် ဒီမှာ မကြာခဏ အကြော်လာစားရအောင်''

ကြယ်စုံသည် သဘာမန်အားဖြင့် စနစ်ကျသူဖြစ်သည်။ ထို့ကြောင့် ကြယ်စုံ့ရင်ဘတ်မှ အစွန်းရာသည် သူ့မျက်ဝန်းထဲ အမှိုက်ဖြစ်၍နေသည်။

ပြောလိုက်ရင်ကောင်းမလား၊ မပြောဘဲ မသိလိုက် မသိဘာသာ နေလိုက်ရမလား၊ ဝေခွဲမတတ် ဖြစ်ပြေန်သည်။ ကြယ်စုံ့ကို ကြည့်လိုက်သောအခါ ကြယ်စုံ့အပေါ် သံသယဖြစ်မိတဲ့ ကိုယ့်စိတ်ကိုယ် အပြစ်တင်မိသွားသည်။

ရွှေစင်ယော်ပြောသလို တမင်တကာ မှောက်ဖိတ်အောင် လုပ်စတမ်းဆိုလျှင် အင်္ကျီလက်တို့လို ရုတ်တရက် သတိမပြုမိတဲ့နေရာမျိုးမှာ လုပ်မှာပေါ့။ အခုက တကယ် အမှတ်တမဲ့ ဖြစ်သွား



ခြင်းသာ ဖြစ်သည်။ ပြီးတော့ အခုချိန်ထိလည်း စွန်းပေနေတာကို သတိပြုမိထားပုံမရချေ။ သူ မပြောမချင်း ကြယ်စုံသိမည် မဟုတ်ပေ။

ထိုအစွန်းအထင်းသည် မိန်းမလှလေး၏ အလှတရားကို ထိခိုက်စေသောအရာဖြစ်သည်။ အချို့က သတိပြုမိပြီး ကြည့်သွားပါက ကြယ်စုံ့အဖို့ မကောင်းပေ။ ဒါကို သူက သိသိကြီးနဲ့ ငြိမ်နေလျှင် တရားပါ့မလား။

ရွှေစင်ယော်ဆိုသူမှာ ကြယ်စုံ့အပေါ် အကောင်းမြင်သူ မဟုတ်မှန်း သိသည်။ တိုက်ဆိုင်မှုလေးရှိရုံမျှနှင့် ဖြူစင်သော ကြယ်စုံ့စိတ်ကို သူ အထင်မလွဲရက်ပေ။

''ကြယ်စုံ''

''အင်း''

''နင့်အင်္ကျီမှာ အချဉ်ရည်တွေ စွန်းပေကုန်ပြီ''

''ဟုတ်လား . . . ဘယ်မှာလဲ''

ပြောလည်းပြောကာ ရင်ဘတ်ကိုငုံ့ကြည့်သည်။

''ဟယ် . . . ဒုက္ခပဲ၊ ငါက ဒီအင်္ကျီကို အရမ်းကြိုက်တာ၊ ဒုက္ခပဲ . . . စွန်းသွားရင်တော့ ရင်ကွဲပါပြီ''

ကြယ်စုံက ပြူးတူးပျာတာပင် တစ်သျှူးနှင့်သုတ်နေလေ

www.burmeseclassic.com

www.burmeseclassic.com



သောအခါ သံသယဖြစ်မိခဲ့သောအချိန်တွေကို နောင်တရချင်လာသည်။

"လုပ်ပါဦး ဖော်ရင်ရယ် ... ငါ ဘယ်လိုလုပ်ရမလဲ၊ အဲဒီအချဉ်ရည်က ကြာသွားရင် လျှော်လို့မရတော့ဘူးဟ၊ အခု လျှော်မှ ဖြစ်တဲ့ဟာကို ဒုက္ခပဲ"

အင်္ကျီလေးကို နှမြောတမ်းတစွာ တယုတယဖြစ်နေပုံကို ကြည့်ပြီး ကရုဏာဖြစ်ရပြန်သည်။

ရင်ထဲ၌လည်း ကြယ်စုံကို အမယ်စုံအောင် တောင်းပန်မိနေပြန်သည်။ အားနာသည့်စိတ်က သူ့ကိုယ်ထဲ စီးဝင်လာသောအခါ ဘာလုပ်၍လုပ်ပေးရမှန်းမသိ ဖြစ်ကုန်သည်။

စားပွဲပေါ်မှ တစ်သျှူးကိုဆွဲယူပြီး သုတ်ပေးဖို့ ကြံရွယ်သည်။ သို့သော် မသင့်တော်သည်ကို သတိရပြီးမှ –

"ရော့ ကြယ်စုံ ... ဒါနဲ့သုတ်လိုက်"

သူ့လက်ထဲမှ တစ်သျှူးကို ကြယ်စုံက အဆောတလျင် ဆွဲယူပြီး အင်္ကျီရင်ညွန့်မှ အစွန်းအထင်းကို သုတ်လိုက်သည်။

သူနှင့်ကြယ်စုံတို့က မျက်နှာချင်းဆိုင်ထိုင်နေလေသောကြောင့် ကြယ်စုံ ငုံ့လိုက်တိုင်း ဖြူဖြူဖွေးသွားတတ်သည့် အသားမို့မို့ကို သူ လှမ်းမြင်နေရသည်။



သူ့မျက်နှာကြီး ပူထူကုန်၏။ ရှက်သွားသည်။ ငုံ့နေမိသော ခေါင်းကို မော်၍ပင်မကြည့်ဝံ့တော့။ ရင်ခုန်သံကလည်း တဒိုင်းဒိုင်း စည်းချက်မမှန်ချင်တော့ပါ။

ဘာတွေဖြစ်ကုန်တာလဲ။ မဖြစ်သင့်တဲ့စိတ်တွေ။

ထိန်းစမ်း ဖော်ရင် ... မင်းစိတ်တွေကို ဆုံးမစမ်းပါဟု သတိပေးနေမိသော်လည်း ခြေဖျားလက်ဖျားတွေက အေးစက်ဆဲဖြစ်သည်။

"အယ် ... ဒုက္ခပဲ၊ အကုန်ပေကျံကုန်ပြီ ... ကြည့်ပါဦး"

မဝံ့မရဲမော့ကြည့်မိပြန်သည်။ ဟိုက်နေသောအင်္ကျီရင်ဘတ်သည် ဟိုက်မြဲဖြစ်၏။

ငါတော့ ဒုက္ခပဲ ကြယ်စုံရယ် ... ငါ ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး။

ကြယ်စုံ့မျက်နှာကို မော့ကြည့်တာမှန်သော်လည်း သူ့အကြည့်သည် ကြယ်စုံ့လည်တိုင်တစ်ဝိုက်၌ ရပ်တန့်နေသည်။

"ကြည့်ပါဦး ဖော်ရင်ရယ် ... ဘယ်လိုလုပ်ရမလဲ၊ ရှုပ်ဆိုးလိုက်တာ"

ရင်ညွန့်မှ အင်္ကျီစကိုဆွဲရင်း ပြောနေသော ကြယ်စုံကြောင့်တော့ ခက်ရချည်ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ရမလဲလို့"

"ငါ ငါ ငါလည်း မသိဘူးလေ"

"ငါတော့ ရှုးချင်တော့တာပဲ"

"နင် နင့်အင်္ကျီလက်ရှည် အပေါ်ပေါ်ဖုံးနဲ့ ထပ်ဝတ်ထား လိုက်ပါလား"

"ဘယ်လိုလုပ်ရမှာလဲဟဲ့၊ ဒါက ရင်ဘတ်တည့်တည့်ကြီး ကို၊ အဲ ... ဒုက္ခပဲ၊ ငါ့အင်္ကျီ သင်တန်းမှာ ကျန်ခဲ့ပြီ၊ ဆရာမနဲ့ နှုတ်ဆက်ရင်း ဆရာမစားပွဲပေါ် တင်လိုက်မိတယ်၊ ပြဿနာပဲ ... လေကလည်းတိုက်နဲ့ အေးလာပြီကို"

ထိုအခါမှ ဇော်ရင်သည် မိမိကိုယ်မိမိ သတိပြုမိသွားသည်။ အတွင်းမှ စွပ်ကျယ်ဝတ်ပြီး အပေါ်၌ ရှပ်အင်္ကျီကို ဝတ်ထားခဲ့သည်။ သူက ယောကျ်ားလေးမို့ စွပ်ကျယ်တစ်ထည်တည်း ဝတ်လည်း တင့်သည်။ ကြယ်စုံလို လှတဲ့မိန်းကလေးအတွက်တော့ အချဉ်ရည်က အကျည်းတန်လွန်းပါသည်။

"ငါ့အင်္ကျီ ဝတ်ထားမလား"

"ဟာ နင်ကလည်း ... မဖြစ်ပါဘူး၊ တော်ကြာ ဦးမြကြီး မြင်သွားရင် တစ်မျိုးထင်နေဦးမယ်"

"နင့်အင်္ကျီ အချဉ်ရည်ပေသွားလို့ဆိုပြီးပြောရင် ဘာမှ





မဖြစ်လောက်ပါဘူး"

ဇော်ရင်၏အဖြေစကားက ကြယ်စုံ မျှော်လင့်ထားသော စကားမဟုတ်ပေ။ ဦးမြကြီးက ဒရိုင်ဘာပဲ၊ ငါက ဘာလို့ ဂရုစိုက်နေရမှာလဲဟု ခပ်မာမာ ပြတ်ပြတ်သားသား ဖြစ်စေချင်သည်။

သို့သော် ပြဿနာမရှိပါချေ။ ဇော်ရင်က နဂိုကတည်းက သဘောကောင်းနေသောလူ ဖြစ်၏။

"ဒါဆိုလည်း အိမ်ရောက်ရင်ရော နင့်မေမေက"

"ငါ တစ်နေ့ ဘာလုပ်သလဲ၊ ဘာဝတ်သလဲဆိုတာ ဂရုစိုက်နေရလောက်တဲ့ထိ ငါ့မေမေက မအားပါဘူး ကြယ်စုံရယ် ... ရပါတယ်"

ဇော်ရင်က ပြောပြောဆိုဆိုပင် အင်္ကျီကြယ်သီးကို ဖြုတ်ကာ ဆွဲချွတ်သည်။

ဇော်ရင်သည် အင်္ကျီပွပွများ ဝတ်လေ့ရှိသူဖြစ်၏။ ထို့ကြောင့် ပိန်သည်ဟုထင်ရသော်လည်း ယခုလို အသားကပ်စွပ်ကျယ်လေးနှင့်ဆိုသောအခါ လူပျိုကြီးတစ်ဦးနှယ် ကြွက်သားများက အဖုလိုက်ထွက်နေသည်။

"အဲ ... မချွတ်ပါနဲ့၊ ငါမဝတ်ရဲဘူး၊ ငါက ဘယ် ယောကျ်ားလေးအင်္ကျီမှ ကိုင်ဖူးတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို သူစိမ်းတစ်ယောက်ဆိုပြီး တွေးနေလို့လား"

"မဟုတ်လို့လား"

"ငါ ဝမ်းနည်းတယ် ကြယ်စုံ"

"ဘာလို့လဲ"

"နင်က ငါ့ကို သူစိမ်းလို့ တွေးလို့ပေါ့"

"အဲဒါဆို ငါက ဘယ်လိုတွေးရမှာလဲ"

ကြယ်စုံ့မျက်လုံးတွေက သူ့ကို ခနဲ့နေတာလား။ လှောင်ပြောင်နေတာလားဆိုတာ သူမသိပေ။ သို့သော် ကြယ်စုံ့မျက်လုံးတွေကို သူ နှစ်သက်နေမိ၏။

ကြယ်စုံသည် အမိပ္ပာယ်ဖော်ရခက်သော မျက်လုံးများနှင့် သူ့ကို စိုက်ကြည့်၍နေလေသည်။

မကြည့်ပါနဲ့ ကြယ်စုံ။ ငါ့ကို အဲဒီလိုမကြည့်ပါနဲ့။

ငါလေ ငါ ... မင်းရှေ့မှာ ကျရှုံးမိတော့မယ်။

"အစ်ကို ရေချိုးရပြီ"

သာသနာ့ဖျက်လေး မောင်စားပွဲထိုးကြောင့် သူနှင့် ကြယ်စုံတို့၏ မျက်ဝန်းတိုက်ပွဲသည် ငြိမ်းချမ်းရေးရသွားပြန်သည်။

"ဝတ်ပါ ... အားမနာပါနဲ့၊ လေက တိုက်တယ်၊ ဖျားနေဦးမယ်"





"အတွင်းပိုင်းက ညစ်ပေနေမှတော့ အပေါ်ယံဖုံးနေလည်း သန့်သွားမယ်မထင်ဘူး။ ငါက ညစ်ပေနေရင် မနေတတ်ဘူး"

သူ နားမလည်ပါ။ ကြယ်စုံ့စကားက ဘာကိုဆိုလိုနေတာလဲ။

"ဒီနားမှာ Toilet ရှိတယ်မဟုတ်လား"

"အင်း ... ရှိမယ်"

"ငါ့ကို ခဏလိုက်ပို့ပါလား"

ပိုပြီး ရှုပ်ထွေးလာသည်။ သို့သော် ကြယ်စုံ့ဆန္ဒမို့ နားမလည်သော်လည်း လိုက်ပို့မိ၏။

သို့သော် Toilet ထဲမှ ကြယ်စုံထွက်လာသောအခါ မှင်တက်လောက်အောင် အံ့ဩသွားသည်။

ကြယ်စုံသည် သူ့ကိုပြုံး၍ စိုက်ကြည့်နေသည်။ ထိုအပြုံးဘ သူနှင့် သာမန်ထက်ရင်းနှီးနေသလို ရင်ထဲ စိမ့်ဝင်လာ၏။

"နင့်ကို ငါက ပိန်တယ်လို့ ယူဆထားပေမယ့် နင့်အကျႌဘ ငါနဲ့တော့ ကြီးနေတယ်နော်၊ အဆင်ပြေရဲ့လား"

ကြယ်စုံသည် ပြောပြောဆိုဆိုပင် သူ့ရှေ့မှ ဖြတ်ကျော်သွားပြီး ခပ်လှမ်းလှမ်းဝေးသည့် ခုံတန်းပေါ်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လာလေ ... လာ"

ကြယ်စုံသည် သူ့ကို ထိုင်ပါဆိုသည့်သဘောမျိုးနှင့် ခုံကို ပုတ်ပြနေသည်။

အိပ်မက်ထဲရောက်နေသူပမာ ကြယ်စုံအနီးသို့ တိုးကပ်သွား မိသည်။

"ထိုင်ပါ ... ဒီမှာက နေရာရခဲတယ်"

သူ မထိုင်ဝံ့ပါ။ ကြယ်စုံဘေး၌ အသက်မဲ့စွာ ရပ်နေမိသည်။

"ဘာလဲ ... သမီးရည်းစားတွေ ထိုင်နေကျနေရာမို့ နင်က ဒီမှာ ငါနဲ့အတူ မထိုင်ချင်တာလား။ ရပါတယ် ... မထိုင်ချင်လည်း မထိုင်ပါနဲ့၊ ဒါပေမဲ့ ငါတော့ စိတ်မကောင်းဘူး။ ငါက နင့်ကိုခင်သလောက် နင်က ငါ့ကို မခင်ဘူး၊ ငါက အညှတရကိုး ... ဘယ်ခင်ချင်မလဲ၊ ငါကိုယ်က အရိပ်အကဲ နားမလည်တာပါ၊ သွားရအောင်လေ ... ဦးမြကြီး စောင့်နေလိမ့်မယ်၊ သွားမှဖြစ်မယ့်ဟာကို"

ကြယ်စုံသည် လှသောနှုတ်ခမ်းလေး ရူထော်ပြီး ဆတ်ခနဲ ထရပ်ကာ လှစ်ခနဲ ထပြေးဖို့ ကြံရွယ်၏။

သူ့အသည်းတွေ မခံနိုင်တော့ပါ။ သိက္ခာတရားနှင့် စည်းတွေလည်း ကွာကျ၍နေကုန်ပါပြီ။

သူ့ကိုယ်သူ မသိလိုက်သေးခင်မှာပင် ကြယ်စုံ့လက်ကောက်ဝတ်ကို ဆွဲထားပြီးဖြစ်နေ၏။

"လွှတ်ပါ ... သွားရအောင်၊ ငါနဲ့ ဒီမှာ အတူရှိနေရင် နင့်အတွက် မကောင်းဘူး။ နင်က ဂုဏ်သရေရှိအသိုင်းအဝိုင်းက လူ၊ ငါနဲ့အထင်လွဲကုန်ရင် ခက်လိမ့်မယ် ... လွှတ်"

ကြယ်စုံ့လက်ကလေးသည် ရုန်းနေရှာသည်။ သူ မလွှတ်ချင်ပါ။ ခုနေ သူလွှတ်လိုက်ပါက ကြယ်စုံ ထွက်ပြေးသွားလိမ့်မည်။ ယခုလို လှနေသော ကြယ်စုံ့အလှတရားကို နောက်တစ်ကြိမ် တွေ့နိုင်တော့မည်မဟုတ်တော့ပါ။ သူ့လက်ထဲ ငါးရုံ့လေးတစ်ကောင်နှယ် ဖျတ်ဖျတ်လူးနေသော ကြယ်စုံ့ကို မလွှတ်စတမ်း ဖက်ထားမိသည်။

ပြီးနောက် ...

ကြယ်စုံ့မျက်နှာတစ်ခုလုံး နေရာလပ်မကျန်အောင် နမ်းရှိုက်လိုက်မိသည်။

ထိုအနမ်းက သူ မသိသေးသော ချစ်ခြင်းတရားလား။







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကြယ်စုံရင်ထဲ ကြည်လင်သွားသည်။ ဇော်ရင်နှင့် အကြာကြီး ချစ်လိုက်ချင်သော်လည်း ဦးမြကြီး၏အရိပ်အခြည်ကို ကြည့်နေရသည်။ ထို့ကြောင့် မိုးမမှောင်ခင် အိမ်သို့ အရောက်ပြန်လာခဲ့ရ၏။

ကားပေါ်မှဆင်းချိန်တွင် နောက်ဆုံး အနမ်းတစ်ပွင့် ဇော်ရင့်ကို နှုတ်ဆက်ချင်သော်လည်း ဦးမြကြီးက ရှိနေသေးသည်။ နောက်ဆုံး ဇော်ရင့်ကို ကိုယ်တိုင်ကားမောင်းခိုင်းရပါလိမ့်မည်။ ဒါမှ ဇော်ရင် ကြယ်စုံ့အပေါ် စွဲလမ်းလေသောအခါ ကြယ်စုံက ခေါင်းမော့ရင်ကော့နိုင်ပေမည်။

အတွေးထဲ ကျေနပ်လာသောကြယ်စုံသည် ဖိနပ်ချွတ်ခုံ





ရှေ့အရောက်တွင် တစ်ခုခုကို စိုးထိတ်သွားသည်။

ကြယ်စုံဝတ်လာသည်က ဇော်ရင့်အင်္ကျီ။ ထိုအင်္ကျီကို ရွှေစင်ယော် ကောင်းကောင်းသိ၏။

ဇော်ရင့်အင်္ကျီကိုသာ ကြယ်စုံဝတ်လာခဲ့မှန်းသိလျှင် ရွှေစင်ယော်သည် ငြိမ်နေမည့်မိန်းမမျိုးမဟုတ်ပါ။

ရွှေစင်ယော် ပြန်ရောက်နေပြီလား။ အိမ်ထဲမှာရှိနေပြီလား ဆိုတာ သိပ်မသေချာသော်လည်း သတိဆိုတာ အပိုမရှိတာမို့ ကြယ်စုံက အိမ်ကို တစ်ပတ်ပတ်ကာ နောက်ဖေးပေါက်မှ ဝင်လာခဲ့သည်။

မီးဖိုထဲ လူရှင်းနေသည်။ မအေးရော၊ ဒေါ်တူးရော မရှိချေ။ မအေးနှင့် ဒေါ်တူးသည် တူအရီးဖြစ်ပြီး ဖိုခနောင့်ဆိုင်ရွာမှ ရွာသူများ ဖြစ်သည်။ ရိုးအေးပြီး တုံးအသည်။ ထိုလူနှစ်ယောက်ကို ကြယ်စုံသည် တွက်စရာမလိုပေ။

ဒီအချိန်ဆို အန်တီမိကလည်း အိမ်မှာမရှိချေ။ ရှိလည်း ပြဿနာသိပ်မရှိ။ အန်တီမိက မီးဖိုခန်းထဲ အလာနည်းသူဖြစ်၏။

သို့သော် ပြဿနာသည် အနည်းနိုင်ဆုံးနည်းမှ ဖြစ်မည်။ ကြယ်စုံသည် အသိုသိပ်ဆုံးနေနိုင်မှ ဖြစ်မည်။ အောင့်နိုင်ရင် အောင်သည်ဆိုသော ဆိုရိုးကြောင့်သော်လည်းကောင်း၊ သူ့များရွာ



www.burmeseclassic.com

www.burmeseclassic.com



မှ ကြက်မ ကိုယ့်ရှာဖွ့်ကြက်ဖဆိုသော ရှေးလူကြီးများ၏ ဆိုရိုးကြောင့်သော်လည်းကောင်း ကြယ်စုံသည် ကြောင်မလေးဖြစ်သည့်တိုင် လက်သည်းဝှက်၍ နေနိုင်ရမည်။

"ဟင် . . . မကြယ်စုံ"

မအေးတင်အော်သံဖြစ်သော်လည်း ခိုးကြောင်ခိုးဝှက်မို့ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

ကြယ်စုံလှည့်ကြည့်လိုက်သောအခါ မအေးက သောက်ရေခွက်ကြီးကိုင်ကာ ကြယ်စုံကို မယုံနိုင်စွာ စိုက်ကြည့်နေ၏။

မအေးကြည့်နေပုံက တရားခံဖမ်းသလို၊ ဘာလိုလို။ အမှန်ပြောရလျှင် မအေးသည် ဒေါ်တူးနှင့်စပ်မှ ရောက်လာခဲ့ရသော အိမ်အကူဖြစ်သည်။ ရောက်လာတာလည်း ခြောက်လမပြည့်သေးပေ။ ပညာလည်း သိပ်တတ်သူမဟုတ်။ စာကိုရေးတတ်ဖတ်တတ်ရုံသာ။ ဒီလိုတောသူမျိုးက ကြယ်စုံလို ပညာတတ်၊ အင်္ဂလိပ်စာကောင်းသူ အိမ်ကြီးရှင် ဦးကိုကိုနိုင်ရဲ့တူမကို ဒီလိုမျက်လုံးမျိုးနဲ့ ကြည့်ရသလား။

ရိုင်းလိုက်တာ . . .။

ရုပ်ရည်က ရွက်ကြမ်းရေကျို၊ အသားက နေလောင်အကွက် မပျောက်သေး။ ကြယ်စုံမှာတော့ ဖြူသော အသားအရေ



မျက်နှာလေးက မှုန်နေအောင်လှသည်။

နှိုင်းယှဉ်၍မရလောက်အောင် နှံ့သာဆီနှင့်အီးပမာ ခြားနားလွန်းလှသည်။ ဒါကို အဲဒီလို မျက်လုံးကြီးနဲ့ –

"မကြယ်စုံ အင်္ကျီ"

"ဘာဖြစ်သလဲ . . . ငါ့အင်္ကျီက မင်းကိုထွက်ကိုက်နေလို့လား"

"ကိုက်တော့မကိုက်ပါဘူး။ ဒါပေမဲ့ . . . အသွားတုန်းက ဝတ်သွားတဲ့အင်္ကျီနဲ့ မတူလို့၊ ပြီးတော့ . . . အဲဒါက ယောက်ယောက်ျားအင်္ကျီ"

"ငါ့ဟာငါ ဘာဝတ်ဝတ် နင့်အဖို့ပါလား၊ နင်လုပ်ရမှာက အဝတ်လျှော်၊ အိမ်သန့်ရှင်းရေး၊ မီးပူတိုက်၊ ငါ့ကိစ္စကို လျှာမရှည်နဲ့၊ ငါက ငါလုပ်သမျှကို မင်းကို ဖြေရှင်းပြနေရဦးမှာလား၊ ကိုယ့်အဆင့် ကိုယ်သိစမ်းပါ"

သူခိုးလူမိ ဖြစ်သွား၍ စွတ်ဆက်ရန်တွေ့ပစ်မိသည်။ ကြယ်စုံ့ကျောပြင်ကို မအေး ငေးနေခဲ့မယ်ဆိုတာ သိသော်လည်း ဂရုမစိုက်သလို လှည့်ထွက်လာခဲ့သည်။

အခန်းထဲရောက်တော့မှ သက်ပြင်းကို ဟင်းခနဲ ချလိုက်နိုင်၏။ အင်္ကျီကိုချွတ်ပြီး မွှေးရှိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီနံ့ရေမွှေးကို သုံးလေ့ရှိသော ဇော်ရင့်အင်္ကျီတွင် ရေမွှေးနံ့တို့က ပျက်ပြယ်မသွားချေ။ သိပ်ကောင်းသောရေမွှေး အဆီ ကြောင့်များလား။

ကြယ်စုံ ကျေနပ်စွာ ပြုံးမိပြန်၏။ ပီတိတွေနှင့် ကြယ်စုံ့ ကမ္ဘာသည် ပန်းများပွင့်၍ နေလေသည်။

'ဒေါက် ဒေါက်'

တံခါးခေါက်သံသည် ကြယ်စုံ့စိတ်ကို ချောက်ချားသွားစေသည်။ ဘယ်သူလဲ၊ ကြယ်စုံ့အခန်းကို တံခါးခေါက်မည့်လူက ဘယ်သူ များလဲ။

ဝေခွဲမရဖြစ်သော်ငြား ဇော်ရင့်အင်္ကျီကိုတော့ ခေါင်းအုံး အောက်ထဲ ကပျာကသီ ထိုးထည့်လိုက်သည်။

တွေ့ကရာအင်္ကျီကို ဖြစ်သလိုကောက်စွပ်ပြီး ထွက်လာခဲ့သောအခါ ဦးကိုကိုနိုင်ကို အခန်းဝ၌ ဘွားခနဲတွေ့လိုက်ရသည်။

''ဟင် ဦးဦး''

''တစ်အိမ်သားလုံး ဘယ်ပျောက်နေတာလဲ၊ တစပြင် ကျနေတာပဲ''

''မအေးတော့ စောစောက တွေ့ပါတယ်''

''မင်းအန်တီမိရော ပြန်မရောက်သေးဘူးလား''



''ဟင့်အင်း ... ဒါကို ကြယ်စုံမသိဘူး ဦးဦး၊ ဦး ဘာခိုင်းစရာ ရှိလို့လဲ''

''ထမင်းစားမယ်၊ ငါ ဒီနေ့ အပြင်မှာစားမလာခဲ့ဘူး။ အိမ်ဟင်း အိမ်ထမင်း မစားရတာကြာပြီ''

''ဟုတ် ဦး ... ခဏနော်၊ ကြယ်စုံ ပြင်ပေးပါ့မယ်''

''ပြင်ထားလိုက်၊ ငါ ရေချိုးပြီး ဆင်းလာခဲ့မယ်''

''ဟုတ်''

ဦးကိုကိုနိုင်သည် သဘောကောင်းသူဖြစ်သည်။ ဦးကိုကိုနိုင်နှင့် ကြယ်စုံ့ဖေဖေ ဦးနေလင်းတို့သည် ရုပ်ဆွေရုပ်မျိုး ညီအစ်ကို နှစ်ဝမ်းကွဲဆိုသော်ငြား တစ်အူတုံ့ဆင်းပမာ ခင်မင်ကြသည်။ ထို့ကြောင့် ဖေဖေဆုံးသွားသောအခါ အိမ်မှာနေ့ဆိုပြီး ခပ်ရဲရဲ ခေါ်လာသူဖြစ်၏။

ကြယ်စုံ့ဘဝက ဆိုးလှသည်။ မိခင်ကို ငယ်ငယ်လေးကတည်း မမြင်ခဲ့ဖူးချေ။ ကြယ်စုံ သုံးနှစ်သားအရွယ်တွင် ငှက်ဖျားပိုး ဦးနှောက်ထဲဝင်ပြီး ဆုံးရရှာသည်ဟု သိရသည်။

ထို့ကြောင့် ဖေဖေသာလျှင် အမေ၊ ဖေဖေသာလျှင် အဖေ၊ ဖေဖေသာလျှင် သူငယ်ချင်းဖြစ်ခဲ့ရသည်။

ရုတ်တရက် ဖေဖေက လောကထဲမှ ထွက်ခွာသွားသော

www.burmeseclassic.com

www.burmeseclassic.com



အခါ ကြယ်စုံ လက်မောင်းအုံပြုတ်သွားသလို ခံစားရသည်။ ထိုအချိန်က ကြယ်စုံသည် ကိုးတန်းကျောင်းသူဖြစ်၏။

စီးပွားရေးမချောင်လည်ကြသော ဆွေမျိုးရင်းချာများကလည်း ကြယ်စုံ့ကို တာဝန်မယူချင်ကြပေ။

ကြယ်စုံသည် ယူကျုံးမရ ငိုကြွေးခဲ့ဖူးသည်။ မည်သူမျှမခေါ်ချင်ကြသောဘဝကြီးကိုလည်း ခါးသီးမိသည်။ ဖေဖေ့အသုဘပြီးပါက မိမိကိုယ်မိမိ အဆုံးစီရင်ဖို့ထိပင် ကြယ်စုံ တွေးဖူးသည်။

သို့သော် ကံကောင်းစွာပင် ဖေဖေရက်လည်သောနေ့၌ ဦးကိုကိုနိုင်က မင်းသားတစ်ပါးလို ဘွားခနဲပေါ်လာခဲ့သည်။

“မင်းက နေလင်းသမီးလား”

ဟု မေးလိုက်သော ဦးကိုကိုနိုင်၏စကားလုံးသည် ကြယ်စုံ့ရင်ကို ချမ်းမြသွားစေသည်။

ဖေဖေ့ထံတွင် ဤမျှ ခန့်ညားပြီးချမ်းသာသော သူငယ်ချင်းမျိုး ရှိလိမ့်မည်ဟု မထင်ခဲ့ပေ။ ပို၍ အံ့သြစရာကောင်းသည်က ထိုပုဂ္ဂိုလ်သည် ကြယ်စုံတို့နှင့် ဆွေမျိုးနီးစပ်တော်နေ၍ ဖြစ်သည်။

ယှဉ်နိုင်စရာ တစ်ကွက်မျှ မရှိချေ။ ကြယ်စုံ့ဖေဖေရော ဆွေမျိုးရင်းချာတွေပါ အသားညိုကြသည်။ အနေအထိုင်



ဆိုးဝါးကြသည်။ ကျဉ်းမြောင်းသောအိမ်ထဲ၌ ပြွတ်သိပ်ပြီး နေထိုင်ကြသည်။

မန္တလေးမြို့မှာဆိုသော်ငြား ဆိုင်ကယ်တစ်စီးကို မိသားစုများ အလှည့်ကျစီးကြရသည်။ ဟင်းကို အတုံးလိုက်လေး ဝေစုကျ စားကြရသည်။

ရေချိုးဆပ်ပြာကောင်းကောင်းကို မသုံးနိုင်သူများဖြစ်သည့်အလျောက် ကိုယ်နံ့ဆိုးဝါးကြသည်။ ခြေဖဝါးများသည်လည်း အက်ကြောင်းရာများနှင့် ချေးအထပ်ထပ် ဖြစ်နေသည်။ လုံချည်များဆို ညစ်ပေလွန်း၍ အရေးအဆင်ပင်/မမြင်ရတော့ပေ။

အခေါ်များဆို အားလျှင် တစ်ယောက်ကိုတစ်ယောက် ဆင့်ထိုင်ကာ သန်းတုတ်နေတတ်ကြသည်။

ဂျာနယ်ထဲပါလာသမျှ မင်းသား မင်းသမီးများ၏အတင်းတွေ၊ သတင်းတွေကို အရေမရ အဖတ်မရ အမြင်အမျိုးမျိုး ဇလှယ်တတ်ကြသည်။

ဤသို့ လူများနှင့် ဦးကိုကိုနိုင်သည် မည်သို့မျှ ယှဉ်၍ မရနိုင်ချေ။ ဖြူသောအသား၊ မွှေးကြိုင်သော ကိုယ်ရနံ့၊ ဖောင်းအိနေသော ခြေဖမိုးရဲရဲနှင့် ကားအကောင်းစားကြီးသည် ညာ၍မရ အောင်ပင် လူချမ်းသာတစ်ဦးမှန်း သိသာလွန်းသည်။ ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအကြည့်များသည် တည်ငြိမ်ရင့်ကျက်သည်။

တစ်ထိုင်တည်းတွင် ကြယ်စုံ ခန့်မှန်းမိသည်က ချမ်းသာပြီး အဆင့်အတန်းရှိသူဖြစ်မည်ဟု မြင်သည်။

"မင်းကို ဦးက ထောက်ပံ့ပါမယ်၊ မင်း ဘယ်လိုသဘောရသလဲ"

ဟု မေးခဲ့စဉ်က မြေကြီးပေါ် လက်ဖဝါးနှင့် ရိုက်ပစ်ချင်လောက်အောင် ဝမ်းသာခဲ့သည်။ မင်းကို ဦးက ထောက်ပံ့မယ်ဆိုတာထက် မင်းကို ဦး ခေါ်သွားမယ်ဆိုသည့်စကားကိုသာ ကြယ်စုံ မျှော်လင့်ခဲ့မိခြင်းဖြစ်သည်။

အမျိုးအဆွေများက ကြယ်စုံ့ကို ကံကောင်းတဲ့ကောင်မလေးဟု သမုတ်ကြသည်။

ကြယ်စုံ့ကို ဗန်းပြကာ ဦးကိုကိုနိုင်ထောက်ပံ့သမျှကို သုံးဖြုန်းကြသည်။ ဦးကိုကိုနိုင် ပို့လာသော အဝတ်စားမှန်သမျှကို ကြယ်စုံ့လက်ထဲ ရောက်လိုက်သည်ဟူ၍ မရှိ။

"ညည်းက လှပြီးသားပါ ... ဘာဝတ်ဝတ်"

ဆိုသည့်စကားနှင့် ကြယ်စုံ့ကို ချည်ပြီးတုပ်ပြီး ဆက်ဆံကြသည်။

အနှိမ်ခံဘဝကို မကျေလည်သောကြယ်စုံသည် စွန့်စွန့်



စားစားပင် ဦးဦးထံ ဖုန်းဆက်ခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ဦးဦး ရေချိုးခန်းဝင်နေချိန်မှာ အန်တီမိ ကိုင်သည်။

ကြယ်စုံသည် ခြေဖျားလက်ဖျားများအေးစက်ခဲ့ဖူးသည်။ ဟယ်လိုဆိုသော ပြန်ထူးသံနောက်တွင် ဘာပြောရ၍ပြောရမှန်းမသိအောင် ဆွံ့အသွားခဲ့သည်။

ဦးဦးမှာ ဇနီးနှင့်သမီးရှိသည်ဟူ၍သာ သိဖူးသည်။ နာမည်ဘယ်လိုခေါ်သလဲ၊ ဘာလုပ်သလဲ၊ ဘယ်လိုပုံလဲဆိုတာ သိလည်း မသိဖူးသလို ကြားလည်းမကြားဖူးပါ။ ဦးဦးကလည်း မိသားစုအကြောင်း ဘာမှမပြောဖူးချေ။ ထို့အတူ ဦးဦး၏ဇနီးကလည်း ကြယ်စုံ့ကို သိမည်မဟုတ်မှန်း ခန့်မှန်းမိလိုက်သည်။

သို့သော် တစ်ဖက်မှ ဖုန်းထူးနေပြီး ဖုန်းကို မိမိသဘောမိမိ ချပစ်ဖို့ ဝန်လေးမိ၏။ ထို့ကြောင့်ပင် အားတင်းပြောခဲ့မိသည်။

"သမီးက ကြယ်စုံပါ၊ ဦးဦးနဲ့ စကားပြောချင်လို့ပါရှင်"

"ဘယ်က ဦးဦးလဲ"

"ဦးကိုကိုနိုင်ပါရှင့်"

"မင်းနာမည် ဘယ်လို"

"ကြယ်စုံ ... ကြယ်စုံဖူးပါ အန်တီ"

www.burmeseclassic.com

www.burmeseclassic.com



မာလွန်းသည့် အနိဒ်တီမိအသံကြောင့် လူကိုမမြင်ရသေးဘဲ အနိဒ်တီမိကို ကြောက်လန့်နေမိသည်။ သူ့ဆန်စားထား၍လားတော့မသိ အနိဒ်တီမိ၏ပုံရိပ်ကို ထိတ်လန့်နေမိသည်။ ဦးဦးက ကြယ်စုံ့ကို ထောက်ပံ့ထားသည်မှာ ရိုးသားလှ၏။ ကြယ်စုံကလည်း ဦးဦးကို ခင်တွယ်သည်။ ဒါက တူဝရီသံယောဇဉ်ဖြစ်၏။ ရိုးသားမှန်း နှလုံးသားက သိနေသော်လည်း မဝံ့မရဲဖြစ်ရသည်။

ကြယ်စုံ ကိုးတန်းအောင်သောနှစ်တွင် ဦးဦးသည် မန္တလေးသို့ အလုပ်ကိစ္စနှင့်ရောက်လာခဲ့သည်။ ကြယ်စုံသည် ဦးဦးကိုမြင်သောအခါ ဝမ်းသာအားရဖြစ်ရသည်။ ဖြစ်နိုင်လျှင် ဆွေမျိုးများနှင့် ဝေးရာသို့ ကြယ်စုံထွက်ခွာသွားချင်ပါပြီ။

အဆင့်မရှိသော ဆွေမျိုးများနှင့်နေမည့်အစား ဦးဦး၏ အိမ်တွင် အိမ်ဖော်သာသာနေရပါကလည်း ကြယ်စုံ့အတွက် လမ်းကြောင်းတွေ ရှိလာနိုင်သည်ဟု ထင်သည်။

အတောင်တပ်ပေးပါက ငှက်တစ်ကောင်နှင့်ယှဉ်ကာ ပျံသန်းမည့်လူမျိုးဖြစ်သည်။ ကြယ်စုံကျောတွင် တောင်ပံများကို ဦးဦးကိုယ်တိုင် တပ်ပေးစေချင်သည်။ ထို့ကြောင့်ပင် ကြယ်စုံကို ခေါ်သွားရန် အရဲစွန့်ပြီး တောင်းဆိုခဲ့မိသည်။

"ဘာလဲ ... အဆင်မပြေလို့လား ကြယ်စုံ"



"ဟုတ် ဦး၊ ကြယ်စုံလေ ဆယ်တန်းကို ဂုဏ်ထူးတွေနဲ့ အောင်ချင်တယ်၊ ပြီးတော့ သင်တန်းတွေလည်း တက်ချင်တယ်"

"ဦးပို့ပေးတဲ့ငွေနဲ့ မလောက်လို့လား သမီး"

"ဟင့်အင်း ... လောက်ပါတယ်၊ အဲ ... အဲဒီလိုပြောလို့ မရဘူး ထင်တယ်"

"ဟင် ... ဘာလို့လဲ"

"ဦး ဘယ်လောက်ပို့ပေးသလဲဆိုတာ ကြယ်စုံ မသိရဘူး"

"မင်းကို သူတို့ မုန့်ဖိုးမပေးဘူးလား"

"အိမ်က ငွေရေးကြေးရေး သိပ်အဆင်မပြေဘူး၊ အဲဒါကြောင့် ကြယ်စုံ့ကို မပေးနိုင်တာထင်တယ်၊ အင်္ကျီတွေလည်း အဲဒီတိုင်းပဲ၊ ကြယ်စုံက ကျောင်းနေတော့ အပြင်ဝတ်စုံ ဝတ်စရာ အကြောင်းနည်းတယ်လေ၊ ဒေါ်လေးက နေ့တိုင်း ဈေးရောင်းရတော့"

"ရပြီ ကြယ်စုံ ... ရပြီ ရပြီ"

ကြယ်စုံ ဝမ်းသာခဲ့ရသည်။ ဦးဦးမျက်နှာကို ကြည့်လိုက်ရုံနှင့် ဦးဦးက ဘာကိုဆုံးဖြတ်နေသလဲဆိုတာ ကြယ်စုံသိနိုင်ခဲ့သည်။

ဦးဦးပြန်သွားပြီး သိပ်မကြာခင်မှာပင် ကြယ်စုံ့ကို ကား



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်တစ်စောင်နှင့် ဟမ်းဖုန်းတစ်လုံး ရောက်လာခဲ့၏။ ကြယ်စုံ ဝမ်းသာခဲ့သည်။

ထိုအချိန်မှစ၍ ကြယ်စုံ့ဘဝထဲ ဆင်းရဲနိမ့်ကျသော ဆွေမျိုးရင်းချာများမရှိကြတော့သည်မှာ ယနေ့ချိန်ထိ ဖြစ်သည်။

ယခုတော့ ကြယ်စုံသည် နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပြင်သစ်ဘာသာတက်ပြီး အပြင်သင်တန်းအဖြစ် အင်္ဂလိပ်စာကို လေ့လာနေဆဲဖြစ်သည်။ ဒါ ကြယ်စုံမျှော်လင့်ခဲ့သော ဘဝထဲတွင် ပါဝင်၏။

သို့သော် ထိုဘဝထဲတွင် ရွှေစင်ယော်သည် ခလုတ်တစ်ခု ဖြစ်နေသည်။ ထိုခလုတ်ကို ကြယ်စုံ ရှင်းပစ်ချင်လှပါသည်။ ကျောင်းသွားတော့လည်း ဇော်ရင်နှင့် ကြယ်စုံ့ကြား ဝင်ရှုပ်သည်။ မေဂျာ လျှောက်တော့လည်း အခြားမေဂျာ လျှောက်လို့ရရဲ့သားနဲ့ ကြယ်စုံနှင့် ဇော်ရင်လျှောက်သော ပြင်သစ်ဘာသာကိုသာ လျှောက်သည်။ မုန်းလိုက်တာ။ သို့သော် ယခုတော့ ရောင်နီလေး သန်းလာပြီးဖြစ်သည်။ ကျောင်းသွားလျှင်သာ ရွှေစင်ယော်ပါတော့မည် ဖြစ်သည်။ အင်္ဂလိပ်စာ သင်တန်း၌ ဇော်ရင်နှင့်ကြယ်စုံ့ကြား ရွှေစင်ယော် မနှောင့်ယှက်နိုင်တော့ချေ။ နှောင့်ယှက်လည်း သိပ်ပြဿနာကြီး မဟုတ်တော့ပေ။ ဇော်ရင့်အချစ်ကို ရခဲ့ပြီး





ဖြစ်သည်။ ချစ်သူနှင့်သူငယ်ချင်းသည် ချစ်သူကသာ ဇော်ရင့်အပေါ် ဩဇာညောင်းနိုင်ရမည်။ လွှမ်းမိုးနိုင်ရမည်။

"ရပြီလား ကြယ်စုံ"

"ဟုတ်ကဲ့ ဦး"

ဦးကိုကိုနိုင်သည် ထမင်းစားတိုင်း ကြက်ဥကြော်ပါမှ သဘောကျသည်။ ဦးကိုကိုနိုင်၏မျက်နှာကို အရိပ်ကြည့်နေခဲ့သော ကြယ်စုံက ဒါကို သတိမူမိသည်။ ထို့ကြောင့်ပင် ဒေါ်တူး ချက်ထားသော ဟင်းအပြင် ကြက်ဥသုံးလုံးကို ကပျာကယာ ဖောက်ကာ မွှေကြော်လိုက်၏။

"ဦးက ညနေစာပြန်စားလေ့မရှိတော့ ဒေါ်တူးက အဆင်သင့် မပြင်ထားဘူး၊ ဒါနဲ့ ကြယ်စုံက ကြက်ဥခေါက်ပြီး ကြော်လိုက်တယ်၊ အဆင်ပြေရဲ့လားဦး"

"အင်း ... ပြေပါတယ်၊ ငါးပိရည်လေးပါရင် ပိုတောင် ပြည့်စုံဦးမယ်"

ဒေါ်မိမိရွှေတို့သားအမိက ဗိုလ်စာကြိုက်သလောက် ဦးကိုကိုနိုင်သည် မြန်မာအစားအစာကို ခုံမင်သူဖြစ်သည်။ မနက်စာကို ပေါင်မုန့် မီးကင်အစား မုန့်ဟင်းခါးနှင့် ကြာဆန်ချက်၊ ထမင်းဆီဆမ်း၊ ထမင်းကြော်တို့ကိုသာ မရှိနိုင်အောင် စားသူ

www.burmeseclassic.com



ဖြစ်သည်။

ယခုလည်း ငါးပိရည်တဲ့။ အိမ်ကြီးရှင်တို့စားသော ငါးပိရည်မှာ ပုစွန်ခြောက်နိုင်းချင်းနှင့် ငါးပိရည်နှံ့ သင်းပျံ့သော အကောင်းစား ငါးပိရည်ချိုမျိုးသာ ဖြစ်သင့်သည်။ သို့သော် အိမ်၌ ရှိနေသော ငါးပိရည်သည် အပေါစားငါးပိရည်ဖြစ်ပြီး ငါးကျပ်တင်ခြောက်နှင့်သာ ဖြစ်သလို ဖျော်ထားသည်။ ဒီလို အပေါစား အစားအစာမျိုးကို အိမ်ကြီးရှင်အား မချကျွေးချင်ပေ။ သို့သော် အိမ်ကြီးရှင်၏ဆန္ဒကိုလည်း ဖြည့်ဆည်းပေးချင်သည်။

"ငါးပိရည်တော့ ရှိပါတယ်၊ ဒါပေမဲ့ . . . သေသေချာချာ မလုပ်ထားဘူး၊ ရပါတယ် ကြယ်စုံ ပြင်ဆင်ပေးပါ့မယ်"

"ပြင်ဆင်လိုက်ရုံနဲ့ ငါးပိရည် ဆီဦးထောပတ် ဖြစ်လာမှာလား၊ နံပြီး ငန်တဲ့အရသာက ငါးပိရည်ရဲ့ဂုဏ်သတ္တိလေ၊ ဦး ရွေးချယ်လိုက်တာက ဆီဦးထောပတ်မဟုတ်ဘူး၊ ငါးပိရည်ပါ"

"ဟုတ် ဦး၊ ဒါပေမဲ့ . . . အဲဒါက ဒေါ်တူးတို့ မနက်တက် အဆာပြေစားတဲ့ ငါးပိရည်ကြီးမို့ပါ"

"မင်းလည်း ဒီအိမ်မှာနေတာ ဘယ်လောက်မှမကြာသေးဘူး၊ မိမိရွေးအကျင့်တွေ ကူးစက်ခံနေရပြီကိုး"

"ရှင် ဦး"

"ဒေါ်တူးတို့စားတာ ဘာရောဂါမှ မဖြစ်ဘူး၊ မဟုတ်လား၊ အဲဒါပဲ ခွက်ထဲထည့်ပြီးယူခဲ့ကွာ"

ဦးက ဘယ်လောက်ပဲ ခွက်ဟုသုံးနှုန်းစေကာမူ ကြယ်စုံကတော့ အလှဆုံးပန်းကန်လုံးလေးကို ရွေးချယ်သည်။ မကြာသေးခင်ကမှ ပြင်သစ်ကပို့လိုက်တယ်ဆိုသော ကြွေပန်းကန်လုံးလေးထဲ သပ်သပ်ရပ်ရပ် ထည့်ပြီး ဦးကိုကိုနိုင်ရှေ့ ချပေး၏။

"မြန်မာဆိုတော့လည်း တစ်ခါတစ်ရံ ငါးပိရည်ကို တောင့်တမိသား"

ဦးကိုကိုနိုင်သည် နားလည်ရခက်သော လူဖြစ်သည်။ တစ်ခါတစ်ရံ ရုပ်တည်ကြီးနှင့် မင်တွေတွေနေတတ်ပြီး တစ်ခါတလေတော့လည်း ယခုလိုပင် စကားဖောင်ဖွဲ့ပြောနေတတ်ပြန်သည်။

"ကျောင်းတက်ရတာတွေရော အဆင်ပြေရဲ့လား"

"ဟုတ် ဦး . . . ပြေပါတယ်"

"ထိုင်ပါ စားပြီးပြီလား"

"ဟုတ် . . . အပြင်မှာ ဇော်ရင်နဲ့အတူ စားလာခဲ့တယ်"

"သူငယ်ချင်းနဲ့စားရတဲ့ဝိုင်းလောက် ပျော်စရာကောင်းတာ မရှိဘူး၊ မင်းအဖေ နေလင်းနဲ့ဦးနဲ့ဆို ငယ်ဘဝတစ်လျှောက်







www.burmeseclassic.com

www.burmeseclassic.com



လုံး သွားအတူ စားအတူပဲ၊ လက်ဖက်ရည်ဆိုင်မှာ မိုးအလင်း ပေါက် ထိုင်တဲ့နေ့တွေတောင် ရှိခဲ့တယ်၊ ပွန်း . . . အခုတော့"

"ဖေဖေနဲ့ဦးနဲ့က အဲဒီလောက် ခင်ခဲ့ကြတာလား၊ ဖေဖေ ကတော့ ဦးအကြောင်း မပြောဖူးဘူး"

ကြယ်စုံစကားကြောင့် ဦးကိုကိုနိုင် လှစ်ခနဲ ပြုံးပြန် သည်။ ဦး၏အပြုံးက မြင်ရခဲသောအရာ ဖြစ်သည်။ ထိုအပြုံးက ကြယ်စုံကြောင့်ဖြစ်ပေါ်ခဲ့တာမို့ ဂုဏ်ယူချင်သလိုပင် ဖြစ်မိလိုက် သေး၏။

"အိမ်ထောင်ကျပြီးတည်းက အဆက်အသွယ် ပြတ် သွားကြတာ၊ နာရေးဖြစ်မှ ပြန်ဆုံရတော့တာပဲ၊ ဒီကြားထဲ အေးမိစံ ဆုံးသွားတာတောင် မသိလိုက်ဘူး"

"ဦးက မေမေ့ကိုရော သိလို့လား"

"အင်း"

"ကြယ်စုံတောင် မေမေ့အကြောင်း သိပ်မသိဘူး"

"နေလင်း မပြောပြဘူးလား"

"ဟင့်အင်း . . . ဖေဖေက ကြယ်စုံနဲ့ သိပ်ဖွယ်ဖွယ်ရာရာ မပြောဘူး၊ အရက်ချည်းသောက်နေလို့ ကြယ်စုံကို အရက်သမား သမီးလို့တောင် ပြောကြတာ"





"လူတော်တစ်ယောက် နမြောစရာပေါ့၊ အချစ်စိတ်တွေ လေ၊ ဒီကောင်ကြီးက အေးမိစံကို အသက်ထက်ပိုချစ်တယ်၊ ဒါကြောင့် . . . ဖြစ်မှာပေါ့"

"ဖေဖေက ဘာတော်လို့ ဦးက လူတော်လို့ ချီးကျူး တာလဲ၊ သမီးအမြင်မှာတော့ ဖေဖေက အရက်ချည်းသောက် နေတာပဲ"

"မင်းကိုတော့ ကျောင်းစရိတ် ပုံမှန်ပေးတယ် မဟုတ် လား"

"ဟုတ် . . . ပေးတယ်"

"ဘာအလုပ်လုပ်သလဲ သိလား"

"ဘုရားကြီးမှာ ပန်းပုထုတယ် ပြောတာပဲ"

"ဒီကောင်ကြီးက အနုပညာသမားကွ၊ လက်ရာသိပ် ကောင်းတာ၊ ထမင်းစားပြီးရင် မင်းကို ဦး ပြစရာရှိတယ်"

ကောင်းခန်းမှာ ရပ်လိုက်သလို ခံစားရသည်။ ဦးပြမည့် အကြောင်းအရာကို သိချင်လွန်းလှသည်။

ဘာလဲ . . . ဦးနှင့်ဖေဖေတို့ရဲ့ ပတ်သက်မှုက တော်ရုံ မဟုတ်နိုင်မှန်း ကြယ်စုံရိပ်မိသည်။

ဘာများလဲ၊ ဘယ်လိုပတ်သက်ခဲ့ကြတာလဲ။ ဦးကိုကိုနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည် ထမင်းကို အချိန်ဆွဲကာ စားသောက်နေသည်ဟု ခံစားရသည်။ ထမင်းစားပြီးချိန်ထိ သည်းခံစောင့်လိုက်ရသည်။

စားပွဲသိမ်းချိန်ရောက်မှ ထမင်းစားခန်းထဲ မအေး ရောက်လာသည်။

ဦးကိုကိုနိုင်ရှိနေလျှင် အဝင်အထွက်ခက်သော မအေးက အခန်းဝ၌ ပြူတစ်ပြူတစ်လုပ်နေသည်။

ကြယ်စုံသည် နဂိုတည်းက မအေးအပေါ် မကြည်မလင် ဖြစ်နေသူမို့ စားပွဲမှ ဟင်းခွက်များ သိမ်းရန်ပင် အာဏာပြပြီး ဦးနောက်သို့ အမောတကော ပြေးလိုက်လာခဲ့သည်။

မတတ်နိုင်ပါ။ လူဆိုသည့်သတ္တဝါမျိုးသည် တစ်ခါတစ်ရံ အမောက်ထောင်ပြပါလေမှ နဂါးမှန်းသိသူမျိုးတည်း။

"ထိုင် ကြယ်စုံ"

ဦးကိုကိုနိုင်သည် စည်းကမ်းကြီးသူပီပီ သူ၏ကိုယ်ပိုင်စာကြည့်ခန်းထဲသို့ တော်ရုံလူ ပေးမဝင်ချေ။ သန့်ရှင်းရေးလုပ်လျှင်ပင် ခွင့်ပြုချက်ယူရသေးသည်။ ယခုတော့ ကြယ်စုံကို ဖိတ်ကြား၍ဆိုတော့ ကြယ်စုံ့ခြေထောက်များ ကြမ်းပြင်နှင့် မထိချင်တော့ပါ။

"ဒီမှာကြည့်"



ဦးကိုကိုနိုင်သည် ဗီရိုသော့ကိုဖွင့်ပြီး ထိုဗီရိုထဲမှ ပန်းပုရုပ်တုတစ်ခု ထုတ်လာသည်။

"ဘယ်သူနဲ့တူသလဲ ကြည့်စမ်း"

ကြယ်စုံ စူးစိုက်ကြည့်သည်။ မြင်ဖူးသလိုရှိသော်လည်း ခန့်မှန်းမတတ်ပေ။ သေချာတာတော့ မိန်းမငယ်လေးတစ်ဦး ဖြစ်သည်။ ဆံပင်ကုပ်ဝဲလေးနှင့် မိန်းကလေးသည် လုံချည်တိုတို ဝတ်ပြီး လွယ်အိတ်တစ်လုံးကို စလွယ်သိုင်းလွယ်ထားသည်။

လက်ရာတော့မြောက်၏။ သို့သော် နားလည်ဖို့တော့ခက်သည်။ ကြယ်စုံမြင်ဖူးသော ပန်းပုရုပ်တုများသည် ကိန္နရီ ကိန္နရာရုပ်၊ မင်းသမီးရုပ်နှင့် အခြားသော တိရစ္ဆာန်အရုပ်များသာ ဖြစ်သည်။

"လက်ရာမြောက်သလား"

"တော်တော်သပ်ရပ်တယ်၊ အချိန်တော်တော်ယူခဲ့ရမယ်နော်"

"အင်း . . . ဦးအထင် ငါးလလောက်ကြာမယ် ထင်တယ်"

"ဘယ်သူလဲဟင် ဦး"

"မင်းနဲ့တူတယ် မထင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ထိုအခါမှ ကြယ်စုံ တအံ့တသြဖြစ်ပြီး ထင်မံကြည့်သည်။ မှန်သည်။ ကြယ်စုံ့ပုံကိုထုထားခြင်းသာ ဖြစ်သည်။

"ဒါပေမဲ့ . . . အဲဒါ မင်းမဟုတ်ဘူး ကြယ်စုံ၊ အေးမိစံ၊ မင်းရဲ့အမေ အေးမိစံရဲ့ပုံ"

"ရှင်"

"ဦးကိုပေးဖို့အတွက် သက်သက်ထုလုပ်လိုက်သလိုပဲ နော်၊ နောက်ဆုံးတော့ ဒီအရုပ်ကို ရင်ဝယ်ပိုက်ပြီး ရန်ကုန်ကို ပြေးလာရတော့တာပဲ"

ကြယ်စုံ့ရင်ထဲ လွမ်းသလို,ဆွေးသလို ခံစားရသည်။ မေမေ့ပုံတူကိုကြည့်ရင်း မေမေ့ကို တမ်းတလာမိသည်။ ထိုတမ်းတစိတ်ကြောင့်ထင်သည် ကြယ်စုံ့မျက်ဝန်းထဲ မျက်ရည်ကြည်များပင် လဲ့၍နေသည်။

"နေလင်းက တကယ့်လူတော်တစ်ယောက်ပါပဲ၊ ဦး မပိုင်ဆိုင်ရတာမှန်သမျှ သူပိုင်ဆိုင်ခဲ့တယ်၊ ဦးက ဘယ်လိုသင်သင် မတတ်ဘဲ ဒီပညာကိုလည်း သူက လွယ်လွယ်လေးနဲ့ တတ်မြောက်တယ်၊ ဦး ဘယ်လိုကြိုးစား,ကြိုးစားမရတဲ့ အေးမိစံရဲ့ အချစ်ကိုလည်း သူက ခဏလေးနဲ့ ရလိုက်တယ်၊ ကဲ . . . မထူး



ဆန်းဘူးလား"

ကြယ်စုံက ဇာတ်ရည်လည်စပြုလာသည်။ တကယ်တော့ ဖေဖေနှင့် ဦးက ရည်းစားလုဘက်တွေ ဖြစ်နေကြသည်။

မေမေက ဖေဖေ့ကိုချစ်ခဲ့၍ ဦးက နောက်ဆုတ်ခဲ့ပုံရသည်။ ဪ မေမေရယ် . . . ညံ့ချက်။ မေမေ့မှာ ဦးနောက်ရော ရှိရဲ့လား။ အတွက်အချက် ညံ့လိုက်တာ။ မေမေသာ ထိုအချိန်က ဦးကိုရွေးချယ်ခဲ့မယ်ဆို ကြယ်စုံက ယခုလို ခါးသည်းသောဘဝမျိုးမှာ ရွှေစင်ယော်ကို အားကျပြီးနေစရာမလိုတော့ပေ။

သူများအိမ်မှာ အိမ်ဖော်သာသာ မျက်နှာငယ်နေရသည်။

"စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့၊ ဦးက ရင်ဖွင့်လို့ရရုံသက်သက်ပါ"

"ဒီအရုပ်လေး ကြယ်စုံ့ကိုပေးနိုင်မလားဟင်"

"အားနာပါတယ် ကြယ်စုံ၊ ဦး မပေးနိုင်ဘူး"

နားလည်ပြီးသားကိစ္စကြီးက ပြန်လည်ရှုပ်ထွေးသွားပြန်သည်။ ဘာကိစ္စကြောင့် ဦးက မေမေ့အရုပ်ကို မပေးနိုင်ရတာလဲ။ ကြယ်စုံက မေမေ့ရဲ့တစ်ဦးတည်းသော သမီးလေး၊ မေမေ ချန်ရစ်ထားသော တစ်ဦးတည်းသော မျိုးဆက်။



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ရဲ့ရင်ထဲမှာ လျှို့ဝှက်စွာ သိမ်းဆည်းထားတဲ့ အခြားလူတစ်ယောက်ရှိတယ်၊ ဒါ . . . ဖောက်ပြန်တာလည်း မဟုတ်ဘူး။ ပြစ်မှားတာလည်း မဟုတ်ဘူး။ ဖောက်ပြန်ဖြစ်မှာလည်း မဟုတ်ဘူး၊ သူ့ဘာသာသူ လျှို့ဝှက်စွာ ရှိနေခဲ့တာပါ၊ အဲဒီတည်ရှိမှုက ရိုးသားတယ်၊ ဖြူစင်တယ်၊ ပကာသနကင်းတယ်၊ တဏှာကင်းတယ်၊ ဒါကို ယခုနေချိန် ကြယ်စုံလေး ယုံချင်မှယုံမယ်၊ ဒါပေမဲ့ . . . ဦးလို ဦးတို့အရွယ်ရောက်လာခဲ့ရင် ဦးပြောတဲ့စကားတွေကို နားလည်လာမှာပါ၊ လူဆိုတဲ့သဘာဝက အသက်ကြီးလာလေ အထီးကျန်လာလေပဲ၊ မူလတန်းအရွယ်မှာ ကိုယ့်ဘဝကိုယ် စကြာဝဠာကြီးလို့ မြင်ကောင်း မြင်မယ်၊ ဒါပေမဲ့ အထက်တန်းအရွယ်ရောက်လာရင်တော့ ကိုယ့်ကမ္ဘာဟာ အဆုံးမရှိတဲ့ လောကကြီး၊ ရဲရင့်တယ်၊ ငါမလုပ်နိုင်တာ ဘာမှမရှိဘူးလို့ ကော်ဖေးဆိုင်တတ်ကြတယ်၊ ဒါပေမဲ့ . . . ကျောင်းပြီးလို့ လုပ်ငန်းခွင်ဝင်တဲ့အခါ ကိုယ့်ကမ္ဘာက ကျဉ်းမြောင်းပြီး လုပ်ငန်းခွင်သာ ဖြစ်သွားတတ်ကြတယ်၊ ကြီးစားရှန်းကန်ရချိန်မို့ ရင်ဘတ်ကို မဆန်းစစ်နိုင်ကြဘူး၊ နောက်တော့ အိမ်ထောင်ကျ၊ အဲဒီအခါမှာတော့ ကိုယ့်ကမ္ဘာက ပိုပြီးကျဉ်းသွားတယ်၊ မိသားစုနဲ့လုပ်ငန်းခွင်၊ ငြီးငွေ့လာတိုင်း ကိုယ့်ရင်ဘတ်နဲ့ကိုယ့်ဘဝကို ဆန်းစစ်မိတယ်၊



အခု . . . ဦးက အဲဒီအရွယ်ကို ကျော်လွန်စပြုနေပြီ၊ ရှေ့ဆက်ပြီး ဘာကိုဆင်ခြင်မိမလဲမသိဘူး။ နောင်တတွေ လာမလား၊ နွေးထွေးမှုတွေ လာမလားဆိုတာ မသိပေမယ့် လျှို့ဝှက်စွာရှိနေသူတော့ ဘယ်အချိန်မှ ပျောက်သွားနိုင်မှာ မဟုတ်ပါဘူး"

ဦးပြောသောစကားရှည်ကြီးကို တမေ့တမော နားထောင်နေမိသည်။ ဦး၏မျက်လုံးများသည် မှေးမှိန်၍နေသည်။ ဦး မေမေ့ကို သိပ်ချစ်ခဲ့ဖူးသည် ထင်ပါရဲ့။

နေရင်းထိုင်ရင်း မေမေ့ကိုတောင် အားကျမိသလို ဖြစ်လာသည်။ ဘာမှ ပိုင်ဆိုင်မှုမရှိဘဲ သေဆုံးသွားရသော မေမေ့ထံ လူမသိ သူမသိ ပိုင်ဆိုင်မှုကြီး ရှိနေမှန်း ကြယ်စုံသိလိုက်ရသည်။ ကြယ်စုံလည်း ရှိဖူးချင်လိုက်တာ။ ကြယ်စုံ့ကို အဲဒီလောက်ချစ်တဲ့ လူမျိုး ရှိစေချင်လိုက်တာ။

"ကဲ ကဲ . . . သွားနားတော့၊ ဦးလည်း စာဖတ်တော့မယ်၊ ဒီအရုပ်မပေးနိုင်တဲ့အတွက်တော့ စိတ်မကောင်းဘူး။ ဒါပေမဲ့ . . . မင်းအမေကို သတိရတဲ့အချိန်တိုင်းတော့ ဝင်လာကြည့်ပေါ့ ဟုတ်လား။ အခု ဗီရိုထဲမှာ မသိမ်းထားတော့ဘူး၊ ဒီမှာပဲ ထားတော့မှာ"

"ဟုတ် ဦး။ ခုလိုခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်''

ဦးကိုနှုတ်ဆက်ပြီး ထွက်လာရသော်လည်း ရင်ထဲ မရှင်းပါ။ အတိတ်ကိုသာ ပြန်သွားလို့ရတဲ့ ယာဉ်မျိုးရှိခဲ့လျှင် ထိုယာဉ်ကို ကြယ်စုံသာ ပထမဆုံး အသုံးပြုလိုက်ချင်သည်။

''ညည်း ... ဒီမှာ ဘာလုပ်နေတာလဲ ကြယ်စုံ''

အသံကြောင့် အသက်ရှူများလောက်အောင် လန့်သွားသည်။ ကြယ်စုံ ထိတ်ထိတ်ပျာပျာ လှည့်ကြည့်လိုက်သောအခါ အပြင်မှပြန်လာပုံရသော ဒေါ်မိမိရွှေနှင့် တည့်တည့်တိုးနေမိသည့် အဖြစ်ကို စတင်ရင်ဆိုင်ရတော့၏။

''ဟို ... ဟို ... ဦးက ခေါ်လို့''

ကြယ်စုံ၏ဖြေရှင်းချက်က ရိုးရိုးရှင်းရှင်းဖြစ်သည်။ ဘာမှ အကွန့်အညွှန့်မပါချေ။ သို့သော် ဒေါ်မိမိရွှေ၏အကြည့်များသည် ကြယ်စုံ့ကိုယ်ကို ထိုးဖောက်လုမတတ် ပြင်းထန်လှသည်။

ထိုအကြည့်များကို ကြယ်စုံမနှစ်သက်ပေ။ စိတ်ထဲရှိသည့် အတိုင်းဆို ကျွန်မက ဘာအမှားများလုပ်ထားလို့ ရှင်က အဲဒီလို ကြည့်ရတာလဲဟု ကက်ကက်လန်အောင် ရန်တွေ့ပစ်လိုက်ချင်သည်။ ကျွန်မအမေက ငြင်းပယ်ခဲ့လို့သာ ဦးကိုကိုနိုင်ကို ရှင်ရတာပါဟု အထက်စီးမှ ရန်တွေ့ပစ်လိုက်ချင်သည်။ သို့သော် အတိတ်





က ကိစ္စက ဘယ်လောက်ကြီးစေကာမူ ပစ္စုပ္ပန်သည် ဒေါ်မိမိရွှေက အိမ်ကြီးရှင်ဖြစ်နေသည်မှာ အမှန်တရားဖြစ်၏။ ခေါင်းငုံ့နေရုံသာ ရှိတော့သည်ပေါ့။

''ငါ့ကို သံပုရာရည်တစ်ခွက် ဖျော်လာခဲ့ပါ''

''ဟုတ်ကဲ့''

လက်ကိုင်အိတ်ကို လက်ကောက်ဝတ်တွင် ဟန်ပါပါ ချိတ်ကာ လှေကားပေါ် ကျော့ကျော့လေးတက်သွားသော ဒေါ်မိမိရွှေ၏ပုံသည် ရင်ထဲသို့ တဆစ်ဆစ်နာကျင်စေသည်။

ဦးရဲ့ရင်ထဲတွင် မေမေသာ နိုင်ခိုင်မာမာရှိနေသည်။ မေမေနှင့်တူသော ကြယ်စုံ့ကို ဦးက စောင့်ရှောက်ထားသည်။ ကြယ်စုံက ဤအိမ်၌ ခေါင်းငုံ့နေစရာအကြောင်းမရှိချေ။ ကြယ်စုံက ဆိုးခဲ့လျှင်ပင် ဦးက ကြယ်စုံ့ကို ကျောခိုင်းနိုင်မည်မဟုတ်ပါ။

မဟုတ်မှလွဲရော ကြယ်စုံက ဦးရဲ့သမီးများလား။ မေမေ့ထဲတွင် ဦး၏ကိုယ်ဝန် ကျန်ခဲ့တာမျိုး မဖြစ်နိုင်ဘူးလားဟု ဇာတ်လမ်းဆန်ဆန် တွေးမိပြန်သည်။ သို့သော် မဖြစ်နိုင်မှန်း ကြိုသိနေပြန်၏။

ဖေဖေနှင့်မေမေ အိမ်ထောင်သက်သုံးနှစ်မြောက်မှ ကြယ်စုံ့ကို ကိုယ်ဝန်ဆောင်ခြင်းဖြစ်သည်ဟု သိရသည်။ ယခု

www.burmeseclassic.com

www.burmeseclassic.com



ဦးပြောပုံအရဆို လျှင် ဖေဖေနှင့်မေမေတို့ ရည်းစားဖြစ်ကတည်းက ဦးက မန္တလေးမှ ပြောင်းလာခဲ့ပုံရသည်။

ပြီးတော့ ဖေဖေနှင့်ကြယ်စုံက သွေးအမျိုးအစားတူသည်။ ဦး၏သမီး ဖြစ်နိုင်ချေ တစ်ရာခိုင်နှုန်းပင် မရှိပေ။

အတွေးတွေက လူးလားခေါက်တုံ့နှင့် ရှုပ်ထွေးနေကုန်သည်။ ဦးကြောင့်ပင် ပူပူနွေးနွေး ရည်းစားလေးကို သတိရရကောင်းမှန်း မေ့သွား၏။

"မအေး ... အန်တီမိက သံပုရည်တဲ့"

"ဟုတ်ကဲ့ ... မကြယ်စုံ၊ ချဉ်ချဉ်တဲ့လား"

"ခေါင်းခေါက်ခံချင်ရင် ဖျော်သွားလေ"

ခပ်မာမာပင် ပြောပြီး အခန်းထဲ ဝင်လာခဲ့သည်။ အခန်းထဲရောက်သောအခါ မစ်ကောတွေ မရေမတွက်နိုင်အောင် ဝင်နေသည်။ မက်ဆေ့ချ်တွေ မရေမတွက်နိုင်အောင် ပုံနေသည်။

ကြယ်စုံကျေနပ်သည်။ ထိုမစ်ကောနှင့်မက်ဆေ့ချ်များသည် ဇော်ရင့်ထံမှသာ ဖြစ်နေသောကြောင့်ပင်တည်း။

❁ ❁ ❁

## အခန်း (၄)

"ဇော်ရင် ... ဒါ နင့်အကျီမဟုတ်လား"

ရွှေစင်ယော်အသံက ခပ်ဆတ်ဆတ်ဖြစ်သည်။ အကြည့်တွေကလည်း သိန်းငှက်တစ်ကောင်အလား စူးရှ၍နေသည်။ သူ့မျက်နှာအနီး ထိုးပေးနေသော ရှပ်အကျီကို သူ အမှတ်တမဲ့ကြည့်လိုက်ရာ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

ရွှေစင်ယော်တော့ ပြဿနာကို မီးခွက်ထွန်းရှာနေပြီထင်ပါရဲ့။ မိသားစု မနက်စာဝိုင်းမှာမှ ရှာကြံလာခဲ့သည်။

ပြဿနာပဲ၊ ထိုအကျီ ကြယ်စုံဝတ်သွားခဲ့သည်ကို သိများသွားပြီလား။

"ဟုတ်ပါယ်လေ၊ အဲဒါ ... ဘာဖြစ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်ပြီး မင်သေသေဖြေလိုက်ရသော်လည်း ပြဿနာတက်တော့မည်ကို ကြိုသိနေ၍ ရင်တော့ တထိတ်ထိတ် ဖြစ်နေရသည်။

မေမေနှင့်ဖေဖေ့ထံ မဝံ့မရဲ ကြည့်လိုက်သောအခါ အဖူမီးက ခေါင်းလုံးကြွလာ၏။ ဘာလို့များ အဲဒီလောက် စိုက်ကြည့်နေကြတာလဲ။

"အဲဒါ ... ဘာဖြစ်လဲ ဟုတ်လား"

"အဲဒါကို ပြောချင်ရင် နောက်မှပြော၊ အခု လူကြီးတွေ မနက်စာ စားနေတယ်၊ သာလိကာမ၊ သွား ... အပြင်ထွက်နေ"

"မရဘူး ပြောမှာပဲ"

"ပုတုရေ ... ဒီမှာ ရွှေစင်လေးအတွက် မုန့်လုပ်ပါဟေ့"

ဇော်ရင် ဘာကိုမှ စောဒကမတက်ပံ့တော့ချေ။ မေမေက ပါ ရွှေစင်ယော်ကို ထိုင်ခိုင်းစေချင်သည့်အဓိပ္ပာယ်မျိုး ဖြစ်နေ၏။

"သားအင်္ကျီက ဘာလို့ ရွှေစင်လေးဆီ ရောက်နေရတာလဲ"

"ရွှေစင်လည်း အဲဒါကိုပဲ မေးချင်နေတာ အန်တီနွယ်"

ဇော်ရင် အသက်ပင် မရှူရဲတော့ချေ။ ဘာဖြေလို့ ဖြေရ





မှန်းလည်း မသိ။ မေးခွန်းတွေကိုလည်း ဘယ်ကဘယ်လို ရှောင်လွှဲရမှန်း မသိပေ။

"ဟို ... ပူလို့ချွတ်ထားရင်း ကျန် ကျန်ခဲ့တာ"

"နင် မလိမ်တတ်ဘဲ မလိမ်ပါနဲ့ ဇော်ရင်"

"ငါက ဘာလိမ်လို့လဲ"

"နင်က ပူတယ်ဆိုပြီး ဘယ်တုန်းက အင်္ကျီကို ချွတ်ထားဖူးလို့လဲ၊ ချွေးဒီးဒီးကျနေရင်တောင် အင်္ကျီလက်ခေါက် ပင့်မတင်တတ်တဲ့ လူစားမျိုးလေ"

"ဟာ ... လူပဲကွ၊ ပုံမှန်ရှိပါ့မလား"

"နင်က အဲဒီလိုညာနေမှတော့ ငါ တည့်တည့်ပဲပြောမယ်၊ အန်တီ ... ဒီအင်္ကျီကို ရွှေစင် ကြယ်စုံအခန်းထဲက ရလာတာ"

"ဘယ်လို ဘယ်လို ... ဘုရား ဘုရား ... သား မင်း"

"ဟာ ... မဟုတ်ဘူး မေမေ ... မဟုတ်ဘူး၊ မေမေ ထင်သလို လုံးဝမဟုတ်ဘူး၊ ရွှေစင်ယော် ... မင်း ဘာတွေလာပြောနေတာလဲ"

"အေး ... ငါလည်း အဲဒီလို အလုံးလိုက်အတစ်လိုက် မပြောချင်လို့ ချိုသာနာအေး မေးတာပဲ၊ နင်က အမှန်မှ မဖြေတာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မှင်တက်စွာကြည့်နေသော မေမေ့မျက်လုံးကို ဘယ်လိုရှောင်လို့ရှောင်ရမှန်း မသိနိုင်တော့ပေ။

"ငါ့သား ရည်းစားမထားနဲ့နော်၊ ငါ့သားက အညွန့်အဖူး လေး၊ မတော် မိန်းမတွေနဲ့တွေ့မှာ စိုးရိမ်တယ်၊ ကျောင်းပြီးလို့ ကိုယ်ပိုင်စိတ်နဲ့ ဆုံးဖြတ်နိုင်တဲ့အရွယ်ရောက်မှ စဉ်းစားပါ"

ခေါက်ရိုးကျိုးနေအောင် မေမေပြောခဲ့သော စကားများ သူ အလွတ်ပင်ရနေသည်။

မကြည့်ပါနဲ့ မေမေ၊ အဲဒီလိုမျက်လုံးကြီးနဲ့ မကြည့်လိုက်ပါနဲ့၊ သားနဲ့ကြယ်စုံက မေမေတို့ထင်သလိုကြီး ဘာမှမဖြစ်ခဲ့ကြပါဘူး။ မထင်လိုက်ပါနဲ့ မေမေ။

"သား . . . မင်း"

"မဟုတ်ဘူး မေမေ . . . အဲဒီလို မဟုတ်ဘူး၊ သား ကြယ်စုံ့အခန်းထဲ မ . . ."

ထပ်မလိမ်ချင်တော့ပါ။ အပြစ်ပိုကြီးသွားမှာ စိုးရိမ်၏။ ကြယ်စုံ့အခန်းထဲ သူ မဝင်ဖူးတာမှ မဟုတ်ဘဲ၊

သို့သော် . . . အကျိုးကျန်ခဲ့တယ်ဆိုသော အပြစ်ကြီးကို တော့ မေမေက အကြီးကြီးတွေးနေပြီဆိုတာ သူ သဘောပေါက် လိုက်သည်။ ဘယ်လိုရှင်းပြရပါ့မလဲ၊ ဒီပုံအတိုင်းဆို အင်းလျားက





ဖြစ်ရပ်ကို ပြောပြမှ ဖြစ်ပေလိမ့်မည်။

ဒါဆိုလည်း ကြယ်စုံနှင့်သူ ချစ်ခဲ့ကြသည့်ကိစ္စ၊ အတွေး နှင့်ပင် ခေါင်းတစ်ခြမ်းလုံး ကိုက်ချင်လာသည်။

မေမေက ကြယ်စုံကို သဘောမကျမှန်း သူသိသည်။ ကြယ်စုံနှင့် သူက ချစ်နေကြပါတယ်ဟု ဝန်ခံဖို့လည်း စောနေသေး သည်။ အားလုံး အနေအထိုင် ခက်သွားနိုင်သည်။

"မင်း တကယ်ပဲ . . ."

"မဟုတ်ဘူး မမ . . . အဲဒီနေ့က အင်းလျားမှာ အကြော် စားရင်း ကြယ်စုံ ဝတ်သွားခဲ့တာပါ"

ဦးမြကြီး၏အသံ ထွက်လာတော့မှ သူ အသက်ရှူချောင် သွားတော့သည်။

"အဲဒီနေ့က ကြယ်စုံ နေမကောင်းဘူး၊ လေတိုက်တာနဲ့ ဖော်ရင်က ချွတ်ပေးလိုက်တာပါ"

သို့အချိန်ကလေး၌ ဦးမြကြီးပဲရှိနေသလိုလို ဘာလိုလိုနှင့် မို့ သူ သက်သာသွားသည်။

"အကျီအရောင်က မှတ်မိလွယ်တယ်လေ၊ ဒါကြောင့် ကျွန်တော်မှတ်မိနေတာ"

သက်ပြင်းရှည်ကြီးကို တမေ့တမော ချလိုက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့မျက်ဝန်းတွေကလည်း မှိန်ကျသွားသည်။ ထို့ကြောင့် အသက်ကို မရဲတရဲ ခိုးရှူကာ စားပွဲဝိုင်းထိပ်မှ ဖေဖေ့မျက်နှာကို အကဲခတ်သည်။

ဖေဖေကတော့ စားသောက်မပျက်ပင်။ လက်ကျန် ကော်ဖီတစ်ကျိုက်ကို မော့နေလေသည်။

"ဒါပဲနော် သား ... ဟိုလိုလို ဒီလိုလို မကြားရစေနဲ့ မေမေ ရင်ကွဲရလိမ့်မယ်"

"ဟာ ... မေမေကလည်း မဟုတ်ပါဘူး၊ သားက ဘာ စိတ်မှ မရှိပါဘူး၊ အဲ့လိုကြီးထင်ကြတာနဲ့တောင် သားစိတ်ထဲမှာ တစ်မျိုးပဲ၊ ကြယ်စုံကိုလည်း အဲဒီလို ပစ်ပစ်ခါခါကြီး မတွေးပါနဲ့ ကြယ်စုံကလည်း စိတ်ထားကောင်းပါတယ်၊ သဘောလည်း ကောင်းပါတယ်"

"သဘောကောင်းပေမယ့် မျိုးရိုးဂုဏ်သိက္ခာ, အကျင့် သီလဆိုတာ ရှိတယ်၊ အရေခွံခြုံထားတဲ့ လူ့အတွင်းစိတ်ကို မင်းက ဘာမျက်စိနဲ့ မြင်နိုင်မှာလဲ ဇော်ရင်၊ ငါက မင်းရဲ့အမေပါ၊ ငါ သဘောမကျဘူးဆို ရှေ့မဆက်နဲ့ပေါ့၊ ဘာတွေ အတွန့်တက်နေ သေးတာလဲ"

မေမေက ခပ်ဆတ်ဆတ် ငေါက်သောအခါ သူ့ ငြိမ်ကျ





သွားပြန်သည်။

ရွှေစင်ယော်ကိုကြည့်လိုက်တော့ မယ်မင်းကြီးမက အခန့်သား ကော်ဖီသောက်နေလေရဲ့။

ဒါ ... သက်သက်ပြဿနာရှာခြင်းသာ ဖြစ်သည်။ ထို့ ကြောင့် ဖေဖေနှင့်မေမေ စားပွဲမှထပြီးပြီးချင်း နားရွက်ဆွဲကာ ခေါ်ထုတ်လာသည်။

"ဘာလုပ်တာလဲ လွှတ်ပါ"

"နင် သက်သက်လုပ်တာ မဟုတ်လား"

"နိုး နိုး နင် အထင်တွေ အကြီးကြီးလွဲနေပြီ၊ ရွှေစင် ယော်ရဲ့အဘိဓာန်မှာ သက်သက်မဲ့ ဝွင့်ဆင်တဲ့ကိစ္စမျိုး လုံးဝ မရှိဘူး"

"ဒါဆို ... ဖေဖေရော မေမေရောရှိနေချိန်မှာ ဒါကြီး ကိုင်ပြီး ဘာလို့ဝင်လာသလဲ၊ ငါနဲ့ နှစ်ယောက်တည်းကျမှ မေးလို့ မရဘူးလား"

"နင် ဘာကိုစိုးရိမ်တာလဲ ဇော်ရင်၊ ကြေ ... နင် မဟုတ်တာ လုပ်ထားပြီလား၊ သေချာပါတယ်၊ နင် ဘာလုပ်ထား သလဲ"

"ငါက ဘာမဟုတ်တာ လုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိုးမလုံ အုံပွင့်နေပြီလေ၊ ကိုယ်က လိပ်ပြာသန့်နေရင် ဘာကိုမှကြောက်စရာ၊ စိုးရိမ်နေစရာ မလိုဘူး၊ အခု နင်က စိုးရိမ်နေတာ၊ ငါ တစ်ခုခုသိသွားမှာကို သောကဖြစ်နေတာ"

"ငါက ဘာလုပ်ရမှာလဲ၊ မရစ်နဲ့ ရွှေစင်ယော်၊ ငါ ဘာကိုမှ မဟုတ်တာမလုပ်ဘူး"

"ကေန်မလွဲ နင် ကြယ်စုံနဲ့ တစ်ခုခုဖြစ်လာပြီ မဟုတ်လား"

"ဘာတစ်ခုခုလဲ၊ ငါတို့က ဘာဖြစ်ရမှာလဲ၊ ဘာမှမဖြစ်ဘူး၊ အဓိပ္ပာယ်မရှိတာ"

"အဲဒီအဓိပ္ပာယ်မရှိတာတွေကို နင် မလုပ်မိဖို့ပဲ ဆင်ခြင်ပါ"

သူ ဒေါသဖြစ်သွားသည်။ ရွှေစင်ယော်စကားတွေက ဘောင်ကျော်လွန်းနေပြီဟု ထင်သည်။ သူ့စိတ်နဲ့သူ၊ ဘယ်သူ့ ဘယ်သူ့ကိုပဲ ကြိုက်ကြိုက် ရွှေစင်ယော်နှင့် မဆိုင်ဘူးဟု ထင်သည်။

"ရွှေစင်ယော် ... နင် ငါ့အပေါ် လွှမ်းမိုးလွန်းနေပြီလို့ နင် မထင်ဘူးလား"

"ငါက နင့်အပေါ် ဟုတ်လား"





"ငါ ကြယ်စုံကို ကြိုက်ခဲ့ရင်လည်း နင်နဲ့ ဘာဆိုင်လို့လဲ၊ ကြယ်စုံ့အခန်းထဲ ငါရောက်ခဲ့ရင်လည်း နင်နဲ့ ဘာဆိုင်သလဲ၊ ငါ့စိတ်နဲ့ ငါ့ကိုယ်၊ ငါလုပ်ချင်သလို လုပ်မယ်လေ၊ နင်နဲ့ ဘာဆိုင်သလဲ"

"ဒါတော့ များသွားပြီ ဇော်ရင်၊ နင့်စကားက ရင့်သွားပြီပြီ နင်နဲ့ငါက အရင်းနှီးဆုံး ငယ်သူငယ်ချင်းတွေလေ၊ သူငယ်ချင်းဆိုတဲ့ အဓိပ္ပာယ်ကို နင် သိလား၊ မှားတာရှိ ထောက်ပြမယ်၊ ပျော်စရာရှိ အတူပျော်မယ်၊ ဝမ်းနည်းစရာရှိ အတူတူ ငိုမယ်၊ နင်သွားနေတဲ့ လမ်းကြောင်းက အမှားကြီးမှန်း သိသိချည်းနဲ့ နင့်ကို လွှတ်မပစ်နိုင်ဘူး၊ သိရဲ့လား ငတုံးရဲ့"

"ငါ့ကို အဲဒီလိုပြောနေရအောင် နင်ကရော ဘယ်လောက်တောင်များ မှန်နေလို့လဲ ဟမ်၊ နင်ပြောပုံအရဆို ကြယ်စုံတာပဲ အကျင့်ပျက်မိန်းမလိုလို ဘာလိုလိုနဲ့"

"ကြယ်စုံ့ရဲ့လှေကားက နင်ဖြစ်သွားမှာစိုးလို့ ငါက စေတနာနဲ့ တားနေတာလေ၊ ဒါလေးကိုတောင် နင် နားမလည်ဘူးလား"

"မလိုပါဘူး၊ အဲဒါတွေ နင် စိတ်ပူစရာမလိုဘူး ငါ့အသက် ဆယ့်ကိုးနှစ်ရှိနေပြီ၊ ငါ ဆုံးဖြတ်နိုင်တယ်၊ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ကြယ်စုံက အကျင့်ပျက်နေတာ မဟုတ်ဘူး၊ ဘဝကံအကြောင်း မလှလို့ နှင်တို့အိမ်မှာ နေရတယ်ဆိုတာကလွဲရင် ကျန်တာအားလုံး နှင့်ထက်သာတယ်''

''အဲဒီလောက်ထိ ကာဘာလုပ်ပြီး ငါ့ကို ထိုးနှက်နေတာ နှင် မဟုတ်တဲ့အတိုင်းပဲ ဖော်ရင်၊ ဘာလဲ နှင်က သူ့ကို ကြိုက်နေပြီလား''

''အေး . . . ဟုတ်တယ် ကြိုက်တယ် ရှော်လား၊ ကဲ . . . တိုင်လေ နှင် ငါ့မေမေကို တိုင်ချင်လည်းတိုင်လေ၊ လှေကား တစ်ခုကိုကျော်ပြီး ဖြစ်တာပေါ့''

''ဘယ်လို ဖော်ရင် . . . နှင် နှင်''

''ဟုတ်တယ် . . . ကြယ်စုံက ငါ့ချစ်သူပဲ၊ ဒါကြောင့် ငါ့ရှေ့မှာ ငါ့ချစ်သူမကောင်းကြောင်း လာမပြောနဲ့၊ နားခါးတယ်၊ ရင်ထဲမှာနာတယ်၊ မခံချင်ဘူး၊ နှင်တို့က သူ့ကို အဲဒီလိုဖိလေ၊ ငါက သူ့အပေါ် ကောင်းပေးချင်လေပဲ၊ တော်ပါတော့ ရွှေစင်ယော် ရယ်၊ ဘာမှမရှိတဲ့ ကြယ်စုံကို မတိုက်ခိုက်ချင်ပါနဲ့တော့၊ ကြယ်စုံက စိတ်ထားဖြူစင်တဲ့လူပါ၊ သနားစရာကောင်းနေပါပြီ၊ နှင့်မှာက ငွေရှိတယ်၊ ဂုဏ်ရှိတယ်၊ မိဘအရှိန်အဝါရှိတယ်၊ ကြယ်စုံက နှင့်မျက်နှာကိုကြည့်ပြီး နှင်ဟို့အိမ်မှာနေရရှာသူပါ၊ သူ့ကို ကံရှုထား



ထားကြစမ်းပါ''

''နှင့်စကား ဘယ်အထိရောက်သွားပြီလဲဆိုတာ နှင်နား လည်သလား ဖော်ရင်၊ နှင့်ဟာနှင် ကြယ်စုံကိုကြိုက်သလောက် ချစ်ပါ၊ ငါတို့မိသားစုကိုတော့ မစော်ကားနဲ့၊ ငါတို့က ကြယ်စုံကို ဘာများ ညှဉ်းပန်းနေကြလို့လဲ၊ ဒီမှာ ဖော်ရင် . . . နှင့်ကိုယ်နှင် သိပ်တတ်နေပြီလို့ ထင်မနေနဲ့၊ လောကကြီးမှာ နှင်မသိသေးတဲ့ အကြောင်းအရာတွေ အများကြီးပဲ၊ ရှိပါကယ် . . . နှင်က ကြိုက် နေမှတော့ ငါ နှင့်ကို မပြောတော့ဘူး၊ ဒါပေမဲ့ . . . နှင်က ငါ့ရဲ့ သူငယ်ချင်းပါ၊ နှင် မဖြစ်သင့်တာ မဖြစ်ရအောင် ငါတော့ ငါ့နည်း ငါ့ဟန်နဲ့ တားရမှာပဲ''

''နှင့်ကြောင့် ကြယ်စုံ တစ်ခုခုနစ်နာခဲ့မယ်ဆို ငါ နှင့်ကို ခွင့်မလွှတ်ဘူးနော် . . . ရွှေစင်ယော်''

''နှင် ခွင့်လွှတ်တာ မလွှတ်တာကို ငါ စိတ်မဝင်စားဘူး၊ နှင်က စွတ်မိုက်ချင်နေမှတော့ ငါကလည်း နှင့်သူငယ်ချင်းပဲ . . . စွတ်မိုက်ပြမယ်၊ နှင် စောင့်ကြည့်ထား''

ပြောပြီး ထွေ့ခနဲထသွားသော ရွှေစင်ယော်၏ကျောပြင်ကို သူ စိုက်ကြည့်နေမိသည်။

သူ့ရင်ထဲ ဒေါသတို့ အလိပ်လိုက်ထွက်နေ၏။ မိုက်ကန်း

www.burmeseclassic.com

www.burmeseclassic.com



ကန်းပုံနှင့် မိန်းမသိပ်မဆန်သော ရွှေစင်ယော်ကို နုပ်နုပ်စဉ်းပစ်ချင်နေသည်။ သို့သော် . . . သူ ရွှေစင်ယော်ကိုခင်သည်၊ ဂျစ်ကန်ကန်နေရုံကလွဲ၍ စိတ်ထားကောင်းသည့် ရွှေစင်ယော်၏သဘောကို သူနားလည်သည်။ သူနားမလည်တာက တစ်ခုပဲရှိသည်။ ဘာကြောင့် ကြယ်စုံအပေါ်ကိုမှ ခါးခါးသီးသီး ဖြစ်နေရတာလဲ။

❀ ❀ ❀

## အခန်း (၅)

"သူ့နာမည်က မိုးထက်ယံတဲ့၊ မိုးထက်ရွှေဆိုင်ရဲ့ တစ်ဦးတည်းသောသားပေါ့၊ သူက စင်ကာပူမှာ ပညာသင်ပြီး ပြန်လာတာလေ"

ဘာသဘောလဲ . . . ရွှေစင်ယော်က ဘာသဘောနဲ့ မိတ်ဆက်ပေးတာလဲ။ ကြယ်စုံ နားမလည်ချေ။ သို့သော် အလိုက်တသိဝင် တုံးချင်ဟန်ဆောင်ပြီး ထိုလူကို ပြုံးပြနှုတ်ဆက်လိုက်၏။

သူ့ဒွေးသားမို့ ထင်သည် . . . မိုးထက်ယံ၏အသားအရေလေးများသည် ဖြူဝင်းနေပြီး အပြုံးသည် သိမ်မွေ့နူးညံ့နေသည်။

"ဒါက . . . ကြယ်စုံဖူးတဲ့၊ ငါ့သူငယ်ချင်းဆိုပါတော့၊ ဇော်ရင်နဲ့လည်း သူငယ်ချင်းတွေလေ"

www.burmeseclassic.com

www.burmeseclassic.com



ဘာအဓိပ္ပာယ်လဲ၊ အပြင်သွားမယ်လိုက်ခဲ့ဟု ခေါ်သဖြင့် ဘုမသိဘမသိ လိုက်လာသောအခါ ဘယ်သွားမယ်မှန်း ရေရေရာရာ မသိ။ မီးပွိုင့်တွေ တစ်ပွိုင့်ပြီးတစ်ပွိုင့်ကျော်ကာ ခမ်းနားသော စားသောက်ဆိုင်ရှေ့တွင် ကားရပ်နိုင်းသည်။ ပဟေဠိဖြစ်လျက်။

ရွှေစင်ယော်သည် ပကာသနတွေ ဖန်းပြပြီး နေတတ်သူမဟုတ်ပါ။ တွေ့ကရာလမ်းဘေးဆိုင်တွင် စွတ်ဆက်ဝင်ထိုင်ပြီး စားသောက်ဖို့ ဝန်မလေးသူဖြစ်၏။ ပြီးနောက် လိုင်းကားစီးရသည်ကို နှစ်သက်သူ။ သို့သော် ယခုတော့ အန်တီမိကိုပင် ကားကို ကိုယ်တိုင်မောင်းသွားရန်နှင့် ဒရိုင်ဘာချန်ထားပေးရန် တောင်းဆိုခဲ့သည်။ ပြီးနောက် ယခု စားသောက်ဆိုင်ကြီးထဲ။

ရွှေစင်ယော် ဘာတွေလုပ်နေသလဲဟု နားမလည်ခဲ့ပါ။ ယခုတော့ ပိုရှုပ်ထွေးသွားသည်။ ဘာသဘောနဲ့ ရွှေစင်ယော်က မိုးထက်ယံကို ကြယ်စုံနဲ့ မိတ်ဆက်ပေးရသလဲ။ ဒါက တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ပါ။ ကြိုတင်ကြံစည်မှုကြီးမှန်း သိသာလှသည်။

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ်၊ ကိုယ့်ကိုလည်း ဖော်ရင့်လိုပဲ ခင်မင်နိုင်ပါတယ်"

"ဟုတ်ကဲ့ပါ"



"နင် ဘယ်တုန်းက ပြန်ရောက်နေတာလဲ မိုးထက်"

"ခုဏပဲ ပြန်လာတာ၊ တစ်ပတ် ဒါမှမဟုတ် ဆယ်ရက်ပဲ၊ ပြီးရင်ပြန်သွားမှာ၊ သတိရလို့ နင့်ကို ဖုန်းလှမ်းဆက်လိုက်တာ၊ ဖော်ရင့် ကို ခေါ်မလာဘူး"

"ဟွန့်အွန်း . . . ငါနဲ့သူ ရန်ဖြစ်ထားတယ်"

ဘုရားရေ . . . ရွှေစင်ယော်နဲ့ ဖော်ရင် ရန်ဖြစ်ကြတယ်ဆိုပါလား။ ဒါကို ကြယ်စုံ မသိလိုက်ရပါ။ ဖော်ရင်နှင့် ညတိုင်း ဖုန်းပြောဖြစ်သော်လည်း ဖော်ရင်က ဒီအကြောင်းကို မပြောပေ။

"နင်တို့နှစ်ယောက် ရန်ဖြစ်တာက အဆန်းမှမဟုတ်တာ၊ ဒီကောင်ကြီးကိုလည်း သတိရတယ်ကွ၊ ဒီကောင် ခုတစ်လော အွန်လိုင်းပေါ်တောင် မတက်ဘူး"

"ဘယ်တက်မလဲ . . . အွန်လိုင်းထက်ကောင်းတာ တွေ့နေတာကိုး"

ကြယ်စုံ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ရွှေစင်ယော့်စကားက ဘာလဲ။ ဘာကိုရည်ညွှန်းနေတာလဲ။ ကေန္တ ကြယ်စုံနဲ့ ဖော်ရင့်ကိစ္စကို သိများသွားပြီလား။ ဒါလည်း မဖြစ်နိုင်ပါ။ ရွှေစင်ယော်သည် ကြယ်စုံကောင်းစားမည့်ကိစ္စတစ်ခုကို လိုလားသူမဟုတ်ပေ။ တစ်နည်းနည်းတော့ တိုက်ဖျက်မှာပဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . စားစရာမှာကြလေ"

"နှင်ကျွေးရမှာနော်"

"အေးပါ . . . ကျွေးမှာပါ၊ ဒီလောက်လှတဲ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးမှတော့ ကျွေးရမှာပေါ့"

မိမိကိုလှသည်ဟုပြောသောကြောင့် ရင်ထဲတော့ ဘဝင်ကျမိသား။

"မှာလေ ကြယ်စုံ၊ ဩော် ပြောရဦးမယ် . . . ကြယ်စုံလည်း နှင့်လိုပဲ အင်္ဂလိပ်စာကောင်းတယ်"

ရွှေစင်ယော်က ထပ်ပြီးချီးမွမ်းလာသောအခါ ကြယ်စုံ့ ကိုယ်ရှိန်သည် မြောက်သွား၏။ ရွှေစင်ယော်က ဘယ်ဆိုးလို့လဲ။ အများရှေ့မှာတော့ အကောင်းမြင်သားပဲ၊

"ကြယ်စုံ . . . ဟိုမှာ ကျောင်းလိုက်တက်ပါလား"

ရင်ခုန်သံတွေ တဒိန်းဒိန်း မြည်လာသည်။ သွားချင်တာပေါ့၊ တက်ချင်တာပေါ့ဟု ပြောပစ်လိုက်ချင်သည်။ မတက်ချင်ဘဲ ရှိပါ့မလား။ အဲဒါက ကြယ်စုံ့အိပ်မက်ပဲလေ။ ကြယ်စုံက ငွေမှမရှိတာ။ သူများအိမ်မှာ နေရတဲ့ဘဝ။ ဒါကို မိုးထက်ယံ သိပါလေစ။

"ဒီကောင်တွေကိုက ခေါ်လို့မရဘူး၊ ဇော်ရင်နဲ့ ရွှေစင်ယော်တို့က တိုင်းပြည်ချစ်တွေလေ"



"အံမယ် . . . ငါတို့ကိုများ၊ ဟုတ်တယ်ဟယ် . . . တိုင်းပြည်ကိုချစ်တာ ဘာဖြစ်လဲ၊ ဘာမကောင်းတာ ရှိသလဲ၊ ကိုယ့်တိုင်းပြည်, ကိုယ့်ယဉ်ကျေးမှုက ကိုယ်နဲ့နေသားအကျဆုံးပဲ၊ နှင်ဟိုမှာသွားနေတာ မခက်ခဲဘူးလို့ တစ်ခွန်းပြောစမ်းပါ၊ မလိမ်ဘဲ မညာဘဲနဲ့ပြောလေ"

"ဒါတော့ . . . နှင်လွဲနေပြီ ရွှေစင်၊ လူဆိုတာမျိုးက ခက်ခဲပြီးမှ ဖြစ်တည်လာရတာပဲ၊ ဘဝဆိုတာမျိုးက စင်းလုံးချော မရှိနိုင်ဘူး၊ နိမ့်ချည်တစ်ခါ သာချည်တစ်လှည့်ပဲ၊ ဒါက ထုံးစံလေ"

မထင်မိပါ။ ဒီလိုသူဌေးသား လူပုံချောက ဤမျှ ရင့်ကျက်လိမ့်မည်ဟု ကြယ်စုံမတွေးမိချေ။

"တယ်လည်း ရင့်ကျက်လာပါလား၊ စင်ကာပူက သင်ပေးလိုက်ပြီထင်တယ်"

"နှင်လည်း တတ်ချင်ရင်လာသင်လေ"

"ငါက တိုင်းပြည်ချစ်လေ၊ လာမှာမဟုတ်ဘူး၊ သူ့သာခေါ်၊ သူက ပညာကို ဘုရားလိုကိုးကွယ်တာ"

"ထင်ပါတယ် . . . ဥပမိရုပ်ကြည့်ရုံနဲ့ သိတယ်၊ လိုက်ခဲ့လား . . . လိုက်ချင်ရင် ကိုယ် အားလုံးစီစဉ်ပေးနိုင်တယ်"

"ငွေက နှင်စိုက်မှာမို့လားဟဲ့"

www.burmeseclassic.com



"ဟိုမှာ ငါ့တိုက်ခန်းရှိတယ်၊ ငါတစ်ယောက်တည်းနေတာ၊ အိပ်ခန်းသုံးခန်း ပါတယ်၊ စိတ်ကြိုက်နေလို့ ရတယ်"

"ကျောင်းတက်တော့ရော"

ကြယ်စုံ စိတ်ပါလာပြီဖြစ်၍ မေးခွန်းထုတ်မိသည်။ ကြယ်စုံ အသံထွက်တာနဲ့ တစ်ပြိုင်နက် ရွှေစင်ယော်သည် ကြယ်စုံကို ဖျတ်ခနဲ ကြည့်လာသည်။ ထိုအကြည့်ထဲတွင် အရောင်တွေပါနေတာကို ကြယ်စုံ သတိပြုမိလိုက်၏။ ကြယ်စုံ မှားသွားပြီလား။ မုဆိုးကို မမြင်ဘဲ သားကောင်ကိုသာ သည်းမဲလိုက်နေခဲ့တဲ့ ကျားအိုတစ်ကောင်နယ် ဝေါင်စင်းသွားသည်။

"ကြယ်စုံက စိတ်ဝင်စားတယ်နဲ့တူတယ်၊ ကြယ်စုံ အွန်လိုင်းတက်တယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . တက်ဖြစ်ပါတယ် ကိုမိုးထက်ယံ"

"ယဉ်ယဉ်ကျေးကျေးကြီး မပြောပါနဲ့ဗျာ၊ နည်းနည်းအနေရခက်လို့ပါ၊ စိမ်းသလိုကြီးလည်း ခံစားရတယ်၊ ရင်းရင်းနှီးနှီးပေါ့၊ ရွှေစင်တို့ခေါ်သလို မိုးထက်ပဲခေါ်ပါ"

"ဆောရီး"

"ကျွန်တော့်အကောင့်ထဲဝင်ပြီး ကြည့်ပါလား၊ အကောင့်နာမည်ပြောလေ၊ ဝက်ဆိုက်လိပ်စာပေးပို့ပေးမယ်၊ ကျောင်းရဲ့





စည်းပုံကို ဝက်ဆိုက်ထဲဝင်ကြည့်ပေါ့"

"ကျေးဇူးပဲ"

"ကျေးဇူးတင်ရင် ဖုန်းနံပါတ်ပေးလေ၊ အချိန်မရွေး ဆက်သွယ်လို့ ရတာပေါ့"

အင်မတန် သွက်သောလူဖြစ်မှန်း ကြယ်စုံ ရိပ်မိလိုက်သည်။ ထိုလူမျိုးကို သတိထား ဆက်ဆံသင့်မှန်းလည်း သိသည်။ ထိုလူနှင့် ပတ်သက်ပါက ကြယ်စုံ့အတွက် ဘာရနိုင်မလဲဆိုတာကို အကြမ်းဖျင်း ချတွက်လိုက်သည်။

အဖြေကမပေါ်ချေ။ ချောသည်ဆိုခြင်းက ပွေရှုပ်နိုင်ခြေ ရာနှုန်းမြင့်သည်။ ချမ်းသာခြင်းက ထင်ရာစိုင်းနိုင်ချေများ၏။ ပြီးနောက် ဖော်ရွေခြင်းက ယုတ်ရေခြင်းကို ကိုယ်စားပြုနေ၏။

ယခု ကြယ်စုံ့အလှကို ချီးမွမ်းသည်။ ကြယ်စုံကို ကျောင်းလိုက်တက်ဖို့ ခေါ်သည်။ ပြီးနောက် အကောင့်နာမည် တောင်းသည်။ ပြီးနောက် ဖုန်းနံပါတ်။ ကြယ်စုံ စိတ်ဝင်စားမိ၏။ မိုးထက်ယံက ဘယ်လိုလူမျိုးလဲ။

ရေကို တစ်ငုံသောက်ကာ ရွှေစင့်အခြေအနေကို အကဲခတ်ပြန်သည်။ ရွှေစင်ယော်သည် စားပွဲထိုးချပေးသောအပြာရောင်ဘော့တေးကိုသာ တစ်ငုံချင်း သောက်နေလေသည်။ ရွှေစင်ပိုက



www.burmeseclassic.com

www.burmeseclassic.com



အေးစက်စက်နိုင်လှသည်။ အရာရာကို ကြေနပ်နေဟန်ရှိသည်။ ပြီးနောက် ကြယ်စုံနှင့် မိုးထက်ယံတို့ စကားပိုင်းထဲ ဝင်မပါဘဲ ပြောကြပါစေဆိုသော ပုံစံမျိုး လွှတ်ထားပေးသည်။

ကြယ်စုံနားလည်လိုက်၏။ ရွှေစင်ယော်သည် ကြယ်စုံနှင့် ဇော်ရင်တို့၏အခြေအနေကို သိပြီးဖြစ်နေသည်။ ထို့ကြောင့်ပင် ဇော်ရင့်နားမှ ကြယ်စုံကို ပုတ်ထုတ်ချင်၍ မိုးထက်ယံနှင့် မိတ်ဆက်ပေးခြင်းဖြစ်၏။

ရွှေစင်ယော်ရယ် ... ကြယ်စုံဆိုတဲ့ငါ့ကို ဒီလိုချိုးလို့ ရရိုးလား။ ဘဝမှာ အခက်အခဲမရှိ ကြီးပြင်းလာရတဲ့ မင်းက ငါ့ကို ကစားမှာတဲ့လား။ ငါက နင့်ရဲ့ကစားစရာအရုပ်မှ မဟုတ်တာ။ စောင့်ကြည့်လိုက် ရွှေစင်ယော်။ ငါ့ကို အထင်သေးမိတဲ့ နင်က ဘယ်လိုတွေ ခံစားရမလဲဆိုတာ စောင့်ကြည့်ပါ။

ကြယ်စုံ့ရင်ထဲ မခံမရပ်နိုင်ဖြစ်သွားသည်။ မိုးထက်ယံ အမြင်တွင် တင့်တယ်နေစေရန် အပြုံးကို ဖန်ဆင်းထားရသော်လည်း ရင်ထဲ အလိပ်လိုက်ဒေါသထွက်နေသည်။ ရွှေစင်ယော် မရိပ်မိလေအောင် မျက်နှာငယ်နေရသော်လည်း ရင်ထဲ ပေါက်ကွဲမှုက ထိန်းမနိုင် သိမ်းမရ။

❀ ❀ ❀



## အခန်း (၆)

"ဘယ်လို ... ရွှေစင်ယော်က နင့်ကို မိုးထက်ယံနဲ့ မိတ်ဆက်ပေးတယ် ... ဟုတ်လား"

မှတ်ပြီလား ရွှေစင်ယော်။ နင်နဲ့ဇော်ရင်တော့ ရန်ဖြစ်ကြပေဦးပေါ့။

"မိတ်ဆက်ပေးရုံပါပဲ၊ သူ မိုးထက်ယံနဲ့ တွေ့ဖို့အသွားမှာ လိုက်ခဲ့ဆိုပြီး ခေါ်သွားတာ"

"မင်းကို အဲဒီကောင် ဘာပြောသွားသေးလဲ"

"Facebook လိပ်စာတောင်းတယ်၊ ဖုန်းနံပါတ်တောင်းတယ်၊ ဒီလောက်ပါပဲ"

"ဖုန်းဆက်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . မဆက်ဘူး၊ ဘာဖြစ်လို့လဲ"

"အဲဒီကောင်က ငပွေ"

ထင်သားပဲ၊ အဲဒီလိုမျက်လုံး အဲဒီလိုရဲတင်းပုံမျိုးနဲ့ ဒါပဲဖြစ်လိမ့်မယ်ဆိုတာ ကြယ်စုံ ကြိုတွက်ပြီးသား။

"သူက မိုးထက်ရွှေဆိုင်ရဲ့ တစ်ဦးတည်းသောသားဆိုပြီး မိတ်ဆက်ပေးတယ်"

"မိုးထက်ရွှေဆိုင်မကလို့ မိုးထက်ကုမ္ပဏီပဲဖြစ်ဖြစ်ကွာ . . . ဘာဂရုစိုက်နေရဦးမှာလဲ"

"မိုးထက်ကုမ္ပဏီ . . . ဟုတ်လား"

ကြယ်စုံ မျက်လုံးပြူးသွားသည်။ မိုးထက်လုပ်ငန်းစုသည် ကြီးမားကျယ်ပြန့်လွန်းသည်။ ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် စူပါမားကတ်များရှိ၏။

"ဟုတ်တယ်လေ . . . မိုးထက်လုပ်ငန်းစုက မိုးထက်ယံတို့မိသားစုပိုင်တာ၊ ဒါကိုရော မပြောလိုက်ဘူးလား၊ တောက် . . . ဘာလုပ်ရမှာလဲ၊ ထားပါ . . . ပိုင်တာမပိုင်တာက၊ နင့်ကို ဘာလို့ မိုးထက်နဲ့ သူက မိတ်ဆက်ပေးရတာလဲ"

"ဟယ် . . . နင် သူ့ကို ရန်သွားမလုပ်နဲ့ဦးနော်၊ အခုံးကျ သူ့ဒေါသက ငါ့ဆီပဲရောက်မှာ၊ ပြောမိတာတောင် မှားသွားပြီလား



မသိဘူး၊ ဘာပဲဖြစ်ဖြစ် ငါက နင့်အပေါ် ပွင့်လင်းချင်ရုံပဲ ပြောပြမိတာပါ"

"ဟာ . . . မမှားဘူး ကြယ်စုံ၊ ချစ်သူတွေ ဘာကြောင့်တွဲကြရလဲ . . . သိလား၊ အဲဒါ တစ်ယောက်နဲ့တစ်ယောက် မပွင့်လင်းကြလို့၊ နင်နဲ့ ငါက ချစ်သူတွေ ဖြစ်နေပြီပဲ၊ နင်က ငါ့ကိုချစ်ရင် ပွင့်လင်းရမယ်၊ ငါ့ဘက်ကတော့ နင့်အပေါ် ဘာမှ ထိမ်ချန်မှာမဟုတ်ဘူး၊ နောက်လည်း ဘာကိစ္စမဆို ပြောပါ၊ အိမ်မှာ အခက်ခဲပြေရင်လည်း ပြောပါ၊ နင့်ရဲ့လုံခြုံမှုကို ကာကွယ်ရမယ့်တာဝန်ငါ့မှာရှိတယ်၊ ငါက နင့်ချစ်သူလေ"

လိုက်လိုက်လှဲလှဲ ပြောနေသော ဇော်ရင့်ကို ကြယ်စုံ စိုက်ကြည့်နေဖြစ်သည်။ စိတ်ထားကောင်းသော ဇော်ရင့်မျက်နှာလေးသည် ကြည်လင်ရှင်းသန့်၍နေသည်။ ဇော်ရင်သည် လှချောတစ်ယောက် မဟုတ်သော်လည်း ခန့်ညားသောလူဖြစ်၏။ မျက်နှာကိုကြည့်ရုံနှင့် သဘောကောင်းသောလူဆိုတာ သိသာလွန်းလှသည်။ လျှို့ဝှက်မှု နည်းသည်။

ကြည့်စမ်းပါဦး . . . ချစ်သူကို ကာကွယ်ချင်နေတဲ့ယောကျ်ားပျို့တို့၏မာန်စွယ်မျိုး ဇော်ရင့်ထံ အပြည့်တွေ့နေရသည်။ ကြည်နူးမိသလိုလိုတော့ရှိသား။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြည့်နေတာလဲ"

ဖော်ရင့်အသံတွင် ကိုယ့်မှာ ချွတ်ယွင်းချက်ရှိလို့ အဲဒီလို စိုက်ကြည့်နေရတာလဲဆိုသည့် မလုံ့တလုံစိတ်လေး စွက်စိုနှော ယှက်နေသည်။

"ငါ ဘာဖြစ်လို့များ နှင့်ကိုချစ်မိသွားတာလဲလို့ အဖြေ ရှာနေတာ"

"တွေ့လား"

"ဟင့်အင်း . . . အချစ်ဆိုတာ မသိလိုက်သေးခင်မှာ ဝင်ရောက်နှောင့်ယှက်ခြင်း ခံလိုက်ရတဲ့အရာထင်တယ်"

"ဒုက္ခလို့တွေးသလား"

"နှင်သာ ငါ့လက်ကို ဆုပ်ကိုင်နေခဲ့မယ်ဆိုရင် ဒါတွေဟာ ဒုက္ခ မဟုတ်ပါဘူး။ ငါ့လက်ကို ကိုင်ထားပါလား ဖော်ရင်ရယ်"

ကြယ်စုံက လက်ကမ်းပေးလိုက်သောအခါ ဖော်ရင်က မြတ်နိုးစွာ ဆုပ်ကိုင်သည်။

"ငါ့လက်ကို နှင် ဘယ်တော့မှ မလွှတ်နဲ့နော်"

"ဘာလို့ အဲလိုပြောရတာလဲ။ ငါ့ကို မယုံကြည်လို့လား"

"နှင့်ကို ယုံကြည်ပါတယ်၊ မယုံကြည်တာက ကံကြမ္မာ ကိုပါ၊ အချစ်စစ်မှန်ရင် အဲဒီလမ်းက ဖြောင့်ဖြူးရိုးတုံးစံ မရှိဘူးတဲ့





အထူးသဖြင့် ငါတို့ရဲ့လမ်းက ပိုကောက်ကွေ့မှာပါ"

"အဝေးကြီးကို တွေးပူမနေပါနဲ့လား ကြယ်စုံရယ်"

"နှင့်မေမေက ငါ့ကို သဘောမကျဘူးဆိုတာ ငါသိ တယ်"

"ဟာ . . . မဟုတ်တာ၊ မေမေက နှင့်ကို ခင်ပါတယ်"

"ရွှေစင့်စကား အသွားအလာအရ ငါက သဘောပေါက် ပြီးသားပါ"

"ရွှေစင်က ဘာပြောလို့လဲ"

"နှင်နဲ့ရွှေစင်နဲ့ကို လူကြီးတွေက စကားပြောထားကြ တယ်ဆို"

"ဘာ . . . ဘယ်လို"

"ဟယ် . . . ဒုက္ခပဲ၊ နှင် မသိသေးဘူးလား"

"တောက်"

"နှင် ရွှေစင့်ကို ပြဿနာသွားမလုပ်နဲ့နော်၊ ငါက နှင် သိပြီးသား၊ ငါ့ကိုမပြောတာလို့ထင်ပြီး အယ် . . . ငါတော့ ပြဿနာ လုပ်လိုက်မိပြန်ပြီထင်တယ် . . . ဒုက္ခပဲ၊ ဖော်ရင် နှင်"

"ကြယ်စုံ . . . နှင် ဘယ်သူ့ကို ဘာကို အားနာနေရ တာလဲ၊ နှင့်ကိုတောင် အားမနာပါးမနာ ငပွေကောင်နဲ့ မိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပေးပြီးမှ၊ ရွှေစင်ယော် တော်တော်ကိုလွန်နေပြီ''

''သွားမပြောနဲ့နော်၊ ရွှေစင် ငါ့ကို ရန်လုပ်နေဦးမယ်''

''သူ့ကို ကြောက်စရာမလိုပါဘူး။ သူလုပ်ရင် ပြန်လုပ်လိုက်ပေါ့၊ ငါက ငြိမ်နေလို့ရတာမှ မဟုတ်တာ၊ ငြိမ်နေရင် ကုပ်ခွစီးနေဦးမယ်''

''မငြိမ်လို့မှ မရတာ၊ ငါက သူတို့အိမ်မှာ သူတို့မျက်နှာကြည့်ပြီး နေရတာ၊ ငါ့ကို သနားပါ ဇော်ရင်ရယ်၊ ငါ့ကို ချစ်တယ်ဆိုရင် သူ့ကို ရန်သွားမလုပ်ပါနဲ့ ငါ အောက်ကျို့ပြီး နေနိုင်ပါတယ် ... နော် ဇော်ရင်''

''နင် အဲ့ဒီလို သည်းညည်းခံနေလို့ ဟိုက ရောင့်တက်နေတာ''

''ဟင့်အင်း ... ငါက ရပါတယ်၊ ငါ့ဘဝက မွေးဖွားလာကတည်းက ဒီလိုပဲ နေလာရတာပါ၊ ငါက ရတယ်''

''ကြယ်စုံရယ်''

''နင်သာ ငါ့ကိုချစ်နေမယ်ဆိုရင် ငါ့အတွက် ဘာမှ မလိုတော့ပါဘူး။ အရာရာပြည့်စုံနေပါပြီ၊ ငါ နင့်ကိုယုံတယ် ဇော်ရင်၊ နင်က ဘယ်အချိန်မဆို ငါ့ရှေ့ကနေပြီး ငါ့ကို ဦးဆောင်လိမ့်မယ်လို့ ငါ ယုံကြည်ပါတယ်၊ ဒါပေမဲ့ ... ငါ့ကို တစ်ခုတော့ ခွင့်ပြုပါ''



''ဘာကိုလဲ၊ နင့်အတွက်ဆို ငါက ဘယ်အရာမဆို ခွင့်ပြုပြီးသား၊ ငါ့ကို နင်ပိုင်ပါတယ်၊ ခွင့်တောင်းနေဖို့ မလိုပါဘူး ကြယ်စုံရယ်''

''ငါလေ ငါ ပင်ပန်းတဲ့အချိန်တိုင်းမှာ နင့်ရင်ခွင်ထဲ ခဏလေး နားပါရစေ''

ဇော်ရင့်ရင်တွေ ထိခိုက်ကြေမွကုန်သည်။ ကြယ်စုံကို သနားမိသည်။

ဖြူစင်ရိုးသားသောစိတ်ကလေးကို မြတ်နိုးမိသည်။ အလိုလောဘနည်းသူလေးမို့ ကရုဏာဖြစ်ရသည်။

ကြယ်စုံရယ် ...

နင်သာ ဆန္ဒရှိမယ်ဆိုရင် ခဏမဟုတ်ပါဘူး ထာဝရ ခိုလှုံလို့ရပါတယ် ကြယ်စုံလေးရယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

တတ္တတ္တဝင်နေသော မက်ဆေ့ချ်သံကြောင့် ကြယ်စုံ အိပ်ရာမှ နိုးလာသည်။

နာရီကိုကြည့်လိုက်သောအခါ တစ်နာရီထိုးပြီးနေပြီ ဖြစ်၏။ ဒီလို ညကြီးအချိန်မတော်တွင် မက်ဆေ့ချ်ပို့မည့်လူရယ်ဆို၍ မိုးထက်ယံတစ်ယောက်သာ ရှိ၏။

ကြယ်စုံသည် အိပ်ချင်မူးတူးဖြင့် မီးခလုတ်ကို ဖွင့်လိုက်သည်။ စားပွဲပေါ်မှ ဖုန်းကို ဆွဲယူပြီး မက်ဆေ့ချ်ကိုကြည့်လိုက်သည်။ ထင်သည့်အတိုင်းပင် မိုးထက်ယံထံမှဖြစ်သည်။

အိပ်ပြီလားကို အစောင်ရှစ်ဆယ်လောက် ပို့ထား၏ ပေါလိုက်တာ။ ဖုန်းဘေတွေ သိပ်များနေပြီထင်၏



အိပ်ပြီဟု ရိုက်ကာ အကြောင်းပြန်လိုက်သည်။ ကြယ်စုံ ဖုန်းမှ အမှန်ခြစ်လေး တာထွက်လိုက်သည်နှင့်တစ်ပြိုင်နက် မိုးထက်ယံထံမှ ဖုန်းဝင်လာသည်။

ကြယ်စုံစိတ်ထဲ ဇဝေဇဝါဖြစ်သွားသည်။ ကိုင်ရမလား မကိုင်ရဘူးလား။ မကိုင်လျှင်လည်း တစ်ချိန်လုံး မနားမနေ ခေါ်နေလိမ့်မည်။ ကိုင်ပြန်လျှင်လည်း သိက္ခာကျဦးမည်။

ယခုလို ညဥ့်နက်သန်းခေါင် ဆက်သည့်ဖုန်းသည် ကောင်းသောအကြောင်းအရာတော့ မဖြစ်နိုင်ပေ။ သို့သော် သူလို မျက်နှာကြီး သူဌေးသား၏ဖုန်းကို လက်မခံပြန်လျှင်လည်း ကြီးကျယ်ရာကျပေဦး မည်။ ဝေခွဲမရဖြစ်သော်လည်း နောက်ဆုံးတွင် ဖုန်းကိုင်ဖြစ်သွားသည်။

"ဟဲလို"

"အခုလို ဖုန်းကိုင်ပေးတဲ့အတွက် Thank You ပါ"

"ကြယ်စုံ အိပ်နေပြီ မိုးထက်"

"မိန်းကလေးတစ်ယောက်ရဲ့အသံတွေထဲမှာ အိပ်ချင်မူးတူးအသံက ချစ်စရာအကောင်းဆုံးအသံတဲ့"

"အဲတော့"

"ကြယ်စုံ ချစ်ဖို့ကောင်းတယ်ဆိုတာ သိသွားရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် . . . ဒီအချိန်ကြီး တမင်ဖုန်းဆက်တယ်ဆိုပါတော့"

"ကြယ်စုံက ပါးနပ်တယ်နော်၊ ကိုယ်က ထုံအတဲ့မိန်းကလေးဆို စိတ်မဝင်စားဘူး၊ တုံးအလွန်းရင် လူရာမသွင်းချင်ဘူး"

ကျေနပ်သလိုလို ရှိလာသည်။ ဘယ်ဆိုးလို့လဲ . . . စိတ်ဝင်စားစရာတော့ အကောင်းသား။ မိန်းကလေးကျေနပ်အောင်တော့ ပြောတတ်သားပင်။

"ဒသနတွေ နောက်မှပြောရအောင်လား၊ အခု ကြယ်စုံ အိပ်ချင်နေတယ်"

"အိုကေ . . . ဒါဆို နောက် ကိုယ်ဖုန်းဆက်ရင် လက်ခံပြောမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ"

"ရှင့်ဖုန်းသံကို ကြယ်စုံ မကြားလိုက်တဲ့အချိန်က လွဲလို့ပေါ့"

"ဘယ်အချိန်တွေမှာ ဖုန်းသံကို မကြားတတ်ဘူးလဲ"

"ပျော်နေချိန်တွေပေါ့"

"ကြယ်စုံ ဝမ်းနည်းနေချိန်က အကြမ်းအားဖြင့် ဘယ်အချိန်များလဲ"

"အထီးကျန်နေတဲ့အချိန်ပေါ့"



"ဘယ်အချိန် တစ်ယောက်တည်း ရှိတတ်သလဲ"

"ဒီလောက်ပဲ ပြောတာတောင် တော်တော်များသွားပြီထင်တယ်"

ကြယ်စုံက ပေါ့ပေါ့ပါးပါးပြောသောအခါ မိုးထက်ယံက တဟားဟားရယ်နေလေသည်။ ကြယ်စုံ့စကားကို အကျယ်တဝင့် အထအနကောက်ပုံမရချေ။ ထိုသို့ မကောက်တော့ ကြယ်စုံ့ရင်ထဲလည်း ရှင်းလင်းသည်။

"မဆိုးပါဘူး . . . ကြယ်စုံက ထင်ထားတာထက် ပိုပြီး စိတ်ဝင်စားဖို့ ကောင်းတာပဲ၊ အိုကေလေ . . . Good Night"

"Good Night ပါ"

မောင်မင်းကြီးသားက ဖုန်းချလည်း မြန်ပါပေသည်။ ကြယ်စုံ့ထက် အရင်ဦးအောင် ဖုန်းချသွားသည်။ ပေါ့ပါးခြင်းကို နှစ်သက်သော်လည်း ထိုအချက်ကိုတော့ မကြိုက်ပါ။

မိန်းမကျွမ်းကျေတယ်ဆိုရင် တစ်ဖက်မိန်းကလေး ဖုန်းချပြီးမှ သူ ဖုန်းချရမယ်ဆိုတာ မသိမဖြစ် သိရမည့်အချက်ဖြစ်သည်။

သူ တမင်လုပ်တာလား။

တစ်ကြိမ်သာ တွေ့ဖူးထားသူမို့ ထိုအချက်ကို ကြယ်စုံ ခွဲခြမရနိုင်ပေ။

www.burmeseclassic.com



ဇော်ရင်ဆိုလျှင် ကြယ်စုံ့ကို ဦးအောင်ဖုန်းချစေသည်။ မနက်လင်းလျှင် Morning ဆိုသော မက်ဆေ့ချ်က ရောက်ပြီးသား။ သို့သော် ချစ်ကြောင်းတွေနှင့် ကြယ်စုံရင်ခုန်စေမည့်စကားလုံးတွေက ပျောက်ဆုံးနေသည်။

အိမ်မှာ အဆင်ပြေရဲ့လား။

စာရသလား၊

ရွှေစင်ယော်ကလေ ... ဆိုပြီး အစရှိသဖြင့် သာမန်အကြောင်းအရာချည်းသာ ထပ်ချေးသလဲ ပြောနေတတ်သည်။ ဘယ်လောက်ထိ ချစ်တယ်၊ ဘယ်လိုမျိုးလေး ချစ်တာ။ ရှေ့ဆက်ဘာလုပ်ကြမယ် ဆိုသည့်စကားလုံးများကို ကြယ်စုံက မျှော်လင့်သော်လည်း ဇော်ရင့်ထံမှ တစ်ခါမျှ မကြားခဲ့ဖူးပါ။

ဖြစ်နိုင်လျှင် ဇော်ရင်နှင့်ကြယ်စုံတို့၏ အချစ်တွေကြားတွင် ရွှေစင်ယော်ဆိုသော ကြားခံနယ် မရှိစေချင်ပါ။ ယခုတော့ ချစ်သူနှစ်ဦး ဖုန်းဖြင့် လွမ်းကြချိန်တွင်ပင် ရွှေစင်ယော်ဆိုသည့်နာမည်က ကန့်လန့် ကန့်လန့်။ တစ်ခါတစ်ရံတွင် ဇော်ရင်နှင့် ဖုန်းပြောချင်စိတ်ကို မရှိပါ။

ကြယ်စုံ့လက်ကိုတွဲပြီး ဇော်ရင့်မိဘတွေရှေ့ကို ဇော်ရင်က ခေါ်သွားမည့်နေ့ကို မျှော်လင့်သည်။ ထိုနေ့သို့ရောက်လာခဲ့ပါက ရွှေစင်ယော်ကို ရာသက်ပန် နိုင်မည့်နေ့ဖြစ်တော့မည်။ ထိုနေ့ကို မြန်မြန်ရောက်လာစေဖို့ ကြိုးစားသော်လည်း ဇော်ရင်က မတုန်မလှုပ် ရှိနေသည်။ သတ္တိနည်းတာလား၊ စိုးရိမ်စိတ်များနေတာလား။ ဤအရာကို ကြယ်စုံ့ရင်ထဲ မချင့်မရဲ ဖြစ်ရသည်။



သို့သော် ကြယ်စုံ့ သည်းခံသည်၊ အောင့်နိုင်ရင် အောင့်မယ်ဆိုသောစကားစုကို နှလုံးသွင်းမိ၏။ ဇော်ရင်လည်း ယောကျ်ားတစ်ယောက်ဖြစ်သည်၊ ယခုအချိန်သည် ပညာသင်သောအရွယ်ဝယ်နေသေး၍ဖြစ်မည်ဟု အံကြိတ်နားလည်လိုက်ရသည်။ အချိန်တန်တော့လည်း ကြယ်စုံ့ဘက်မှ တောင်းဆိုစရာမလိုလောက်အောင် ဇော်ရင်က ဖြည့်ဆည်းပေးလိမ့်မည်ဟု ယုံကြည်သည်။

မိုးထက်ယံထက်တော့ ဇော်ရင်က အများကြီးသာသည်။ တည်ကြည်ခန့်ငြားသည်၊ မိန်းကလေးတစ်ယောက် ယုံကြည်အားကိုးရလောက်သည့် စိတ်ထားမျိုး ရှိသည်။

ကြယ်စုံ့အတွေးထဲ ဇော်ရင်က ပေါ်လိုက်၊ မိုးထက်ယံက ပေါ်လိုက်နှင့် ကြယ်စုံ ဆက်အိပ်၍မရတော့ပေ။

"ဒုက္ခပဲ ... ငါ့မျက်စိကြောင်သွားပြီ၊ လောလောဆယ်တော့ ငါ့ကို မိုးထက်ယံ ဒုက္ခပေးနေပြီ"

ပြောပြောဆိုဆိုပင် အိပ်ရာထဲမှ လူးလဲထပြီး ပြောင်းဝ



www.burmeseclassic.com

www.burmeseclassic.com



တွင် ရပ်သည်။ ညဏ်လေပြည်အေးသည် တိတ်ဆိတ်ခြင်းနှင့် အတူ နှောယှက်နေသောအခါ ချောက်ချားလာသလို ခံစားရသည်။ ခပ်လှမ်းလှမ်းမှ ဖြတ်သွားဖြတ်လာကားသံများကို ဝိုးတဝါး ကြား နေရသည်။ ပြိုင်ကားတွေ မောင်းနှင်နေကြသည်ထင်ပါရဲ့။ သူဌေးများ၏သားသမီးများ ပြိုင်ကားမောင်းပွဲတွင် တာဝန်ရှိ ယာဉ်ထိန်းရဲများ အလုပ်ရှုပ် ကြဦးမည့်အရေးသည်လည်း စိတ်ထဲ ရောက်လာပြန်သည်။

စိတ်တံခါးသည် မဖွင့်ပေးချင်သော်လည်း သူဖွင့်ချင်လျှင် ဖွင့်နေတတ်သည့်အရာမျိုးဖြစ်သည်။ ယခုလည်း ကြယ်စုံ့စိတ်တွေ က တောင်ရောက်လိုက် မြောက်ရောက်လိုက်။

ငယ်ငယ်က ဖေဖေ့ပုဆိုးစဆွဲပြီး ဖေဖေ့နောက် တကောက်ကောက် လိုက်ခဲ့ဖူးတာကိုလည်း သတိရ၏။

ထိုအချိန်တုန်းက ရပ်ကွက်ထဲရှိလူများသည်“ဒီကလေး လမ်း ဘေးရောက်မယ်” ဟု နိမိတ်ဖတ်ခဲ့ကြဖူးသည်။ သို့သော် ယခု ကြယ်စုံ လမ်းဘေးမရောက်ပါ။ သူတို့မနေဖူးသော ယခုလို အိမ်ကြီးမှာ သားသားနားနားနေပြီး နိုင်ငံခြားဘာသာတွေ လေ့လာ နေ၏။ သူတို့စိတ်နဲ့ တောင် မမှန်းဆဖူးသော သူဌေးသားများက ကြယ်စုံ့ကို လက်ကမ်း ကြိုဆိုနေကြ၏။ ကြယ်စုံ၏အနာဂတ်သည်





တောက်ပသည့်အရိပ် အယောင်များကို လှမ်းမြင်နေရသည်။ ကြယ်စုံသည် သူများကို မျှော်ကြည့်ရသောဘဝမျိုး၌ မနေချင်သူ ဖြစ်သည်။ လူတကာတို့အပေါ်မှနေပြီး ငုံ့ကြည့်ချင်သည်။

အများ၏အခက်အခဲသည် ကြယ်စုံ့အတွက် ရယ်စရာ ဖြစ်နေစေချင်သည်။ ရည်မှန်းချက်ကြီး၍ အခက်အခဲကို ပိုရင်ဆိုင် ရမည်မှန်း သိ၏။ ထို့ကြောင့် ကြယ်စုံသည် အခက်အခဲကို ကျော် ဖြတ်နိုင်အောင် ကြိုတင်ပြင်ဆင်ပြီး ဖြစ်နေပါပြီ။

ကြယ်စုံ တွေးရင်း အာခြောက်လာ၏။ ထို့ကြောင့် ရေ သောက်ရန်အတွက် မီးဖိုခန်းဘက်သို့ ထွက်လာခဲ့သည်။

“ကလုံ ကလုံ”

အသံသည် ထမင်းစားခန်းဘက်မှလာခြင်းဖြစ်သည်။ အခန်း တစ်ဝိုက်တွင်လည်း မီးကမှောင်နေသည်။ ဘယ်သူများလဲ၊ ကြွက်များလား။ မဖြစ်နိုင်ပါ။ ကြယ်စုံ ဤအိမ်၌နေလာသော ကာလတစ်လျှောက် ကြွက်တစ်ကောင်မျှ မတွေ့ခဲ့ဖူးပါ။

“ကလုံ”

အသံက ဆက်၍ ထွက်လာပြန်သည်။ တိတ်ဆိတ်ခြင်း က ကြီးစိုးနေချိန်မို့ အသံသည် ကြယ်စုံ့အနီးနားမှာဟု ခံစားရ သော်လည်း တကယ်တမ်းတော့ ထမင်းစားခန်းမှ လာခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မည်ကို ခန့်မှန်းမိ၏။

ကြယ်စုံ တစ်လှမ်းခြင်း လျှောက်လာခဲ့သည်။ ထမင်းစားခန်းသို့ရောက်သောအခါ အံ့ဩစရာမြင်ကွင်းကို ပထမဆုံး တွေ့မြင်လိုက်ရတော့၏။

"ဟင် ဦး"

ယမကာပုလင်းကိုထောင်ကာ တစ်ခွက်ချင်း ဇိမ်ခံသောက်နေသော ဦးကိုကိုနိုင်။

"အော့ . . . ကြယ်စုံလေးပါလား"

"ဦး မအိပ်သေးဘူးလား။ အရမ်းညဉ့်နက်နေပြီ"

ကြယ်စုံ့အသံထဲတွင် စိတ်မကောင်းခြင်းများ ပြည့်သိပ်၍နေလေသည်။ ကြယ်စုံ ခန့်မှန်းမိတာ ဦးက ဒီအချိန်ကြီး တစ်ယောက်တည်း အရက်သောက်နေမှတော့ ကိစ္စတစ်ခုခု ရှိရမည်။ သိပ်စိတ်ညစ်ညူးနေ၍ဖြစ်မည်။ ဦးမျက်နှာကို ကြည့်လိုက်လျှင် တည်ကြည်ခန့်ညားပြီး အမြဲ ကြည်လင်ရှင်းသန့်နေတတ်သည်။ ငွေကြေးလည်း ပြည့်စုံချမ်းသာသည်။ ခရီးသွားကုမ္ပဏီများကြားတွင် နာမည်ရကုမ္ပဏီပိုင်ရှင် ဖြစ်သည်။ အန်တီမိလည်း ချောသည်။ ဂုဏ်သိက္ခာရှိသော အမျိုးသမီးကိုလည်း ဖနီး တော်ထားရသည်။ ရွှေစင်ယော်ကလည်း ကြယ်စုံ့အပေါ်ကိုသာ မကောင်း





သော်လည်း ဦးကိုကိုနိုင်ကိုတော့ ရိုသေသည်။ ကြယ်စုံ့အမြင်တွင် ဦးကိုကိုနိုင်၏ဘဝသည် အရာရာ ပြည့်စုံလွန်းနေ၏။ ဘာများ စိတ်ညစ်စရာရှိနေလို့လဲ။ စိတ်မညစ်နဲ့ဘဲတော့ အရက်ကို ညသန်းခေါင်ကြီး တစ်ယောက်တည်း သောက်နေမည်မဟုတ်ချေ။

"တစ်ရေးနိုးလာတာလား"

"ဟုတ် ဦး။ အိပ်မပျော်တော့တာနဲ့ စာကျက်မလို့ အခန်းထဲ မီးလင်းနေတာ၊ အဲဒါ ဝင်လာကြည့်တော့ ဦးကိုတွေ့တာ"

ပြောရင်းပင် ဦးကိုကိုနိုင်ရှေ့မှ စားပွဲကို အကဲခတ်မိသည်။ ရေခဲတုံးတစ်ခွက်၊ အရက်တစ်ခွက်နှင့် သိန်းကျော်တန် အရက်ပုလင်းတစ်လုံး။ အမြည်းဟူ၍ အခြားမရှိပေ။

ထို့ကြောင့် ကြယ်စုံက မီးဖိုခန်းထဲဝင်ကာ ဆီစိမ်ထားသော ငါးရံ့ခြောက်ဖုတ်နှင့် ဝက်အူချောင်းကို အပိုင်းအပိုင်း ခြတ်ကာ မီးဖိုပေါ် ဒယ်အိုးတင်ပြီးကြော်လိုက်သည်။

ထိုအမြည်းပန်းကန်ကို ဦးရှေ့သို့ ချပေးလိုက်သောအခါ ကြည့်လာသော ဦး၏မျက်လုံးသည် ရင်ထဲ အနက်ရှိုင်းဆုံးနေရာ ရောက်သည်ထိ ထိုးဖောက်ဝင်ရောက်သွားသည်။

တမင်ရည်ရွယ်ထားခြင်းမဟုတ်သော်လည်း စကားတွေက အစီအစဉ်မကျ ထွက်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါဦး"

ဦးကိုကိုနိုင်၏ရှေ့မှာမို့ မငံ့မရဲဖြစ်ရသော်လည်း အားတင်းကာ ဝင်ထိုင်မိသည်။

ဘာဖြစ်သလဲ သတ္တိရှိစမ်းပါ။ သူက ငါ့မေမေကို အသည်းနင့်အောင်ချစ်သူ။ ငါက ဘာကိုကြောက်နေရမှာလဲဟု မိမိကိုယ်မိမိ အားပေးနေမိသည်။

"နေလင်းမရှိတော့ လောကကြီးထဲ ဘယ်လိုနေထိုင်မယ်လို့ စိတ်ကူးခဲ့ဖူးသလဲ"

ကြယ်စုံ ဘာဖြေလို့ ဖြေရမှန်းမသိချေ။ ကြယ်စုံအဖြေကို ဦးမကြိုက်မှာ စိုးရိမ်သည်။ ကိုယ့်ကိုယ်ကိုသတ်သေမယ်လို့ စိတ်ကူးဖြစ်တယ်ဆိုရင် အဖြေမှား ကြမ်းသွားလေမလား။ ဘဝကို ကြိုးစားရုန်းကန်မယ်လို့ ဆုံးဖြတ်တယ်ဆိုလျှင်လည်း ကြယ်စုံမှာ အားမာန်တွေ ရှိနေတယ်ဆိုပြီး ဖြေလျှော့တွေးနေမလား။

"နေထိုင်လာရင်း သိလာရတာက လောကကြီးမှာ ဦးရှင်သန်လာရတာက ဘာအဓိပ္ပာယ်မှ ရှိမနေဘူး"

အရက်ခွက်ကို ကိုင်နေသော ဦးကိုကိုနိုင်၏လက်များသည် လေးပင်၍ နေသည်။ သို့သော် မျက်နှာကတော့ ဟန်ချက်မပျက်သေး။





"သူများအတွက် အသက်ရှင်နေရသလိုပဲ၊ အဲဒါ ... ဘာကြောင့်လဲ သိလား"

"ဟင့်အင်း"

"နွေးထွေးမှုတွေ ပျောက်ဆုံးနေတာ"

ဦးကိုကိုနိုင်တို့စကားလုံးသည် ကြယ်စုံရင်ထဲ ဒိုင်းခနဲ ကျရောက်သွားသည်။

နွေးထွေးမှုတွေ ပျောက်ဆုံးနေတာဆိုပဲ၊ ဒါဆို အန်တီမိက မနွေးထွေးဘူးဆိုတဲ့ သဘောပေါ့။ ဘာလဲ၊ ကြယ်စုံအမြင်မှာ သာယာနေတဲ့ အိမ်ထောင်ရေးဖြစ်သည်။ ဦးက ဘာကို မတင်မကျ ဖြစ်နေတာလဲ။

"သူတစ်ပါးအတွက် အသက်ရှင်နေရတယ်လို့ ခံစားရတဲ့အချိန်က လောကကြီးမှာ ကျုံ့ရှုံးတဲ့နေ့ပဲ၊ အခု ဦး ကျုံ့ရှုံးနေပြီ၊ ကြယ်စုံလေးရယ်"

အန်တီမိနဲ့များ ရန်ဖြစ်ထားလို့လား။ ဒါလည်း မဖြစ်နိုင်ပါ။ အန်တီမိက သူ့ရတနာမစွည်းတွေနှင့် ရွှေစင်ယော်မှလွဲလျှင် အခြား ဘာကိုမှ ရေရေရာရာ စိတ်ဝင်စားခြင်း မရှိချေ။ ဒါမှမဟုတ် ... အလုပ်ထဲမှာ အဆင်မပြေမှုတွေ ရှိနေလို့လား။ ဒါလည်း ... မဖြစ်နိုင်ပါ။ ဦးကိုကိုနိုင် ဆိုသူသည် ခရီးသွားကုမ္ပဏီလုပ်ငန်း၌



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးသည်။ ခရီးသွားလုပ်ငန်းအပြင် အခြားသောလုပ်ငန်းများ၌လည်း ရှယ်ယာတွေ ပါနေတာကို အန်တီမိနှင့် ရွှေစင်ယော် ပြောစကားများအရ သိသည်။ ယေဘုယျအားဖြင့် ဦးကိုကိုနိုင်သည် ဝန်ထမ်းများစွာကို အုပ်ချုပ်ရသော မအားလပ်နိုင်သည့် သူဌေးတစ်ဦး။ ဘာတွေကိုများ အဲဒီလိုခံစားနေရတာလဲ။ မိန်းမ ရှုပ်နေပြီလား။ ဒါလည်း မဖြစ်နိုင်ပါ။ ဦးက အိမ်ပြန်ချိန် မှန်သော လူဖြစ်သည်။

"တစ်ချိန်ချိန်မှာ ကြယ်စုံလေးချစ်သူရလာခဲ့ရင် သူ့လက်ကို ဘယ်တော့မှ မလွှတ်ပါနဲ့၊ နှောင့်တမရအောင်နေပါ။ ကိုယ်ချစ်တဲ့လူက ကိုယ့်ကို ပြန်မချစ်ခဲ့ရင်လည်း လွယ်လွယ်နဲ့ လက်မလျှော့ပါနဲ့၊ နောင်တမရအောင် နောက်ဆုံးချိန်ထိ ရောက်အောင် ကြိုးစားပါ။ တစ်ကြိမ်ဆုံးရှုံးပြီးရင် နောက်တစ်ခါ ပြန်မလာနိုင်တော့တာ အချစ်ပဲ၊ အချစ်ဆိုတာမျိုးက တန်ဖိုးကြီးတယ်၊ ကြိုးစားပြီး ချစ်ကြည့်လို့လည်း မရဘူး၊ ချစ်တတ်အောင် မွေးမြူလို့လည်း မရဘူး။ ဟောဒီနှလုံးသားထဲက သူ့အလိုလို ယိုကျလာတဲ့ သွေးစက်တွေ၊ အချစ်က ဘဝကြီးပြောင်းလဲသွားနိုင်တဲ့ သိစွမ်းအောင်ပေးတဲ့ တန်ခိုးရှင်၊ ပညာရှိတစ်ဦး ပြောဖူးတဲ့ ကမ္ဘာကြီးကို ကိုင်လှုပ်ဖို့ စိတ်တစ်ခုပဲလိုတာပါပဲ၊ ကိုယ့်စိတ်ကိုယ် မသတ်ပစ်ပါနဲ့





အသက်ကြီးလာတာနဲ့အမျှ နောင်တတွေနဲ့ပဲ နေရလိမ့်မယ်၊ နောင်တဆိုတာ ဘာလဲသိလား။ အချိန် ဘယ်တော့မှ ပြန်မရနိုင်တော့တဲ့ အချိန်၊ ဦးရဲ့အချိန်တွေတော့ . . . အော့ . . . မရှိ . . . အော့"

ဦးကိုကိုနိုင်သည် ပြောရင်းဆိုရင်းပင် စားပွဲပေါ်မှောက်သွားသည်။

"ဗုဒ္ဓေါ . . . ဦး ဦး။ ဟယ် . . . ဘယ်လိုဖြစ်တာလဲ . . . ဦး ဦး"

ကြယ်စုံ လန့်သွားသည်။ ဖေဖေက အရက်ကို မူးအောင် သောက်ချိန်တိုင်း ခလိုငြိမ်ကျသွားခြင်းမျိုး ကြယ်စုံကြုံဖူးသည်။ သို့သော် ဦးလို့ ဂုဏ်သိက္ခာရှိ လူကြီးလူကောင်းက မှောက်အောင် သောက်လိမ့်မည်ဟု ကြယ်စုံမထင်ခဲ့ပါ။

ပြီးတော့ . . . ဖေဖေသောက်တာက ရိုးရိုးဘီအီးလို တောအရက်လိုဟာမျိုး ဖြစ်သည်။ ထိုအရက်မျိုးက မူးသည်ဆိုတာ ကြယ်စုံသိ၏။ သို့သော် သိန်းကျော်တန်အရက်တော့ လူကို ထိန်းချုပ်ထားဦးမည်ဟု ထင်ခဲ့သည်။ ယခုတော့ ကြယ်စုံအမြင်တွေ တက်တက်စင်လွဲ၍ နေသည်။

"ဦး ဦး"

ကိုယ့်ကိုလှုပ်ပြီး မနိုးရဲသောကြောင့် ဦးအနားပုံးကာ

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖွဖွလေး အော်မိသည်။

"ဦး ... ဦး ... ဦးဦး"

ဦးကိုကိုနိုင်၏ နားရွက်နားကပ်ပြီး ခပ်ဖွဖွ အော်မိချိန်တွင် ဦးကိုကိုနိုင်သည် ခေါင်းကို ဆတ်ခနဲ မတ်လာပြန်သည်။

ကြယ်စုံ လန့်သွား၏။ ခေါ်နေမိသော်လည်း နိုးမည်ဟု မထင်ချေ။

"အေးမိစံ ... အေးမိစံ၊ မင်း ... အေးမိစံ"

ကြယ်စုံ့ကိုကြည့်ပြီး မေမေ့နာမည်ကို ရွတ်နေသောအခါ ကြယ်စုံ့ရင်ထဲ သံစုံမြည်ကုန်သည်။

ကြယ်စုံသည် ဦးကိုကိုနိုင်ကိုသာ မှင်တက်စွာ ကြည့်နေမိသည်။ ကြယ်စုံ့ကိုကြည့်နေသော ဦးကိုကိုနိုင်၏အကြည့်များသည် လွမ်းဆွေးရီဝေ၍နေလေသည်။ နူးညံ့ပျော့ပျောင်းနေသည်။ ထိုအကြည့်မျိုးကို ကြယ်စုံ့ဘဝတွင် တစ်ခါမှ မည်သူ့ဆီကမှ မရရှိခဲ့ချေ။ ကြယ်စုံ့ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။ အသက်ရှူနှုန်းတွေလည်း ပုံမှန်မဟုတ်တော့ပေ။

"အေးမိစံ ... မင်းလေးကိုလေ ကိုယ် အရမ်းချစ်ပါတယ်"

ပြောရင်းဆိုရင်းပင် ဦးကိုကိုနိုင်သည် စားပွဲပေါ် မှောက်





သွားပြန်သည်။ ကြယ်စုံ သက်ပြင်းကို ဟင်းခနဲ ချလိုက်မိသည်။

အတန်ကြာသည်ထိ ကြယ်စုံ့ရင်ခုန်သံများသည် ပုံမှန်မဖြစ်နိုင်သေးပေ။

ဦးကိုကိုနိုင်ကို ထားပစ်ကာ မသိလိုက် မသိဘာသာ ထွက်သွားဖို့ စဉ်းစားမိ၏။ သို့သော် အဲဒီလို ကြယ်စုံမလုပ်နိုင်ပေ။ ဦးက ကြယ်စုံ့ကျေးဇူးရှင် ဖြစ်သည်။ ဦးသာမကယ်ခဲ့လျှင် ကြယ်စုံသည် ယခုအချိန် ကမ္ဘာပေါ် အသက်ရှင်လျက်ရှိချင်မှ ရှိတော့မည်။

ကြယ်စုံသည် ဒုက္ခပင်လယ်ဝေနေချိန်၌ ဦးသည် နတ်သားတစ်ပါးလို ခုန်ဆင်းလာခဲ့သည်။

"ဦး ... ဦး ..."

ထပ်မံ၍ နှိုးကြည့်ပြန်သည်။ သို့သော် ဦး၏ခေါင်းသည် နောက်တစ်ကြိမ် ပြန်မတ်မလာတော့ချေ။

"ဦး ... ဦး ..."

စိတ်ရှုပ်ထွေးသွားသည်။ ပစ်ထား၍လည်း မဖြစ်ပါ။ ဆွဲခေါ်၍လည်း မသင့်တော်ပြန်ပါ။

ဒေါ်တူးတို့တူဝရီးကို သွားနှိုးရအောင်လည်း မဖြစ်ပါ။ အိမ်ကြီးရှင်၏ သရုပ်ပျက်မှုကို အလုပ်သမားများ မသိစေချင်ပါ။

"ဦး ... ဦး ..."

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်နှင့် ခေါ်နေမိသော်ငြား ဦးကိုကိုနိုင်သည် စားပွဲပေါ်၌ အရုပ်ကြိုးပြတ် အိပ်ပျော်နေပြီဖြစ်သည်။

အန်တီမိကိုရော ရွှေစင်ယော်ကိုရော သွားနိုး၍ မဖြစ်နိုင်မှန်း သိသည်။ ထို့ကြောင့်ပင် ဖြစ်ချင်ရာဖြစ်ဆိုပြီး ဦးကို ဆွဲထူဖို့ ကြိုးစားသည်။

မဝံ့မရဲဖြစ်ရသော်လည်း အားတင်းကာ ဦးကိုကိုနိုင်၏ ပခုံးကို ကိုင်လိုက်သည်။

ရင်တွေ တဒိန်းဒိန်းမြည်နေသည်။ တစ်ခုခုကို စိုးရိမ်နေ၏။ သို့သော် တစ်ခုခုသည် ဘာကိုလဲဆိုတာ ရေရေရာရာ အဖြေရှာမရပေ။ ဒေါ်မိမိရွှေ မြင်သွားမှာကိုလား။ ဒါမှမဟုတ် ဦးကိုကိုနိုင်ကို ပိုင်စိုးပိုင်နင်း ထိကိုင်မိတာကိုလား။ ဒါမှမဟုတ် ဦးကိုကိုနိုင် တစ်ခုခုဖြစ်သွားမှာကိုလား။ သို့မဟုတ် တစ်စုံတစ်ယောက်က တွေ့ပြီး အတင်းပြောမှာကိုလား ဆိုတာ ရေရေရာရာမသိသော်လည်း ရင်တွေ တဒိတ်ဒိတ်တုန်ပြီး နှိုးကြောင်နိုးဝှက်ဖြစ်နေမိသည်ကတော့ အမှန်ပါ။

"ဦး . . . ဦး . . ."

ဘယ်လိုမှ နိုးမရသည့်အဆုံးတွင် ဖြစ်ချင်ရာဖြစ်တော့ဟု စိတ်ကို ယတိပြတ်ပိုင်းဖြတ်ကာ ဗီဒီယိုဇာတ်ကားတွေထဲ မြင်ခဲ့ဖူး



သလို ဦးကိုကိုနိုင်၏လက်မောင်းကို မိမိပခုံးပေါ်တင်ပြီး အားရှိအားကုန် ဆွဲခေါ်လာသည်။ တစ်ချိန်တုန်းကလည်း ဖေဖေကို ဤသို့ ဆွဲခေါ်ခဲ့ဖူးသည်။ တောအရက်နှင့် ဘီအီးကိုသာ အလှည့်ကျသောက်နေသော ဖေဖေသည် တစ်ခါတစ်ရံ လူမှန်းသေ သူမှန်းမသိ မူးပြီး လမ်းဘေး၌ လဲနေတတ်သည်။ လုပ်တော့ ကြိုရာကျပန်း။ သောက်တော့လည်း တွေ့ကရာဆိုင်မှာမို့ ဖေဖေ့ကိုတွဲခေါ်ရလျှင် အော်ဂလီဆန်စရာကောင်းလောက်အောင် အနံ့တွေက ဆိုးဝါးနေခဲ့သည်။ သို့သော် ဦးကိုကိုနိုင်တော့ ဒီလိုမဟုတ်ချေ။ ညကြီးသန်းခေါင် အရက်မူးနေသည်ပင် သင်းပျံ့သော ရေမွှေးနံ့က နှစ်လိုဖွယ်ရှိလှ၏။

"အေးမိစံ"

ဦးကိုကိုနိုင်၏ နှုတ်ဖျားတွင် မေမေ့နာမည်ကို ဝိုးတဝါး ကြားရပြန်သည်။

"ဦး . . . သတိထားပါ၊ လှေကားတက်ရမယ် ဦး"

ဦးတို့အိပ်ခန်းကို ပို့ဖို့ဆိုလျှင် လှေကားပေါ်တက်မှရမည်။ သို့သော် လေးသောခန္ဓာကိုယ်ကို လှေကားပေါ် ကြယ်စုံ မဆွဲတင်နိုင်ချေ။ ကြယ်စုံသည် အဆင်ပြေရာပြေကြောင်းကို အပြေးအလွှားစဉ်းစားလိုက်သောအခါ စာကြည့်ခန်းကို သတိရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် ဦးကိုကိုနိုင်ကို စာကြည့်ခန်းထဲသို့ တရှုတ်တိုက် တွဲဝင်လာသည်။

အားတော့နာပေမယ့် ဦးကိုကိုနိုင်ကို ကြမ်းပြင်ပေါ် ဖြစ်သလို ပစ်ထားပြီး ဒရင်းဘတ်ကိုခင်းသည်။ ပြီးနောက် ဒရင်းဘတ်ခ်ပေါ် ဦးကိုကိုနိုင်ကို ဆွဲတင်လိုက်သည်။

ကြယ်စုံ မောသွားပြီဖြစ်သည်။

ကြည့်စမ်းပါဦး . . . အိပ်နေလိုက်တာ။

မည်မျှပင် ဂုဏ်သရေရှိသော လူကြီးလူကောင်းဖြစ်စေကာမူ အိပ်ပျော်နေလျှင်တော့ ကလေးတစ်ယောက်လို ဖြစ်နေတတ်ပြန်သည်။ အရက်ရှိန်ပြေသွားလျှင် ဦး အေးလာလိမ့်မည်ကို ကြယ်စုံသိ၏။ ထို့ ကြောင့် စောင်ပါးပါးတစ်ထည်ကို ဦးကိုယ်ပေါ် လွှမ်းခြုံပေးရလိမ့်မည်။

သို့သော် စာကြည့်ခန်းထဲမှာမို့ စောင်က အလွယ်တကူ မရနိုင်ပေ။ အပေါ်ထပ်သို့တက်ယူဖို့လည်း အဆင်မပြေပါ။ ထို့ ကြောင့် ကြယ်စုံက မိမိအခန်းထဲသို့ ပြန်လာကာ မိမိခြုံလက်စ စောင်ကို ဆွဲယူသည်။

အားနာသော်လည်း ထိုစောင်ကို ဦးကိုယ်ပေါ် လွှမ်းခြုံပေး၏။





"ကြယ်စုံမှာ စောင်အပိုမရှိလို့ပါ ဦး"

မိန်းကလေးခြုံသည့် စောင်ဖြစ်သည့်အတွက် မိန်းကလေး၏ရနံ့ ရှိနေတာတော့ အမှန်ပါ။ အထူးသဖြင့် ကြယ်စုံသုံးတတ်သော အပေါ်စားရေမွှေးအနံ့တော့ ရှိနေသည်။ ကြယ်စုံသည် ဆက်အိပ်လိုစိတ်လည်း မရှိတော့ပေ။ ထို့ကြောင့်ပင် စာကြည့်ခန်းထဲဝိုက် မျက်လုံးဝေ့ကြည့်မိ၏။

များပြားလှသောစာအုပ်တွေကို တခမ်းတနား တွေ့ရသည်။ ဦးသည် စာဖတ်ဝါသနာသန်သူ ဖြစ်ဖေိမ့်မည်။ စာအုပ်ကြီး စာအုပ်ကောင်းများ စုံလင်လှသည်။

တစ်ခန်းလုံး နံရံကပ်ဗီရိုကြီးများဖြင့် ပြည့်နေသည်။ စားပွဲရှည်ကြီးတစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့် ဒရင်းဘတ်တစ်လုံးက စာကြည့်ခန်း၏အပြင်အဆင် ဖြစ်သည်။ ကြယ်စုံသည် စာအုပ်များကို တစ်အုပ်ချင်းစီ ရေတွက်နေမိသည်။

ထိုသို့ ရေတွက်နေစဉ်တွင် မေမေ့ပုံတူကို ဖျတ်ခနဲ သတိရမိသည်။ ပုံတူသည် စားပွဲပေါ်တွင် မရှိချေ။ ထို့ကြောင့်ပင် ဦး ထုတ်လိုက်သော ဗီရိုကို ဖွင့်ကြည့်မိ၏။

မေမေ့ပုံသည် ကြယ်စုံကိုကြည့်နေခဲ့သည်။ ကြယ်စုံ[illegible] လွမ်းသလို ဆွေးသလို ခံစားရသည်။ ဝမ်းနည်းမိသည်။ မေမေ့



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင် မေမေ့ဓာတ်ပုံတစ်ပုံတောင် မရှိဘဲ ဦးကိုကိုနိုင်ဆီမှာတော့ မေမေပဲ အသက်ရှင်နေသလို၊ မေမေ့အရိပ်တွေ ပြည့်နေခဲ့သည်။

မေမေရယ် . . . ဘာလို့များ အစောကြီးထွက်ခွာသွားရတာလဲ။ ဘာလို့များ ဦးကိုကိုနိုင်ကို မရွေးချယ်ခဲ့ရတာလဲ။

ရင်ထဲ ဆို့တက်မိသည်။ တိတ်ဆိတ်ခြင်းကြောင့်သော်လည်းကောင်း၊ အတိတ်ကြောင့်သော်လည်းကောင်း မေမေ့ပုံကြောင့် မျက်ရည်ဝွေ စို့လာသည်။

"ဟင် . . . ဒါ ဘာလဲ"

အံဆွဲထဲမှ သားရေဖုံးစာအုပ်လေး တစ်အုပ်။ အံဆွဲသည် ခပ်ဟဟ ပွင့်နေ၏။

ထို့ကြောင့်ပင် မေမေ့ရုပ်တုကို ခေတ္တလွှတ်ကာ စာအုပ်ဆွဲယူလိုက်သည်။ ဒိုင်ယာရီဖြစ်စေဖို့ မျှော်လင့်မိသည်။ ထင်သည့်အတိုင်းပင် ဒိုင်ယာရီဖြစ်နေ၏။

ဦးကိုကိုနိုင်သည် အရက်ထွက်မသောက်ခင် စာကြည့်ခန်းထဲ ရှိနေခဲ့ပုံရသည်ဟု ခြေရာလက်ရာများအရ ကြယ်စုံ ခန့်မှန်းမိသည်။

သူတစ်ပါးမသိခင် သူတစ်ပါးပစ္စည်းကို မထိမကိုင်ရဘူး





ဟု သင်ယူခဲ့ဖူးသော်လည်း ကြယ်စုံစိတ်တွေကို ထိန်းချုပ်၍မရပေ။ ထိုဒိုင်ယာရီကို ကြယ်စုံဖတ်ချင်သည်။ ဦးကိုကိုနိုင်၏အတိတ်နှင့် လျှို့ဝှက်ချက်ကို သိချင်သည်။'

အကယ်၍ ခုနေချိန် ကြယ်စုံသာ ထိုဒိုင်ယာရီကို မဖတ်ခဲ့ပါက နောက်တစ်ကြိမ် ထိုအခွင့်အရေးမျိုး ကြယ်စုံထံ ရောက်မလာနိုင်တော့ ချေ။

"ဆောရီး ဦး . . . ကြယ်စုံကို ခွင့်ပြုပါ၊ ဘာကိုရည်ရွယ်နေလို့တော့ မဟုတ်ပါဘူး၊ မိန်းကလေးသဘာဝ စပ်စုချင်ရုံပါ"

ဟု အိပ်ပျော်နေသော ဦးကိုကိုနိုင်ကို တောင်းပန်လိုက်မိပြန်သည်။

"အေးမိစံ . . . မင်း လောကကြီးထဲမှာ မရှိတော့ဘူးဆိုတဲ့သတင်းကို ရတယ်၊ ငါ့ကမ္ဘာကြီး ပျက်သွားသလိုပါပဲ၊ ငါ့ရင်ခွင်ထဲ မဟုတ်ရင်တောင် မင်းက ဒီကမ္ဘာပေါ်မှာ အသက်ရှင်နေပါသေးတယ်ဆိုတဲ့စိတ်နဲ့ ငါ နေလာခဲ့တာပါ၊ မင်း ဘာလို့ အကြွေစောသွားခဲ့တာလဲ"

ကြယ်စုံရင်ထဲ နင့်သွားသည်။ မေမေ ဆုံးတာကို ဦး သိနေခဲ့သည်။ ဦးရဲ့ရင်ထဲတွင် မေမေက ထင်ထားတာထက် ပိုပြီးနေရာယူနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသမီးလေးကို ငါတွေ့ခဲ့ရတယ်၊ မင်းနဲ့ သိပ်တူတာပဲ၊ မင်းရဲ့ကိုယ်မှားကို အလွမ်းပြေမြင်ရတဲ့အတွက် မင်းကို ကျေးဇူးတင်မိပါတယ် ...

နေလင်း၊ ဆုံးပြီဆိုတဲ့သတင်း ကြားကြားချင်း ငါ မြေမသွားနိုင်ခဲ့ဘူး။ မင်းရဲ့သမီးလေး လောကကြီးမှာ တစ်ယောက်တည်း စိတ်အားငယ်နေရောပေါ့ ...၊

ကြယ်စုံဖူးတဲ့လား။ ဘာအခက်အခက်ရှိနေပါစေ ငါ မင်းရဲ့ရင်သွေးကို စောင့်ရှောက်ပါ့မယ် အေးမိစံရယ်၊ မင်းနဲ့နေလင်းရဲ့ သမီးကလည်း၊ ငါ့သမီးပဲပေါ့။ ဒါပေမဲ့ ငါ စိုးရိမ်မိတယ်၊ ငါ ခေါ်လာခဲ့ရင်ရော မင်းရဲ့သမီးက ငါ့အရိပ်မှာ ပျော်ပါ့မလား"

ကြယ်စုံ ဖတ်ရင်း မျက်ရည်ဝိုင်းလာသည်။

ပျော်ပါတယ် ဦးရယ်။

ဦးရဲ့အရိပ်က ကြယ်စုံ့အတွက် ပြည့်စုံလွန်းပါတယ်။

"ငါ့ရဲ့သမီးနဲ့ ဖနီးက ကြယ်စုံ့ကို မခင်တွယ်ကြဘူး။ ငါ စိတ်မကောင်းဖြစ်မိတယ်၊ မင်းနဲ့ကိုယ့်ရဲ့သမိုင်းကို သိနေတဲ့မိက ကြယ်စုံ့အပေါ် အမြင်မကြည်ဘူး၊ ကြယ်စုံလေးကို ငါက ဒုက္ခပေးသလိုများ ဖြစ်နေပြီလား။ ခွင့်လွှတ်ပါ အေးမိစံရယ်"

ဟင့်အင်း ... မဟုတ်ဘူး ဦး။ ကြယ်စုံ နေတတ်ပါတယ်၊





ဦးရင်ထဲ ကြယ်စုံက အဲဒီလောက် နေရာကြီးကြီးရှိခဲ့မယ် မထင်လို့ ကြယ်စုံ မဝံ့မရဲ ဖြစ်ခဲ့ရတာပါ။ ကြယ်စုံနေတတ်ပါတယ် ဦးရယ်။

"အသက်တွေက ကြီးလာပြီ၊ ငါလည်း မကြာခင် မင်းနောက် လိုက်လာရမယ် အေးမိစံရယ်၊ အသက်ရှင်လာရင် ငါနားလည်လာတာက ဘဝဆိုတာကို ကိုယ်ကမပိုင်ဘူး။ ကံတရားက ပိုင်တယ်၊ ကိုယ်လိုချင်တဲ့ဘဝကို ကိုယ်တည်ဆောက်လို့ မရဘူး။ ကံကြမ္မာက တည်ဆောက်ပေးတဲ့ဘဝမှာပဲ အဆင်ပြေသလို နေကြရတာပါ၊ ကြယ်စုံ့ကို ငါ့အရိပ်အောက်မှာ ထားချင်သေးပေမယ့် မိက ကြယ်စုံလေးကို နိုင်ငံခြားပို့လိုက်တော့တဲ့၊ ငါ့ရင်တွေ ရှုပ်ထွေးမွန်းကျပ်နေတယ်"

အဆုံးသတ်စာကြောင်းသည် ကြယ်စုံ့ရင်ကို ထိတ်ခနဲ နိုက်ခတ်သွားသည်။

နိုင်ငံခြားပို့လိုက်တော့ ဆိုပါလား။ အန်တီမိက ကြယ်စုံ့ကို ဘာကြောင့် နိုင်ငံခြားပို့ခိုင်းတာလဲ။ ဘာလို့လဲ။ နိုင်ငံခြားမှာ ကျောင်းတက်ချင်တဲ့ ကြယ်စုံ့ဆန္ဒကို သိသွားလို့လား။

မဖြစ်နိုင်ပါ။

အန်တီမိသည် ကြယ်စုံ့အပေါ် ဒီလောက် စေတနာ လျှံလှသူ မဟုတ်ပါချေ။ ဘာကြောင့်များလဲ။ ကြယ်စုံ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် နိုင်ငံခြားပို့ချင်နေရတာလဲ။

ဦး ခုလိုအရက်သောက်တဲ့ကိစ္စက ကြယ်စုံ့ကို နိုင်ငံခြားပို့မည့်ကိစ္စနှင့် ဆက်နွယ်နေတာလား။

ဘာတွေလဲ။ ဒီမိသားစုကြားတွင် ကြယ်စုံမသိသေးသော ကိစ္စတစ်ခုခု ရှိနေပြီလား။ ထိုကိစ္စက ဘာလဲ။

ကြယ်စုံ့ရင်ထဲ ဘဝင်မကျ ဖြစ်ရသည်။ သို့သော် ရှင်းလင်းနေ၏။ ကြယ်စုံ့အတွက် အရှုံးမရှိချေ။ ဒေါ်မိမိရွှေက ဘာကြောင့်ပဲ နိုင်ငံခြားပို့ချင်သည်ဖြစ်စေ အခြေအနေပေါ် မူတည်ပြီး ကြယ်စုံ အမြတ်ထုတ်ရပေလိမ့်မည်။

ဘာဖြစ်လဲ ပို့ချင်ပို့ပေါ့။ ကျေနပ်စရာပင် ကောင်းနေသေးသည်။ နယ်မြေဒေသအသစ် အတွေ့အကြုံအသစ်နှင့် ကြယ်စုံ့အတွက် ပိုတောင်ကောင်းနေသေးသည်။ နိုင်ငံခြားတွင် အခြေတင်နေပြီး ကျောင်းတက်ရသည့်ထားဦး ... ဦးက လိုလေသေးမရှိ ထောက်ပံ့မည်။ ရွှေစင်ယော်နှင့် အန်တီမိမိ၏မျက်နှာကို ကြည့်စရာ မလိုတော့ပေ။

ကြယ်စုံ ကျေနပ်သည်။ သို့သော် အန်တီမိက ကြယ်စုံ့ကို ဘာကြောင့် နိုင်ငံခြားပို့ချင်နေရတာလဲ။

"အင်း"





အိပ်ပျော်နေရင်းပင် ဦး၏ ညည်းညူသံထွက်လာသည်။ ကြယ်စုံ ဦးကို လှမ်းကြည့်လိုက်၏။ ကြယ်စုံခြုံထားပေးသော စောင်သည် ဦးကိုယ်ပေါ်မှ ကွာကျနေပြီး ကြမ်းပြင်ပေါ် တစ်ဝက်ပုံနေသည်။

ကြယ်စုံက ဒိုင်ယာရီကို အံဆွဲထဲထည့်ကာ အံဆွဲကို ပိတ်သည်။ ပြီးနောက် စောင်ကိုဆွဲယူကာ ဦးကိုယ်ပေါ် လွှမ်းခြုံပေးခိုက်တွင် –

"ကြယ်စုံ ... နင် ဒါ ဘာလုပ်နေတာလဲ"

စူးရှသော အသံတစ်သံ၊ လှည့်မကြည့်လိုက်ရသေးဘဲ အသံရှင်ကို သိနေ၏။

ရွှေစင်ယော် ...။

ကြယ်စုံ ထိတ်လန့်နေသည်။ လှည့်မကြည့်ရဲတော့ပေ။ စူးရှသော ရွှေစင်ယော်၏အကြည့်ကို ရင်မဆိုင်ရဲပါ။ ကိုယ်က ဘာမှမဟုတ်တာ မလုပ်ဘူးဆိုသော်ငြား ရင်ခုန်သံက ဆူညံနေသည်။

ဘာဖြစ်တာလဲ ... မင်း ဘာဖြစ်နေတာလဲ မိကြယ်စုံ။ မင်းက ဘာမဟုတ်တာ လုပ်ထားမိလို့လဲ။ ဘာကြောင့် ရင်မဆိုင်ရဲနေတာလဲဟု မိမိကိုယ်မိမိ အားပေးမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အားပေးမိသောအခါ ရဲရင့်စိတ်များ တိုးဝင်စပြု လာသည်။ ထိုအခါမှ မျက်နှာကြောကို တင်းကာ ရွှေစင်ယော် ဘက်သို့ လှည့်သည်။

“စောင်ခြုံပေးနေတာလေ၊ ဦး မူးပြီး အိပ်ပျော်နေတယ်”

ကြယ်စုံသည် မှင်သေသေသာ အခြေအနေရသော်လည်း ရင်ထဲ စိုးထိတ်နေသည်။ ဆုတ်ထားသော လက်ချောင်းလေးများကို မဖြည်ပေ။

“မင်း ဒီစာကြည့်ခန်းထဲ ဘာလာဝင်လုပ်တာလဲလို့ ငါမေးနေတာ”

ရွှေစင်ယော့်မျက်လုံးတွေက သူခိုးဖမ်းနေသလိုပင်။ ကြယ်စုံလည်း ကျူးလွန်ထားတာ ဘာကိစ္စမှမရှိဘဲ ရွှေစင်ယော် မျက်လုံးတွေက အထာပိုလွန်းနေသည်ဟုထင်သည်။

“နင် ဒီမှာ ဘာလုပ်တာလဲ၊ ငါ့အဖေနားမှာ ဘာလုပ်နေတာလဲ ... ဟမ်”

“ရွှေစင်ယော် ... နင် တိုးတိုးပြောပါ၊ ဦး နိုးလာလိမ့်မယ်”

‘ဖြန်း’

ကြယ်စုံ မထင်မှတ်ထားချေ။ ကြယ်စုံ့ပါးတစ်ခြမ်းမှာ





ရှခနဲ ဖြစ်သွားသည်။

“ရွှေစင်ယောင် ... နင်”

“နင်က မိစ္ဆာမ ကြယ်စုံ ... သိလား၊ တွေ့သမျှ ယောက်ျားအားလုံး နင့်အပိုင် မထင်နဲ့၊ ငါ့အဖေက နင်လှည့်စားလို့ ရတဲ့လူ မဟုတ်ဘူး။ ဟိုးအောက်ခြေက နင့်ကို အမြင့်ရောက် အောင် ဆွဲတင်လာတာ၊ နားလည်လား”

“ရွှေစင်ယော် ... ငါ့ကို နင် အဲ့လိုမပြောပါနဲ့”

“ပြောတယ်၊ နင် ဒီအိမ်ပေါ်မရောက်လာခင်တည်းက လည်း နင့်ကြောင့် ဖေဖေနဲ့မေမေ ရန်ဖြစ်ကြရတယ်၊ ဒီအိမ်ပေါ် နင် ရောက်လာတော့လည်း နင့်ကြောင့် ငါနဲ့ဖော်ရင် ရန်ဖြစ်ကြ ရတယ်၊ နင်က ကြိုဟ်ဆိုး၊ လောကမှာ နင်ဟာ မရှိခဲ့သင့်ဘူး၊ ငါတို့မိသားစုအတွက် နင်က အဆိပ်ပဲ၊ ဘာလဲ နင်က ဖော်ရင် တစ်ယောက်တည်းမလောက်လို့ ငါ့အဖေကိုပါ ချူစားချင်နေတာ လား။ စဉ်းစဉ်းစားစားလည်းလုပ်ပါ၊ ငါ့အဖေက နင့်အဖေရဲ့ သူငယ်ချင်းဟဲ့”

“ရွှေစင်ယော် ... နင်စော်တော့၊ နင့်စကားက ငါ ဘယ်အဆင့် ရောက်သွားပြီထင်သလဲ”

“ထင်မနေနဲ့၊ နင်က အဲဒီအဆင့်ပဲရှိတဲ့ မိန်းမပဲ၊ အမျိုး

www.burmeseclassic.com

www.burmeseclassic.com



ယုတ် ထမင်းကျွေးတဲ့လက်ကို ကိုက်ချင်တဲ့ဟာမ၊ ဖြုတ်ဆိုးမ"

ကြယ်စုံသည် မခံနိုင်တော့ချေ။ သည်းခံနိုင်တဲ့ အတိုင်းအတာ ကျော်လွန်သွားပြီဖြစ်သည်။

ထို့ကြောင့်ပင် ဖြစ်ချင်ရာဖြစ်ဟု သဘောပိုက်ကာ ရွှေစင်ယော်၏ဆံပင်ထိပ်စကို ဆွဲလိုက်သည်။

"ဘာလုပ်တာလဲ မိန်းမယုတ်"

ရွှေစင်ယော်သည်လည်း ငြိမ်မခံချေ။ ဒေါသတကြီးပင် ကြယ်စုံ့မျက်နှာကို လက်သည်းကြီးများနှင့် ကုတ်ခြစ်သည်။ ကြယ်စုံနှင့် ရွှေစင်ယော်တို့ လုံးထွေးနေကြသောအခါ ဦးကိုကိုနိုင်သည် နိုးလာသည်။

"ဟော့ ဟော့ ... ဘာလုပ်နေကြတာလဲ၊ ဘာဖြစ်ကြတာလဲ၊ ကြယ်စုံ ... သမီး၊ ရွှေစင်ယော် ... လွှတ်ကြစမ်း၊ ဟဲ့ ... လွှတ်ကြစမ်း၊ လွှတ်ကြစမ်းပါ"

ဦးကိုကိုနိုင်သည် ဘယ်လောက်တားစေကာမူ ရွှေစင်ယော်အပေါ် မြိုသိပ်ခဲ့ရသည့် ကြယ်စုံ့ဒေါသများသည် ကြီးထွားစပြုလာပါသည်။ ရွှေစင်ယော်ကြောင့် ကြယ်စုံဖျားခဲ့ရသည်။ ဇော်ရင့်ရွှေ့မှာလည်း ကြယ်စုံ မကြာခဏ အရှက်ကွဲခဲ့ရသည်။ အတန်းထဲတွင်လည်း ဘက်စမန်းတစ်ဦးပမာ ဆက်ဆံခံရသည်။





"မင်းက ငါ့အိမ်မှာနေရတာပဲ ငါခိုင်းတာလုပ်ပေါ့ဆိုသည့် ဗိုလ်မှူး အချိုးခံရသည်မှာ မကြာခဏ ဖြစ်သည်။ ဦး တားမြစ်နေသံကို ကြားရသော်လည်း ကြယ်စုံ့လက်တွေက ဆွဲထားမိသော ရွှေစင်ယော့်ဆံပင်တွေကို မလွှတ်ပါ။ ဘယ်တော့မှ လွှတ်မည် မဟုတ်ပါ။

ရွှေစင်ယော့်ဆံပင်တွေ အုံလိုက်ကျွတ်သွားမှ ကြယ်စုံ ကျေနပ်နိုင်မည်။ တစ်သက်လုံး ကြယ်စုံ့မျက်နှာကို မကြည့်ဝံ့တော့အောင် မှတ်လောက်သားလောက် ပညာပြချင်သည်။

"လွှတ်ကြစမ်းပါ၊ သမီးရွှေစင်ဖယ် လွှတ်စမ်း"

ရွှေစင်ယော်သည်လည်း မဖော်ပေ။ ကြယ်စုံ့ဆံပင်ကို နောက်ပြန်လှန်ဆွဲထားသည်။ ကြယ်စုံလည်း နာလှပါပြီ။ ဒီပုံအတိုင်းဆို ကြယ်စုံ ရှုံးတော့မည်မှန်း ရိပ်မိ၏။ ထို့ကြောင့်ပင် ရွှေစင်ယော့်ကိုယ်ကို အားရှိအားကုန် နံရံသို့ ဆောင့်တွန်းလိုက်၏။

ရွှေစင်ယော် ဖော်တော်အီသွားမည်ဆိုတာ ကြယ်စုံသိ၏။ သို့သော် ရွှေစင်ယော်သည်လည်း မခေပေ။ ကြယ်စုံ့ကို အားရှိအားကုန် တွန်းပြန်သည်။ ကြယ်စုံ့ကျောပြင်သည် နံရံနှင့် ဆောင့်မိသွားပြန်၏။ ကြယ်စုံ့ကျောသည် ထုံခနဲ ကျဉ်သွားသည်။ သို့သော် ရွှေစင်ယော် ဆံပင်များကို မလွှတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



"တော်ကြပါတော့ ... လွှတ်ကြစမ်း"

ဦးကိုကိုနိုင်သည် ကြယ်စုံနှင့် ရွှေစင်ယော်ကို ဖျန်ဖြေနေရှာသည်။ ကြယ်စုံကိုလည်း ဆွဲမရသလို ရွှေစင်ယော်ကိုလည်း ဆွဲမရချေ။ အခန်းထဲတွင် တိုးတိုက်သံများ ဝုန်းခနဲ ဝုန်းခနဲ ဆူညံ၍ နေလေသည်။

ကြယ်စုံကိုဆွဲမရသော ဦးကိုကိုနိုင်သည် ရွှေစင်ယော်ကို ဆွဲဖို့ ကြိုးစားသည်။ ထိုအခိုက်တွင် ကြယ်စုံက ရွှေစင်ယော်ကို ဆောင့်တွန်းလိုက်ရာ ဦးကိုကိုနိုင်သည် အားလွန်ပြီး စာကြည့်စားပွဲနှင့် ဆောင့်တိုက်မိသည်။

'ဝုန်း'

ဆူညံသံကြီးသည် ရန်ပွဲကို စဲသွားစေသည်။ စာကြည့်စားပွဲ နှင့် ကုလားထိုင်ကြားတွင် ငြိမ်သက်စွာ လဲလျောင်းနေသော ဦးကိုကိုနိုင်။

"ဖေဖေ"

"ဦး"

အာမေဍိတ်သံနှစ်ခုနောက်တွင် အိမ်ကြီးသည် ပကတိ တိတ်ဆိတ်စွာ။

❁ ❁ ❁



## အခန်း (၈)

'ဖြန်း'

Operation ခန်းရှေ့တွင် စိုးရိမ်စိတ်ကြီးရှိနေသော ကြယ်စုံကို နောက်မှရောက်လာသော ဒေါ်မိမိရွှေက တွေ့တွေ့ချင်း ပါးရိုက်ချလိုက်သည်။

"ခြေနှစ်ချောင်း မကာယ်ကောင်းဘူးဆိုတာ ဒါကို ပြောတာပဲ၊ မိန်းမယုတ် ... ခွေးတောင် ထမင်းကျွေးတဲ့လက်ကို ပြန်မကိုက်ဘူး ... သိရဲ့လား"

ကြယ်စုံရင်ထဲ နာသွားသည်။ ဒေါ်မိမိရွှေကို စိမ်းစိမ်းကြီး စိုက်ကြည့်နေသည်။

"ငါ့ကို ပြန်မကြည့်နဲ့၊ ခုနေချိန် မင်းရဲ့မျက်လုံးကို ဖောက်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပယ်ဖို့လည်း ငါ ဝန်မလေးဘူး။ သွား . . . ခုချက်ချင်းသွားစမ်း။ ငါ မင်းမျက်နှာကို မကြည့်ချင်ဘူး''

''ဟင့်အင်း . . . အန်တီမိ၊ ကြယ်စုံ ဦးရဲ့အခြေအနေကို စောင့်သွားဦးမယ်''

''မင်း ဘယ်လိုကောင်မလေးမျိုးလဲ၊ ဟမ် . . . ငါ့ ယောကျ်ားလောက် မင်းအပေါ် ကောင်းနိုင်တဲ့လူကို ရှာဦး။ ဘာလဲ . . . မင်းသတ်လိုက်တဲ့လူ သေ,မသေ စောင့်ကြည့်ဦးမလို့လား''

''မဟုတ်ဘူး အန်တီမိ၊ ဦးကို ကြယ်စုံ . . .''

''တော်တော့ . . . ငါ မကြားချင်ဘူး၊ မင်း ထွက်သွား။ ဆေးရုံမှာ ဒီထက် အရှက်မကွဲချင်ရင် သွားတော့၊ မိအေး . . .''

''ရှင် . . . အန်တီ''

''သူ့ကိုခေါ်သွား''

အိမ်ကြီးရှင်၏အမိန့်ကို မိအေးက ရိုကျိုးစွာ နာယူသည်။ ကြယ်စုံ့ကို ခါးမှတွန်းခေါ်သည်။

''လာပါ ကြယ်စုံရယ် . . . သွားရအောင်ပါ''

ကြယ်စုံရင်ထဲ နာသည်။ တစ်နာရီကျော်ကြာသည်ထိ မဖွင့်လာသေးသော Operation ခန်း၏တံခါးကို ငေးကြည့်ပြန်သည်။



ကြယ်စုံ့မျက်လုံးထဲမှ မျက်ရည်ကြည်တို့ ဝေ့ဝဲလာသည်။

''ဖေဖေ . . . အီး ဟီး၊ ဟီး ဖေဖေကလေ ဖေဖေက''

ဆံပင်စုတ်ဖွားနှင့် ရွှေစင်ယော်သည် ဒေါ်မိမိရွှေကို ဖက်ကာ ကလေးလိုငိုကြွေးနေသည်။

ကြယ်စုံ့ရင်တွေ ဖြောင်းဆန်ကုန်သည်။ ဘဝတွေများ ကြည့်စမ်း ခြားနားလိုက်တာ။ ရန်ဖြစ်ကြတာချင်းအတူတူ ရွှေစင်ယော်မှာတော့ အပြစ်မရှိဘူးတဲ့လား။ ဦး တိုက်နိုက်ဒဏ် ခံရအောင် လုပ်တာက ကြယ်စုံတစ်ယောက်တည်းရဲ့အပြစ်တဲ့ လား။ ရွှေစင်ယော်မှာတော့ အပြစ်က မရှိတော့ဘူးတဲ့လား။

''တိတ်ပါ သမီးရယ် . . . တိတ်ပါ၊ သမီးဖေဖေ မကြာခင် သတိရလာမှာပါ''

''ဖေဖေ ဘာဖြစ်မှာလဲဟင် မေမေ၊ ဖေဖေ ဘာမှ ဖြစ်ပါဘူးနော်''

''တိတ်ပါသမီးရယ်၊ မငိုပါနဲ့ မေမေရှိပါတယ်''

ကြယ်စုံ့ရင်ထဲ ခါးသက်သွားသည်။ ရွှေစင်ယော်၏ မျက်ရည်များသည်လည်း အလကားသက်သက် ကြယ်စုံ့ကို သရော်နေသည်ဟု ခံစားရသည်။ ကြယ်စုံ့အရှေ့တွင် ငိုပြနေသည် ဟုထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မပိုပါနဲ့ ရွှေစင်ယော်။ နှင့်မှာ ပိုင်ဆိုင်တာများမှန်း ငါသိပါတယ်၊ အန်တီမိက နှင့်အမေဆိုတာ ငါသိပါတယ်၊ ငါ့ရှေ့မှာ မဏ္ဍပ်တိုင် တက်မပြပါနဲ့တော့။ ဦးကို နှင့်ထက်ငါက ပိုစိုးရိမ်နေတာပါ။

နှင့်ထက်ငါက ပိုပြီးပူလောင်နေတာပါ။ နှင့်မှာက အဖေမရှိလည်း အားကိုးအားထားပြုရလောက်တဲ့ အမေတစ်ယောက်လုံး ရှိသေးတယ်။ အဖေမရှိတော့လည်း တစ်သက်စားမကုန်တဲ့ စည်းစိမ်ချမ်းသာတွေ ရှိနေပါသေးတယ်၊ ငါကတော့ လက်မဲ့ပါ။ ငါ့ဘဝမှာ ဦးတစ်ယောက်တည်းရှိတော့တာပါ။ ငါပူဖို့လည်း ထားပါဦး။

ဦးမရှိတော့ဘူးဆို ငါ့ဘဝက မတွေးဝံ့တော့လောက်အောင် မှောင်မိုက်သွားပြီ။ ဦးရယ် ကျေးဇူးပြုပြီး အသက်ရှင်ပေးပါ။ ကြယ်စုံကို ပစ်မထားခဲ့ပါနဲ့ ဦးရယ်။ လောကမှာ ကြယ်စုံအပေါ် ကောင်းတဲ့လူဆိုလို့ ဦးပဲရှိတာပါ။ ဦးကပဲ ကြယ်စုံဘဝကို အရိပ်မိုးပေးနိုင်မှာပါ။

ဦးရယ် ကျေးဇူးပြုပြီး ကြယ်စုံအနားက ထွက်မသွားပါနဲ့။ ကြယ်စုံကိုသနားပါနော်။ ကြယ်စုံအနားမှာ ရှိပေးပါနော်။ ကြယ်စုံကို ပစ်မထားပါနဲ့။





"မငိုပါနဲ့ကြယ်စုံရယ် ... သူဌေး သတိရလာမှာပါ၊ သူဌေးက ကြယ်စုံကို သံယောဇဉ်ရှိပါတယ်"

မိအေး သိသည်။ ကြယ်စုံကို ဦးက ချစ်ခင်တာကို မိအေးတို့ ရိပ်မိသည်။ ဒါကို ဒေါ်မိမိရွှေက ဘာကြောင့် မသိချင်ယောင်ဆောင်နေရတာလဲ။ ဦးသည် ဒေါ်မိမိရွှေ၏ ခင်ပွန်းဖြစ်သည်။ ခင်ပွန်းဖြစ်သူက ချစ်ခင်သောသူကို ဇနီးဖြစ်သူကလည်း ငဲ့ညှာ၍မိဖြည့်ပေးရမည်ဖြစ်သည်။ ခုတော့ ကြယ်စုံအပေါ် ဆက်ဆံသည့် ဦး၏မျက်နှာကနှင့် ဒေါ်မိမိရွှေ၏မျက်နှာကသည် နံ့သာဆီနှင့်အီးပမာ ခြားနားလွန်းလှသည်။

ဦးသည် မေမေ့ကို သိပ်ချစ်သည်။ ဦး၏နှလုံးသားထဲတွင် မေမေ့ကို နှစ်ပေါင်းအတော်ကြာသည့်ထိ လျှို့ဝှက်စွာ သိမ်းထားနိုင်ခဲ့သည်။ ဦးဘဝမှာ အတွေ့ချင်ဆုံးသူသည် မေမေသာ ဖြစ်လိမ့်မည်။ ဦးသာ သတိရလာခဲ့လျှင် မေမေ့ကိုယ်ပွားဟု ဒိုင်ယာရီထဲ တင်စားခဲ့သော ကြယ်စုံကို တွေ့ချင်လိမ့်မည်။ ရွှေစင်ယော်၏ မျက်နှာထက် ကြယ်စုံမျက်နှာသည်သာ ဦးအတွက် ဆေးတစ်ခွက် ဖြစ်လိမ့်မည်။ ဘာကြောင့် ကြယ်စုံကို မောင်းထုတ်နေရတာလဲ။ ဦးက ရွှေစင်ယော်ထက် ကြယ်စုံအပေါ် ပိုတွယ်တာသွားမှာ စိုးလို့လား။ ဒေါ်မိမိရွှေရဲ့ အကြိုက ဒါအကုန်ပဲလား။ တွေးရင်း

www.burmeseclassic.com

www.burmeseclassic.com



ကြယ်စုံ နာကြည်းလာမိသည်။

ဦးရယ် ဦးမသေပါနဲ့ဦး။ ကြယ်စုံ့ဘဝမှာ ဦးမရှိလို့ မဖြစ်ဘူး။ ကြယ်စုံ့အတွက် ဦးအရိပ် လိုအပ်ပါတယ်။ ဒါကြောင့် ကြယ်စုံ့ကို ထားမသွားပါနဲ့နော်၊ ကြယ်စုံတောင်းပန်ပါတယ်။ ကြယ်စုံ့ဘဝက စတင်ကတည်းက ဒုက္ခနဲ့ဖက်မွေးလာခဲ့တာပါ။ ဦးနဲ့တွေ့မှ သာယာဖို့ နေ့ရက်တွေ ရောင်နီသမ်းလာခဲ့တာပါ။ ဒါကို ဦးက သိလျက်နဲ့ ပစ်ထားဦးမလို့လား။ ဦးရယ် ကြယ်စုံ့ကို ဒီဘဝဆိုးကြီးကနေ ကယ်ထုတ်လှည့်ပါ။ ကြယ်စုံ့ကို စောင့်ရှောက်လှည့်ပါ။ ထွက်မသွားပါနဲ့နော်။

ဒါမှန်းသိရင် ကြယ်စုံလေ ရွှေစင်ယော်ကို သည်းခံခဲ့မှာပါ။ ဒါမှန်းသိရင် ကြယ်စုံ့ကို နိုင်ငံခြားပို့ပေးဖို့ တောင်းဆိုခဲ့မှာပါ။ ဦးရယ် ကြယ်စုံ အဲဒီအိမ်မှာ မနေချင်တော့ဘူး။ ကြယ်စုံ့ကို ပုံသွန်းခွင့်ပြုပါ ဦးရယ်။ ကြယ်စုံ့ကို တောင်ပံတပ်ပေးမယ့်လူက ဦးပါ။ ဒါကြောင့် ... ဦး ထွက်မသွားပါနဲ့နော်။

ရင်ထဲ အထပ်ထပ်ပြောနေမိသော်လည်း နိုင်မာမှုက မသေချာလှပေ။ အိမ်ထဲဝင်နေမိသော ခြေလှမ်းများထံ စိတ်က မရှိချေ။ Operation ခန်းထဲမှ ဦးဆီသာ စိတ်ကရောက်နေသည်။

"ကြယ်စုံ ဘာဖြစ်တာလဲ"



"ဖော်ရင် ... ဖော်ရင်၊ ဦးလေ ဦး ဦး ... သူ သူ"

ဖော်ရင့်ရင်ခွင်ထဲသို့ တိုးဝင်ကာ ချုံးပွဲချ ငိုချပစ်မိသည်။ ကြယ်စုံ့အပြုအမူကြောင့် ဖော်ရင် ရင်ထိတ်သွားသည်။ ဦးကိုကိုနိုင် လဲကျသွားလို့ ဆေးရုံတင်ထားရတယ်ဆိုတာ ဖော်ရင် သတင်းရပြီးသား။ ဒါကြောင့်ပဲ အကျိုးအကြောင်းမေးရန် စောင့်နေခြင်းဖြစ်သည်။

ကြယ်စုံက ငိုရှိုက်လာသည်။ ဘာဖြစ်သွားပြီလဲ။ ဦးကိုကိုနိုင် ဘာဖြစ်သွားပြီလဲ။ ဦးကိုကိုနိုင်သာ တစ်ခုခုဖြစ်လျှင် ရွှေစင်ယော်တစ်ယောက် ဘာဖြစ်သွားမလဲ။

ရွှေစင်ယော်က အန်တီမိကိုထက် အန်ကယ်နိုင်ကိုသာ အချစ်ဆုံးဖြစ်သည်။ ဖခင်အကြောင်း မကြာခဏ အမွှမ်းတင်တတ်သော ရွှေစင်ယော်။

"အန်ကယ် အန်ကယ် ဘာဖြစ် ..."

"ငါ ဘယ်လိုလုပ်ရမလဲ ဖော်ရင်ရယ်၊ ငါ့အတွက် ဦးမရှိလို့ မရဘူး။ ဟမ် ... ငါဘာလုပ်ရမလဲ"

ဖော်ရင် ရင်ထဲပူလောင်နေတာမှန်သော်လည်း ကြည့်နေသော မိအေးကြောင့် ရှိန်းတိန်းဖိန်းတိန်း ဖြစ်လာသည်။

မိအေး၏မျက်လုံးထဲတွင် မေးခွန်းများစွာပါနေ၏။ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဖက်တွယ်ထားသော ကြယ်စုံ့လက်မောင်းကို ဖယ်ခွာချသင့်နေသော်လည်း သူ ထိုသို့မလုပ်ရက်ချေ။ ကြယ်စုံ့က ဝမ်းနည်းပူဆွေးနေသည် မဟုတ်ပါလား။

"ကြယ်စုံ . . . သတိထားမှပေါ့ ကြယ်စုံရာ၊ အန်ကယ်က ဘာမှမဖြစ်နိုင်ပါဘူး၊ အန်ကယ်က ဘာဖြစ်ရမှာလဲ၊ သူ့ကို အသက်မသေစေချင်တဲ့သူတွေ ဒီလောက်များနေတာ ဘာဖြစ်ရမှာလဲ၊ ဘာမှမဖြစ်နိုင်ပါဘူး"

အားတင်းပြီး အားပေးနေရသော်လည်း မိအေးမျက်လုံးများကိုတော့ လန့်မိသည်။ ခုနေချိန် ကြယ်စုံနှင့်သူ့ကိစ္စ မေမေ သိသွား၍ မဖြစ်ပါ။

"သား . . . အခုချိန် ဘာကိုမှ စိတ်မကူးနဲ့နော်၊ စာကိုသာ ကြိုးစား၊ ဘယ်မိန်းကလေးကိုမှ မျက်စိမရောက်နဲ့၊ ခုခေတ် မိန်းကလေးအများစုက ယောကျ်ားတစ်ယောက်ကို ကြည့်ရင် လေးစားသမှုနဲ့ ကြည့်တတ်ကြတာ မဟုတ်ဘူး၊ သူတို့မျက်လုံးထဲ နည်းနည်းချမ်းသာရင် လေ့ကားသေးသေး၊ များများချမ်းသာရင် လေ့ကားကြီးကြီးလို့ သတ်မှတ်ထားတာ၊ သားက မေမေတို့ရဲ့ အဖိုးတန်ရတနာလေး၊ လေ့ကားမဟုတ်ဘူး၊ အိမ်ထောင်ရေးဆိုတာ ဆုံးဖြတ်နိုင်တဲ့အရွယ်ရောက်မှ စဉ်းစားတာ အကောင်းဆုံးပဲ သား"

မေမေ မကြာခဏပြောတတ်သောစကား ဖြစ်သည်။ ကြယ်စုံ့ကို မေမေက သိပ်သဘောမကျဘူးဆိုတာ သူ အကဲခတ်မိသည်။ ထို့ကြောင့် အခုလောလောဆယ် ဒီကိစ္စကို မေမေသိ၍ မဖြစ်ပါ။

ပြဿနာများစွာ ရှိလာနိုင်သည်။ နောက်သုံးနှစ်လောက်နေလျှင် သူလည်း အလုပ်လုပ်နေပြီဖြစ်သည်။ အသက်ကလည်း ကြီးလာမည်။ ထိုအချိန်မှ မေမေ့ကိုဖွင့်ပြောပြီး နားဝင်အောင် ဖျောင်းဖျမည်ဟု စဉ်းစားမိသည်။

ထို့ကြောင့် မိအေးမပြောပါစေနဲ့/မေမေ့နားထဲ မပေါက်ကြားပါစေနဲ့ဟုသာ အတန်တန် ဆုတောင်းနေမိတော့သည်။

❁ ❁ ❁





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ကြယ်စုံဖူးကို မမိက နိုင်ငံခြားပို့တော့မယ်ဆိုလား" မနက်စာဝိုင်းတွင် ပြောချလိုက်သော မေမေ့အသံကြောင့် သူ ဆက်စားချင်စိတ် မရှိတော့ချေ။

"ကိုကိုနိုင်ရော သတိရလာပြီလား"

"မရသေးဘူး။ ဆရာဝန်ကတော့ လူနာ အသက်ရှင်ချင်စိတ် ရှိပါစေလို့ ဆုတောင်းရမယ်ပြောတယ်"

"ရှင်ချင်မှာပါ၊ သူ့သမီး ရွှေစင်ယော်ကို ဒီလောက်ချစ်တာ၊ အိမ်ထောင်မပြုရသေးတဲ့သမီးကို ဘယ်လိုလုပ် စိတ်ချမလဲ ကိုယ်သာဆိုရင် စိတ်မချနိုင်ဘူး"

"ဒါကြောင့် ခြေနှစ်ချောင်း မကာယ်ကောင်းဘူးလို့ ရှေးလူ





ကြီးများ ပြောတာပဲ"

"ဘာဖြစ်လို့လဲ"

"ကြယ်စုံဖူးနဲ့လေ ရန်ဖြစ်ကြတာတဲ့။ ကောင်မလေးက တုပ် ကမြင်းလေးထင်ပါရဲ့"

"မေမေ ကြယ်စုံ့ကို အဲဒီလိုမပြောပါနဲ့၊ ကြယ်စုံက မေမေတို့ထင်သလို မဟုတ်ဘူး၊ ရွှေစင်ယော်အပေါ်ကိုလည်း အကောင်းမြင်တယ်၊ အားလုံးအပေါ် စေတနာထားတယ်"

"ဖော်ရင် . . . မင်းက ငါ့သား၊ ငါမွေးထားလို့ ဒီအရွယ် ထိ ရောက်နေတာ၊ မိန်းမကဲကို မိန်းမချင်းပဲ ပိုသိတယ်၊ မှတ်ထား . . . အဲလိုမိန်းကလေးမျိုးကိုယူမိတဲ့ယောက်ျားတော့ ပြာပုံတိုး တာပဲ"

"ဟာ နွယ်ကလည်း . . . အဲဒီလို မဆင်မခြင်မပြောနဲ့ ကိုယ် မကြိုက်ဘူး"

ဖေဖေ့ကို သူ အားကိုးမိသွားသည်။ ဖေဖေသည် မေမေ ဆက်စာလျှင် တရားမျှတသူဟု ထင်သည်။ မေမေက သား သူ့ကို ချစ်သည့်စိတ်နှင့် သူကလွဲရင် သူများသားသမီးတွေအားလုံး နဲ့ ဆန့်ကျင်ချည်းသာ။

"မဆင်မခြင်ပြောတာမဟုတ်ဘူး ကိုခင်ဖော်ရဲ့၊ ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးက ဗိုဇကိုမကောင်းတာ၊ ကိုယ့်အဖေအရွယ် ကိုယ့်ကျေးဇူးရှင်ကို ဒီလိုလုပ်စရာလား''

မေမေ့ လေယူလေသိမ်းကို သိပ်မကြိုက်လှသော်လည်း အသံကို နားစွင့်မိပြန်သည်။ ဖေဖေလည်း နားစွင့်နေသည် ထင်ပါရဲ့။ ဖေဖေ့ ထံမှ အသံသည်လည်း တိတ်ဆိတ်၍နေသည်။

''ကိုကိုနိုင်အိပ်နေတဲ့ စာကြည့်ခန်းထဲဝင်ပြီး သူ့စောင်ကို သွားခြုံပေးတယ်တဲ့၊ လုပ်သင့်တဲ့အလုပ်လား''

ရုတ်တရက် သူ့ခေါင်းကြီး ကြီးသွားသလို ခံစားရသည်။ ဦးကိုကိုနိုင်ကို စောင်ခြုံပေးတာက အပြစ်တစ်ခုမဟုတ်သော်လည်း သူ့စောင်ကို ခြုံပေးတယ်ဆိုတာက မဖြစ်သင့်တဲ့ကိစ္စ။ သူ့စောင်ကို ယူပြီး ထွက်လာတယ်ဆိုတာ ဦးကိုကိုနိုင် စာကြည့်ခန်းထဲ အိပ်နေတယ်ဆိုတာ သိ၍သာဖြစ်သည်။ စာကြည့်ခန်းနှင့် ကြယ်စုံ့အခန်း အကွာအဝေးကို သူကောင်းကောင်းသိသည်။ လမ်းကြုံပြီး ဝင်လို့ရတဲ့နေရာ မဟုတ်ချေ။ ဟုတ်လို့လား ဖြစ်နိုင်လို့လား၊ သူတော့ မယုံပါ။

''ဟာ ... မင်းဟာကလည်း မဟုတ်ဘဲနဲ့ ပြောမိရင် တစ်ဖက်မိန်းကလေး သိက္ခာကိုလည်း ထောက်ဦးမှပေါ့ကွာ''

''ဟုတ်လို့ပေါ့၊ မဟုတ်ဘဲနဲ့တော့ ရွှေစင်လေးက သူ့





မျက်နှာကို ကုတ်ခြစ်ပါ့မလား''

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ရွှေစင်ယော်အကြောင်း သူ ကောင်းကောင်းသိ၏။

ရွှေစင်ယော်သည် နှုတ်ကသာ စွာတတ်သူဖြစ်သော်လည်း ကိုယ်ထိလက်ရောက်လုပ်ရန် ကြောက်လှသူဖြစ်သည်။

ငယ်စဉ်က သူတို့ခြံထဲ ရှဉ့်လေးတစ်ကောင် ဝင်လာလေ့ရှိသည်။ ထိုရှဉ့်လေးကို သူတို့ခြံထဲရှိ မာလကာသီးပင်ပေါ်၌ မကြာခဏ တွေ့ရတတ်သည်။ မာလကာသီးကြိုက်သော ရွှေစင်ယော်သည် သူ ဦးထားသောအသီးကို ရှဉ့်က ဦးဦးသွား၍ မကျေနပ်ပေ။

ထိုရှဉ့်ကိုတွေ့ပါက အမှုန့်ချေပစ်မယ်ဟု မကြာခဏ ကြိမ်းဝါးဖူးသော်လည်း တစ်နေ့ ဦးမြကြီးက ထိုရှဉ့်လေးကို ဖမ်းထားချိန်တွင် ရွှေစင်ယော်သည် အမှုန့်ချေပစ်ဖို့ နေနေသာသာ ကျောသပ်ရင်သပ်နှင့် မွေးမြူထားသည်။ ပြီးနောက် ရှဉ့်လေးရှင်းနေပြီထင်တယ်ဟုပြောကာ ရွှေစင်ယော်ကိုယ်တိုင် လွှတ်ပေးခဲ့ဖူးသည်။

ရွှေစင်ယော်သည် သူ့ရှေ့၌ ကြယ်စုံ့ကို အမှုန့်ချေပစ်မယ်ဟု တစ်ခါမျှ မကြိမ်းဝါးဖူးချေ။ ကြယ်စုံ့ကို သတိထားမိသော



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ ပြောတတ်သည်။ ထိုစိတ်ကို သဘောပေါက်၏။ သူက ကြယ်စုံကို ရွှေစင်ယော်ထက် ခင်သွားမည်ကို စိုးရိမ်၍ဖြစ်မည်။

"ရွှေစင်ယော်က ကုတ်ခြစ်တယ် ဟုတ်လားနွယ်"

"ဟုတ်တယ် တော်ရုံဒေါသနဲ့ လုပ်ပုံမလား။ ဟွန်း ... ဒီကောင်မလေးကြောင့် ရွှေစင်လေးလည်း စရိုက်တွေ ကျ ကုန်တော့မယ်၊ ခက်ပါတယ် ဒေါသထွက်လည်း ထွက်စရာပဲ၊ လုပ်စရာလား"

မေမေ့ဝေဖန်သံများက သူ့ရင်ထဲ သို့လော သို့လော စိတ်ကို ဖြစ်ပေါ်စေသည်။ ဘာလို့လဲဆိုတော့ ကြယ်စုံကို သူချစ် သည်။ သူချစ်သောကြယ်စုံက အကျင့်စာရိတ္တ ပျက်စီးနေသူ မဟုတ်မှန်း သူသိသည်။ သို့သော် သူ့ရင်ခွင်ထဲသို့ တိုးဝှေ့ငိုနေ သော ကြယ်စုံ့မျက်နှာပေါ်တွင် လက်သည်းခြစ်ရာတွေရှိနေတာ သူမြင်ခဲ့သည်။ မမေးနိုင်တော့၍ မမေးခဲ့သော်လည်း ထိုလက် သည်းခြစ်ရာများသည် သူ့အတွက် ပဟေဠိဖြစ်၍နေသည်။

တကယ်ပဲ ရွှေစင်ယော်လား။ ရွှေစင်ယော်နဲ့ကြယ်စုံတို့ ဘာဖြစ်ကြတာလဲ။

"ကောင်လေး ... မင်းလည်းသတိထားနော်၊ မာယာ များတဲ့ မိန်းမဆိုတာ ပျိုပျိုအိုအို နားလည်တာ မဟုတ်ဘူး"





"ဟာ ... မင်းကလည်းကွာ ကလေးကို၊ သားက ဒါတွေ စဉ်းစားရမယ့်အရွယ်လား။ စဉ်းစားတယ်ထားဦး ကိုယ်တို့ သား အဲဒီယောက် မညံ့ပါဘူး။ ဒီခေတ်ကလေးတွေက ကိုယ်တို့ ငယ်တုန်းကလို မဟုတ်တော့ဘူး။ အချစ်ကို ကိုးကွယ်ပြီး စွယ် တော်ရွက်ကို စာအုပ်ကြားညှပ်တဲ့ခေတ်က ကုန်ပြီ၊ သူတို့ခေါင်း ထဲမှာ ဂဏန်းတွက်စက် ရှိတယ်၊ ပူစရာမဟုတ်တာတွေ ပူမနေ စမ်းပါနဲ့"

ဖေဖေ့စကားကြောင့် ဖော်ရင့်စိတ်ထဲ ပို၍ မွန်းကျပ်သွား သည်။ မျှော်လင့်ချက်သည် ပေါ်လာခါနီးမှ ရုတ်တရက် ပျောက် သွားသလို ခံစားရသည်။ ဘယ်ဟာအမှန်၊ ဘယ်ဟာအမှား ဆို တာလည်း ဝေခွဲမတတ်ချေ။ အဖြူအမည်းကိုလည်း သဲသဲကွဲကွဲ မသိချင်ပေ။

လောလောဆယ် ကြယ်စုံဘက်မှ ရပ်တည်ချင်သည်။ ကြယ်စုံသည် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ အားနည်းနေ သောသူ ဖြစ်သည်။ လဲနေသူထူပေးပြီး အားငယ်သူကို အား ပေးချင်သည်။ အားငယ်နေသော ကြယ်စုံ့ကို အထင်မလွဲရက်ပေ။ လောကမှာ သူသာ ကြယ်စုံ့ကို မယုံလျှင် ဘယ်သူက ယုံဦးမလဲ။

"မင်းကလည်း တစ်ဖက်သတ်ကြီး ဘယ်တွေမှ မတွေး

www.burmeseclassic.com

www.burmeseclassic.com



နဲ့၊ ဖြစ်ရပ်တိုင်းက အမှန်နဲ့အမှားဆိုတာ ဒွန်တွဲနေတတ်တာ ချည်းပဲ၊ စေတနာနဲ့ကြည့်ရင် အရာရာတိုင်းကို နားလည်လို့ ရတယ်၊ ရောဂါတိုးပါတယ် နွယ်ရယ်၊ မေ့လိုက်စမ်းပါ၊ သေရွာတာ လည်း မဟုတ်ဘဲနဲ့''

''မမိက ကျွန်မကို ညာမှာတဲ့လား။ မိအေးက ညာ ပြောတယ်ထားဦး ကိုကိုနိုင်က ဆေးရုံရောက်နေပြီ''

''မင်းလည်း ဆေးရုံမှာ သတင်းလေးဘာလေး သွား မေးဦး''

''ပြီးပါ့ . . . ရွှေစင်လေးခမျာ သနားပါတယ်၊ သူ့ကြောင့် ဆိုပြီး တဝိုဝို တရီရီဖြစ်နေတယ်၊ ဟိုကောင်မလေးကို အရိပ် အယောင်ကို မတွေ့ရဘူး၊ အမှုပတ်မှာစိုးနေမှာပေါ့''

''ဟာ . . . မေမေကလည်း ကြယ်စုံကိုဆို အပြစ်ချည်းပဲ အန်တီမိက မောင်းထုတ်ခဲ့လို့ ပြန်လာခဲ့ရတာ၊ ဆေးရုံကိုလည်း မလာနိုင်ဘူး၊ ကြယ်စုံက မသွားချင်ပဲရှိပါ့မလား။ ခုချိန်တောင် ချောင်မှာ တစ်ယောက်တည်း ငိုနေလောက်ပြီ''

''မင်းကို ဟိုက မျက်ရည်ခံထိုးပြောလိုက်လို့ မအေ စကားတောင် အမှားဖြစ်ရတာပေါ့လေ ဟုတ်လား၊ ဟင်း . . .၊ သတိထားနေ၊ ဒီကောင်မလေးနဲ့ ဒီလိုခင်ခင်မင်မင်နေတာကို



မေမေ မကြိုက်ပါဘူး''

သူသည် မခံချင်တော့ပါ။ မေမေ့အသံကိုလည်း မကြား ချင်တော့ပါ။ ထို့ကြောင့် မကြိုက်သောကော်ဖီကိုလည်း သည်း ညည်းမခံချင်တော့။

''ဘယ်လဲ ပြီးပြီလား''

''ဟုတ် . . . ခြံထဲသွားတော့မယ်''

''ကုန်အောင်သောက်သွားလေ''

''မသောက်ချင်တော့ဘူး''

တစ်ခါတစ်ရံတွင် ဇော်ရင်သည်လည်း ကြွပ်ဆတ်ဆတ် နိုင်သော ကောင်လေးဖြစ်နေတတ်သည်။

''တင်းလွန်းတဲ့ကြိုး ပြတ်တတ်တယ်တဲ့၊ သားကို ပြုစု တဲ့မိခင်က သားသဘောကို သိထားဖို့လိုတယ် နွယ်၊ ဒါမှ . . . ရင်ထုငိုရတဲ့နေ့ မရှိလာမှာ''

ဦးခင်ဇော်စကားသည် ဘာကိုရည်ညွှန်းနေသလဲဆိုတာ ဒေါ်မြင့်လေးနွယ် ကောင်းကောင်းသဘောပေါက်နိုင်ပေလိမ့်မည်။

ဇော်ရင်သည်လည်း ထိုစကားကိုကြားလိုက်သည်။ မသိ ချင်ယောင်ဆောင်ပြီး ထွက်လာခဲ့မိသည်။ ရင်ထဲ ပင်ပန်းနေတာ တော့ အမှန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ခြံထဲဆိုသော်ငြား တစ်ဖက်ခြံသို့ ခွေ့ခနဲ ကူးလာခဲ့ ပြန်သည်။

ရွှေစင်ယော်ရော ဒေါ်မိမိရွှေပါ ဆေးရုံမှ ပြန်မလာကြ သည်မို့ အိမ်တွင် လူရှင်းနေသည်။ ခါတိုင်းဆို အိမ်ထဲဝင်လာလျှင် သန့်ရှင်းရေးလုပ်နေသော မိအေးနှင့်အရင်တွေ့သည်။ ယခု ... မိအေးကို မတွေ့ရပုံထောက်လျှင် ဆေးရုံသွားတာ ဖြစ်နိုင်မှန်း ရိပ်မိသည်။

မီးဖိုခန်းရှေ့ ဖြတ်လာသောအခါ ချိုင့်ကြီးများကို တန်းစီကာ ချက်ပြုတ်နေသော ဒေါ်တူးကိုရိပ်ခနဲ တွေ့ရပြန်သည်။ ဆေးရုံကို ထမင်းချိုင့်ပို့ရန် စီစဉ်နေပြီမှန်း သူ ခန့်မှန်းမိပြန်သည်။

သူ့ရင်ထဲ ပေါ့သလိုလို ရှိလာသည်။ အိမ်သားအားလုံး မည်သူမျှမရိပ်မိချိန်တွင် ကြယ်စုံနှင့် သူ လွတ်လွတ်လပ်လပ် စကားပြော၍ ရနိုင်ပေသည်။

သို့သော် ကြယ်စုံ့အခန်းရှေ့သို့အရောက်တွင် ကြယ်စုံ အခန်းတံခါးကို ခေါက်ဖို့ ကြံရွယ်ချိန်တွင် အခန်းထဲမှ စကား ပြောသံသဲ့သဲ့ ကြားလိုက်ရ၍ သူ နားစွင့်မိသွားသည်။

မိအေးလားဟု သံသယဝင်ကာ လှည့်ပြန်မည်အပြုတွင် ခြေလှမ်းများက ရပ်တန့်သွားပြန်သည်။



မိအေးသည် ကြယ်စုံ့အခန်းထဲဝင်ရန် အကြောင်းမရှိချေ။ အခန်းသန့်ရှင်းရေးကိုလည်း ကြယ်စုံက ကိုယ့်စိတ်ကြိုက်လုပ် သည်ဟု ပြောဖူးသည်။

ဒါဆို ဘယ်သူလဲ။ သိချင်စိတ်ကို ထိန်းမရချေ။ ထို့ ကြောင့် အာရုံကို ပိုစိုက်ထားမိသည်။ ကြယ်စုံသည် တစ်ယောက် တည်းသာ ပြောနေခြင်းဖြစ်သည်။ စကားသံကို သဲသဲကွဲကွဲ ကြားရသော်လည်း ဖုန်းပြောနေခြင်းဖြစ်မည်ကို ခန့်မှန်းမိသည်။

ကြယ်စုံ ဘယ်သူနဲ့များ ဖုန်းပြောနေတာလဲ။ ကြယ်စုံ့ထံ တွင် ယခုလို အချိန်မျိုးက ဖုန်းပြောရမည့် သူငယ်ချင်းမျိုး မရှိချေ။ ဘယ်သူများလဲ။ သိချင်စိတ်ကပို၍ တိုးလာပြန်သည်။

တံခါးရွက်ကို နားဖြင့်ကပ်ကာ နားထောင်မိပြန်သည်။ သူ အံ့ဩသွား၏။ ကြယ်စုံရယ်သံဖြစ်သည်။ ကြယ်စုံ ရယ်နေ ပေသည်။

သူ နားမလည်နိုင်ဖြစ်ရသည်။ သူထင်ခဲ့သည်က ကြယ်စုံ သည် မအိပ်နိုင် မစားနိုင်ပင် ချောင်တစ်ချောင်၌ ငိုကြွေးနေ ထိမ့်မည်ဟု ထင်ခဲ့သည်။ ယခုတော့ သူ့အထင်တွေက တက် တက်စင်အောင် လွဲနေသည်။

ဘာလဲ ... ကြယ်စုံက မေမေတို့ပြောသလိုပဲလား။ မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ။ ကြယ်စုံကို သူအထင်မလွဲသင့်ပါ။ ကြယ်စုံက သူ့ချစ်သူဖြစ်သည်။ အမြင်အားနည်းသူဖြစ်သည်။ ထို့ကြောင့် လူပီသချင်သောသူက ထိုသို့ မတွေးသင့်ပေ။

ကြယ်စုံသည် စိတ်ညစ်ညူးလှသောကြောင့် မန္တလေးရှိအမျိုးများနှင့်လည်း ပြောဆိုနေတာဖြစ်နိုင်သည်။ သူနှင့် ရွှေစင်ယော်တို့ မသိနိုင်သော ငယ်သူငယ်ချင်းများနှင့်လည်း ရှေးဟောင်းနှောင်းဖြစ် ပြောခြင်းမျိုးလည်းဖြစ်နိုင်သည်။

လူဆိုသည့်သတ္တဝါမျိုးသည် လှောင်ပိတ်မိထားလျှင် အလင်းရောင်ကို မျှော်ကြည့်တတ်သည်ချည်း ဖြစ်၏။ ကြယ်စုံသည် ထိုသို့ ဖြစ်မှာပါ။ ငိုကြွေးနေရုံနဲ့ ပြေလည်သွားမည့် ပြဿနာမျိုးမဟုတ်ချေ။ စိတ်ကိုအပြောင်းအလဲဖြစ်စေပြီးမှ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်သင့်သော အခြေအနေသို့ ရောက်နေသည်။

"ဟင် . . . ဘယ်တုန်းက ရောက်နေတာလဲ"

"ခုလေးတင်ပါ"

"ရွှေစင်ယော်နဲ့ မမမိကတော့ မရှိကြဘူး၊ ဆေးရုံမှာ ကြယ်စုံတော့ ရှိတယ်၊ ဒေါ်တူး ခေါ်ပေးမယ်လေ"

"ရပါတယ်၊ သူ ဖုန်းပြောနေတယ်ထင်တယ်"

"သူ ဖုန်းပြောတာကိုသာ စောင့်နေရင် တစ်နေကုန်သွား



လိမ့်မယ်၊ ခဏနော်"

ညှော်ခန်းထဲထိုင်သော သူ့ကို ဒေါ်တူးက မြင်သွားပြီး ပြောခြင်း ဖြစ်သည်။ သူစောင့်နေသည်မှာ ကြာသွားပြီဖြစ်သည်။ ရွှေစင်ယော်တို့အိမ်သည် မူကြိုတန်းတည်းက သူ့အိမ်ပမာ အဝင်အထွက်ရှိသည်။ သူတို့အိမ်နှင့် ရွှေစင်ယော်တို့အိမ်သည် နှစ်အိမ့်တစ်အိမ် ဖြစ်၍နေလေသည်။

ထို့ကြောင့် ဤအိမ်က သူ့အတွက် နေ့ရယ်၊ ညရယ် မခွဲခြားသလို တံတားရော တံခါးရော ဖြတ်စရာမလိုပေ။ သူဝင်လိုဝင် ထွက်လိုထွက် ရွှေစင်ယော်အိမ်သည်လည်း သူ့အိမ်နှင့် မခြားပေ။

"ရောက်နေတာ ဘာလို့ မခေါ်သလဲ"

နဖူးစပ်တွင် ရေအမှုန်အမွှားများပင် မစင်သေးသော ကြယ်စုံက သူ့ရှေ့ ဝင်ထိုင်ရင်းဆိုသည်။

ကြယ်စုံသည် ဘယ်အချိန်ကြည့်ကြည့် လှနိုင်လွန်းသူလေး ဖြစ်သည်။

"ဖုန်းပြောနေသလားလို့ပါ"

ပြုံးနေသောကြယ်စုံနှုတ်ခမ်းလေး စူသွားသည်။ သူ အပြောမှားမိပြီလား။

www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘာကိစ္စ ဘယ်သူနဲ့ ဖုန်းပြောနေရမှာလဲ"

သူကြားခဲ့ပါသည်။ ကြယ်စုံ ရယ်ရယ်မောမောနှင့် ဖုန်းပြောနေသည်။

"စောစောကလေ၊ ငါ အခန်းရှေ့ရောက်လာသေးတယ်"

"သီချင်းဆိုနေတာပါ၊ စိတ်ညစ်လွန်းလို့ မှန်းကျပ်နေတာတွေ ပြေသွားမလားလို့ပါ"

"လျော့သွားလား"

"သီချင်းဆုံးရင် ပြန်ရောက်လာတာပဲ၊ ဦးဦး သတိမရသေးဘူးလို့ပြောတယ်၊ ငါ့ရင်ထဲ မီးတောက်နေပြီ သိလား"

"စိတ်မပူပါနဲ့၊ စိတ်ပူနေလို့လည်း ပြီးသွားတာမှ မဟုတ်တာ"

"မပူလို့မရဘူး ဖော်ရင်ရယ်၊ ဦးဦးမျက်နှာနဲ့ ငါက ဒီအိမ်မှာ နေနေရတာ၊ ဦးဦးမရှိရင် ငါ့ကို အန်တီမိဘ လက်ခံပါဦးမလား"

"အန်ကယ်နိုင် သတိရလာမှာပါ ကြယ်စုံ၊ ဒါနဲ့ . . . မင်းရဲ့ မျက်နှာဂ ဒဏ်ရာတွေက"

မရိုးသားသောစိတ်မို့ သူ့အသံတွေက ပုံမှန်မဟုတ်ချေ။



ရွှေစင်ယော် ကုတ်လိုက်တာဆိုတာ သိပြီးသား။ ဒါနဲ့ သူက ဘာကိုမျှော်လင့်ပြီး မေးခွန်းထုတ်မိသွားပါလိမ့်။

"ရွှေစင်ယော်"

"ဘာလို့လဲ၊ နင့်မျက်နှာမှာမှ ဘာလို့ကုတ်ရတာလဲ၊ မိန်းမလေးဆိုတာ မျက်နှာက အဓိကပဲကို၊ အမာရွတ်ထင်သွားရင် ဘယ်လိုလုပ်မလဲ"

"ဒါကြောင့် . . . ငါ ဆေးလူးထားတယ်၊ မန်း မဖြစ်သာအောင်လည်း ဆေးသောက်ထားတယ်"

သူ့ရင်ထဲ တစ်မျိုးကြီးဖြစ်သွားပြန်သည်။ အသန့်ကြိုက်သော ရွှေစင်ယော်က ရေချိုးပင်ပြန်မလာနိုင်ပါ။ သို့သော် အန်ကယ်နိုင်ကသာ တစ်ဦးတည်းသော အားကိုးရာပါဟုဆိုသော ကြယ်စုံက အနာမန်းတင်မှာစိုးလို့ ဆေးတွေသောက်လို့။

သူ နားမလည်ချင်တော့ပါ။ သို့သော် ဖြေသိမ့်မိပြန်သည်။ ရွှေစင်ယော်သည် ဦးကိုကိုနိုင်၏သမီးရင်းဖြစ်သည်။ မိဘကို ဆုံးရှုံးရတဲ့ သားသမီးက ဘယ်အရာကိုမှ ဆုံးရှုံးမှာမကြောက်တော့ဘူး ဆိုသည့်စာမျိုး သူ ဖတ်ခဲ့ဖူးသည်။ ကြယ်စုံက မိဘနှစ်ပါးလုံး ဆုံးရှုံးခဲ့ရဖူးလို့များလား။

"ဒီနေ့ ငါတို့ ဆေးရုံသွားကြမလား"

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်ကျော်သွားပြီဖြစ်သော်လည်း ဦးကိုကိုနိုင်၏ အခြေ အနေက ထူးခြားမလာပေ။

"ဟင့်အင်း . . . အန်တီမိက ငါ့ကိုအရှက်ရအောင် ပြောလိမ့်မယ်၊ မောင်းထုတ်လိမ့်မယ်၊ ပြီးတော့ ငါပဲ ဝမ်းနည်းရလိမ့်မယ်၊ ရွှေစင်ယော်ကို ငါကြောက်တယ်"

"ဘာကြောက်စရာရှိလဲ"

သူ့မေးခွန်းကို ကြယ်စုံက သိမ်ငယ်သောအကြည့်နှင့် တုံ့ပြန်နေသည်။ သူ့ရင်ထဲ အလိုလို နားလည်သွား၏။ ကြယ်စုံ နှုတ်မှ ထပ်ဖြေစရာမလိုတော့ချေ။ ထပ်လည်း မမေးရက်တော့ပေ။

ဘာကြောင့်လဲ၊ ဘယ်လိုဖြစ်ကြတာလဲ၊ မေမေပြောတာကို ငါ မယုံချင်ဘူး၊ နင်ကိုယ်တိုင် အဖြစ်မှန်ကို ပြောပြစမ်းပါဟု ပြောလိုက်ချင်သော်လည်း မြိုသိပ်၍ ထားလိုက်ရသည်။

"ဘာကိုစိုးရိမ်နေတာလဲ ကြယ်စုံရယ်၊ ဟမ်း . . . နင် ဘာကိုစိုးရိမ်နေတာလဲ"

"ဦးဦးသာ သတိရမလာဘူးဆိုရင် အန်တီမိက ငါ့ကို အိမ်ပေါ်က မောင်းချမှာ သေချာတယ်"

မဖြစ်နိုင်ပါ။ စောစောက မနက်စာဝိုင်းမှာပဲ ကြယ်စုံကို





နိုင်ငံ ခြားပို့မယ်ဆိုတဲ့သတင်း ကြားလာခဲ့သည်။

သူ့ရင်ထဲ ထိတ်သွားသည်။ နိုင်ငံခြားပို့ပစ်မယ်ဆိုတာက အိမ်မှ မောင်းထုတ်နည်းတစ်မျိုးလား။

ဒါဆို ကြယ်စုံ ဘယ်လိုနေလဲ။ ကြယ်စုံထံတွင် တောင့်တောင့်တင်းတင်း ဆွေမျိုးမရှိမှန်း သူသိသည်။

"အန်တီမိက အဲဒီလို မလုပ်လောက်ပါဘူး၊ အန်ကယ်နိုင်နဲ့ နင်က ဆွေမျိုးတွေပဲ၊ မျက်နှာပျက်ခံလို့ ရပါ့မလား"

"ဆွေမျိုးဆိုတာက ရွှေရှိမှ အမျိုးတော်တာတွေပါ၊ ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခကို နင်က မခံစားဖူးတော့ ဒါတွေကို ဘယ်သိပါ့မလဲ နင်မသိတာ သိပ်တော့ မဆန်းပါဘူး"

ကြယ်စုံ့ရင်ထဲ နာလာ၍ ပြောထွက်သွားသည်။ ငါ ဒုက္ခရောက်နေပြီ ဖော်ရင်ရှယ်။ ငါ့ကို မောင်းထုတ်တော့မယ်ဆိုရင် ငါ့ချစ်သူဖြစ်တဲ့နင်က သဘောပေါက်လိုက်ဖို့ ကောင်းပြီ။

"ဘယ်သူကပဲ စမှားမှား၊ ငါက သူစိမ်းလူဆိုတော့ အပြစ်က ငါ့ဆီပဲလာမှာပါ၊ တကယ်တော့ ဦးလဲသွားတာ ရွှေစင်ယော်ကြောင့်ပါ၊ သူ့ကြောင့်ဖြစ်တာ သူလည်း သိတယ်၊ ဒါကြောင့် ဆေးရုံက ခုချိန်ထိ ပြန်မလာတာပေ့ါ"

ကြယ်စုံ့စကားက ဖြစ်နိုင်သည်။ သို့သော် လှဲနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်ယော်သည် အန်ကယ်နိုင်ကို သိပ်ချစ်သည်။ အန်ကယ်နိုင် ခေါင်းကိုက်ပင်လျှင် ဘာလုပ် လုပ်ပေးရမှန်းမသိအောင် ဂရုစိုက်သူဖြစ်သည်။ အန်ကယ်နိုင်ဖျားလျှင် အန်ကယ်နိုင်နားမှ မခွာတော့သည်က ရွှေစင်ယော်ဖြစ်သည်။ ဘာကြောင့်လဲ၊ ဘာလို့ ကဲကဲပိုနေတာလဲဟု သူမေးဖူးသည်။

"အဖေမရှိတဲ့အိမ်က နံရံမရှိတဲ့အိမ်လိုပဲ၊ အဖေက အကာနဲ့ တူသလို အမေက အမိုးနဲ့တူတယ်၊ ငါ့အတွက် ဖေဖေရော မေမေရော မရှိလို့မဖြစ်ဘူး"

ရွှေစင်ယော် ထိုသို့ပြောခဲ့စဉ်က သူ့ရင်ထဲ ကြယ်စုံကို အသနားပိုခဲ့သည်။

ကြယ်စုံ့ဘဝတွင် အမိုးလည်းမရှိသလို အကာလည်း မရှိပေ။ ကြယ်စုံ ဘယ်လောက်တောင်များ အားငယ်လိမ့်မလဲ။ သူများအိမ်မှာ ဘယ်လောက်တောင်များ အနေခက်လိမ့်မလဲ။

"ဘယ်ကဘယ်လို စဖြစ်ကြတာလဲ"

"နင့်အမေပြောတာလည်း နင်ကြားပြီးလောက်ပေါ့။ ဒါပေမဲ့ ရပါတယ်၊ မြေနိမ့်ရာလှံစိုက်တဲ့သဘောပဲပေါ့"

မေမေက ဘယ်လိုပြောသလဲဆိုတာမျိုးကို မမေးဘဲ မေမေက အဆိုးဘက်မှရပ်တည်ပြီးပြောနေတယ်ဆိုတာ ကြယ်စုံ





က သိနေသောပုံ ပေါက်နေသည်။

"ဦးက ငါ့ရဲ့ကျေးဇူးရှင်ပါ ဇော်ရင်ရယ်၊ အဲဒါ ငါက ဦးကို စောင်သွားခြုံပေးမိတာ မှားသလား။ ဦးတစ်ခုခုဖြစ်သွားမှာကို ငါက ရွှေစင်ယော်ထက် ပိုပြီး ပူပန်မိသူပါ။ ဦးမရှိတော့ရင် ငါ့ဘဝက သွားပြီ။ ဦးမျက်နှာနဲ့ပဲ ငါက ဒီအိမ်ကြီးမှာ နေနေရသူပါ။ ဦးကို စောင်လေးခြုံပေးမိတာ ငါ့ရဲ့အပြစ်တဲ့လား။ ငါ့ကို ပါးရိုက်ရောလိုလို့လား"

"ဘာ … ရွှေစင်ယော်က နင့်ကို ပါးရိုက်တယ် ဟုတ်လား"

"ဒါကိုတော့ နင်တို့မိသားစုကို ချန်လှပ်ပြောမှာပေါ့၊ ပါးရိုက်ပြီး ငါ့ကို တွန်းလွှတ်တယ်၊ ပြီးတော့ … ဆံပင်ဆောင့်ဆွဲတယ်၊ ငါက ဘာမှ ရှင်းပြခွင့်တောင် မရှိတော့ဘူး။ ငါ့မျက်နှာက သူ့လက်သည်း ခြစ်ရာတွေက သက်သေပဲလေ၊ ဒါပေမဲ့ … ငါ့မျက်နှာက ဒဏ်ရာတွေကို အားလုံးက မမြင်ချင်ယောင်ဆောင်နေကြတယ်၊ ဦးကို ငါက တွန်းလို့ လဲသွားရတာပါလို့ပဲ ငါ့ကို စွပ်စွဲချင်နေကြတယ်၊ ငါက လုပ်ပါ့မလား၊ အိမ်အကူသာသာ နိုကပ်နေရတဲ့ငါက လုပ်ပါ့မလား၊ အဲဒါကို ငါကပဲ အလွန်အရမ်းအသည်းနာတယ်၊ ဘဝကြီးကိုလည်း မုန်းတယ်၊ ငါ …



www.burmeseclassic.com

www.burmeseclassic.com



ငါ့အနေနဲ့ ငါ့အမေက ငါ့ဘက်က ရပ်တည်ပေးဖို့ လောကမှာ မရှိတော့ဘူး။ တစ်ခါတစ်ရံတော့ ငါလေ ရွှေစင်ယော်ကို သိပ်အားကျမိတယ် သိလား။ သူက မှန်မှန်မှားမှား သူ့ကို မျက်စိစုံမှိတ်ယုံမယ့် အမေတစ်ယောက်လုံးရှိနေတယ်၊ သူ သိပ်ကံကောင်းတာပဲ၊ ကံကောင်းသူနားမှာနေရတဲ့လူတွေက အလိုလိုကံဆိုးသူဖြစ်သွားတယ်ဆိုတဲ့ ပညာရှိအဆိုအမိန့်တွေက သိပ်မှန်တာပဲ''

''ကြယ်စုံရယ်''

''နင်လည်း ငါ့နားမှာ မနေချင်ရင် မနေနဲ့၊ ရတယ်ဖော်ရင်''

''ဘယ်လိုပြောလိုက်တာလဲ၊ နင်နဲ့ငါက ငါတို့က ချစ်သူတွေလေ ကြယ်စုံ''

''နင်ကရော ငါ့ကိုယုံလို့လား''

''နင့်ကို မယုံလို့ ငါက ဘယ်သူ့ကို သွားယုံရမှာလဲ''

''နင်က ဘာပဲဖြစ်နေပါစေ ငါ ယုံတယ်''

''ငါလေ အရမ်းပင်ပန်းတယ် သိလား။ ခုလိုချိန်မှာ နွေးထွေးတဲ့ရင်ခွင်တစ်ခုကို ငါ သိပ်တောင့်တတာပဲ''

''ကြယ်စုံရယ်''





''ငါလေ လူသူမရှိတဲ့နေရာမှာ နင်နဲ့နှစ်ယောက်တည်း သွားနေချင်တယ်''

ကြယ်စုံ့စကားသည် သူ့ရင်ကို ထိတ်ခနဲ ဖြစ်သွားစေသည်။ သူ့ထံမှ ထွက်ကျလာမည့်စကားလုံးအချို့ကို ကြယ်စုံက စောင့်မျှော်နေသေးပုံရသော်လည်း ကြယ်စုံ စိတ်ကျေနပ်မှုရစေရန် သူ မပြောတော့ချေ။ သူ ပြောလိုက်၍ စကားလွန်သွားမှာလည်း စိုးသည်။ သူသည် ကတိတည်ချင်သောသူတစ်ယောက် ဖြစ်သည်။

''နင် ငါ့ကိုခေါ်ပြီး ထွက်ပြေးပါလားဟင်''

သူ့ခေါင်းထဲ အတွေးတွေက ဆူညံကုန်သည်။ ဘာပြန်ပြော၍ ပြောရမှန်းမသိတော့ချေ။ ကြယ်စုံက ထိုအချင်းအရာအတွက် စကားဦးသန်းနေသည်ကို သူရိပ်မိ၏။ သို့သော် ယခုလို ပွင့်ပွင့်လင်းလင်း ပြောလာလိမ့်မည်တော့ မထင်ပေ။

''နင် မသွားရဲဘူးလားဟင်၊ နင် ငါ့ကို မချစ်ဘူးလား''

ချစ်ပါတယ်၊ အရမ်းချစ်ပါတယ်ဟု မဆိုင်းမတွ ဖြေလိုက်ချင်သော်လည်း သူ သတ္တိမရှိချေ။ အသံမထွက်ရဲချေ။ သူ တစ်ခုခု ပြောလိုက်မိပါက ကြယ်စုံ စိတ်တိုသွားမည်ကိုလည်း စိုးရိမ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါလေ အန်တီမိအိမ်ပြန်လာမှာကို ကြောက်နေတယ်။ ပြဿနာဖြစ်တော့မှာပဲဆိုတာ သိသိချည်းနဲ့ ပြဿနာကို စောင့်မနေချင်ဘူး။ ပင်ပန်းတယ်၊ ရှောင်လွှဲတာပဲဖြစ်ဖြစ်၊ ပြေးတွေ့တာပဲဖြစ်ဖြစ် လုပ်လိုက်ချင်တယ်၊ နင် ငါ့ကို မကူညီနိုင်ဘူးလားဟင်"

"ဟိုလေ အရမ်းကြီး စိတ်လိုက်မာန်ပါ မလုပ်လိုက်ပါနဲ့ ကြယ်စုံရယ် စိတ်ရှည်ပါ၊ ဒေါသနဲ့ ဆုံးဖြတ်ရင် မှားတတ်တယ်၊ အန်တီမိကလည်း အဲဒီလောက် ဆိုးဆိုးဝါးဝါးလုပ်မှာ မဟုတ်ပါဘူး၊ ဒီကြားထဲ အန်ကယ်နိုင်လည်း သတိရလာနိုင်ပါသေးတယ်၊ အန်ကယ်နိုင် သတိရလာပြီဆိုတော့မှ သူက ဘယ်သူ့ကြောင့် လဲကျသွားတာလဲဆိုတာ ပေါ်လာလိမ့်မယ်၊ ပြီးတော့ ဘယ်သူက စလုပ်သလဲဆိုတာ ရှင်းသွားလိမ့်မယ်၊ အဲဒီလိုဖြစ်လာတော့ အဖြူအမည်း သဲကွဲသွားတာပေါ့။ စိတ်ရှည်ပါဟာနော် ကြယ်စုံ"

"ရတယ် ဇော်ရင်၊ ငါသိသွားပြီ၊ ငါ နားလည်သွားပြီ"

ကြယ်စုံသည် ပြောရင်း ဆိုရင်းပင် ခုံပေါ်မှ ဇွေ့ခနဲထရပ်သည်။

ကြယ်စုံ ဘာဖြစ်သွားတာလဲ။ သူ နားမလည်ပေ။ သူ့ကို စိတ်ကောက်သွားတာလား။ ဘာကြောင့်ကောက်သွားရတာလဲ။





သူက ဘာအမှားလုပ်မိလို့လဲ။

စိတ်ကောက်တာရော ဟုတ်ရဲ့လား။ သူသိသော ကြယ်စုံက အင်မတန် စိတ်သဘောနူးညံ့ပြီး သိမ်မွေ့သူပါ။ စိတ်ကောက်တယ်ဆိုတာကိုတောင် သိပုံမရပါ။

ကြယ်စုံ သိပ်ကို စိတ်ရှုပ်ထွေးပြီး ကြောက်လန့်နေသည် ထင်ပါရဲ့။ သူ ဘာလုပ်ပေးရမလဲ။ ကြယ်စုံကို ဘယ်လိုအားပေးရမလဲ။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဒါ . . . တို့နှစ်ယောက် ဒုတိယအကြိမ် တွေ့ဆုံခြင်းပဲ နော်"

ကြယ်စုံသည် မိုးထက်ယံနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်သည်။

မိုးထက်ယံသည် သူဌေးသားမို့လား မသိ၊ နေပုံထိုင်ပုံ သိပ်ထောင့်မကျိုးချေ။ မိန်းကလေးတစ်ယောက်ရှေ့မှာ ဆိုသော်ငြား ပေါင်ကို ကားပြီး ခုံကို လျော့ရဲရဲ မှီထိုင်နေသည်။

ပြီးနောက် လက်တစ်ဖက်ကမ်းပေးသည်။

"တွေ့ဆုံမှုအတွက် ကြိုဆိုပါတယ်"

ကြယ်စုံ အလိုက်တသိပင် သူကမ်းပေးသော လက်ကို





ဆွဲကိုင်နှုတ်ဆက်သည်။

"ဘာသောက်မလဲ၊ ဒါ မင်းစိတ်တိုင်းကျ ကော်ဖီဆိုင် ဖြစ်မယ်ထင်တယ်"

ကြယ်စုံက မှန်တွေချည်း ကာထားတဲ့ဆိုင်မှာ တွေ့ချင်တယ်။ သဘာဝကို မြင်ရမှသာ စိတ်ချမ်းသာတယ်ဟု ပြော၍ သူက ဤဆိုင်တွင် ချိန်းဆိုခြင်းဖြစ်သည်။ ဖုန်းထဲ၌ ကြယ်စုံ့ကို ရှဝ်ကြယ်ဟုခေါ်သူ ဖြစ်သည်။ ကြယ်စုံက ခမ်းခမ်းနားနား နေတတ်၍ ခေါ်ခြင်းဟု ဆင်ခြေပေးသည်။

"မင်းက တွေ့လိုက်တိုင်း အမြင့်တစ်မျိုးမျိုး ဆန်းနေတယ်နော်၊ ကိုယ့်မျက်စိကို မရိုးစေတော့အမှန်ပဲ"

သူပြောရင်လည်း ပြောစရာပင်။ အရင်တစ်ခါတွေ့သည့် ကြယ်စုံ့ပုံနှင့် ယခုလက်ရှိပုံသည် အတော်ကို ခြားနားနေသည်။

အရင်တစ်ခါတော့ အစီအစဉ်မရှိဘဲ တွေ့လိုက်ရသည် ဖြစ်ရာ ပြင်ဆင်ချိန် မရလိုက်ပေ။ ပါတိတ်ဝမ်းဆက်နှင့် ကြယ်စုံ့ပုံတာ သူ့အတွက် ရယ်စရာများဖြစ်ခဲ့လို့လား။

"ဘယ်ပုံစံက အမှန်ဆိုတာ မသိပေမယ့် အခုပုံက မင်းနဲ့ ပိုလိုက်တယ်"

ကျေနပ်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးထက်က တစ်ဖက်လူကျေနပ်အောင် ပြောတဲ့နေရာမှာတော့ ဆရာကြီးပဲနော်"

"အတန်းသားပါ၊ ဒါက ကိုယ်ဆရာကျတဲ့ အကွက်မဟုတ်ဘူး။ ရှိသေးတယ်၊ အားလုံးပေးသိလိုက်ရင် စိတ်ဝင်စားစရာ မကောင်းတော့ဘူးလေ"

"လျှို့ဝှက်လွန်းပြန်တော့လည်း စိတ်ကို ရှုပ်ထွေးစေပါတယ်"

"မိုက်တယ်၊ ကိုယ်နဲ့ ရှုံ့ကြယ် ပေါင်းသင်းလို့ရတယ်၊ မင်းက ရွှေစင်ယော်ရဲ့ friend ဆိုတော့ ရွှေစင်ယော်လိုပဲ ရှေးဆန်မယ်ထင်ခဲ့တာ Sorry"

"ရပါတယ်၊ ပြဿနာမရှိဘူး။ ဘာလို့လဲဆိုတော့ ကြယ်စုံလည်း ရှင့်ကို အထင်မကြီးခဲ့လို့ပဲ"

"အခုရော"

"အဖြေပေးဖို့ စောနေသေးတယ် မထင်ဘူးလား။ ရှင်ပဲ လျှို့ဝှက်တာကို စိတ်ဝင်စားတယ် မဟုတ်လား"

"အိုကေ ကြိုက်သွားပြီ"

"ရှင့်ရဲ့ လည်ပတ်ရက်က မပြည့်သေးဘူးလား"

"ကိုယ် နောက်သုံးရက်နေရင် ပြန်တော့မှာ၊ ဘာလဲ



လိုက်မလို့လား၊ Wellcome ပဲနော်၊ ဟိုမှာက ကိုယ်တစ်ယောက်တည်း ဝေါင်စီစီ ဖြစ်နေတာ"

"မြန်မာ့ယဉ်ကျေးမှုအရတော့"

"ဒါတွေ ထားလိုက်စမ်းပါ၊ စိတ်ဖိစီးမှုများတဲ့ ဒီခေတ်ထဲ အဲ့တွေသယ်ဆောင်လာရင် သေချိုင်းသွားဖို့ပဲ ရှိတော့တယ်၊ ယဉ်ကျေးမှုဆိုတာ လူက သတ်မှတ်တာပဲ၊ ကိုယ်တို့ယဉ်ကျေးမှုတော့ အဲဒါတွေကို ဖိးမတက်ဘူး၊ အဆင်ပြေရင်တွဲမယ်၊ ဆန္ဒရှိရင်နေမယ်၊ ဘယ်အရာကိုမှ အတင်းအဓမ္မ လုပ်မယူဘူး"

ကြယ်စံ ကြိုက်သည်။ ကြယ်စုံလည်း ထိုစိတ်မျိုးနှင့်နေချင်သည်။ ဘယ်အရာကိုမှ အထူးဝတ်လည်း မခံစားချင်ပါ။

"ဒါပေမဲ့ ... ရှင့်မိဘအသိုင်းအဝိုင်း"

"ဟိုမှာ ကိုယ်တစ်ယောက်တည်းနေတာပါလို့ ပြောတာ ဒါဆို သုံးကြိမ်မြောက်ရှိနေပြီ၊ ဘာလဲ မင်းကိုယ့်ကို သဘောကျလို့လား"

အနည်းငယ် ပြောင်ကျလွန်းသည်ဟု ထင်သည်။ မိုးထက်ယံပုံစံက ကြယ်စုံ့ထံမှအဖြေကို နားထောင်နေသေးသည် ထင်သည်။ သို့သော် ကြယ်စုံ့ထံတွင် အဖြေက အဆင်သင့်မရှိချေ။ ဖြေလည်း မဖြေချင်ပေ။ ကြယ်စုံသည် မြန်မာမိန်းကလေးဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ဂုဏ်သိက္ခာလေးနှင့်တော့ လျှို့ဝှက်ထားချင်သေးသည်။

ယခုတောင် ရွှေစင်ယော်၏အင်္ကျီကို ခိုးဝတ်လာခြင်းဖြစ်သည်။ ရွှေစင်ယော်သာသိလျှင် မိုးမီးလောင်နိုင်သည့်အခြေအနေဖြစ်၏။ သို့သော် မတတ်နိုင်ပါ။ တွေ့ရမည့်လူက နယ်နယ်ရရမဟုတ်ချေ။ မိုးထက်ယံ ဖြစ်သည်။

လက်ဖျားငွေသီးနေသည့် လူတစ်ယောက်။ တွေ့ရမည့်နေရာက လမ်းဘေးစားသောက်ဆိုင်အငယ်စားမဟုတ်တဲ့ တခမ်းတနားဆိုင်မျိုး။ သင့်တော်သလိုတော့ ဝတ်စားရပေလိမ့်မည်။ ထို့ကြောင့် ရွှေစင်ယော် မဝတ်ဘဲထားသည့်အင်္ကျီများထဲမှ ဘန်ကောက်မှ ဒေါ်မိမိရွှေ၏ညီမပို့ခဲ့သော မြန်မာငွေနှင့် တစ်သိန်းနှစ်သောင်းတန်သည်။ အင်္ကျီကို ဆွဲဖြုတ်ပြီး အိတ်ထဲခိုးထည့်ခဲ့သည်။

အများသုံးသန့်စင်ခန်းထဲ ခေတ္တဝင်လဲပြီး လာခဲ့ခြင်းဖြစ်သည်။ မတတ်နိုင်ပါ။ တောမီးလောင်ရင် သားကောင်ချနင်း ရသေးတာပဲ။ ဒါ ကြယ်စုံ့အပြစ်မဟုတ်။ ကြယ်စုံ့ဘဝသည် ခုနေချိန် ကျဉ်းထဲကြပ်ထဲ ဖြစ်နေပြီဖြစ်သည်။ ရှန်းကန်ရပေလိမ့်မည်။ မိုးထက်ယံကို ရင်ထဲက သဘောမကျလှသော်လည်း မိုးထက်ယံသည် ကြယ်စုံ့အတွက် လိုအပ်ချင် လိုအပ်လာနိုင်သည်။ ထို့ကြောင့်





တန်ကြီးတစ်ခွဲသားနှင့် မဆက်ဆံခဲ့ချေ။

"သဘောကျတယ်လို့ ပြောရင် သိပ်များ ပွင့်လင်းလွန်းသွားမလား"

"လျှို့ဝှက်ချက်က ဆွဲဆောင်မှုဆို၊ တစ်ခါတစ်ရံ ပွင့်လင်းပေးတာကလည်း ဆွဲဆောင်မှုရဲ့အကူပစ္စည်းတစ်ခုပဲ"

"ရှင်နဲ့ ပြောရတာ ကြယ်စုံပျော်ပါတယ်"

ဖော်ရင်သာ နှင့်လိုလူဖြစ်လိုက်ပါတော့ဟု အထပ်ထပ်ဆု တောင်းနေမိသည်။

အခုတော့ ထွက်ပြေးဖို့ ပြောမိပါတယ် အရှက်ကွဲခဲ့ရရုံအပြင် ဘာမှတိုးတက်မှုရှိမလာပေ။ တုံးအကိုဘာဝေနှင့်နေသောဖော်ရင့်အင်္ကျီရင်ဘတ်ကိုသာ စုကိုင်ပြီး ဆွဲလှုပ်ပစ်ချင်သည်။ သို့သော် ယောကျ်ားများ၏သဘာဝသည် ကြမ်းတမ်းသောမိန်းမကို စိတ်ကုန်တတ်ကြသည်။ အထူးသဖြင့် ဖော်ရင်သည် နူးညံ့သိမ်မွေ့ခြင်းကို နှစ်သက်သည်။ ဖော်ရင်ရှေ့တွင် ကြမ်းတမ်း၍မရပေ။ နူးညံ့သိမ်မွေ့ခြင်းက ဖော်ရင့်ကို အဆွဲဆောင်နိုင်ဆုံးအချက် ဖြစ်သည်။ ဒေါသကြောင့် အနည်းငယ်စကားကြမ်းတွေ ပါသွားမိသည့်တိုင်လည်း ယခုချိန်ထိ နောင်တရ၍ မဆုံးပေ။

ဖော်ရင် စိတ်ရှုပ်သွားပေလိမ့်မည်။ ထိုသို့ မပြောသား

www.burmeseclassic.com



သောကောင်လေးသည် ကြယ်စုံအတွက် အားကိုးလောက်သူ မဟုတ်မှန်း သိသည်။ သို့သော် ဇော်ရင်သည် ကြယ်စုံ့ဘဝအတွက် အလင်းလက်ဆုံးသော ရောင်နီဖြစ်သည်။

ဇော်ရင်နှင့် နှစ်ကိုယ်တူ တဲအိုပျက်မှာ ခေတ္တခဏ နေရသည်ထားဦး မကြာခင် စံအိမ်၏သခင်မ ဖြစ်လာဖို့ရှိသည်။ ဇော်ရင့်ကို မိဘက ပစ်မထားနိုင်မှန်းသိသည်။ ထို့ကြောင့် ဇော်ရင်သာ မိုက်မည်ဆိုပါက ဇော်ရင့်နားနေဖို့ ကြယ်စုံ ဝန်မလေးပေ။ ယခုတော့ ကြယ်စုံက ခိုးပါဟုပြောသည်ကိုပင် မကြားသလို ဝိညာဉ်ပျောက်နေသလိုလို လုပ်နေသည်။ အားကိုးချင်စိတ်များ တစ်စတစ်စ ကုန်ဆုံးစ ပြုလာသည်။

မတတ်နိုင်ပါ။ ကြယ်စုံ မိုးထက်ယံကို ဆုပ်ကိုင်ထားနိုင်ရမည်။ ထိုသို့မဟုတ်ပါက ကြယ်စုံသည် နောင်တရစရာချည်း ဖြစ်လာနိုင်သည်။ ဆိုးဝါးလှသော မန္တလေးမှ အတိတ်ဘဝကို မုန်းသည်။ ထိုနေရာသို့လည်း ပြန်မဆင်းလိုတော့ချေ။

ဦး သတိရလာသည်ဖြစ်စေ၊ မရလာသည်ဖြစ်စေ အိမ်ပေါ်မှ ကြယ်စုံဆင်းရဖို့သည် သေချာသလောက်နီးပါး ဖြစ်နေသည်။ သူများ မမောင်းခင် နားခိုဖို့နေရာ ရှာထားရမည်။ သတိဆိုတာမျိုးက ပိုတယ်ဟူ၍မရှိချေ။ ကြယ်စုံ့မှာ ရည်မှန်းချက်များစွာ



ရှိသေးသည်။

အများနှင့်နည်းတူအောင် ဘဝကို မြင့်မြင့်မားမား နေကြည့်ဖူးချင်သည်။ ငွေကြေးအတွက် ပူပန်ရသော ဒုက္ခမှ တင်းဝေးချင်သည်။ ထို့ကြောင့် ကြယ်စုံသည် အစစအရာရာ ခြင်ဆင်ထားနိုင်ရမည်။ သတိတစ်ချက် လွတ်ပါက ကြယ်စုံ့ဘဝသည် ဖောက်ထိုးမိုးမျှော် ဖြစ်သွားနိုင်သည်။ ကြယ်စုံ့အခြေအနေက ကိုယ်ဟန့်ဖို့နေရတဲ့ အနေအထားမှာ ရှိနေသည်။ လက်လွှတ်စပယ် နေရိုးသားသားနေဖို့ မဖြစ်နိုင်ပေ။

ဇော်ရင်ထက် မိုးထက်ယံက ပို၍ ခနအင်အားရှိတာ မှန်သည်။ သတ္တိရှိတာလည်း မှန်သည်။ သို့သော် ကြယ်စုံသည် မိုးထက်ယံ နောက်လိုက်ဖို့ ယုံကြည်ချက်မရှိချေ။

နိုင်ငံခြား၌ ပညာသင်ချင်တာမှန်သော်လည်း လိုက်ရန် ဝန်လေးနေသည်။ မိုးထက်ယံသည် ကောက်ကျစ်သောရုပ်သွင် ရှိမှန်း သိသည်။ သို့သော် ကြောက်သည်။

ဇော်ရင်က သဘောတူပြီး နှစ်ကိုယ်တူထွက်ပြေးကြည်ကို သဘောတူခဲ့ပါက အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ဇော်ရင့်နောက် လိုက်ရဲသည်။ ဒုက္ခဖြစ်လည်း ခဏပဲဆိုတာ သိနေ၍ ဖြစ်နိုင်သည်။ ပြီးနောက် ထိုဒုက္ခတွေကို ဇော်ရင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အတူတူ ရင်ဆိုင်လိုက်ခြင်းအားဖြင့် ဇော်ရင်၏မြတ်နိုးမှုကို ရရှိနိုင်သည်။ တစ်ချိန်ချိန် အိမ်ကြီးပေါ် ပြန်ရောက်ပါက ဇော်ရင်ကို ကြယ်စုံ သိမ်းသွင်းဖို့မလိုတော့ချေ။ ထိုအခြေအနေရောက်လာပါက ကြယ်စုံသည် ရွှေစင်ယော်ကို ထာဝရ သာနိုင်သွားတော့မည် ဖြစ်သည်။

ဇော်ရင့်ကို သားမက်ချိန်နေသော ဒေါ်မိမိရွှေရှေ့ ရင်ကော့ပြီးသွားနိုင်မည်။ ကြယ်စုံကို အထင်သေး အမြင်သေးကြည့်ဖူးသော ဒေါ်မြင့်လေးနွယ်ရှေ့လည်း ခါးထောက်ရပ်နိုင်မည်။ ဘယ့်နှယ်ရှိစ။ ရှင် အထင်သေးတဲ့မိန်းမက ရှင့်ချွေးမဖြစ်လာပြီ။ မကြာခင် ရှင်ထိန်းသိမ်းရတော့မယ့် အကျင့်ပျက်ကလေးတွေ မွေးလာတော့မယ်။ မိန်းမယုတ်ရဲ့သား အကျင့်ဆိုးလေးတွေက ရှင်မြေးတွေ ဖြစ်လာတော့မယ်ဟု အားပါးတရ ပြောကာ အသံဆိုးနှင့် လှောင်ရယ်ပစ်ချင်သည်။

ထိုနေ့ရက်နေတွေကို ဘယ်အခါမှ ရောက်ရှိမှာလဲ မျှော်လင့်နေရသော်လည်း ဇော်ရင်၏သူရဲဘောကြောင်မှုနောက်တွင် ဝေး၍ ဝေး၍ ကျန်ရစ်တော့မည်ဖြစ်သည်။

"ဟော့ ... ဘာတွေငိုင်နေတာလဲ၊ ကိုယ့်စကားအဲဒီလောက် တွေးစရာ ဖြစ်သွားလို့လား၊ ဆောရီးကွာ ...





ကိုယ်က ဘာရယ်မဟုတ်ပါဘူး"

"ဇော်ရင်နဲ့ ရှင်က သိပ်ကို ရင်းနှီးကြသလား"

"အင်း ... နည်းနည်းပါ၊ ဒါပေမဲ့ သိပ်မတွဲဖြစ်ဘူး၊ မြင်တဲ့ အတိုင်းပဲလေ၊ ကိုယ်တို့က ကာရိုက်တာချင်း ခြားနားတယ်၊ ဘာလို့ မေးတာလဲ"

"သိချင်လို့ပါ"

"မင်းနဲ့တော့ ဇော်ရင်က ရင်းနှီးပုံရတယ်"

"ကြယ်စုံက ဇော်ရင့်အကြောင်း ပြောဖူးလို့လား"

"ဇော်ရင်လို့ နာမည်ပြောလိုက်တဲ့ မင်းရဲ့မျက်လုံးတွေကို စော်ကြည့်တာပါ၊ ပြီးတော့ ဇော်ရင့်နာမည်က မင်းလည်ချောင်းမှာ ချောနေသလို ခံစားရတယ်"

"ရှင်က စိတ်ပါဝါရသူလား"

"နည်းနည်းပေါ့"

"ဒါဆို ကြယ်စုံ့အခြေအနေကို ဟောကိန်းထုတ်လေ"

"မင်း အလှမယ်ဖြစ်နိုင်တယ်"

ကြယ်စုံ လန့်သွားသည်။ ဒါက ကြယ်စုံ့အိပ်မက် ဖြစ်သည်။ မိုးထက်ယံက ဘယ်လိုသိသွားပါလိမ့်။ အလိုလိုနေရင်း မိုးထက်ယံကို အထင်ကြီးသလို ဖြစ်လာသည်။ သို့သော် ယုံစိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



မိုးထက်ယံ သိသွားမည်စိုး၍ လုံအောင်ဖုံးဖိထားရသည်။

"မဟုတ်တာ၊ မဖြစ်နိုင်တာ၊ ဘာကိုကြည့်ပြီး အဲလို ပြောတာလဲ"

"အဲဒီလိုဖြစ်တာကိုကြည့်ပြီး ပြောနေတာ"

မိုးထက်ယံသည် အထင်သေးလို့ရတဲ့ လူတစ်ယောက် မဟုတ်ပေ။ သတိထားပြီး ဆက်ဆံရမည်ကို ကြယ်စုံသိလိုက်ချေ

"မင်း အခု ပြဿနာတစ်ခုနဲ့ ရင်ဆိုင်နေရတယ်ထင်တယ်"

ရင်ခုန်သံတွေ တဒိန်းဒိန်း မြည်လာသည်။ အံ့သြမိချေ လူကိုကြည့်တော့ ခေတ်လွန်ပုံနှင့် ဘယ်ကဝိဇ္ဇာစိတ်တွေ ဝင်နေရ တာလဲ။

"မင်း မျက်လုံးတွေက မှုမမှန်ဘူး။ ပြီးတော့ မင်းရဲ့ကိုယ်နံ့ က တစ်မျိုးဖြစ်နေတယ်၊ အရင်တစ်ခါတွေ့တုန်းက ရလိုက်တဲ့အနံ့ မျိုး မဟုတ်ဘူး"

ဗုဒ္ဓေါ မြတ်စွာဘုရား။ ဒီခဏလေးတွေ့လိုက်ရတာကို ကြယ်စုံရနံ့ စွဲအောင်မှတ်မိနေတယ်ဆိုပဲ။ လူရော ဟုတ်သေးရဲ့ လား။

"တစ်မျိုးမထင်ပါနဲ့၊ မင်းက အလှမယ်ဖြစ်နိုင်တယ်လို့





ကိုယ် ပြောပြီးပြီးပဲ၊ မင်းက ထူးခြားအောင်လှနေလို့ မှတ်မိနေ တာပါ"

တစ်လျှောက်လုံး မကျေမလည်ရှိလာသော်လည်း အပိတ်စကားသည် ကျေနပ်စရာကောင်းလှသည်။

"မင်းမှာ ပတ်စပို့စ်ရှိလား"

"ရှိတယ်"

ဇော်ရင့်ကို ကျေးဇူးတင်ရမယ်ဖြစ်သည်။ ဇော်ရင်က သူ့အတွက် ပတ်စပို့စ်လုပ်ရင်း ကြယ်စုံပါ လုပ်ပါလားဟု အဖော် ညှိခဲ့၍သာ ကြယ်စုံ လုပ်ဖြစ်ခဲ့ခြင်းဖြစ်သည်။

"ဘယ်လိုလဲ၊ ကိုယ်နဲ့ပြောရတာ အပျင်းပြေရဲ့လား"

"ပျော်ပါတယ်၊ ရှင်က တစ်ဖက်သားကျေနပ်အောင် ပြောနိုင်တဲ့လူပါ၊ ခင်တယ်၊ ခင်ပြီးရင် ခက်အောင်လုပ်မယ်၊ ပြီးမှ ရှပ်ထားခဲ့သမျှကို ပြန်ဖြေတယ်၊ စိတ်ဝင်စားဖို့ကောင်းပါတယ်"

"မင်းမိဘတွေအကြောင်း သိချင်ပေမယ့် မမေးတော့ ဘူး"

"ကြယ်စုံမှာ မိဘတွေမရှိတော့ပါဘူး"

"ဒါလည်း ကံကောင်းခြင်းတစ်မျိုးပဲ"

"ရှင်က လူထူးဆန်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်လို့လား၊ မိဘတွေဆိုတာ သားသမီးရဲ့ဘဝကို အုပ်စိုးချင်ကြတယ်၊ သူတို့ဆန္ဒနဲ့ နေထိုင်ရတဲ့ သားသမီးတွေ ဘယ်လောက် မွန်းကျပ်သလဲ၊ ကိုယ်တို့လူငယ်တွေဆိုတာ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် လွတ်လပ်စွာပျံသန်းချင်တယ်၊ မိဘမရှိဘူးဆိုတာ တောင်ပံတပ်ပေးလိုက်သလိုပဲ၊ မိဘတွေ နေမကောင်းမှာကိုလည်း ပူပန်စရာ မလိုဘူး၊ ကိုယ်က မဟုတ်တာလုပ်နေလည်း သူတို့သိက္ခာကျမှာ ပူနေဖို့မလိုတော့ဘူး၊ သိပ်လွတ်လပ်တဲ့ဘဝကြီးပေါ့”

“ရှင်က အကောင်းဘက်က တွေးတတ်လို့ပါ၊ တကယ်တော့ သံပြန်ဟပ်မှုတွေက အများကြီးပါ”

“ယုံကြည်မှုနဲ့ ဖြေရှင်းပေါ့၊ ကိုယ့်ကိုယ်ကိုယ်တောင် ကိုယ်မယုံရင် ဘယ်သူက ကိုယ့်ကိုယုံမှာလဲ”

မိုးထက်ယံအပေါ် အထင်ကြီးမှုများ ပိုလာသည်။ မိုးထက်ယံသည် အလေနတောလေးဖြစ်မည်ဟု ထင်ခဲ့သည်။ သူ့ဖွေသားမို့ လူပေါ်ကျော့ ခေတ်ဂျပိုးဟု ထင်ခဲ့သည်။ သို့သော် ရိုးကျက်မှုလေးကို နောက်ကွယ်မှ တစ်စွန်းတစ်စ တွေ့နေရသည်။

“ဒါကြောင့် လူတစ်ယောက်ကို အပေါ်ယံနဲ့ အကဲဖြတ်လို့ မရဘူးလို့ပြောတာ”





“မင်း ကိုယ့်ကို အထင်မကြီးဘူးဆိုတာ ကိုယ်ရိပ်မိပါတယ်၊ ဒါကြောင့် ကိုယ် မင်းကို ပိုပြီး စိတ်ဝင်စားတယ်၊ မင်းသာ စွန့်စားစိတ် ရှိခဲ့မယ်ဆို ကိုယ်က မင်းအတွက် ထောက်တိုင်တစ်ခု ဖြစ်လာနိုင်တယ်”

“ရှင်က အသုံးချခံချင်တယ်ပေါ့”

“မင်းစကားက နည်းနည်းကြမ်းသွားပြီ၊ ထားပါ … အသုံးအနှုန်းတွေကို ခဏဖယ်ထားပါ။ အနှစ်ချုပ်တော့ ဒါပဲဖြစ်မှာကိုး၊ နားမခံသာ ရုံတမယ် ကျန်ခဲ့တာပေါ့၊ အသုံးချချင်တာ မဟုတ်ဘူး၊ စိတ်သဘော ကိုက်ညီတာမို့ အတူဖြတ်သန်းဖို့ ဖိတ်ခေါ်တာ၊ လူဆိုတဲ့သတ္တဝါက လေရှူတာတောင် အကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်းနေလို့ပဲ”

“ကြယ်စုံက နတ္ထိနော်”

“အဲဒါတော့ နှိမ့်ချလွန်းသွားပြန်ပြီ၊ ကိုယ်မို့သာပဲ တခြားလူဆို မင်း အဲလိုပြောရင် မင်းအပေါ် ဖိကြလိမ့်မယ်၊ အချိုအချိုနေရာမှာ ပွင့်လင်းမှုက သိပ်အရာမရောက်ဘူး၊ အိုကေနော်၊ ကဲ … ကိုယ်တို့ ထိုင်တာကြာသွားပြီ၊ ညောင်းနေပြီ၊ ထစ်ရအောင်၊ မင်းကို ကိုယ် ဘယ်ပို့ပေးရမလဲ”

“ရပါတယ် ကြယ်စုံ”



www.burmeseclassic.com

www.burmeseclassic.com



"တက္ကစီလို အများသုံးယာဉ်နဲ့စာရင် ကိုယ့်ကားက ပိုအဆင်ပြေမှာပါ"

"ရွှေစင်ယော်ရဲ့အိမ်သိလား"

"သြော် ... မင်းတို့က တစ်အိမ်တည်းနေတာကိုး။ အိုကေလေ"

ဟုပြောကာ စားပွဲထိုးကား ဘေလ်ယူခဲ့ရန် လှမ်းပြော သည်။ ပြီးနောက် ငွေရှင်းကာ ထွက်လာကြသည်။

သူ့စကားကို အာရုံစိုက်နေရတာနှင့်ပင် ကော်ဖီကို တစ်ငုံမျှ မသောက်ဖြစ်ခဲ့ပါ။ နှမြောလိုက်တာ။ ကော်ဖီတစ်ခွက် သုံးထောင့်ငါးရာတဲ့။

သူလိုသူဌေးသားမျိုးက ဘာကားများစီးမှာလဲဟု ရင်ခုန်စွာ စဉ်းစားနေမိသည်။ ရင်ထဲမှာတော့ ပြိုင်ကားလေးစီးနေ သိပ်ကောင်းမှာပဲဟု ဆုတောင်းမိသည်။

ကြယ်စုံလည်း ပြိုင်ကားလေးနှင့် သွားလာဖူးချင်သူ ဖြစ်သည်။ သူက ကားတံခါးကိုဖွင့်လိုက်ချိန်မှာတော့ ပျော်သွား သည်။ ကြယ်စုံဆုတောင်းသည် ပြည့်ဝသွားသည်။ အဝါရောင် ပြိုင်ကားလေး ဖြစ်နေ၏။

သို့သော် သူက ကြယ်စုံတက်ရန် တံခါးမဖွင့်ပေးချေ





ကြယ်စုံကလည်း ငွေမယူချေ။ ကားတံခါးကို ကိုယ့်ဘာသာဖွင့်ပြီး တက်ထိုင်သည်။

ငြိမ့်ခနဲမောင်းသွားသောကားကို စီးရသည်မှာ အရသာပင် ပြည့်စုံ၍ နေလေသည်။

ကားလေးသည် ကြပ်ညှပ်သောပိတ်ဆို့မှုများကို ငါးရှဉ့်လို လျှောထွက်ပြီး မောင်းသွားသည်။ မိုးထက်ယံသည် ကားမောင်း ကျွမ်းကျင်သူဖြစ်နေ၏။ ဇော်ရင်နှင့်များကွာလိုက်တာ။ တုံ့ဏှို ဘာဝေဖြစ်ခြင်း၊ ကြောက်လန့်ခြင်းများ မိုးထက်ယံ အလျှဉ်းမရှိ ချေ။

"ကဲ ... ရောက်ပြီ"

"မြန်လိုက်တာဟယ်"

"ကိုယ်တော့ မလိုက်တော့ဘူး။ အိမ်လိုက်လည်ရတာ အံ့သနာမပါလို့"

ကျေးဇူးတင်လိုက်တာ မောင်မင်းကြီးသားရယ်။ ရှင် လည်း လိုက်ခဲ့လို့ မဖြစ်ပါဘူး။ အိမ်တွင်းရေး မီးလောင်နေတယ်။

"ဒါဆို နောက်မှဆုံတာပေါ့"

"အိုကေ"

မိုးထက်ယံ၏ကားပေါ်မှ ဆင်းလာခဲ့သောအခါ မိုးထက်

www.burmeseclassic.com

www.burmeseclassic.com



ယံက လက်ပြကာ ပြန်မောင်းထွက်သွားသည်။ ကြယ်စုံခြေလှမ်းများက အိမ်ထဲသို့ မဝင်ရဲချေ။ ဝတ်ထားသောအင်္ကျီကြောင့်လား၊ ငိုပွဲဆင်ရတော့ မည့်အိမ်မှာနေပြီး အပြင်၌ ပျော်မြူးပြီးပြန်လာမိသည့်ကြောင့်လား။

အိမ်ထဲမှာ ရွှေစင်ယော်သာ ရောက်နှင့်နေပါက ပြဿနာသည် မိုးထက်မြင့်သွားနိုင်သည်။ အရေးထဲ မိုးထက်ယံက လိုက်ပို့သဖြင့် သန့်စင်ခန်းထဲ ဝင်ပြီး အင်္ကျီမလဲခဲ့ရပါ။ အပြင်သွားတာကို ဖုံးဖိနိုင်တယ်ထားဦး အင်္ကျီခိုးဝတ်သွားတာကိုတော့ ဘယ်လိုမှ လိမ်ညာ၍ မရချေ။

အိမ်ကိုအကဲခတ်မိသည်။ အိမ်ကြီးမှာ ပကာတိ တိတ်ဆိတ်ငြိမ်သက်၍နေသည်။

မည်သူမှ ရှိပုံမရပါ။ ဒေါ်တူးရှိနေလည်း အရေးလား ဆေးရုံကို အချိန်မီ ချိုင့်ပို့ဖို့ ချက်နေ ပြုတ်နေပေမည်။ မိမိကိုယ်ကို အားပေးနေမိ၏။ ဘာကိုကြောက်နေရမှာလဲ၊ ဘာကြောင့်ကြောက်နေရမှာလဲ။ ကိုယ်လည်း ကိုယ့်ဘဝရှေ့ရေးအတွက် လှုပ်ရှားရဦးမည့်အပိုင်းကလည်း ရှိနေသည်။

သူတို့ ငိုရင်လိုက်ငို၊ သူတို့ပျော်ရင် လိုက်ပျော်ဆိုသော ဘဝဆိုးကြီးမှ ကင်းလွတ်ချင်လှပါပြီ။ တွေ့တော့လည်း အရေး





လား။ ရင်ဆိုင်ရုံပဲပေါ့ဆိုသည့် စိတ်နှင့် အိမ်ထဲသို့ တစ်လှမ်းချင်း ဝင်လာခဲ့သည်။

ရဲရင့်စိတ်တို့က ကြယ်စုံ ရင်ထဲ ပြည့်သိပ်၍နေသည်။ မိုးထက်ယံကြောင့်များလား။ ကြယ်စုံ ရေရေရာရာမသိချေ။

"ဟင်"

ကြယ်စုံ မိုက်မဲမိခဲ့ပါပြီ။ သတိတစ်ချက်လစ်ရုံမျှဖြင့် ကြီးမားသော ပြဿနာကြီးကို ကြယ်စုံ ရင်ဆိုင်ရတော့မည်။

အိမ်သည် အထူးတိတ်ဆိတ်နေသောကြောင့် မည်သူမျှ ရှိဟူးအထင်နှင့် အိမ်ရှေ့ပေါက်မှ ဝင်မိခဲ့သည်။ တိုက်ဆိုင်စွာပင် အိမ်သားအားလုံးရှိနေကြသည်။ ဘာကြောင့် ဒီလောက် တိတ်ဆိတ်နေရတာလဲ။

"နင် ... နင့်ကြောင့် ဒါ့အဖေ သေရတာ နင့်ကြောင့်"

ရွှေစင်ယော်သည် အရူးတစ်ယောက်လိုပင် ကြယ်စုံ့အနား တစ်ဟုန်ထိုး တိုးကပ်လာသည်။ ကြယ်စုံ လန့်သွားသည်။ ရွှေစင်ယော် ဘာတွေပြောနေတာလဲ။

"နင့်ကြောင့် အခု ငါ့အဖေ သေပြီ၊ အဲဒါ နင့်ကြောင့်"

"အား"

ရွှေစင်ယော်သည် ပြောပြောဆိုဆိုပင် ကြယ်စုံ့ဆံပင်

www.burmeseclassic.com

www.burmeseclassic.com



များကို ဆောင့်ဆွဲလာသည်။ ရွှေစင်ယော်၏စိတ်အလိုမကျမှု အောက်တွင် ကြယ်စုံဆံပင်များ ဖွာလန်ကျဲကျန်သည်။

ကြယ်စုံ ထူပူသွားသည်။ အရင်တစ်ခါ ရန်ဖြစ်ဖူးသည့် အရှိန်လည်း ရှိနေတာကြောင့် ရွှေစင်ယော်ကို ပြန်လုပ်ချင်သော်ငြား လူအများရှေ့မှာမို့ ဒေါသကို မျိုသိပ်လိုက်ရသည်။

ဇော်ရင့်မေမေ ဒေါ်မြင့်မြင့်နွယ်ရော၊ အန်တီမိရော၊ ဒေါ်တူးရော၊ ဦးခင်ဇော်ရော ဇော်ရင်ရော ရှိနေသည့်အပြင် အခြား သူစိမ်းအမျိုးသမီးနှစ်ဦးပါ ရှိနေ၏။

"သမီးရယ် တော်ပါတော့၊ မလုပ်ပါနဲ့တော့"

"သူ့ကြောင့် မေမေ၊ မရဘူး၊ သူ့ကြောင့် ဖေဖေ သေရတာ၊ သူ့ကြောင့်"

ရွှေစင်ယော်သည် အားပါးတရ ဆွဲထားရာ ကြယ်စုံ ဦးခေါင်း အရေပြားလေးတွေပင် ကျင်ထုံ၍နေလေသည်။

"ရွှေစင်ယော် ... တော်တော့လို့ပြောနေတယ်လေ"

ဇော်ရင်သည် ပြောပြောဆိုဆိုပင် ရွှေစင်ယော့်လက် များကို ရိုက်ချနေသည်။ ရွှေစင်ယော်သည် ကြယ်စုံ့ဆံပင်များကို မလွှတ်သေးချေ။

"သမီး လွှတ်လိုက်တော့၊ သူများအပြစ်က ကိုယ့်အပြစ်



ဖြစ်နေမယ်၊ လွှတ်လိုက်တော့ သမီး၊ လွှတ်လိုက်တော့၊ သမီး စိတ်မကျေလည်သေးရင် မေမေက တရားဥပဒေအတိုင်း အရေး ယူပေးမယ်၊ လွှတ်တော့နော် ... သမီးနော်"

တရားဥပဒေဆိုပါလား။ ဒါ ... ဒါဆို ဦးသေသွားလို့ ကြယ်စုံ့ကို ထောင်ချကြမှာလား။ ကြယ်စုံ ထိတ်လန့်သွားသည်။ ကြောက်လန့်မိသည်။

ကယ်ကြပါဦး။ ကြယ်စုံ့ကို ခွာယ်သူမှ မကယ်နိုင်ကြ တော့ဘူးလား။ ဦး မသေရဘူး။ ဦး တကယ်မသေရဘူး။ မဟုတ် ဘူး ... သူတို့ ညာတာ။ ကြယ်စုံ့ကို ဒုက္ခပေးချင်တိုင်းနဲ့ သူတို့ ညာနေကြတာ။ မဟုတ်ဘူး။

"ဇော်ရင် ... ယုံပါ ဇော်ရင်ရယ်၊ ငါလေ ... ငါလေ ဦးကို ဘာမှမလုပ်ပါဘူး"

"နင် တွန်းလိုက်လို့ ငါ့အဖေ ဒီလိုဖြစ်ရတာ၊ နင်က နင်က ငါ့အဖေကို ... အီး ဟီး ဟီး"

"သတိထားမှပေါ့ သမီးရယ်၊ စိတ်တွေကို မလွှတ်ပစ် ပါနဲ့ သတိထားပါ၊ သမီးက အဲဒီလို ဒေါသကြီးနေရင် မေမေက ဘာတွေရှေ့ဆက်လုပ်ရမှာလဲ"

ရှေ့ဆက်လုပ်မည်ဆိုပါလား။ တကယ်ပဲ ကြယ်စုံ့ကို

www.burmeseclassic.com

www.burmeseclassic.com



ထောင်ချကြတော့မှာလား။ ကြယ်စုံက ဒေါသတကြီး တွန်းလိုက်သို့ ဦးလဲကျသွားသည်ဆိုတာ ကြယ်စုံသိသည်။ သို့သော် ထိုအရာသည် ကြယ်စုံတစ်ယောက်တည်း၏အပြစ်မဟုတ်ချေ။ ရွှေစင်ယော်လည်း ပါသည်။ ပြီးတော့ ဖြစ်ပါစေဆိုသည့်ဆန္ဒနှင့် ကြယ်စုံလုပ်လိုက်ခြင်းမျိုး မဟုတ်ချေ။

"ငါတို့မိသားစုအပေါ် မင်း ဘာတွေများ ရန်ငြိုးရှိနေသလဲ ကြယ်စုံရယ်၊ ဟမ်း . . . ငါတို့က မင်းကို ဘာများလုပ်မိလို့ ခုလို ဆိုးဆိုးဝါးဝါး တုံ့ပြန်ရတာလဲ"

"မဟုတ်ဘူး အန်တီမိ၊ အန်တီမိ အထင်လွဲနေပြီ၊ ခုက ကြယ်စုံကြောင့် မဟုတ်ဘူး။ ယုံပါ ဖော်ရင်ရယ် . . . ငါ တကယ်ကို ဘာမှမလုပ်တာပါ"

လူအားလုံးသည် ကြယ်စုံကိုသာ ဝိုင်း၍ကြည့်နေကြသည်။ ထိုမျက်လုံးများအောက်တွင် ကြယ်စုံသည် သေးကျုံ့၍သွားသည်။

ယုံပါ ဖော်ရင်ရယ်၊ ငါ့ကို အဲဒီလို သံသယကြီးနဲ့ မကြည့်ပါနဲ့။ ယုံပါ . . . ငါ တကယ် ဘာမှမလုပ်ရပါဘူး။ ငါက နင့်ရဲ့ ချစ်သူလေ။ ငါ့ရှေ့မှာ မားမားကြီးရပ်ပေးစမ်းပါ ဖော်ရင်ရယ်နော်။ ငါလေ . . . ငါလေ နင့်ကို အားကိုးတယ်။ ခုနေချိန်မှာသာ





ကြယ်စုံက ကျွန်တော့်ချစ်သူ၊ ကျွန်တော် ကြယ်စုံကို ယုံတယ်၊ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှမြည်တာပါ၊ ကြယ်စုံကိုပဲ ဝိုင်းပြီး အပြစ်တင်မနေကြပါနဲ့ဟုပြောလျှင် . . . ကြယ်စုံ တစ်ဘဝလုံး ဖော်ရင့်ခြေရင်းမှာ ကျွန်တစ်ယောက်လို ဝပ်ဆင်း၍နေပါ့မယ် ဖော်ရင်ရယ်။ ပြောလိုက်စမ်းပါ။

ငါသာ နင့်ချစ်သူ၊ နင် ရည်ရွယ်ထားတဲ့လူပါဆိုတာ သူတို့သိသွားရင် ငါ့အပေါ် အဲဒီလို ရှော်ရက်စက်စက် ကြည့်နိုင်ကြတော့မယ် မထင်ပါဘူး။ ငါ့ကို ကူညီပါဖော်ရင်ရယ်နော်။ ငါ့မှာ နင်တစ်ယောက်တည်း ရှိတော့တာပါ။ ငါ့ကို ကူညီပါနော်။ ကျေးဇူးပြု၍ ငါ့ကို ကူညီပါ ဖော်ရင်ရယ်၊ လူတွေကြားထဲ ငါက နင့်ချစ်သူပါလို့ ထုတ်မပြောခဲ့ရင်တောင် ငါ့လက်ကိုဆွဲပြီး အဝေးကြီးကိုပြေးပေးပါ။ ဦး သေပြီတဲ့။ အဲဒါ . . . ငါ့ပယောဂကြောင့်တဲ့။ ငါ့ကိုကယ်ပါ ဖော်ရင်ရယ်။ နော် . . . ငါ့ကို ကယ်ပါ။

"ဟင် . . . ဒါ ဒါ ကြယ်စုံ၊ နင် . . . ခုချက်ချင်း ဟဲ့ . . . ဒီအကျီကို ချွတ်စမ်း"

ထိုအသံသည် ကြယ်စုံနားထဲ မိုးကြိုးသံထက်မက ဆူညံသွားသည်။ ကြယ်စုံ ရှက်သွားသည်။ ဖော်ရင့်ရှေ့မှာမို့ အကျီကိုချွတ်ပြရင်းဖို့ကို မဝံ့မရဲဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ပါနဲ့ ဖော်ရင်ရယ်။ ငါ့ကို အဲဒီလို မကြည့်ပါနဲ့။ ကြယ်စုံကို အဲဒီလို မကြည့်ကြပါနဲ့။ သူ့အင်္ကျီလေး ခဏငှားဝတ်မိသည့် သေလောက်တဲ့ပြဿနာကြီးတဲ့လား။

''ဒါ ... အန်တီလေး ဘန်ကောက်ကပို့လိုက်တာ၊ သူခိုးမ၊ နင် ... နင် ငါ့အင်္ကျီကို၊ နင် ... နင် ငါ့ဘဝကို ဖောက်ထိုးဖြစ်အောင် လုပ်တဲ့လူ၊ နင့်ကို ငါ သတ်မယ်''

ရွှေစင်ယော်သည် တစ်ဟုန်ထိုး ပြေးလာကာ ကြယ်စုံ့ကိုယ်ပေါ်မှ အင်္ကျီကို ဆွဲချွတ်တော့သည်။

''မလုပ်ပါနဲ့ ... ဟင့်အင်း မလုပ်ပါနဲ့''

ကြယ်စုံသည် အထပ်ထပ်တားနေသည့်ကြားမှ ရွှေစင်ယော်သည် အင်္ကျီကိုဆွဲသည်။ ရှုန်းသော်ငြား မလွတ်ပေ။ ကြယ်စုံ ရှက်သည်။ အထူးသဖြင့် ဖော်ရင့်ရှေ့မှာမို့ ကြယ်စုံ မျက်နှာမထားနိုင်အောင် ဖြစ်ရသည်။

ဖော်ရင်ရယ် ... ငါ့ကိုကယ်ပါဦးနော်။ ကယ်ပါဦးဟု အားကိုးတကြီး မြည်တမ်းမိသော်လည်း ဖော်ရင်သည် ရွှေစင်ယော်ကိုဆွဲကာ ခပ်ဝေးဝေးသို့ တွန်းပို့နေသည်။

ရွှေစင်ယော်ကြောင့် ကြယ်စုံ့ကိုယ်ပေါ်မှအင်္ကျီသည် လျော့ရဲ၍နေသည်။ အရှက်ကိုပင် လုံအောင်မဖုံးနိုင်တော့ပေ။



ကြယ်စုံ ရှက်သည်။ အားကိုးရှာမိသော်လည်း ဝိုင်းကြည့်နေသော မျက်လုံးများနှင့်သာ ကြုံတွေ့နေရသည်။ ထိုအကြည့်များထဲတွင် အထင်သေးမှု၊ ရွံရှာမှုတွေက လူးလားခေါက်တုံ့ ပြေးလွှားနေသည်။

ကြယ်စုံ့ကို မကယ်နိုင်ကြတော့ဘူးလား။ ကြယ်စုံ့ကို ကယ်ကြပါဦး။ ဦး ကြယ်စုံ့အဖြစ်ကို ကြည့်လှည့်ပါဦး။ မေမေ၊ ဖေဖေ ကြယ်စုံ့ကိုကယ်ပါဦး။

ကြယ်စုံသည် အားကိုးရာမဲ့စွာ လူ့ပုံကြား၌ ရော်ရမ်းဘမ်းတနေမိသည်။ လက်ကိုကမ်းနေသော်လည်း ကူကယ်မည့်သူမရှိချေ။ အခြေအနေသည် ကြယ်စုံ့ကို ချောက်ကမ်းပါးနက်ထဲ တွန်းပို့နေ၏။ ကြယ်စုံ့ဘဝသည် မှောင်မိုက်စွာ။

❀ ❀ ❀

www.burmeseclassic.com



## နာကြည်းမှုများ၏တမလွန်



## အခန်း (၁၁)

"ကြယ်စုံဖူး ... မြန်မာပြည်ကို ဒီနေ့ ပြန်ရောက်မယ်တဲ့"

ဆိုသော သတင်းစကားသည် ကုမ္ပဏီတစ်ခုလုံး ပျံ့နှံ့၍ နေသည်။ အွန်လိုင်းပေါ်မှာလည်း Miss ကြယ်စုံဖူး။ ဂျာနယ်ထဲမှာလည်း Miss ကြယ်စုံဖူးနှင့် သတင်းတွေက စုံလင်၍နေသည်။ ကမ္ဘာ့အလှဆုံးမိန်းကလေးအဖြစ် အသိအမှတ်ပြုခံရသော Miss မြန်မာပြည်၏ဂုဏ်ဆောင်မိန်းကလေးမို့ တစ်နိုင်ငံလုံး ဟိုးဟိုးကျော်နေတော့သည်။

ကြယ်စုံဖူး၏ ကိုယ်ခန္ဓာကောက်ကြောင်းနှင့် ကိုယ်ဟန်အနေအထားကို facebook စာမျက်နှာများတွင် ချီးမွမ်းမဆုံးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ရှိကြကုန်သည်။

"ဒီနေ့ လေယာဉ်ကွင်းသွားမယ်၊ ငါတို့ရဲ့ Miss ကို မြင်ဖူးတယ်ရှိအောင် ကြည့်ရဦးမယ်"

ကုမ္ပဏီမှဝန်ထမ်းများသည် နေ့တစ်ပိုင်း ခွင့်တိုင်ကြကုန်၍ ဇော်ရင့်မှာ စိတ်ရှုပ်စရာများနှင့် ကြုံတွေ့ရလေသည်။ ယနေ့ တိုးနှစ်ဖွဲ့ ရောက်လာရန်ရှိသည်။ လေယာဉ်ကွင်း၌ ကြိုရမည် ဂိုက်လည်း အလွယ်တကူခေါ်၍မရပေ။ အရေးထဲ ညွှန်ကြားသည်လည်း ဝပ်ရှော့မှ မထွက်နိုင်ပါ။

ရှားရှားပါးပါးခွင့်တင်နေသော ဝန်ထမ်းများကို ဒေါသ ထွက်မိပါသည်။ ခွင့်လည်းမပေး၍ မရချေ။ ထိုဝန်ထမ်းများသည် လုပ်သက် ခြောက်လသက်တမ်းတစ်လျှောက် တစ်ကြိမ်တစ်ခါမျှ ခွင့်မတင်ဖူးချေ။

တစ်ခါတစ်ရံ ခွင့်တင်တာလေးပင် ခွင့်မပေးဘူးဆိုလျှင် လွန်ရာကျပေတော့မည်။ ထို့ကြောင့် အချိန်မရသည့်ကိစ္စကို လျှော့ချကာ ဖွတ်မိုတ်ခွင့်ပေးရတော့၏။

ဝန်ထမ်းများကို ခွင့်ပေးလိုက်ပြန်တော့လည်း အလုပ် တာဝန်တွေ မနိုင်မနင်းနှင့် သူက ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်ရပြန်သည်။ လုပ်သက်နုသေးလို့လားမသိ။ ညွှန်သည်ရှော့





ဆုံပြီး ဝင်လာလျှင် ပျာယာခတ်နေတတ်သည်။

"ဟယ်လို ... ကိုမြင့်မောင်လား။ အရေးပေါ်လာပေးနိုင် မလား။ ကိုကျော်သိန်းက ရုတ်တရက် အက်ဆီးဒင့်ကြောင့် ပျက် သွားလို့ပါ"

အောက်ကျို့ပြီး အကျိုးအကြောင်း ရှင်းပြသော်လည်း မအားဘူးဟု ငြင်းလွှတ်ခံနေရသည်။ တကယ်ပဲ မအား၍လား။ ဒါမှမဟုတ် အများမအားမှ လမ်းကြုံမရှိသုံး လုပ်တယ်ဆိုပြီး ဗညာပြသလား၊ မသိသော်လည်း ငါးယောက်ခန့်ကို ဖုန်းဆက်ပြော သော်လည်း တစ်ဦးတစ်ယောက်မျှ မအားလပ်ချေ။ မအား၍သာ နေကြသည်။ လမ်းကြောင်းမရှိဘူးဟု သတင်းရသူတွေချည်းကို သာ ဖုန်းဆက်မေးခြင်းဖြစ်၏။

သူ့ကို အလုပ်က သင်လိုက်ပြန်ပြီဖြစ်သည်။ သူ သင်ယူ လိုက်ရပြန်ပါပြီ။ စီးပွားရေးလုပ်ကြတယ်ဆိုဦး မာနနှင့်သိက္ခာကို အထိပါးမခံနိုင်ကြသည်က မည်သို့သောလူတန်းစားများပါနည်း။

"ကိုနိုင်ဦးလား။ ကိုနိုင်ဦး ... ကျွန်တော့်ကို တစ်ခု လောက် ကူညီနိုင်မလား"

ငွေပေးပြီး ခိုင်းရသည်ပင် အောက်ကျနောက်ကျနိုင် လွန်းလှသည်။ တစ်ခါတစ်ရံ အလုပ်ကိုစိတ်ပျက်မိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူသည် ယောကျ်ားတစ်ယောက် ဖြစ်သည်။ အခက်အခဲဆိုသည်က ရှင်သန်စဉ် ကာလတစ်လျှောက်လုံး ရင်ဆိုင်ကျော်လွှားရမည့်အရာသာ ဖြစ်သည်။

အခက်အခဲနှင့်သာ မိတ်ဆွေဖွဲ့နိုင်ပါက သူ့ဘဝတွင် တိုးတက်မှုကို ကေန်ရရှိမှာပဲဟု သူ ယုံကြည်သည်။ ထို့ကြောင့်ပင် လူ့အောက်ကျို့ လူပိပြီးမသေပါဘူးဆိုသည့်ထုံးကို နှလုံးမူရပြန်သည်။

"ဘာကူညီပေးရမလဲဗျ"

"ကိုနိုင်ဦးအချိန်ရရင် လေယာဉ်ကွင်းမှာ ညွှဲသည်သွားကြိုပေးပါလား"

"ဘယ်နေ့လဲ"

"ဒီနေ့ပဲ၊ တစ်နာရီလေယာဉ်နဲ့"

"ဟာ ... ကိုဇော်ရင်က စောစောက ကြိုပြောရောပေါ့။ ခုလို နီးကပ်မှဆိုတော့ ကျွန်တော့်ဘက်ကလည်း ဘာမှကြိုတင်ပြင်ဆင်ထားတာမျိုး မရှိဘူးဗျ။ ပြီးတော့ ဒီအလုပ်ဆိုတာမျိုးက အပွိုင့်မင့်ကို ကြိုယူရတာ"

သူ ဒေါသဖြစ်သွားသည်။ လုပ်နိုင်ရင်လုပ် မလုပ်နိုင်ရင် မအားဘူး ... တစ်ခွန်းတည်း ပြင်းရောပေါ့။ ခုတော့ ချိုးသလို



ဖဲ့သလို လုပ်သက်နုသေးတဲ့လူဆိုပြီး အပေါ်မှ ဖိချင်သလိုလို။ မသိဘဲနေပါ့မလား။ သူတို့ထက် တိုးအလုပ်ကိုသိနေလို့ ကုမ္ပဏီဖွင့်ထားပြီးမှ ဒါကို မသိရှိပါ့မလား။

"ဒါဆို ... ကိုနိုင်ဦး မလိုက်ပေးနိုင်ဘူးပေါ့"

"ဆောရီးဗျာ"

"ကျေးဇူးပါပဲ"

ယဉ်ကျေးပျူငှာရသောအလုပ်၏ဦးဆောင်သူဖြစ်နေပြီးမှတော့ ဒေါသကို မျိုသိပ်ရမည်မှာ စမသာဖြစ်၏။ သို့သော် ဦးဆောင်သူလည်း လူပဲမို့ ထွက်နေမိသော ဒေါသကိုတော့ ဖောက်ခွဲလိုက်ချင်သည်။

"ပြဿနာပဲ၊ ဘယ်လိုလုပ်ရမလဲ"

သူ ကြံရာမရ ဖြစ်နေမိသည်။ ထိုအချိန်တွင်း သူ သတိရမိသည်က ရွှေစင်ယော်။

သူ ဖုန်းကိုဆွဲယူပြီး နံပါတ်များကို နှိပ်လိုက်သည်။

"ရွှေစင်ယော်လား"

"ကျားသားမိုးကြိုး။ ဂွဲ ... ပြော ဘာခိုင်းပြန်ဦးမလို့လဲ"

"ငါ ဂိုက်ပြဿနာနဲ့ ကြုံနေရလို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲတော့"

"နင် တိုးတစ်ဖွဲ့ကိုကြိုပေးပါလား၊ နင့်ရဲ့ရုပ်ကာစတန်လေးနဲ့ဆို အဆင်ပြေပါတယ်၊ တိုးကလည်း သိပ်မများပါဘူး။ သုံးယောက်တည်းပါ၊ အဘိုးကြီး၊ အဘွားကြီးတွေ၊ သိပ်ဖီဇာမကြောင်လောက်ပါဘူး"

"ဖော်ရင် . . . နင် တိုးကုမ္ပဏီလုပ်တော့မှပဲ ငါလည်းဂိုက်လုံးလုံးဖြစ်တော့မယ်"

"တစ်ခါတည်းပါဟာ၊ ဒါတွေ . . . နင်လည်း တတ်ပါတယ်၊ တိုးလုပ်ငန်းနဲ့ စီမံတာမှမဟုတ်တာ၊ လုပ်ပါနော်၊ နှစ်ဖွဲ့ဆုံနေလို့ပါ၊ နို့မဟုတ်ရင် နင့်ကို မပြောပါဘူး၊ ငါပဲ လုပ်လိုက်ပါတယ်၊ လုပ်ပါနော်"

"တစ်ဖွဲ့ကို နင်ကြိုမယ်ဆိုတဲ့သဘောပေါ့"

"အင်း . . . နင်နဲ့ငါ လေဆိပ်မှာတွေ့လောက်တယ်"

"ကဲပါ ပြော . . . ငါ ဘာလုပ်ပေးရမလဲ"

"မခက်ပါဘူး။ လေဆိပ်ကကြိုပြီး ဟိုတယ်ပို့ပေးရုံပါ။ နောက်နေ့ ခရီးထွက်တော့ အားလုံး အဆင်သင့်ရှိပါတယ်"

"ဟွန်း . . . နင်နဲ့တော့ ခက်တာပဲ၊ ဒီညနေ ငါကကာစတန်မာနဲ့ ချိန်းထားတယ်တဲ့၊ လေယာဉ်ချိန်သာ နောက်ကျ





ရင်တော့ ငါက ပြဿနာတက်ဦးမယ်"

"နင့်အလုပ်က အနှီတီမိနဲ့ လွှဲထားလို့ရပါတယ်ဟာ၊ ငါက မေမေ့ကို လွှဲလို့မရလို့ပါ"

"ပြီးရော . . . ပြီးရော၊ ရှင်းပြမနေနဲ့တော့၊ ထားလိုက်တော့၊ ညှိသည်မှတ်တမ်း ငါ့ကို အီးမေးလ်ပို့ခဲ့"

"ဒါကြောင့် . . . ငါ့သူငယ်ချင်းလေးကို ချစ်နေရတာ၊ ပြီးရင်ပြော နင်စားချင်တဲ့ဆိုင်မှာ လိုက်ကျွေးမယ်"

"အဲ့တိုင်းပဲ . . . ပြီးတော့ မအားဘူးချည်း ထပ်နေတဲ့လူ"

ရွှေစင်ယော်ကို ခင်လည်းခင်ဘဲသည်။ ယုံလည်း ယုံကြည်သည်။ သူ့ ခက်ခဲနေချိန်တွင် အရင်ဆုံးသတိရမိသည်က ရွှေစင်ယော် ဖြစ်သည်။ သူ့ အကူအညီတောင်းချိန်တိုင်းလည်း အဆင်သင့်ဖြစ်နေတတ် သူက ရွှေစင်ယော်သာ ဖြစ်သည်။

လူ့လောကဟု ဆိုရလေမလားမသိ။ ရွှေစင်ယော်ကသည်းခံလေ သူက ရွှေစင့်ယော်အပေါ် အနိုင်လိုချင်လေ ဖြစ်၏။ ရွှေစင်ယော်သည် ဒီနှစ်နှစ်အတွင်း သိပ်ကို ရင့်ကျက်သွားသည်။

ရွှေစင်ယော်၏ကလေးဆန်မှုတွေအားလုံးသည် အနန်တယ်နိုင်၏သေဆုံးခြင်းနှင့်အတူ မြှုပ်နှံပြီးဖြစ်ကုန်သည်။ နတ်



www.burmeseclassic.com

www.burmeseclassic.com



ရေကန်ထဲ ပစ်ချလိုက်သလို ပြောင်းလဲသွားသော ရွှေစင်ယော်ကို မည်သို့မည်ပုံ အားပေးရမလဲဆိုတာ သူ မသိခဲ့။ ကြုံနိုင်တယ်ဟု ထင်ရသော အန်တီမိသည်လည်း သုံးလခန့်အိပ်ရာထဲ ဘုန်းဘုန်းလဲခဲ့သည်။

ထိုအချိန်မှစ၍ ရွှေစင်ယော်သည် ဦးဆောင်သူတစ်ဦးဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။ သူကိုယ်၌ပင် ရွှေစင်ယော်၏ ပြောင်းလဲမှုကို တုန်လှုပ်ခဲ့သည်။ မေမေဆို ချီးကျူး၍မဆုံးတော့ပေ။ ရွှေစင်ယော်ကလည်း ပြောင်းလဲသွားခဲ့သလို ကြယ်စုံဖူး၏သတင်းကလည်း ပျောက်သွားခဲ့သည်။

ထိုနေ့ကတည်းက ကြယ်စုံဖူးကို ဘယ်မှာရှာရှာ မတွေ့တော့ပေ။ မန္တလေးသို့ သွားရောက်ပြီး စုံစမ်းသော်လည်း ကြယ်စုံ၏ သတင်းသည် ပျောက်ချင်းမလှ ပျောက်နေသည်။

လွန်ခဲ့သော သုံးလခန့်ကမှ ကြယ်စုံသည် ဘွားခနဲ ပေါ်ထွက်လာသည်။ သူသိသောကြယ်စုံနှင့် ထွက်ပေါ်လာသော ကြယ်စုံသည် သိပ်ကို ကွဲပြားသွားပြီဖြစ်၏။ မယုံနိုင်ပါ။

ဘာတွေဖြစ်ကုန်တာလဲ။ သူ ဘယ်နားကျန်ခဲ့တာလဲ။ ချစ်သူဖြစ်ခဲ့ပါလျက်နှင့် ချစ်သူက ဘာတွေကြံစည်နေသလဲ။ ချစ်သူရဲ့ရည်မှန်းချက်က ဘာလဲဆိုတာမသိနိုင်လောက်တဲ့ထိ သူ





ညံ့လွန်းသွားပါပြီ။ သူက ကြယ်စုံချစ်သူဖြစ်သင့်ပါရဲ့လား။

ကြယ်စုံဖူးတဲ့။ ကြယ်စုံက သိပ်ကိုပြောင်းလဲသွားပြီး ဖြစ်သည်။ အစကတော့ နာမည်တူရုံဟု ထင်ခဲ့သည်။ သို့သော် လူပြောများသော Miss ဖြစ်တာကတစ်ကြောင်း၊ ကြယ်စုံနှင့် နာမည်တူနေတာက တစ်ကြောင်းဖြစ်နေ၍ အွန်လိုင်းပေါ် ရှာကြည့်ခဲ့ရာ ကြယ်စုံမှန်း သိလိုက်ရသည်။

ထိုအကြောင်းကို ရွှေစင်ယော်ကို မပြောဖြစ်ပေမဲ့ ရွှေစင်ယော်လည်း သိလိမ့်မည်ဟုထင်ပါသည်။ ကြယ်စုံနှင့် ပတ်သက်သည့် စိတ်ဒဏ်ရာသည် ရွှေစင်ယော်ဘဝတွင် ကြီးစွာထင်ကျန်ရစ်ခဲ့သည်မို့ သူ့နှုတ်မှ ကြယ်စုံသတင်းကို မပြောရက်နိုင်ပေ။ အဟောင်းတွေကို အတိတ်မှာသာထားလိုက်ချင်သည်။

ကြယ်စုံ အဆင်မပြေရဲ့လား ဘယ်ကိုရောက်နေသလဲ။ ကောင်းကောင်းနေထိုင်စားသောက်ရဲ့လားဟု အချိန်တိုင်း စိတ်ပူခဲ့သည်။ မိုးရွာလျှင်လည်း မိုးလုံတဲ့နေရာမှာမှ ရှိရဲ့လား။ နေပူလျှင်လည်း နေရိပ်ထဲမှာမှ ရှိနေရဲ့လားဟု အကြိမ်ကြိမ်ပူပန်ခဲ့ရသည်။

ယခုတော့ စိတ်အေးသွားပါပြီ။ ကြယ်စုံ အဆင်ပြေပြီး အောင်မြင်နေတာကို သိရသောအခါ သူ ပီတိဖြစ်နေသည်။

ကြယ်စုံနှင့် ဆက်သွယ်ချင်စိတ်များ ရင်ထဲ ပြည့်လျှံခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အံကြိတ်နေရသည်။ ကြယ်စုံနှင့်သူ ဆက်သွယ်ပါက ကောင်းလာမည့်အရာမရှိတော့၍ ဖြစ်သည်။

ဆိုးကျိုးဆိုးပြစ်တွေကို သူ လက်နှင့် မဖိတ်ခေါ်ချင်တော့ပါ။ တစ်ချိန်က ပူလောင်မှုများသည် ဒဏ္ဍာရီအဖြစ်သာ အတိတ်၌ စွန့်ပစ်ထားချင်သည်။ ကြယ်စုံ့သတင်းကို ရွှေစင်ယော်က သိမည်ဆိုတာ သူ့စိတ်က သိနေသော်လည်း ရွှေစင်ယော်ကလည်း ကြယ်စုံ့အကြောင်း စကားပင် မစပ်လာချေ။ ရွှေစင်ယော်သည်လည်း ကြယ်စုံ့ကို ဘဝထဲမှ ထုတ်ပစ်ချင်နေပုံပေါ်သည်။

ကြယ်စုံနှင့်ရွှေစင်ယော်ကြားတွင် သူရှိနေသည်။ ကြယ်စုံသည် သူ၏အတိတ်မှ ချစ်သူဖြစ်သည်။ သို့သော် လက်ရှိတွင်မူ ရွှေစင်ယော်သာ သူ၏ဇနီးလောင်းဖြစ်သည်။ အန်တီမိ၏ကျန်းမာရေးအခြေအနေကြောင့် သူနှင့်ရွှေစင်ယော်တို့ စေ့စပ်ပြီးကြသည်မှာ ငါးလပင်မပြည့် သေးပေ။

သူ့ရင်ထဲ ကြေကွဲရ၏။ ကြယ်စုံ့ကို မျှော်လင့်ခဲ့သည့်အချိန်ပြည့် ကြယ်စုံ့သတင်းကိုသာ နားစွင့်ခဲ့သည်။ နောင်တတွေလည်း ရခဲ့သည်။ အချစ်ဆိုသည်မှာ အတူရှိစဉ်အခါက မသိသာသော်လည်း ဝေးသွားကြပြီဆိုသောအခါ အလွမ်းစိတ်က လူကို ချုံးချုံးကျစေသည်။





ဒီလိုမှန်းသာသိခဲ့ရင် ကြယ်စုံက အဝေးဆုံးမှာသွားနေကြဖို့ ပြောကတည်းက ဘာကိုမှမစဉ်းစားဘဲ ထွက်သွားခဲ့ပါတယ်။ ကြယ်စုံသာ မပြောမဆို ပျောက်သွားမယ်မှန်းသိရင် ထိုနေ့က ကြယ်စုံ့လက်ကို ဆွဲပြီး ထွက်ပြေးခဲ့ပါတယ်ဆိုပြီး အကြိမ်ကြိမ် နောင်တရခဲ့သည်။

သို့သော် အချိန်တွေက ကျော်လွန်သွားခဲ့ပါပြီ။ နောင်တတွေ ရင်ထဲ တစ်ပွေ့တစ်ပိုက်ရှိနေသော်ငြား ကြယ်စုံလည်း သူ့ဘဝသစ်မှာ အဆင်ပြေနေပြီဖြစ်သည်။ သူရော ဘာမဟုတ်တဲ့ ဆိုကူမှုကြီးပေါက်စလေးက ကြယ်စုံ့အနီး မကပ်နိုင်တော့ချေ။ အချိန်တွင် ကြယ်စုံသည် ကမ္ဘာကအသိအမှတ်ပြုထားသော အလှမယ်တစ်ဦးဖြစ်သည်။ ကြယ်စုံ့ဘေးတွင် ထိတ်ထိတ်ကြဲသူဌေးများ ဝိုင်းရံ၍နေလေသည်။ သူ့ရင်ထဲ အနက်နဲဆုံးနေရာတွင် လျှို့ဝှက်၍သိမ်းထားရန်သာ ရှိတော့မည်။

ကြယ်စုံလည်း သူ့ကို နာကြည်းလောက်ပါပြီ။ အရွှေအရံများကြားနေပြီး သူ့ကိုလည်း မေ့သွားလောက်ပါပြီ။ သူ့ကိုမြင်လျှင် ကြယ်စုံလည်း ဒဏ်ရာဟောင်းများနှင့် နာကျင်လာလိမ့်မည်။

သူကလည်း ဘဝတစ်ခုတွင် နေသားကျနေပြီဖြစ်သည်။ အလုပ်ကို ကြိုးစားလုပ်ပြီး အချိန်တန်လျှင် ရွှေစင်ယော်နှင့် လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြီး အေးချမ်းသာယာသော မိသားစုဘဝကို ဖန်တီးယူရုံအပြင် အခြားမရှိတော့ပါ။

ရွှေစင်ယော်ကို သူခင်သည်၊ မချစ်သော်လည်း သံယောဇဉ်ရှိသည်။ သံယောဇဉ်သည် တစ်ချိန်ချိန်တော့ အချစ်ဖြစ်လာနိုင်၏။ ချစ်နိုင်အောင်လည်း ကြိုးစားရလိမ့်မည်။ ရွှေစင်ယော်သည် ရိုးသားပြီး ပွင့်လင်းသူဖြစ်သောကြောင့် သူ ရွှေစင်ယော်ကို လက်မထပ်နိုင်စရာ အကြောင်းမရှိချေ။ ထို့ကြောင့်ပင် ရွှေစင်ယော်နှင့် စေ့စပ်ရန် သူ သဘောတူခဲ့ခြင်းဖြစ်၏။

"ဆရာ . . . ကားရောက်လာပြီ"

သူ၏အတွင်းရေးမှူး ဖြစ်သည်။ လူအင်အား ဆယ့်နှစ်ယောက်ခန့်ရှိသော ရုံးတွင် သူနှင့် သန့်ရှင်းရေးတစ်ဦး၊ ဒရိုင်ဘာတစ်ဦးနှင့် အတွင်းရေးမှူးသာ ရုံးတက်ကြသည်။ အတွင်းရေးမှူးသည်လည်း ပြင်သစ်လို မတတ်သောကြောင့် သူကိုယ်တိုင် ညှိသည်ကြိုရမည့်အခြေအနေ ရောက်လာသည်။

ပထမဆုံး တိုးဂိုက်အတွေ့အကြုံလေးကို သတိရမိသော၏။ အလွဲလွဲအချော်ချော်လေး အဆင်ပြေခဲ့ဖူးသည်။ သက်ကြီးတိုးအဖွဲ့ ဆိုသော်ငြား ငယ်ရွယ်သောသူတိုးဂိုက်၏အဖွဲ့များ၏ သဘောထားကြီးစွာ နားလည်ပေးခဲ့သည်။





သူ့အဖြစ်က ခပ်ဆိုးဆိုးဖြစ်၏။ ဘုရားသမိုင်းကို ပြောရာတွင် ခုနစ်သက္ကရာဇ်အလွဲတွေ ရွတ်ခဲ့သည်။ ပြီးနောက် ရွှေတိဂုံဘုရားမုခ်ဦးကို အရှေ့၊ အနောက်၊ တောင်၊ မြောက် လွဲအောင် ပြောခဲ့သည်။

တိုးများကလည်း မခေချေ။ စာအုပ်ကိုင်ပြီး သွားလာနေသူများဖြစ်၍ သူ့အမှားကို ထောက်ပြခဲ့သည်။ ပထမဆုံးအတွေ့အကြုံမို့ စိတ်လှုပ်ရှားနေတာဟု မရေမရာ ဆင်ခြေပေးသော်လည်း တိုးများက အပြစ်မယူခဲ့ပေ။ တိုးဂိုက်လုပ်ခဲ့သော တစ်နှစ်တာကာလတစ်လျှောက်လုံးတွင် မြန်မာပြည်အနှံ့ ခရီးသွားခဲ့ရသည်။

မန္တလေး၊ ပုဂံ၊ မြောက်ဦး၊ ဈေးကောင်းကြီး၊ အင်းလေး၊ လားရှိုး၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းပါမကျန် သွားခဲ့သောကြောင့် သူ့ထံ နေရာဒေသအတွေ့အကြုံများစွာ ရရှိခဲ့သည်။ ညှိအမျိုးမျိုးနှင့်လည်း ကြုံခဲ့သည်။ ပြဿနာမျိုးစုံကိုလည်း ဖြေရှင်းခဲ့ရသည်။ ပြဿနာတစ်ခု ဖြေရှင်းပြီးတိုင်း ရင့်ကျက်လာသလို ခံစားရသည်။ လူများစွာနှင့် ဆက်ဆံရသောကြောင့် ပြဿနာမျိုးစုံ ကြုံရသည်။ အခက်အခဲမျိုးစုံ ရင်ဆိုင်ရသည်။ ထိုအခက်အခဲများကြားတွင် ပျော်မွေ့လာသော သူသည် တိုးကုမ္ပဏီကိုသာ အမွေဆက်ခံဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . . ကားက မပြီးသေးလို့ ဝပ်ရှော့ကကားကိုပဲ ခဏ ငှားလာခဲ့တယ်"

သိပ်မနှစ်သက်သော်ငြား အချိန်နီးကပ်နေပြီမို့ ပြဿနာ မလုပ်လိုတော့။ တစ်စုံတစ်ယောက်ကို ဆူပူလိုက်လျှင် သူပဲ စိတ်အနှောင့်အယှက်ဖြစ်ပြီး တစ်နေကုန် အဆင်မပြေဖြစ်တော့မှာမို့ မကျေမနပ်စိတ်ကို သည်းခံမျိုသိပ်လိုက်ရသည်။

"ကိုဝင်းမော်အလုပ်က ဒရိုင်ဘာလေ၊ ကားကို အမြဲကြည့်နေရမှာပေါ့၊ ဒါကအစ ကျွန်တော်ပြောနေရရင် သိပ် ဟန်မကျဘူး"

"ဆောရီးပါ ဆရာရယ်၊ နောက် မဖြစ်စေရပါဘူး"

ကူရှင်ကိုမှီ၍ ငြိမ်သက်စွာ လိုက်ပါလာသည်။ သူ့စိတ်ကို ရှင်းထားမှဖြစ်မည်။ ညှိသည်များရှေ့တွင် ပြုံးရွှင်ဖော်ရွေနေရမည်။ ကိုဝင်းမော်ဟုသာ ကိုတပ်ခေါ်နေရသော်လည်း အသက်ကလေး ဆယ့်ငါးနှစ်မျှရှိ၏။

အသက်နှစ်ဆယ့်နှစ်အရွယ် သူနှင့်စာလျှင် သားအဖအရွယ်မျှ ဖြစ်နေသည်။ အလုပ်ရှင်ဆိုသော ပါဝါကို သုံးပြီး ဒီ့ထက်လည်း မထူပူချင်ပေ။

လေဆိပ်တွင် လူများ အထူးစီကား၍နေသည်။ ရင်မောမိ





သည်။ ကြယ်စုံ စီးလာသည့်လေယာဉ်က ဆိုက်ပြီးသွားပြီလား။ မဆိုက်လာသေးဘူးလား။ ဖဝေဖဝါဖြင့်သာ လေဆိပ်ထဲဝင်လာရသော်လည်း စိတ်လှုပ်ရှားနေသည်။

"ဇော်ရင်"

ဆတ်ခနဲ တုန်သွား၏။ သူ ပြဿနာကို ဖန်တီးလိုက်မိပြီလား။ သူ အခက်အခဲကိုသာ မြင်ခဲ့သည်မှာ သူ့အတ္တကြီးသွားပြီလား။ ရွှေစင်ယော်ကို ညှိကြိုဖို့ မှတ်မိတ်အကူအညီတောင်းခဲ့သည်။ အမှုမဲ့ အမှတ်မဲ့ ဖြစ်သွားခြင်းဖြစ်၏။ ကြယ်စုံရောက်လာမယ်မှန်းသိရဲ့နဲ့ သူ ဘာကြောင့် သတိလွတ်သွားရတာလဲ။

"ရောက်လာတာကြာပြီလား"

"မကြာသေးပါဘူး။ ခုပဲ ဝင်လာတာ"

"လာလေ၊ ဟိုမှာ ထိုင်စောင့်ရအောင်"

ရွှေစင်ယော်ကိုခေါ်ပြီး လွတ်နေသော ကော်ဖီဆိုင်ထဲ ဝင်ခဲ့သည်။

"လေဆိပ်မှာ လူတော်တော်များတယ်နော်"

သူကမ်းပေးသောကော်ဖီကို သောက်ရင်း ရွှေစင်ယော်က ဆိုသည်။ သူ ဘာပြန်ပြောရမှန်းမသိချေ။ ကြယ်စုံကြောင့်ဟု မှန်ကန်ရိုးသားစွာ ပြောရမှာလား။ သူ သိနေခြင်းကို ထိန်းချုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောရမှာလား။

"နှင်သိနေသလား ဇော်ရင်"

အဲဆက်အစပ်မရှိ ပြောလာသော ရွှေစင်ယော်စကား ကြောင့် ဇော်ရင် ကြောင်နသွားသည်။ ဘာကိုဆိုလိုနေမှန်း သိ သော်လည်း ဘာပြန်ပြောရမှန်းမသိချေ။

"သိမှာပါ ... တစ်နိုင်ငံလုံး ဟိုးဟိုးကျော်နေတာပဲ ဆောင်း တစ်ကမ္ဘာလုံး"

ယောင်နနပင် ကော်ဖီကို သောက်နေမိသော်လည်း မူ သလား၊ အေးသလားဆိုတာ အာရုံခံ၍ မရပေ။

"နှင် နောင်တရနေသလား"

သူ့ရင်ထဲ ဆတ်ခနဲဖြစ်သွားသည်။ အမှန်ကို ဝန်ခံရမှာ လား။ စိတ်ချမ်းသာအောင် လိမ်ညာပြီး ပြောရမှာလား။

"ငါ့ကို အားမနာပါနဲ့၊ စေ့စပ်ထားတာပဲ လက်ထပ် ထားတာမှ မဟုတ်တာ၊ နှင်သွားချင်ရင် ငါ ဆွဲမထားပါဘူး"

"မသွားပါဘူး၊ ငါက အဲဒီလိုယောက်ျားမျိုးလည်း မဟုတ်ဘူး၊ အကယ်၍ ငါ သွားဦး သူက ငါ့ကို စိတ်နာနေပြီး သား"

"ငါကြောက်တယ် ဇော်ရင်"





"ဘာကိုလဲ"

"ကြယ်စုံသတင်းကို ကြားရကာစကပေါ့၊ နှင် သိနေမှာပဲ ဆိုတာ ငါသိပေမယ့် အဲဒီအကြောင်း မပြောဖြစ်ခဲ့ဘူး၊ နှင်က ကြယ်စုံသတင်းကို လိုက်စုံစမ်းနေတယ်ဆိုတာ ငါသိပေမယ့် သိချင်ယောင်ဆောင်ခဲ့တယ်၊ ငါ နှင့်ကို လက်လွှတ်ပေးရမယ် ဆိုတာ သိပေမယ့် မေမေပြီးရင် နှင်က ငါ့ဘဝအတွက် မရှိမဖြစ် လူပါ၊ ငါ အတွေကြီးခဲ့တယ်၊ ငါ အဲဒီလိုပြောခဲ့ရင် နှင်က အဲဒီလို မဖြေပါရစေနဲ့လို့ ဆုတောင်းခဲ့ဖူးပေမယ့် ငါ ဆုတောင်းမပြည့်ခဲ့ ဘူး၊ ငါ မသွားတော့ဘူး၊ နှင့်ကို ငါက မချစ်ပေမယ့် ချစ်နိုင်အောင် ကြိုးစားပါ့မယ်၊ ဒါမှမဟုတ် ... ငါက ပေးထားတဲ့ကတိကို ဘာ အကြောင်းကြောင့်နဲ့မှ မဖျက်ဘူး၊ ငါ့ကို အထင်မသေးစမ်းပါနဲ့လို့ လိမ်ညာပြီးမှပဲဖြစ်ဖြစ် ပြောစေချင်တာပါ၊ ဘာလို့ နှင် ရှိုးသား နေရတာလဲ"

"ငါ နှင့်ကို မညာချင်ဘူး ရွှေစင်ယော်"

"တစ်ခါတစ်ရံတော့ လိမ်ညာပေးပါ ဇော်ရင်၊ အရမ်း မှန်ကန်လွန်းရင် ငါ ခံစားရလွန်းလို့ပါ"

သူ့ရင်ထဲနာသွားသည်။ ရွှေစင်ယော်ရယ် နှင် ဘာလို့ အဲဒီလို တည်ငြိမ်နေရတာလဲ။ ငယ်ငယ်ကဆို ကက်ကက်လန်

www.burmeseclassic.com

www.burmeseclassic.com



အောင် ရန်တွေ့ပစ်စမ်းပါ။ ဒါမှ ငါ့ရင်ထဲ သက်သာဦးမယ်။ ဘာလို့ ငါ့အပေါ် သည်းခံနေရတာလဲ။ အနိုင်ယူလိုက်စမ်းပါ။ ဒါမှ ငါ နေလို့ထိုင်လို့ ကောင်းပါဦးမယ်။

"နင် သူ့ကို နာကြည်းနေတုန်းပဲလား ရွှေစင်ယော်"

"ကဲပေါ့၊ ကဲပါလို့ ဆုံစည်းကြရတာ၊ ငါ့ဖေဖေကလည်း သေနေ့စေ့လို့ သေရတာပဲ၊ ဘာကို အပြစ်ဖို့လို့ရဦးမှာလဲ၊ ဒီလိုပဲ ငါ ဖြေတွေးတယ်၊ ဒီလိုမတွေးဘဲ အာဃာတတွေ ထားနေလို့လည်း ဆုံးရှုံးနစ်နာဖို့ပဲ ရှိတော့တယ်၊ ငါ မပူလောင်ချင်တော့ဘူး ဇော်ရင်၊ ဘဝကို အပူအပင်ကင်းကင်းပဲ ကျော်ဖြတ်ချင်တယ်"

"အနိကယ်နိုင်က နင့်ကို အများကြီးပြောင်းလဲပေးလိုက်ပြီပဲ"

"စိတ်ဓာတ်ကျနေတဲ့ မေမေရှေ့ ငိုကြွေးပြနေလို့ရော ပြီးမှာတဲ့လား၊ ဝမ်းနည်းပြီး ဒေါသထွက်နေရုံနဲ့ရော မရှိတော့တဲ့ ဖေဖေက ရှင်လာနိုင်မှာတဲ့လား၊ ရှင်လာနိုင်မယ်ဆိုရင်တော့ ငါက ဒေါသထွက်မှာပေါ့"

"နင် သူ့ကို တွေ့ဦးမှာလား"

"ငါတို့မျက်နှာချင်းဆိုင်ရင် ကောင်းမယ့်အရာတွေ ရှိလာနိုင်လို့လား၊ ရောဂါကို ဝယ်မယူချင်ပါဘူး ဇော်ရင်ရယ်၊ ပြီးတော့



သူလည်း ငါ့ကို တွေ့ချင်မှာမဟုတ်ဘူး။ ငါ့ဘဝထဲမှာလည်း သူ မရှိခဲ့ဖူးသလို နေသွားလိုက်ချင်ပြီ"

ရွှေစင်ယော့်မျက်နှာကို အကဲခတ်နေမိသည်။ ရွှေစင်ယော်သည် ဟန်လုပ်ပြောနေပုံမျိုးမရချေ။ တကယ်ပဲ ခွင့်လွှတ်လိုက်ပြီလား။ အဖေတစ်ယောက်လုံး၏အသက်ကို ဆုံးရှုံးထားရသောအခြေအနေသည် ခွင့်လွှတ်နိုင်စရာအကြောင်း မရှိချေ။ ရွှေစင်ယော် ဘာဖြစ်သွားတာလဲ။

"ဝေး . . . လာပြီ လာပြီ ဟိုမှာ . . . ဟိုမှာ"

ဘယ်ကဘယ်လို ပေါ်လာမှန်းမသိသော လူအုပ်ကြီးသည် အသင်းလိုက်ကြီး ချီတက်လာကြကုန်သည်။

"ကြယ်စုံဖူး"

ထိုနာမည်ကို လူအုပ်ကြီးထံမှ ကြားရသောအခါ ဇော်ရင့်ရင်တွေ တဒိတ်ဒိတ် ခုန်နေကုန်သည်။

"ကြယ်စုံဖူး"

ဆူညံသံများသည် လေဆိပ်ထဲတွင် ပဲ့တင်ဟပ်နေကုန်၏။ လုံခြုံရေးများရှိနေသော်လည်း လူအုပ်ကြီးကို မနိုင်ပေ။

"ဝေး"

ညာသံကြီးနှင့်အတူ လက်ခုပ်သံတွေ ဖြောင်းဖြောင်းညံ



www.burmeseclassic.com

www.burmeseclassic.com



သွားသောအခါ သူသည်လည်း ထရပ်မိသွားသည်။ နောက်မှ ရွှေစင်ယော်ကို သတိရသွားကာ နေရာ၌ ပြန်ထိုင်ချလိုက်သည်။ စိတ်တွေက မငြိမ်မသက်ပေ။ စက်လှေကားပေါ်မှ ဆင်းလာမည့် ကြယ်စုံကိုသာ မျှော်နေမိသည်။

"နင်သွားချင်ရင် သွားလေ၊ ငါက ရပါတယ်"

"မသွားတော့ပါဘူး"

ဟု ဆိုနေရသော်လည်း စိတ်တွေက ခုံပေါ်တွင် မရှိတော့ချေ။

"ဝေး"

လူအုပ်ကြီးသည် တိုးဝှေ့၍နေလေသည်။ သူ ခန့်မှန်းမိ၏။ လူအုပ်ကြီးကြားတွင် ကြယ်စုံရှိနေလိမ့်မည်။

"ဝေး"

နောက်တစ်ကြိမ် ညာသံပေးလိုက်သောအခါ လူအုပ်ကြီး ဆီ အကြည့်ရောက်သွားသည်။ ကြယ်စုံသည် သူ့အတွက် သီးသန့်ပြင်ဆင်ထားသော စင်ပေါ်တွင် ဝှဲကြွားစွာရပ်နေလေသည်။

"အားလုံးပဲ မင်္ဂလာပါ""

"မင်္ဂလာပါ"

လှလိုက်တာကြယ်စုံရယ်၊ လွမ်းလိုက်တာ။ ဒီအသံလေး





ကို မကြားရတာ ဘယ်လောက်တောင်ကြာသွားခဲ့ပြီလဲ။ လွမ်းလိုက်တာ ကြယ်စုံလေးရယ်၊

"ဒီလိုမျိုး ဆုတွေအများကြီးနဲ့ အမိမြေကိုပြန်လာရတဲ့အတွက် ကြယ်စုံ အရမ်းဝမ်းသာပါတယ်၊ ဒီလို ဒီနေရာမှာ ရပ်နေရတာက ကြယ်စုံ့အတွက် အိပ်မက်ကြီးတစ်ခုလိုပါပဲ၊ ဒါကြောင့် ကြယ်စုံ့ကို ချစ်ခင်လေးစားကြတဲ့ ပရိသတ်ကြီးကို ကြယ်စုံကလည်း အရမ်းကို ချစ်ပါတယ်"

"ဝေး"

"ကြယ်စုံက ပရိသတ်ကြီးနဲ့အတူ ပရဟိတလုပ်ငန်းတွေ အများကြီးမှာ တိုင်းကျိုးပြည်ပြုလုပ်ဆောင်သွားဦးမယ်လို့ ပြောချင်ပါတယ်၊ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်"

"ဝေး"

ကြယ်စုံသည် ပြောပြီးသည်နှင့်တစ်ပြိုင်နက် လှလှပပလေး ဓာတ်ပုံအရိုက်ခံကာ အလှပဆုံးပြုံးပြီး မာစီဒီကားနက်ကြီးထဲ ဝင်ရောက်ပျောက်ကွယ်သွားသည်။ သူ့ရင်တွေ နွမ်းလျကုန်သည်။ လုပ်ချင်ကိုင်ချင်စိတ်လည်း မရှိတော့ပေ။

"လှလိုက်တာဟယ်၊ ဘာစားပြီးများ မွေးလာသလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မွေးတတ်လိုက်တာနော်၊ သူတို့မိဘများ"

"ဟုတ်ပ ... ကျုပ်တို့များ ဒီလိုသမီးမျိုး အယော
ငါးဆယ် မွေးစမ်းချင်သေးရဲ့"

တစ်ယောက်တစ်ပေါက် ပြောနေကြသော အမျိုးသ
ကြီးများ၏အသံသည် သူ့နားထဲ ပျောက်လိုက်ပေါ်လိုက်နှင့်

ဩော် ... ကြယ်စုံလေးရယ် ... မင်းက ခုချိန်
ငါ့ရင်ကို လှုပ်ခါနိုင်ဆဲပါပဲ။

❁ ❁ ❁



## အခန်း (၁၂)

"ကြယ်စုံ"

"ဟိုး မိုးထက်၊ နင် ဘယ်တုန်းကရောက်သလဲ"

"ရောက်ရောက်ချင်းပဲ နင့်ဆီ တန်းလာခဲ့တာ"

ကြယ်စုံ အလုပ်ပြင်နေသောအချိန်တွင် မိုးထက်က
ရောက်လာခြင်းဖြစ်သည်။

မိုးထက်သည် ထုံးစံအတိုင်းပင် ကြယ်စုံ့ဘေးတွင် မည်
သူရှိသည်ကို လုံးဝ ဂရုမစိုက်ဘဲ ကြယ်စုံ့နဖူးကို နမ်းရှုံ့
လိုက်သည်။

ကြယ်စုံကလည်း ထုံးစံအတိုင်းပင် မျက်စောင်းလေး
တစ်ချက်နှင့် တုံ့ပြန်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



''ဒါက ဘာကိစ္စလဲ''

''အင်တာဗျူးဖြေရမယ်လေ၊ နောက်တစ်နာရီဆိုရင် အင်တာဗျူးသမားတွေ ရောက်လာတော့မှာ၊ နှင်ထွက်လာလို့ မဖြစ်ဘူးနော်''

''ဘာလဲ နံပါတ်ရှိပြီးသားလို့ သတင်းထွက်ရင် သရုပ် သိမ်းသွားမှာစိုးလို့လား''

''နှင်နော် . . . မနောက်နဲ့၊ ဒါက ကြယ်စုံအိမ်မက်ဆိုတာ မသိတာလည်း မဟုတ်ဘဲနဲ့''

''သိပါတယ်ဗျာ၊ သိပါတယ် . . . ဒေါ်ရွှေကြယ်စုံရယ် ဒါကြောင့်လည်း ငါ စိတ်ညစ်ရတာပေါ့၊ မင်းလေးကို အောင် မြင်စေချင်ပေမယ့် အောင်မြင်လေ ကြောက်လာလေပဲ၊ ခုလည်း ကြည့်လေ၊ ကိုယ့်အတွက် မင်း အချိန်မပေးနိုင်တော့ဘူး''

''ခဏပါ၊ သီးတုန်းပွင့်တုန်းမှာ အပင်က ခဏတာလှ တာပါ၊ တစ်ဘဝလုံးလှဖို့အတွက် ဂုဏ်သတင်းနဲ့ဆွဲဆောင်ရဦး မယ်လေ''

''ဘယ်အချိန်ထိ စောင့်ရမှာလဲ''

''ကြယ်စုံ့ကို မချစ်တော့လို့လား''

''အဲဒါကြောင့်ပဲ ကိုယ် ရူးနေခဲ့တယ်ထင်တယ်၊ အဲ



အပြောလေးတွေကြောင့်''

''ဒီမှာ ကြာကြာနေမှာလား''

''အပြီးပြန်လာတာ''

''ဗုဒ္ဓေါမြတ်စွာ . . . ရှင် ကျောင်းတက်လို့မပြီးသေးဘူး လေ''

''မသိဘူး၊ အလုပ်ထဲပဲ ပညာသင်တော့မယ်၊ မင်းလိုပဲ လေ၊ ခက်ရင်းနဲ့ဇွန်းပေါင်းမှ ထမင်းကိုစားလို့ရတာလေ''

''အံမယ် လက်နဲ့လည်း စားကြပါတယ်နော်''

''အရေသောက်ခတ်သောက်ဖို့ ဇွန်းလေးတော့ ပါမှလေ၊ ကိုယ်က ထမင်းဝိုင်းဆို မင်းက ဟင်းချိုခတ်တဲ့ဇွန်းကလေးပဲ''

''သူ့ပဲ အပြောကောင်း''

''အကောင်းပြောနေတာ၊ ကဲပြော ကိုယ့်အတွက် အချိန် ဘာ ဘယ်တော့လဲ''

''ဖြည်းဖြည်းပေါ့၊ ကြော်ငြာတွေရိုက်ဖို့ ကမ်းလှမ်းထား တယ်၊ စကားပြောရဦးမယ်''

''မင်းအတွက် မန်နေဂျာခန့်ထားပြီးပြီပဲ၊ အဲဒါ မန်နေဂျာ ကိစ္စလေ၊ သူလုပ်မှာပေါ့''

''ကြယ်စုံအကြောင်းမသိလို့လား မိုးထက်ရယ်၊ ကြယ်စုံ

www.burmeseclassic.com

www.burmeseclassic.com



က ကိုယ့်ကိစ္စကို ကိုယ်ကိုယ်တိုင် ဦးဆောင်ချင်သူလေ၊ တစ်ဖက်သားကို ဝကွက်ယုံပြီး မအပ်ချင်ဘူး၊ လူယုံသတ်တယ်ဆိုတာ သိတယ်မဟုတ်လား။ သတိဆိုတာ ပိုတယ်မရှိဘူး။ လောကမှာ ကိုယ့်ကို လိုသူရှိသလို မလိုသူတွေလည်း ဒုနဲ့ဒေး''

''ဒါက . . . အောင်မြင်မှုရဲ့ လျှို့ဝှက်ချက်လား''

''မဟုတ်သေးဘူး ရှိသေးတယ်၊ ဒါက အပေါ်ယံလောက်ပဲ၊ ဟောဟိုမှာ လှွင့်နေပြီ၊ မြန်သားပဲနော်''

ကြယ်စုံက စကားကို ဆက်ပြီးပြောလိုက်ရာ မိုးထက်ယံ၏ ယောင်နနဖြင့် ဖွင့်ထားသောတီဗီကို ကြည့်မိလိုက်သည်။

ကြယ်စုံ မြန်မာမြေကိုနင်းသော ခြေလှမ်းများ။

''မင်းကို ကြိုတဲ့လူတွေက များသားပဲ''

''ကြယ်စုံ့ရဲ့အပြန်ခရီးက ဒီလိုဖြစ်လာလိမ့်မယ်လို့ အိပ်မက်တောင် မမက်ခဲ့ဖူးဘူး၊ တကယ်ကျေးဇူးတင်ပါတယ် မိုးထက်၊ နင်က ကြယ်စုံ့ဘဝရဲ့ မီးအိမ်ရှင်ပါ''

''မိုးကောင်းကင်နဲ့ ကြယ်လေးတွေပေါင်းမှ အလှပဆုံးညကို ဖန်တီးနိုင်မယ်ဆိုတာရော မေ့သွားပြီလား''

လစ်ရင်လစ်သလို ပြောတတ်သော မိုးထက်ယံကို ကြယ်စုံက မျက်စောင်းခဲ၍ တုံ့ပြန်လိုက်သည်။



''ရပြီ မလတ် . . . ဒီလောက်ပဲတင်ပါ၊ ကြယ်စုံ သိပ်နီနီရဲရဲကြီး မကြိုက်ဘူး''

မိတ်ကပ်ဆရာကိုပြောပြီး တီဗီကိုကြည့်လိုက်သောအခါ ထင်မှတ်ထားသော လူနှစ်ယောက်ကို ဝိုးတဝါးတွေ့လိုက်ရသည်။ ဇော်ရင်နှင့် ရွှေစင်ယော်။

ကြယ်စုံ့ရင်ထဲ လွမ်းသလိုဖြစ်မိသော်လည်း နာကြည်းမိသည်။ ယနေ့ချိန်ထိ ကြယ်စုံ့နှလုံးသားထဲ သွေးချောင်းစီးဆဲဖြစ်သည်။

လူပုံအလယ်မှာ ကြယ်စုံ့အင်္ကျီကို ဆွဲချုတ်ခဲ့သော ရွှေစင်ယော်။ လူပုံအလယ်မှာ ကြယ်စုံ့ဆံပင်တွေကို ဆွဲဆုပ်ခဲ့သော ရွှေစင်ယော်။ ကြယ်စုံက လက်ကမ်းပါလျက် ကြယ်စုံ့လက်ကို ဆွဲပေးခဲ့သော ဇော်ရင်။ ပြီးနောက် ကြယ်စုံ့ကို ဝိုင်းကြည့်နေကြသော မျက်လုံးတွေ။

အားလုံးကို ကြယ်စုံ နာကြည်းသည်။ တစ်ယောက်ချင်းစီကို လက်တုံ့ပြန်ချင်သည်။ ကြယ်စုံ့ရင်ထဲ ဒဏ်ရာတွေ ဗရပွနှင့် ရှုပ်ပြွတ်သတ်နေကုန်သည်။

နေနှင့်ကြဦးပေါ့ . . . ငါ ခံစားခဲ့ရသလို နင်တို့ ခံစေရမယ်။ နင်တို့ဘဝတွေကို တစ်စစီဖြစ်သွားအောင် ငါ

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ခြွေပြီမယ်။

စောင့်ကြည့်နေပါ။ သိပ်မလိုတော့ပါဘူး။ ဒီ ဘာမဟုတ်တဲ့ အကျီလေး ငှားဝတ်မိတာကို အပြောခံခဲ့ရတဲ့စကားလုံးတွေ၊ အဆွဲခံခဲ့ရတဲ့ ဆံပင်တွေ ယခုချိန်ထိ နာကျင်ဆဲဖြစ်သည်။

ထိုနာကျင်မှုတွေ ရင်ထဲမှာ သိမ်းထားပြီး လက်တုံ့ပြန်နိုင်သောနေ့ရောက်အောင် ကြိုးစားခဲ့သည်၊ ကြယ်စုံ့ရည်မှန်းချက်သည် ရွှေစင်ယော်ဘဝ အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားအောင် လက်တုံ့ပြန်ရေး ဖြစ်သည်။

ဇော်ရင့်အနားမှ ကြယ်စုံ့ကို ဆွဲထုတ်ချင်သော ရွှေစင်ယော်။ ဦးနဲ့ တစ်ခုခုဖြစ်နေတယ်ဆိုသော မျက်လုံးတွေနဲ့ စွပ်စွဲပြောခဲ့သော ရွှေစင်ယော်။ ကြယ်စုံ ရွှေစင်ယော်ကို မုန်းသည်။ ကြယ်စုံ့ဘဝမှာ အမုန်းဆုံးလူကို လက်ညှိုးထိုးပါဆိုလျှင် ရွှေစင်ယော်ပဲ မြင်၏။ ရွှေစင်ယော်၏ဘဝကို ဖျက်ဆီးပစ်မှ ကြယ်စုံ ကျေနပ်နိုင်မည်။ ရွှေစင်ယော့်ဘဝကို ပျက်စီးအောင် လုပ်နိုင်တဲ့ အရာက ဘာလဲ။

"ဟင် ... ဟိုဟာ ရွှေစင်ယော်နဲ့ ဇော်ရင်တို့ မဟုတ်လား၊ ဒီကောင်တွေ မင်းကို လာကြိုကြတယ်နဲ့တူတယ်"

"မဖြစ်နိုင်ပါဘူး၊ သူတို့က ငါ့ကို လာကြိုတယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး"

"ရွှေစင်ယော်နဲ့ မင်းက အမျိုးတွေမဟုတ်ဘူးလား"

"သူတို့ ဘာလုပ်နေကြသလဲ ... သိလား"

"အင်း ... သိတယ်၊ ရွှေစင်ယော်က သူ့အမေရဲ့ရွှေဆိုင်ကို ဦးစီးနေတယ်၊ ဇော်ရင်ကတော့ ခရီးသွားကုမ္ပဏီ၊ သူတို့က လိမ္မာတယ်နော်၊ မိဘလက်ငုပ်လက်ရင်းကို ထိန်းသိမ်းကြတယ်၊ မင်း သူတို့နဲ့ သွားမတွေ့ဘူးလား"

"တွေ့မှာပေါ့၊ မတွေ့လို့ရတဲ့လူတွေမှ မဟုတ်တာ၊ ဇော်ရင်ရဲ့ကုမ္ပဏီလိပ်စာ နင်သိလား"

"လွယ်ပါတယ် ... လွယ်လင်ခရီးသွားလို့ မင်းရဲ့မန်နေဂျာကို မေးလိုက်၊ ကုမ္ပဏီက သက်တမ်းနုသေးပေမယ့် ဝန်ဆောင်မှုကောင်းတယ်ဆိုပြီး ခရီးသည်ကြား သတင်းမွှေးတယ်၊ ကိုယ်က ဇော်ရင့်ကို ခပ်နုံနုံလူတစ်ယောက်လို့ ထင်ထားတာ၊ ကိုယ်နည်းနည်း လှုကဲခတ်ညံ့တယ်နော်၊ ပြီးတော့ ညံ့တာရှိသေးတယ်"

"ကြယ်စုံ့အမြင်တော့ နင်က သိပ်ထက်မြက်တဲ့လူပါ၊ ဘာလို့လဲဆိုတော့ ကြယ်စုံ့ကို နင်က ချုပ်ကိုင်ထားနိုင်တယ်လေ"

"ကိုယ် မင်းကို မချုပ်ကိုင်ဖူးပါဘူး၊ အကယ်၍ ချုပ်ကိုင်သလိုဖြစ်ခဲ့ရင်လည်း အဲဒါ ချစ်စိတ်တစ်ခုတည်းကြောင့်ပါ"

www.burmeseclassic.com



"ကဲ ပြောပါ ... ဘာညံ့တာ ရှိသေးလို့လဲ"

"ဩော် ... ဘာရယ်မဟုတ်ပါဘူး၊ ရွှေစင်ယော်နဲ့ ဇော်ရင့်ကိစ္စပါ"

"သူတို့ ဘာဖြစ်လို့လဲ"

"မသိဘူးလား၊ ပြတ်သားလိုက်တာ၊ ဒီနှစ်နှစ်အတွင်း သူတို့နဲ့ လုံးဝအဆက်အသွယ် မလုပ်ခဲ့ဘူးလား"

"ကြယ်စုံက ဟန်လုပ်မမေးတတ်ဘူးဆိုတာ နင်သိမှာပါ မိုးထက်"

"အံ့ဩလို့ပါ၊ ဟွန်း ... ခုတစ်လော အံ့ဩစရာတွေကပဲ ကိုယ့်ကို ဆီးကြိုနေကြပါလား"

"ပြောပါ"

"ရွှေစင်ယော်နဲ့ဇော်ရင်ဆိုတာ ကိုယ်တို့ မူကြိုထဲက တစ်တန်းတည်း တက်လာကြတာ ဆယ်တန်းအောင်တဲ့ထိပဲ၊ ဒါပေမဲ့ သူတို့နှစ်ယောက် လက်ထပ်ကြဖြစ်လိမ့်မယ်လို့ ကိုယ် ယောင်ပြီးမှတောင် မတွေးဖူးဘူး"

"ဘယ်လို ... သူတို့ လက်ထပ်တယ် ... ဟုတ်လား"

"စေ့စပ်ပြီးပြီတဲ့၊ မကြာခင် လက်ထပ်ကြတော့မယ် ပြောတာပဲ၊ ကိုယ်တောင် သူတို့ကို ကွန်ဂရက်ကျူလေးရှင်း လုပ်ရဦးမယ်"



ကြယ်စုံနှုတ်ခမ်းများတွင် မဲ့ပြုံးတစ်ချက် ကြွေဆင်းသွားသည်။ ကောင်းတာပေါ့ ... ကစားပွဲက သိပ်ကိုပျော်စရာကောင်းသွားတာပေါ့။

တုံ့ကိုဘာဝေဖြစ်တတ်တဲ့ ဇော်ရင့်အကျင့်ကို ကြယ်စုံက အလွတ်ရပြီးဖြစ်သည်။ တစ်ချိန်ကလည်း ထိုအကျင့်ကြောင့် လိမ့်နေအောင်ခံစားခဲ့ရသည်။ ဒီတစ်ကြိမ်မှာတော့ ရွှေစင်ယော်အလှည့်ပေါ့။ ခံစားလိုက်ဦး ရွှေစင်ယော်၊ ဇော်ရင်က ဘယ်လောက်ထိ မပြတ်သားတဲ့ ယောက်ျားပဲဆိုတာ နင်သိစေရမယ်။

"သူတို့ ဘယ်တော့လက်ထပ်ကြမှာလဲ"

"မသိသေးဘူး"

လက်ထပ်ပြီးသားဖြစ်နေလျှင် ပို၍ အဆင်ပြေဦးမလားမသိ။ ခုနေချိန်တွင် ရွှေစင်ယော်နှင့်ကြယ်စုံတို့၏အခြေအနေသည် ပြောင်းပြန်ဖြစ်သည်။ တီဗီထဲကြည့်ရသောပုံအရ ရွှေစင်ယော်သည် သိပ်ကို မိန်းမကြီးဆန်သွားပြီဖြစ်သည်။

လုံချည်၊ အင်္ကျီရင်ဖုံး၊ ခပ်ကြီးကြီးလက်ကိုင်အိတ်နှင့် ဖြစ်နေသည်။ ဒီလိုပုံမျိုးက ကြယ်စုံ့ရဲ့ နပျိုမှု၊ ကြယ်စုံ့ရဲ့ကျော့ကြွားမှုကို တုယှဉ်နိုင်ပါတော့မလား။



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်နေ ရွှေစင်ယော် ... ငါက မင်းရဲ့ရင်ဘတ်ကို ဝါးထက်ထက်နဲ့ တစ်လွှာချင်း မွှမ်းပြမယ်။ မင်းရဲ့အသည်းကို တစ်ဖဲ့ချင်း ခြွေပြမယ်။

မင်းရဲ့နှလုံးသွေးကို သောက်သုံးပြီး မင်းရဲ့မျက်ရည်တွေနဲ့ ရေချိုးပြမယ်။ မင်း ဝအောင်ရယ်ထားပါ။ ပြုံးထားပါ။ ငါက မင်းဘဝကို မကြာခင် ဝါးမျိုတော့မှာမို့ အသက်ဝဝရှူထားပါ။ ကြယ်စုံရင်ထဲ နာကျင်မှုတွေက လိပ်ခဲတည်းလည်း။

❀ ❀ ❀



## အခန်း (၁၃)

"ကြယ်စုံ ခုလို ကျန်းမာနေပျိုနေတာက (----) ဆေးကြောင့်ပေါ့"

ကြယ်စုံအသံသည် နားဝင်ပီယံရှိလှသည်။ တီဗီကို သိပ်ကြည့်လေ့ကြည့်ထမရှိသော်ငြား ကြယ်စုံကြော်ငြာများ ဝင်တတ်သောကြောင့် အချိန်ပြည့် ဖွင့်ထားဖြစ်သည်။ အလွမ်းပြေစရာ အဲဒါရှိတာ မဟုတ်ပါလား။

ကြယ်စုံက သူ့ကို နာကြည်းနေမလားဆိုသည့်အတွေး ဝင်လာသောအခါ သူ့ရင်ထဲ ပြောင်းဆန်အောင် နာကြည်းရသည်။ သူ ကြယ်စုံကိုချစ်သည်။

ကြယ်စုံပျောက်သွားပြီးသောနေ့မှစ၍ ကြယ်စုံကို ရှာဖို့



www.burmeseclassic.com

www.burmeseclassic.com



တော်ဖွင့်ခဲ့တယ်ဆိုတာ ကြယ်စုံသိနိုင်မည် မထင်။ အဆင်မပြေ လားဆိုသော စိုးရိမ်စိတ်လေးရှိသော်လည်း ရုတ်တရက်ပေါ်လာ သော ကြယ်စုံ၏အရှိန်အဝါသည် သူ့ကို သိမ်းယူသွားစေသည်။

ရွှေစင်ယော်နှင့်လက်ထပ်ရန် ဆိုင်းငံ့နေခြင်းဖြစ်သည်။ ကြယ်စုံကြောင့်သာဖြစ်သည်။ ကြယ်စုံကို တွေ့ခဲ့ပါက ကြယ်စုံသာ အဆင်မပြေသောဘဝ၌ ရုန်းကန်နေခဲ့ရပါက ရွှေစင်ယော်ကို သူ လက်ထပ်ဖြစ်မည်မဟုတ်ချေ။

သို့သော် နှစ်နှစ်မျှပျောက်သွားပြီး ပြန်ပေါ်လာသော ကြယ်စုံသည် အရင်တုန်းက ကြယ်စုံအခြေအနေနှင့် သိပ်ကိုခြား နားနေလေသည်။

သူ စိတ်ချသွားသည်။ ထို့ကြောင့်ပင် မေမေ့တိုက်တွန်း ချက်ကို လက်ခံခဲ့သည်။ အသက်နှစ်ဆယ့်နှစ်၊ နှစ်ဆယ့်သုံး သည်မှာ ငယ်လွန်းသောအရွယ်ဖြစ်သော်ငြား အံန်[illegible]မိ၏ကျန်း ရေးအခြေအနေအရ လိုက်လျောရသည်ချည်း ဖြစ်၏။

"ဆရာ . . . ဧည့်သည်ရောက်နေတယ်"

"ဘယ်သူလဲ"

"သူဇာလင်းတဲ့"

သူ မျက်မှောင်ကြီးကြုတ်ကာ စဉ်းစားသည်။ သူ့အသိ





သူဇာလင်းဆိုသူမျိုး မရှိချေ။ ဘယ်သူများလဲ။

"ချိန်းထားတာရှိလို့လား"

အံ့သြမိသည်။ အလုပ်ကိစ္စဆိုလျှင် အီးမေးလ်နဲ့ ဖြစ်စေ၊ ဖုန်းဆက်၍ဖြစ်စေ တစ်ဆင့်ခံပြီးမှသာ တွေ့ကြသည်ကများသည်။

"မရှိပါဘူး ဆရာ"

"ခေါ်ခဲ့ပါ"

တီဗီကို ရီမုတ်နှင့်ပိတ်ပြီး ကိုယ်ဟန်အနေအထားကို ခပ် မတ်မတ်ကလေး ပြင်သည်။

"ထိုင်ပါခင်ဗျာ"

သူ၏မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ထိုင်ရန် ညွှန်ပြလိုက် သည်။ လက်ကိုင်အိတ်ကြီးကြီးကို ဟန်ပါပါကိုင်ပြီး မျက်မှန်ထူကြီး ကို မျက်နှာပေါ် မလိုက်ဖက်စွာတပ်ထားသူ။

အသက်သုံးဆယ်ဝန်းကျင်ခန့် မှန်းမိသော်လည်း ဝတ်စား ပြင်ဆင်မှုသည် ခေတ်မီနေသည်ဟုထင်သည်။ ပုလွန်း၍ပဲလား မသိ . . . ဝတ်ထားသောအင်္ကျီ၏ လည်ပင်းမှာ လျှို့ဝှက်အပ်သော အသားစိုင်များပင် မလုံ့တလုံ ဖြစ်၍နေလေသည်။

"ကျွန်မက သူဇာလင်းပါ"

"ဟုတ်ကဲ့ . . . သိရတာ ဝမ်းသာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်ရင်ရဲ့ဂုဏ်သတင်းကိုတော့ ကျွန်မ အကြမ်းဖျင်း သိပြီးသားပါ"

"ဂုဏ်သတင်းလို့ ပြောရလောက်အောင် သိပ်ကြီးကြီး ကျယ်ကျယ် လုပ်ပြထားတာ ဘာမှမရှိသေးလို့တော့ ရှက်မိပါတယ်"

"ဒါကြောင့် ရှင့်ကို Miss က စွဲလမ်းနေတယ်ထင်တယ်။ ရှင်က သိပ်ကို နှိမ့်ချတတ်သူလေ"

"Miss... ဟုတ်လား"

"Miss ကြယ်စုံဖူးပါ၊ ကျွန်မက သူ့ရဲ့မန်နေဂျာလေ"

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ရင်ခုန်သံတွေက လည်း ဆူညံလာသည်။ စိတ်တွေကလည်း ဘယ်ရောက်လို့ ရောက်ကုန်မှန်း မသိချေ။ အိပ်မက်များ မက်နေတာလား။ တကယ့် ဖြစ်ရပ်လား။ ရှင့်ကို Miss က စွဲလမ်းနေတယ်ဆိုပါလား။

"Miss က ရှင့်ကိုတွေ့ချင်လို့ အခုဒါ ရှင် လိုက်တွေ့နိုင်ပါ့ မလား"

ဘာတွေဖြစ်ကုန်ပြီလဲ။ အဲဒီလောက် အောင်မြင်နေသော အခါ သူ့ကို မေ့သွားလောက်ပြီဟု သူထင်ခဲ့သည်။ အရာရာကို လက်လျှော့ပြီးချိန်မှ ကြယ်စုံက တန်ခိုးရှင်တစ်ပါးနှယ် ဘွားခနဲ





သူ့ထံ ရောက်ရှိလာပြန်သည်။

"ကိုဇော်ရင် ... ရှင် ကျွန်မပြောလိုက်တာကို ကြားရဲ့ လား"

"ဪ အင်း ... ကြား ကြားပါတယ်"

"Miss က မှာလိုက်တယ် ... ရှင့်ဆန္ဒအတိုင်းပါပဲတဲ့၊ ရှင် ဆန္ဒရှိမှ ခေါ်လာပါတဲ့၊ ရှင်သာ ငြင်းခဲ့မယ်ဆိုရင် တစ်သက်လုံး ရှင့်ကိုတွေ့ဖို့ မကြိုးစားတော့ဘူးတဲ့"

"မဟုတ်ပါဘူး ... ကျွန်တော် ကြယ်စုံကို လိုက်တွေ့မှာ ပါ၊ မတွေ့ချင်တာမျိုး မဟုတ်ပါဘူး"

သူက ထိုသို့ပြောလျှင် ထိုအမျိုးသမီးကပြုံးသည်။ ထို အပြုံးထဲတွင် အဓိပ္ပာယ်များစွာ ပါဝင်နေသော်လည်း သူ မဆန်း စစ်ချင်ပေ။ ဘာကြောင့် ပြုံးတာလဲ၊ ဘာအဓိပ္ပာယ်လဲ။

စကားလုံးပေါင်းများစွာတို့သည် သူ့ရင်ဘတ်ထဲ ပြည့် ကျပ်နေသော်လည်း နှုတ်ဖျားသည် လေးပင်နေသည်။ သူတစ်ခုခု ပြောလိုက်မိပါက ထိုအမျိုးသမီးသည် စိတ်ဆိုးပြီး ကြယ်စုံထံ မခေါ်သွားမည်ကို စိုးရိမ်သည်။

တကယ်ပဲ ကြယ်စုံက သူ့ကို မမေ့နိုင်သေးတာလား။ ကြယ်စုံ က သူ့ကိုချစ်နေသေးတာလား။ သူ့ကို စိတ်မနာသေးတာလား။



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းတို့ က လူးလားခေါက်တုံ့။

ကြယ်စုံက တွေ့ချင်၍ ခေါ်ခိုင်းသည်ထားဦး။ ထိုအခြေအနေကို သူ မယုံချင်ပါ။ ပြီးတော့ လိပ်ပြာမသန့်ချေ။ ကြယ်စုံက သူ့ကို တွေ့ချင်တယ်ဆိုရုံနှင့် ဇွေ့ခနဲ ပါမလာသင့်ဘူးဟုထင်သည်။ ဘာကြောင့် ထိုသို့တွေးမိမှန်း သူ့စိတ်သူ မဆုံးဖြတ်နိုင်သော်လည်း ကြယ်စုံ့ကို တွေ့ချင်, မြင်ချင်သည့်စိတ်က သူ့အားနှိပ်စက်၍ နေပေသည်။

"ကိုယ့်ကားနဲ့လိုက်ခဲ့ပါ့မယ်"

"Miss က မှာလိုက်တယ်၊ လာကြိုတဲ့ကားနဲ့ပဲ လာပါတဲ့၊ သူ့ကို မီဒီယာတွေက မျက်စိဒေါက်ထောက်ကြည့်နေကြတဲ့ အခြေအနေဆိုတာ ရှင် ရိပ်မိမယ်လို့ ယူဆပါတယ်"

ကြယ်စုံလွှတ်ခဲ့သောကားနှင့်သာ လိုက်ပါခဲ့ရပြန်သည်။ ကြယ်စုံ့ဘဝက သိပ်ကို ကြီးကျယ်ခမ်းနားသွားပါပြီ။ မန်နေဂျာနှင့် ဒရိုင်ဘာနှင့်။

အကြိုလွှတ်လိုက်သောကားပေါ် လိုက်စီးရင်း ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်လာမိသလို ခံစားရသည်။ ရွှေစင်ယော်သာ သိသွားပါက နင် သိပ်ညံ့တယ် ဇော်ရင်။ နင့်အခြေအနေက ကြယ်စုံနှင့် ပြိုင်မျှ နှုရမယ့်အခြေအနေလား။ ဒီမိန်းမ သိပ်ကိုအကြောတင်း





နေပြီ။ နင်က သူ့ကို လိုက်တွေ့နေရအောင် ဘာလဲ . . . သူက ဘုရင်မလား။ ဘုရင်မဆိုတာ မှန်သည်ထားဦး နင်က တွေ့စရာလား။ သူ့ဆီက နင် ရေတစ်ခွက် အလကားသောက်ဖူးလို့လား။ အဲဒါ နင့်ကို သက်သက် ကြောတာဆိုပြီး ကြယ်စုံ့အပေါ် သံသယပွားကာ မကျေမနပ် စကားဆိုလေဦးမလား။

"ဆင်းလို့ရပါပြီရှင်"

ဘယ်ကိုရောက်လို့ ရောက်နေမှန်းမသိချေ။ သူ့အတွေးတွေကလည်း ကယောင်ချောက်ချားဖြစ်၍နေကိုနသည်။ ပို့င်ဘယ်နှစ်ခုကိုကျော်ပြီး ဘယ်လမ်းထဲ ကွေ့ဝင်ခဲ့မှန်းပင် ခန့်မှန်းမတတ်တော့ပေ။

သူ ကားပေါ်မှဆင်းလိုက်သောအခါ ခမ်းနားမှုသည် သူ့အား ကြောက်ခမန်းလိလိ ကြိုဆိုလိုက်သည်။

ဘုရား . . . ဘုရား လှလိုက်တာ။ ရန်ကုန်မြို့ရှိ အိမ်ထဲတွင် ရေတံခွန်များရှိလိမ့်မည်ဟု သူ ယောင်လို့ပင် မတွေးမိခဲ့ပါ။ ခြံကြီးကလည်း ကျယ်လိုက်တာ။ တောအုပ်တမျှ ဖြစ်၍နေလေသည်။

"ဒီဘက်ကိုကြွပါရှင်၊ Miss စောင့်နေပါတယ်"

ယူနီဖောင်းအံ့ဖြူရောင်လေးများ ဝတ်ထားသော အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးနှစ်ဦးက သူ့အားကြိုဆိုသည်။ ထို့ကြောင့် သူက မြက်ခင်းပြင်ကို ဖွဖွနင်းကာ လျှောက်လာ၏။ သမန်းမြက်ခင်းဖြစ်နေသောကြောင့် နင်းမိသောခြေချောင်းများ မင့်မရဲဖြစ်ရသည်။

"ထိုင်ပါရှင် ... အနားယူပါ"

ကျွန်းသလွန်ပေါ် နေရာချပေးသောကြောင့် မထိုင်ရဲသော်လည်း အားတင်းထိုင်လိုက်ရသည်။

နေသည် ပူပြင်း၍နေလေသည်။ သို့သော် နေပူရှိန်သည် တိုက်ရိုက်မကျဘဲ ပျောက်တိပျောက်ကြားသာ ထိုးနေသည်။ အပေါ်ကို မော့ကြည့်လိုက်သောအခါ အစိမ်းရောင်ပိန်းရွက်ကြီးမိုးထားသည်ကို တွေ့မြင်ရ၏။

သူ သဘောကျသွားသည်။ အတုကို အစစ်ဖြစ်အောင် လုပ်ထားခြင်းမျိုးဖြစ်သည်။ အနုပညာဆန်လိုက်တာ။ ရေအောက်ထဲမှာ နေရသလို ခံစားမှုမျိုးဖြစ်သည်။

ထိုစဉ် တဝေါဝေါကျနေသော ရေတံခွန်ထဲမှ တစ်စုံတစ်ယောက် ထွက်ပေါ်လာသည်။ သူက ကြယ်စုံဖူး။

ရေကူးဝတ်စုံလေးနှင့် ရေထဲမှထွက်လာသော ကြယ်စုံဖူးသည် ခေတ်သစ်နဂါးမလေးနှင့် တူ၍နေလေသည်။ လှလိုက်တာ၊ ဘာလို့များ အဲဒီလောက် လှနိုင်လွန်းတာလဲ။



ရေစိုဆံပင်ကို ကျောသို့ခါချနေသော ကြယ်စုံဖူး၏ လှုပ်ရှားမှုသည် သူ့စိတ်နှလုံးတစ်ခုလုံးကို ချုပ်ကိုင်ထားနိုင်စွမ်းရှိသည်။

"ကြယ်စုံ"

သူ့ခေါ်သံကိုကြားသောအခါ ကြယ်စုံဖူးသည် သူ့ထံ လှည့်ကြည့်လာသည်။ ပြီးနောက် ကျောက်တုံးပေါ်မှ တဘက်တစ်ထည်ကို ဆွဲယူပြီး ခါးတွင် ဖြစ်သလိုချည်လိုက်၏။

"ဇော်ရှင်"

သူ့နာမည်လေးကို ဖွဖွခေါ်လိုက်သော ကြယ်စုံ့အသံသည် သူ့နားထဲ ချိုသာစွာ ဝင်ရောက်သွားသည်။

ကြယ်စုံသည် သူ့ထံ တစ်လှမ်းချင်းတိုးကပ်လာသည်။ ထိုခြေလှမ်းများသည် ညင်သာလွန်းလှ၏။ ခြေလှမ်းများနှင့် စည်းချက် ကိုက်လောက်အောင်ပင် ရင်ခုန်နှုန်းသည်လည်း တဒိန်းဒိန်း။

"နှင် လိုက်လာခဲ့လိမ့်မယ်လို့ ငါ မမျှော်လင့်ခဲ့ဘူး။ ကျေးဇူးတင်ပါတယ် ဇော်ရှင်ရယ်"

ရေစိုနေသော ကိုယ်ခန္ဓာအတိုင်းပင် ဇော်ရှင့်ကို ပွေ့ဖက်နှုတ်ဆက်လိုက်သည်။

ဇော်ရှင်မှာ ဘာလုပ်၍လုပ်ရတော့မှန်း ဝေခွဲမရတော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရသည်။ ဘာလုပ်ရမလဲ၊ ပြန်လည်ပွေ့ဖက်ထားရမလား။ တောင့်တောင့်ကြီး ကိုယ်ကိုမတ်ထားရမှာလား။

"ဝမ်းသာတယ်၊ နှင် ငါ့ကို မလွမ်းဘူးလားဟင်"

သူ ဘာပြေရမှန်းမသိတော့ချေ။ ဖြေစရာစကားလုံးလည်း မရှိချေ။ လွမ်းတယ်၊ သတိရတယ်ဆိုရုံမျှဖြင့် ကြယ်စုံကို တမ်းတခဲ့ခြင်းများ ပေါ်လွင်ခဲ့မယ်ဆိုရင် အကြိမ်တစ်သောင်းမျှ အော်ပြောလိုက်ချင်သေးသည်။

"ငါတော့ နှင့်ကို တစ်ရက်မှ မမေ့နိုင်ခဲ့ဘူး။ စက္ကန့်တိုင်း အချိန်တိုင်း"

"ငါ . . . ငါရောပဲ"

သူ အထစ်ထစ် အသာဆိုသော်ငြား ကြယ်စုံက သူ့ပါး ကို နမ်းပြီး ဖြစ်နေသည်။

"နှင့်ရနံ့က ခုချိန်ထိ မပြောင်းလဲဘူးနော်၊ ငါက သိပ်ကို ပြောင်းလဲသွားပြီ၊ ရေမွှေးတွေ တစ်နေ့အနံ့တစ်မျိုး ပြောင်းသုံး ဖြစ်တယ်၊ ဒါပေမဲ့ ငါဝယ်ထားတာ တစ်မျိုးမှမရှိဘူး။ အကုန် လက်ဆောင်ရတာတွေချည်းပဲ၊ ပြီးတော့ ငါ့ကိုထောက်ပံ့ချင်တဲ့ လူတွေ နိုင်ငံတကာမှာ ရှိနေတယ်၊ ဘယ်လိုလဲ ငါ ပြောင်းလဲ သွားပြီ မဟုတ်လား"



"အင်း . . . အရမ်းကို ပြောင်းလဲသွားပါတယ်"

"ဒါက ငါ့ရဲ့အပမ်းဖြေနေအိမ်လေ၊ သတင်းသမားတွေ မသိတဲ့နေရာပေါ့၊ ငါ အမြဲနေဖြစ်မှာက (--) ကွန်ဒိုမှာ၊ ဒီနေ့ ငါ့မှာ အချိန်နည်းနည်းရတယ်၊ ဒါပေမဲ့ . . . ညနေပိုင်းတော့ ပရဟိတလုပ်ဖို့ ရှိတယ်"

ကြယ်စုံ့အသံသည်လည်း ပြောင်းလဲသွားသည်။ ပြီး နောက် ကြယ်စုံသည် ပွင့်လင်းလာသည်ဟုလည်း ထင်သည်။ ကြယ်စုံနှင့်သူက အရင်ကလို သိပ်မနီးကပ်တော့သလို ခံစားရ သည်။

ဘာကြောင့်များလဲကြယ်စုံရယ်၊ ခုလို ချမ်းသာပြည့်စုံနေ တဲ့ မင်းက ဘာကြောင့် ငါ့နှလုံးသားနဲ့ ဝေးသွားရတာလဲ။

"နှင်သာ ငါ့ကို လာတွေ့ခဲ့ရင် မြင်မြင်ချင်း ပွေ့ဖက် နှုတ်ဆက်မယ်လို့ စိတ်ကူးခဲ့တယ်၊ ဘာလို့လဲသိလား၊ ငါတို့ နောက်ဆုံး ခွဲခဲ့ရချိန်တုန်းက နှင့်လက်ကလေးကိုတောင် ငါ ကိုင် ခွင့်မရခဲ့လို့ပဲ"

"ဆောရီး ကြယ်စုံ၊ မင်းကို ငါ နေရာအနှံ့ လိုက်ရှာခဲ့ ပါသေးတယ်"

"ငါ သိတယ်၊ အားလုံးမဟုတ်တောင် အချို့ကိစ္စတွေ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့''

ဘုန်းကြီးခေါင်းခေါက်ပြီးမှ တောင်းပန်တတ်တာက နင်တို့ရဲ့ အဆင့်လား ဖော်ရင်၊ ရတယ် . . . ငါလည်း နင်တို့ဘဝကို ဆုတ်ဖြုပြီးမှ တောင်းပန်ပြမယ်။ အဲဒီအချိန် ဘယ်လိုခံစားရသလဲ ဆိုတာ နင် မကြာခင် သိရတော့မှာပါ''

''ဘယ်လောက်ထိ သိထားလဲ''

''မန္တလေးမှာ ငါ့အကြောင်း စုံစမ်းသေးတယ်ဆို''

''နင် သိတယ်''

''အင်း . . . ငါ နင့်ကို သိပါတယ်၊ နင်ကပဲ ငါ့ကို မသိတာ၊ ငါက ဘယ်လောက်ဒုက္ခဖြစ်နေပါစေ ငါမုန်းတဲ့ ပတ်ဝန်းကျင်ကို ဘယ်တော့မှမသွားဘူး၊ သွားဖြစ်ခဲ့ရင်လည်း အမုန်းတွေကို အမုန်းနဲ့ ချေချင်လို့ပဲ ဖြစ်မှာပါ၊ နင် ငါ့ကို ခုချိန်ထိ မသိသေးပါဘူး ဖော်ရင်''

''နင် ဘယ်တွေရောက်ပြီး၊ ဘယ်လိုတွေ နေခဲ့လဲ''

''ဒီမေးခွန်းမေးလာတာက နင် ဖြစ်နေလို့ပဲ၊ အခြားတစ်ယောက်သာဆို ငါ ပြောဆိုပစ်တာနဲ့ပဲ နင် နေစရာမရှိတော့ဘဲ ဖြစ်တော့မယ်၊ ဒီစကားက ငါ့ကို သိက္ခာကျစေတယ်''

''ဆောရီး . . . ငါ စကားလောသွားတယ်''



''နင်နဲ့ရွှေစင်ယော်တို့က ဘယ်တော့လဲ၊ မင်္ဂလာဆည်းခံပွဲပဲ လုပ်ဖို့လိုတော့တယ်လို့ ထင်ပါတယ်၊ နင်တို့သတင်းက တော်တော်မွှေးတယ်''

''ဟာ . . . မဟုတ်တာ၊ ငါနဲ့ရွှေစင်ယော်တို့က ဘာမှမဖြစ်ကြပါဘူး။ နင် သတင်းမှားကြားခဲ့ပြီထင်တယ်၊ အန်တီမိရဲ့ ကျန်းမာရေးကြောင့် အလျင်စလို စေ့စပ်လိုက်ရရုံပါ၊ ရွှေစင်ယော်လည်း ငါ့ကို ဘာမှ ဘာစိတ်မှမရှိဘူး။ ငါလည်း ရိုးရိုးပဲ၊ ငါတို့ ဘာမှမဖြစ်ပါဘူး။ သူငယ်ချင်းတွေပါ''

ကြယ်စုံ ပြုံးလိုက်သည်။ ထိတ်ထိတ်ပျာပျာ ငြင်းနေသော ဖော်ရင့်စိတ်ကို အကဲခတ်မိလိုက်သည်။ ဖော်ရင်သည် ကြယ်စုံ့ကို မျှော်လင့်နေတယ်။

''နင့်ဘက်ကတော့ ဟုတ်မှာပေါ့၊ ရွှေစင်ယော်ရဲ့အတွင်းစိတ်ကိုတော့ နင် ဘယ်လိုလုပ်မြင်နိုင်မှာလဲ''

''ဟာ . . . မဟုတ်ပါဘူး၊ ရွှေစင်ယော်ကလည်း ရိုးရိုးပါ၊ သွားချင်တဲ့အချိန် သွားလို့ရအောင် ငါ့ကို တံခါးဖွင့်ထားပေးတယ်''

ကြယ်စုံ စိတ်ညစ်သွားသည်။ ဒီအခြေအနေက ကြယ်စုံနှစ်သက်သောအခြေအနေ မဟုတ်ချေ။ ကြယ်စုံလိုချင်သည်က ရွှေစင်ယော်သည် ဖော်ရင့်ကို လေးနက်နိုင်မာစွာ တွယ်တာမြတ်

www.burmeseclassic.com



နိုးနေရမည်။

"မိန်းမတွေရဲ့အတွင်းစိတ်ကို နင်က သိနိုင်မှာမို့လား။ မိန်းမဆိုတဲ့အမျိုးက နှုတ်ဖျားက ပြောနေတဲ့အရာတွေ ရင်ထဲမှာ ရှိချင်မှ ရှိတာ"

"ဟာ . . . ရွှေစင်ယော်က အဲဒီလိုမဟုတ်ပါဘူး"

အပြုံးမပျက် ဟန်လုပ်နေရသော်လည်း ကြယ်စုံ့ရင်ထဲ ဆတ်ခနဲ နာကျင်သွားသည်။ ရွှေစင်ယော်က ဇော်ရင့်ကို အသည်း စွဲအောင် ချစ်နေစေချင်ပေမယ့် ဇော်ရင့်စိတ်ထဲ ရွှေစင်ယော်ကို မရှိစေချင်ပါ။ ဒီလိုအခြေအနေမျိုးကိုလည်း ကြယ်စုံ မကြိုက်သေး မကြိုက်သောအခြေအနေကို စိတ်တိုင်းကျ ပြောင်းလဲတတ်သည် က ကြယ်စုံ့အရည်အချင်း ဖြစ်သည်။

"နင် ရွှေစင်ယော်ကို သိပ်ယုံပုံရတယ်၊ အဲဒါကြောင့်ဲ တစ်ချိန်က ငါ့ကို စွန့်ပစ်ခဲ့တာပေါ့"

"ဟာ . . . မဟုတ်ဘူး ကြယ်စုံ၊ အဲဒီကိစ္စအတွက် နင့်ကို ငါ အခုချိန်ထိ အားနာနေဆဲပါ၊ နောင်တလည်း ရနေဆဲပါ တစ်ချိန်ချိန်မှာ နင်နဲ့တွေ့ဖို့ ငါ အကြိမ်ကြိမ် ဆုတောင်းခဲ့တယ်"

"အခုတွေ့ပြီ . . . နင် ဘာလုပ်ပေးမလဲ"

"နင်ကျေနပ်တဲ့အထိ တောင်းပန်ပါ့မယ်၊ နင် စိတ်ကျေ



နပ်မယ်ဆို ငါက ဘာမဆို လုပ်ပေးဖို့ အဆင်သင့်ပါ။ ဒါပေမဲ့ အခု နင်က သိပ်ကိုပြည့်စုံနေပြီ။ ငါတို့ထက်မက"

"နင် လုပ်ငန်းတစ်ခုကို ဘယ်လိုအုပ်ချုပ်နေတာလဲ ဇော်ရင်"

"ဘာလို့လဲ"

"အစိကနဲ့ သာမည မခွဲတတ်လို့ပါ၊ ငါက တစ်ယောက် တည်းသမားလေ၊ ငါ လိုချင်တာ စည်းစိမ်ဥစ္စာလို့ ထင်နေသ လား"

"ဘာလဲ . . . ငါ ဘာလုပ်ပေးရမလဲ"

"နင်လေ . . . နင် နင့်ကို"

"ဘယ်လို"

ဇော်ရင်သည် ထရပ်လုမတတ် ထိတ်လန့်သွားသည်။ အာပြန်ပြောလို့ ပြောရမှန်းလည်း မသိတော့။ ကြယ်စုံက ထိုသို့ ပြောလာလိမ့်မယ်ဟု စိတ်ကူးပင် ယဉ်မကြည့်ခဲ့ဖူးပေ။ သူ မရိုး သားပါ။ ကြယ်စုံက ထိုသို့ပြောသောအချိန်တွင် ပြေးမြင်ယောင် မိသည်က ရွှေစင်ယော် ဖြစ်သည်။ ကြယ်စုံ့ဆန္ဒကို လိုက်လျော ယ်ဆို ရွှေစင်ယော်ကို ဘာလုပ်ရမလဲ။ သူ အားနာမိသည်။ ကြယ်စုံ့ကို မဟုတ်ပါ။ ရွှေစင်ယော်ကို မြင်၏။

www.burmeseclassic.com

www.burmeseclassic.com



“သိပ်လန့်မသွားပါနဲ့၊ ငါက နောက်တာပါ၊ ကဲ ... နင်သွားချင် သွားတော့လေ၊ ငါလည်း လူမှုကူညီရေးအသင်း သွားရဦးမယ်၊ ဒါပေမဲ့ ... မသွားခင် နင့်ကို ငါ နှုတ်ဆက်ချင်သေးတယ်၊ ငါ့ကိုခွင့်ပြုပါ”

ကြယ်စုံသည် ပြောပြောဆိုဆိုပင် ဇော်ရင်၏ နှုတ်ခမ်းဖျားလေးကို လှစ်ခနဲ နမ်းလိုက်သည်။

“နင်သာ ငါ့ကို ထပ်တွေ့ချင်ဦးမယ်ဆို ပြန်ဆုံတာပေါ့ မသူဇာရေ ဇော်ရင့်ကို ပြန်ပို့ပေးပါ”

ကြယ်စုံသည် ပြတ်သားစွာ အမိန့်ပေးပြီး ထွက်သွားတော့သည်။ နောက်ကို တစ်ချက်ပင် လှည့်ကြည့်မသွားတော့ပေ။

ငူငူကြီးကျန်ရစ်ခဲ့သော ဇော်ရင့်မှာတော့ ရင်ထဲ နှလုံးသား မရှိတော့သလို ဟာတာတာကြီးနှင့် အီလည်လည်ဖြစ်ကျန်ရစ်ခဲ့သည်။ အတွေးများက ဗလာနတ္ထိ၊ ပဟေဠိများစွာ။

❁ ❁ ❁

## အခန်း (၁၄)

တက်ပလက်တစ်လုံးကို အမျိုးသမီးတစ်ဦးက လာပို့သွားသောကြောင့် ဘုမသိ ဘမသိ ယူထားမိသည်။ စာပို့လုပ်ငန်းမှ ယူနီဖောင်းကို ဝတ်ဆင်ထားချေ။ ရွှေစင်ယော်နာမည်နှင့် ပို့လိုက်ခြင်းဖြစ်သည်။ မည်သူမည်သို့ ပို့လိုက်သည်ဆိုတာကို ရွှေစင်ယော် မသိချေ။ မရွှေစင်ယော်ဆို၍သာ လက်မှတ်ထိုးပြီး လက်ခံထားခြင်း ဖြစ်သည်။

“ဘာကြီးလဲ သမီး”

“တက်ပလက်တစ်လုံးပါ”

“ဘယ်သူပို့လိုက်တာလဲ”

“မသိဘူး၊ နာမည်လည်း မရေးထားဘူး”

www.burmeseclassic.com

www.burmeseclassic.com



ဆက်တီပေါ် မှိန်ဖျော့ဖျော့လေးထိုင်နေသော မေမေ့ကို တစ်ချက်မျှကြည့်ပြီး ပါဝါခလုတ်ကို ဖွင့်လိုက်သည်။

"နာမည်လည်း ရေးမထားတဲ့ပစ္စည်းက ရိုးမှရိုးရဲ့လား သမီးရယ်"

"ဘာလဲ ... မိုင်းဗုံးတွေပါလာမှာစိုးလို့လား၊ သမ္မတ အိမ်မဟုတ်ပါဘူး မေမေရယ်၊ နှယ်နှယ်ရရ သူဌေးအိမ်လည်း မဟုတ်ဘဲနဲ့ စိုးရိမ်တတ်ရန်ကော"

ပြောပြောဆိုဆိုပင် တက်ပလက်ကို ကလိလိုက်ပြန် သည်။ ဒီနှစ်နှစ်အတွင်း မေမေသည် သိပ်ကို အိုစာသွားပြီဖြစ် သည်။ ဖေဖေရှိစဉ်က မေမေ့ပုံနှင့် မတူတော့ပေ။

မိတ်ကပ်ပါးပါးလေးလူးပြီး နှုတ်ခမ်းနီဖျော့ဖျော့လေး များ ဆိုးကာ ကြော့ကြော့ရှင်းရှင်း မရှိတော့ပေ။ စိတ်ထောင်းတိုင်း ကိုယ်ကျေပြီး ဖျော့တော့တော့သာ ရှိတော့သည်။ ရွှေစင်ယော် သည် အံ့ဩစွာပင် မေမေ့စိတ်ကို သိခဲ့ရသည်။

မီးသဂြိုဟ်စက်ထဲ ထည့်တော့မည့် ဖေဖေ့အလောင်းကို ပိုက်ကာ ဝမ်းနည်းပက်လက်ငိုကြွေးခဲ့သည်။ မေ့မြောသည်အထိ ငိုကြွေးပြီး သတိရလာသောအခါ မည်သူ့ကိုမှ စကားမပြောတော့ ပေ။





ကြယ်စုံနှင့်ပတ်သက်သည့် ဓာတ်ပုံမှန်သမျှကို မီးပုံရှို့ ခိုင်းပြီး ကြယ်စုံ့အခန်းကို ပူဉ်ချပ်နှင့် အသေရိုက်ကာပ်နိုင်ခဲ့သည်။ ရွှေစင်ယော်တို့အိမ်တွင် ကြယ်စုံ့အကြောင်းကို မည်သူမျှ မပြော ရချေ။

ဖေဖေ့အပေါ် မေမေက ချစ်နိုင်လွန်းသူဖြစ်သည်။ ဖေ ဖေ အသက်ရှိစဉ်ကာလက မသိသာခဲ့သော်လည်း ဖေဖေမရှိသော နောက်ပိုင်းတွင် ကွက်ကွက်ကွင်းကွင်း သိလာရသည်။ အချစ်ဆို သောအရာကိုလည်း ကြောက်လန့်မိသည်။ မိမိကရော ဇော်ရင့်ကို မေမေက ဖေဖေ့ကိုချစ်တဲ့အချစ်မျိုးနဲ့ ချစ်မိနေပြီလားဟု အကြိမ် ကြိမ် ဆန်းစစ်ခဲ့သည်။ သို့သော် ရေရာသောအဖြေကို မရခဲ့ပေ။ ဇော်ရင်မှမဟုတ်၊ အခြားမည်သို့သောလူ့ကိုမှ စွဲစွဲလမ်းလမ်း မချစ်မိ အောင် ထိန်းသိမ်းနေမိသည်။

ဖေဖေ့စိတ်က အခြားမိန်းမတစ်ယောက်ထံတွင် ရှိနေ သည်ဆိုတာ သိသိကြီးနှင့် ဖေဖေ့ကို မေမေ လက်ထပ်ခဲ့သည်။ ရွှေစင်မွေးပြီးချိန်ထိ အိမ်ထောင်ရေးက သာသာယာယာရှိခဲ့သည်။ ကြယ်စုံ ထွက်မပေါ်လာမချင်း အိမ်တွင်းရေးက ငြိမ်းချမ်းနေသေး သည်။ တစ်နေ့ ... မိန်းကလေးတစ်ယောက်ကို ဖေဖေက ထောက်ပံ့နေပါတယ်ဆိုသောသတင်းကို မေမေ့မိတ်ဆွေတစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com



အတိအကျ သယ်ဆောင်လာခဲ့သည်။

မေမေသည် ဈေးခနဲဆို မန္တလေးသို့ တက်သွားသည်။ မေမေပြန်လာသောအခါ ဖေဖေနှင့်မေမေတို့ အကြီးအကျယ်စကားများခဲ့ကြသည်။ ထိုနေ့ကို ရွှေစင်မှတ်မိပါသေးသည်။ မိုးတွေက သည်းထန်စွာရွာနေသည်။ ရွှေစင်သည် ကိုးတန်းနှစ်ဝက် စာမေးပွဲဖြေပြီး၍ အိမ်သို့ပြန်လာချိန် ဖြစ်၏။

"ရှင် လွန်လွန်းတယ်၊ ရည်းစားဟောင်းရဲ့သမီးကို တိတ်တဆိတ် ထောက်ပံ့နေတဲ့ရှင့်ကို ဘာစိတ်နဲ့ ကျွန်မ ယုံရမှာလဲ"

"မင်းကို ပြောပြီးပြီပဲ . . . ငါက ရိုးရိုးသားသား ကူညီတာပါလို့ မင်းမယုံရင် ဒီအမ်အော စစ်ကြည့်ကွာ၊ ဒီလောက်ထိ ပြောနေရတာ ငါလည်းသိက္ခာကျတယ်၊ စိတ်လည်း ကုန်တယ်"

"ရှင် ဒီလောက်ရိုးသားနေရင် တိတ်တဆိတ် ထောက်ပံ့မနေနဲ့၊ အိမ်ခေါ်လာခဲ့လေ၊ ကျွန်မမျက်စိအောက်မှာထား"

"အေး . . . မင်းခေါ်ခိုင်းတာနော်၊ ကောင်းပြီ . . . ငါ ခေါ်လာမယ်"

မေမေသည် ဒေါသထွက်၍သာ ပြောခြင်းဖြစ်လိမ့်မည်ဟု ထင်ခဲ့သော်လည်း အထင်သည် တကယ်တကယ်စင်အောင်လွဲခဲ့ရသည်။ ကြယ်စုံမှူးသည် အထုပ်စုတ်လေး ရင်ခွင်ပိုက်ကာ အိမ်ပေါ်တက်





လာခဲ့သည်။ ကြယ်စုံမှူးရောက်လာသောနေ့မှစ၍ ရွှေစင်တို့မိသားစုသည် အရင်လို သိုက်သိုက်ဝန်းဝန်း မရှိတော့ချေ။ ဖေဖေနှင့်မေမေသည်လည်း မေးတစ်ခွန်း ဖြေတစ်ခွန်းအပြင် စကားကိုဖောင်ဖွဲ့မပြောကြတော့ပေ။ ရွှေစင့်ရင်ထဲ နာကျင်ခဲ့ရ သည်။

ဆုံးရှုံးသွားသော ဝိုပြည်သာယာတဲ့နေ့များကို တမ်းတခဲ့ရသည်။ ထို့ကြောင့် ကြယ်စုံကိုမုန်းတီးခဲ့သည်။ မုန်းစိတ်ကြောင့်လားသေိ . . . ကြယ်စုံလုပ်သမျှကို ဘာတစ်ခုမှ အကောင်းမမြင်ခဲ့ချေ။ ဉပါဒါန်ကြောင့် ဉပဒ်ရောက်ခဲ့ရသည်။

ကြယ်စုံနှင့်ရွှေစင်တို့၏တိုက်ပွဲတွင် မေမေက ထိနိုက်ခဲ့သည်။ ဖေဖေ့စိတ်ကြောင့် မေမေက အိပ်ရာထဲ ဘုန်းဘုန်းလဲပြီး ယခုအချိန်ထိ လူမမာလုံးလုံး ဖြစ်ခဲ့ရသည်။ ထိုသို့ဖြစ်ရခြင်းသည် မုန်းစိတ်မှ မြစ်ဖျားခံလာခြင်း ဖြစ်၏။ ထို့ကြောင့် အမုန်းဆိုသော အရာကို ရွှေစင်ကြောက်သည်။ မည်သူ့ကိုမျှ မမုန်းချင်တော့ပေ။ အမုန်းသည် ပူလောင်ခြင်းဖြစ်သည်။ အချစ်သည်လည်း ပူလောင်ခြင်းသာ ဖြစ်သည်။

ထို့ကြောင့် မချစ်မိအောင်ကြိုးစားနေထိုင်သလို အမုန်းကိုလည်း ကြိုးစားရှောင်ဖယ်သည်။ ရွှေစင့်ထံတွင် ဆုံးရှုံးစရာလည်း မရှိတော့ချေ။ ရှိသောအရာကိုလည်း ထိန်းသိမ်းချင်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မမုန်းချင်သော်လည်း တက်ပလက်ထဲမှပုံကြောင့် မုန်းစိတ်တို့ တစ်ဟုန်ထိုး စီးဆင်းလာရပြန်သည်။

"ဘာတွေ့လို့လဲ သမီး"

ရုတ်တရက် အိုစာသွားသော ရွှေစင့်မျက်နှာကို ပါးနပ်သော မေမေက ချက်ချင်းအကဲခတ်မိလိုက်သည်။ ထိုပုံကို မေမေ မြင်၍ မဖြစ်ပါ။ ကြယ်စုံကို မေမေ တွေ့သွား၍မဖြစ်ပါ။ ဇော်ရင်နှင့်ကြယ်စုံတို့ တွဲနေသောပုံမို့ မေမေမြင်လို့ လုံးဝမဖြစ်ပါ။

"ဘာမှမဟုတ်ပါဘူး မေမေ၊ နှင်းဆီခင်လေ သူ သမီးကို နောက်လိုက်တာပါ"

နှင်းဆီခင်ဆိုသည်မှာ ရွှေစင့်သူငယ်ချင်းဖြစ်၏။ ရုပ်တန်ထိသာ မြန်မာပြည်၌နေပြီး အမေရိကသို့ ပြောင်းသွားသည့် ရွှေစင်၏အခင်ဆုံးသူငယ်ချင်းဖြစ်သည်။ မြန်မာပြည်ကိုလွမ်း၍ ခေတ္တပြန်လာရာမှ ငါးလကြာသည်ထိ မြန်မာပြည်၌ သောင်တင်နေခဲ့သူ။

"နှင်းဆီခင်က မပြန်သေးဘူးလား"

"ရှေ့အပတ်ထဲ ပြန်မှာပါ"

အမှန်က နှင်းဆီခင် ပြန်သွားသည်မှာ ဆယ်ရက်ကျော်



သွားပြီဖြစ်သည်။

"မေမေ နေဦးနော်၊ သူပို့ခဲ့တဲ့ သီချင်းတွေ သွားနားထောင်လိုက်ဦးမယ်"

အလိမ္မာနည်းသုံးပြီး မေမေ့ရှေ့မှထွက်လာခဲ့သည်။ ရင်ထဲမှာ တော့ တုန်ရင်နွမ်းလျနေသည်။ အိပ်ခန်းထဲသို့ရောက်ရောက်ချင်းမှာပင် ခုတင်ပေါ် ပစ်လှဲချပြီး ပုံများကို တစ်ပုံချင်း ကြည့်သည်။

ဇော်ရင်နှင့် ကြယ်စုံ့ပုံတွေ မြင်၍ပင် မကောင်းတော့ပေ။ ဇော်ရင်ရယ် . . . ရက်စက်လိုက်တာ။ နှင်းက ဘာလို့ ငါ့အပေါ် ဥပေက္ခာပြုနိုင်လွန်းရတာလဲ၊ ငါတော့ ဆုံကြည့်လိုက်ရတာ၊ မျှော်လင့်လိုက်ရတာ။

ကြယ်စုံရယ် . . . ငါ့ဘဝကို ဖျက်ဆီးဖို့အတွက် နတ်မင်းတွေက နှင့်ကို ပို့လွှတ်လိုက်ကြတာများလား။ ငါ့ဘဝမှာ နေရာတစ်ကွက်ကို လျစ်လပ်ထား၍ ရခဲ့မယ်ဆိုရင် နှင်နဲ့ ဆက်သွယ်နေတဲ့ အသိဉာဏ်တွေကို ဖျောက်ဖျက်ပစ်လိုက်ချင်ပါတယ်။

ငါ ဘာလုပ်ရမလဲ၊ မသိချင်ယောင်ဆောင်နေရမှာလား။ လျစ်လျူရှုနေရမှာလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဇော်ရင့်ဖုန်းကို တစ်ချိန်လုံး ဆက်မရသဖြင့် အိမ်သို့သွားသော်လည်း ဇော်ရင်က အစောချည်း ကုမ္ပဏီသွားပြီတဲ့။ ထို့ကြောင့် ရွှေစင်ယော်သည် ကုမ္ပဏီသို့ လိုက်လာဖြစ်သည်။

ထူးဆန်းစွာပင် ဇော်ရင်က ကုမ္ပဏီတွင် မရှိချေ။ MD တစ်ယောက်လုပ်နေပြီး အလုပ်ချိန်တွင် အလုပ်စားပွဲ၌ မရှိခြင်းကိုတော့ ရွှေစင် စိတ်ဆိုးသည်။ ဖုန်းဆက်တော့လည်း မကိုင်ပေ။

ရွှေစင့်ရင်ထဲ ပူလောင်လာ၏။ အိမ်ချင်းကပ်လျက်ဖြစ်ရုံမက ရွှေစင်နှင့်သူသည် စေ့စပ်ကြောင်းလမ်းပြီးသည့်အဆင့်သို့ ရောက်နေသည်။ မပိုင်ကြသေးပေမယ့် သက်ဆိုင်သူများဖြစ်နေကြပြီ။ ဒါကို ဘာ၍ ဇော်ရင်က မသိချင်ယောင်ဆောင်နေရ



တာလဲ။ ဘာအချိုးတွေလဲ။ တက်ပလက်ကရော ဘယ်သူ့ပို့လိုက်တာလဲ။ ရွှေစင့်ရင်ထဲ သံသယများစွာ ကြီးစိုး၍နေလေသည်။

ဇော်ရင်ပြန်လာမည့်အချိန်ကို ဇော်ရင့်အိမ်၌ ငုပ်တုတ်ထိုင်စောင့်ဖို့လည်း မဖြစ်နိုင်ပါ။ အန်တီနွယ် စိတ်ပူကုန်လိမ့်မည်။ ပဟေဠိတွေအားလုံးသည် ဇော်ရင်နှင့်တွေ့လိုက်ပါက အဆင်ပြေသွားမည် ဖြစ်သည်။ ရင်ထဲ ရှုပ်ထွေးမွန်းကျပ်နေ၍လားမသိ အလုပ်ထဲ အာရုံမရပေ။

ဆိုင်၌လည်း ကာစတန်မာများလည်း ကျဲပါး၍နေလေသည်။ ဇော်ရင် ဘယ်သွားနေတာလဲ။ ငကန္တ ကြယ်စုံနဲ့ ဆက်သွယ်မိနေပြီလား။ သံသယနှင့်သာ နေချင်သည်။ မာတ်ပုံတွေကိုမြင်နေရသော်လည်း မယုံကြည်ချင်ပါ။ ဇော်ရင်ကို သစ္စာမဲ့သောယောကျ်ားတစ်ယောက် မဖြစ်စေချင်ပါ။

"အစ်မ . . . အစ်မ"

"အင်း . . . မာလာပြော"

"ဆိုင်ထဲ Miss ကြယ်စုံဖူးရောက်နေတယ်"

"ဟင်"

မှင်တက်သွားသည်။ ဘာပြော၍ ပြောရမှန်းပင် မသိတော့ပေ။ မြန်မာပြည်ကို ပြန်ရောက်သည်မှာ သုံးလမပြည့်

www.burmeseclassic.com

www.burmeseclassic.com



သေးသော်လည်း ကြော်ငြာဆိုင်းဘုတ် တော်တော်များများတွင် ကြယ်စုံမျက်နှာက နေရာယူနေပြီဖြစ်သည်။ တီဗီကြော်ငြာများကို ပါ ကြယ်စုံက အုပ်စိုးစပြုနေပြီ ဖြစ်၏။

မြန်မာပြည်တစ်ခွင်လုံးတွင် ကြယ်စုံဖူးခေတ် ဖြစ်နေလေ၏။ မအားလပ်အောင် အလုပ်များသူက ရွှေစင့်ဆိုင်ထဲ ဘယ်ကဘယ်လိုလုပ် ရောက်လာတာလဲ။

"ခေါ် . . . ခေါ်လိုက်ပါ"

အရှိန်အဝါကြောင့်လား၊ အတိတ်ကြောင့်လားမသိသော်လည်း ကြယ်စုံနှင့် တွေ့ရမှာကို ဝန်လေးနေမိသည်။ ဖြစ်နိုင်လျှင် မတွေ့ချင်တော့ပါ။ ကြယ်စုံနှင့် ထပ်မဆုံချင်တော့ပါ။

"နင်ကတော့ မျှော်လင့်ထားတဲ့ဘဝမှာပဲနော် . . . ရွှေစင်ယော်"

နှုတ်ဆက်အဖွင့်စကားသည် ရွှေစင့်ရင်ထဲ ဘဝင်မကျလှပေ။ သို့သော် သည်းခံပါ၏။ မုန်းစိတ်ကို ဖျောက်ပါ။ ပင်ပန်းလှပါတယ်ဟူ၍သာ ကိုယ့်ကိုယ်ကိုယ် ဖျောင်းဖျနေမိသည်။

"ထိုင်ပါ"

ဝတ္တရားကျေပြောလိုက်သည်။ တမင်ပဲလုပ်တာလား။ သူ့ရဲ့လက်ရှိနေထိုင်မှုပုံစံလေးဆိုတာ ရေရေရာရာ မသိသော်လည်း ကြယ်စုံ၏ပုံသည် အမှန်တကယ်ပင် ကြီးကြီးကျယ်ကျယ်နိုင်လှသည်။ ဘာဖြစ်လို့များ နောက်လိုက်ကို နှစ်ယောက်တောင် ထားနေရတာလဲ။



"ခတ်ပုံဆရာဖြစ်ချင်တဲ့ဖော်ရင်က ခရီးသွားကုမ္ပဏီ အလုပ်ကို လုပ်တယ်၊ လူတကာတံတွေးခွက်ထဲ မျောချင်ချင်ဖြစ်နေရတဲ့ ငါက ကမ္ဘာကျော်မိန်းကလေးတစ်ယောက် ဖြစ်လာခဲ့တယ်၊ ကံဆိုတာ အတိတ်ရဲ့အကျိုးဆက်လား။ လုပ်ယူမှရတဲ့အရာလားဆိုတာ ဝေခွဲမရနိုင်အောင်ပဲ၊ ကဲ . . . နင့်ရဲ့ရင့်ကျက်မှုလေးနဲ့ ကံဆိုတာကြီးကို အဓိပ္ပာယ် ဖွင့်ပါဦး"

"ငါးဖယ်လှန်က ပြောင်းပြန်ခတ်တယ်ဆိုတာ ဒါမျိုးပေါ့၊ ငါ နင်နဲ့မပတ်သက်ချင်တော့ဘူး ကြယ်စုံ၊ အားလုံးအမြင်မှာ နင်က ချစ်စရာကောင်းတဲ့ စန္ဒီပိုက်လေးဖြစ်ချင်ဖြစ်နေမယ်၊ ဒါပေမဲ့ ငါ့အတွက်တော့ နှစ်တစ်ထောင်စုန်းမပဲ"

"ဘယ်လိုလုပ်မလဲ . . . ငါ့ကိုချစ်တဲ့လူတွေက ကမ္ဘာနဲ့ချီပြီး ရှိနေကြတာ၊ ဘာလဲ.တစ်ကမ္ဘာလုံးနဲ့ တစ်ယောက် လုပ်တော့မလို့လား"

"ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်တယ်တဲ့၊ နင့်လိုမိန်းမကြောင့် ကျန်တဲ့ Miss တွေပါ နာမည်ပျက်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



နင်က ဘဝကို ဘယ်လိုရင်းပြီး ဒီနေရာကို ဘယ်လိုရောက်ခဲ့သလဲ ဆိုတာ သိနေတဲ့ငါက နင့်ကို လုံးဝအထင်မကြီးဘူး''

''မသိရင်မှတ်ထား ရွှေစင်ယော်၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ရတယ်ဆိုတာ လှေကြောင့်တော့ မဖြစ်နိုင်ဘူး။ အဲဒါ တံငါသည်ညံ့လို့ပဲ''

''တည့်တည့်ပဲ ပြောကြမယ်၊ ကဗျာတွေ ဒဿနတွေ ရွတ်ဆိုနေရလောက်တဲ့ထိလည်း နင်နဲ့ငါရဲ့ပတ်သက်မှုက သိပ်မကောင်းဘူး။ ကဲ ပြော ကြယ်စုံ . . . နင် ဇော်ရင့်ကို ဘယ်အချိန်ထိ အရှုးလုပ်နေဦးမှာလဲ''

''ဒါကတော့ အရှုးလုပ်ခံချင်တဲ့လူအပေါ်မှာပဲ မူတည်တယ်၊ ခုတောင် နင့်ရဲ့သတို့သားလောင်းလျာက ငါ့ကို အပန်းဖြေ အိမ်မှာ မျှော်နေလောက်ပြီ''

''နင် ငါ့ကို မကျေနပ်လို့လား ကြယ်စုံ၊ တည့်တည့်ပြော . . . ငါ့ကိုမကျေနပ်ရုံနဲ့တော့ ဇော်ရင့်ကို မပြုစားနဲ့၊ ဇော်ရင်က နင့်စိတ်တွေကို အမှန်လို့ မြင်နေတဲ့လူ''

''နင် ဇော်ရင့်ကိုတော့ တော်တော်ချစ်ပုံရတယ်နော်၊ လေးစားသဘောကျလိုက်တာ၊ အိုကေ . . . ဒီနေ့တော့ ဒီလောက်ပဲ''



ကြယ်စုံစကားက ဘာလဲ၊ ဘာသဘောလဲ။ ကြယ်စုံစိတ်သည် မှန်းရခက်သည်။ စိတ်ထဲမှာ ဘာတွေကောက်ကြံနေသလဲ။ ဇော်ရင့်ကိုချစ်၍တော့မဟုတ်ပေ။ မဟုတ်မှန်းလည်း သိသာလွန်းလှသည်။

''ကြယ်စုံ . . . မင်း ဘာသဘောလဲ''

''လက်စားချေချင်တဲ့သဘောပေါ့''

''ငါတို့က နင့်အပေါ် ဘာမှားခဲ့လို့ နင်က ဒီလိုစကားပြောရတာလဲ၊ တစ်ချိန်ကလည်း နင့်ရဲ့အသုံးတော်ခံ၊ အခုလည်း''

''သူသာ ငါကမ်းတဲ့လက်ကို ဆွဲခဲ့မယ်ဆိုရင် သူသာ သတ္တိရှိရှိနဲ့ ငါ့ရှေ့က ကာကွယ်ခဲ့မယ်ဆိုရင် ငါ အဲဒီလောက် ပြိုလဲခဲ့စရာ အကြောင်းမရှိဘူး။ သူ့ရဲ့သတ္တိနည်းမှုကြောင့် ငါ့ဘဝ လဲပြိုခဲ့ရတယ်၊ သူ့ရဲ့သတ္တိနည်းမှုကြောင့် ငါ လမ်းပျောက်ခဲ့ရတယ်၊ လမ်းပျောက်တယ်ဆိုတာ ဘာလဲ၊ ကိုယ်အားကိုးယုံကြည်တဲ့လူ့ရဲ့သစ္စာဖောက်ခြင်းကို ခံစားလိုက်ရတာဟာ ဘယ်လိုလဲ ဆိုတာ သူသိအောင် သူ့နှာ:လည်း ခံစားတတ်အောင် ငါ လုပ်ပြမယ်''

''နင် ရက်စက်လှချည်လား ကြယ်စုံ''

လှည့်ပြန်ဟန်ပြင်နေသော ကြယ်စုံသည် ခုံပေါ်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချလိုက်ပြန်သည်။ ပြီးနောက် ရွှေစင်ယော်ကို စူးစူးရှရှကြီး ကြည့်နေသည်။ ကြယ်စုံမျက်လုံးများက ရွှေစင်ယော်၏ စိတ်ကို ထိုးဖောက်ကြည့်နေသောပုံမျိုး။

"နင့်ကို ချစ်မိခဲ့တဲ့အတွက် နင်က ပြန်ပေးတော့မယ့် သင်ခန်းစာပေါ့ ဟုတ်လား ကြယ်စုံရယ်၊ နင်က ဟာသပဲ၊ တကယ် မကြားဖူးတာမျိုး နင့်ပါးစပ်ထဲက ကြားရတယ်"

"သူများအိမ်မှာ ခိုကပ်နေရတဲ့ အချိန်တုန်းကတော့ ငါ့ကို သူက လူသိရှင်ကြား မတွဲရဲခဲ့ဘူး။ အခု ငါလည်း သူ့ကို လူသိရှင်ကြား မတွဲနိုင်ဘူး။ အခု ငါ့အရှိန်အဝါနဲ့ သူ့ပတ်ဝန်းကျင်က လမင်းနဲ့ မီးပုံးလေးလို ကွာခြားနေပြီ၊ ငါလိုမိန်းမကရော သူလို ဘာမဟုတ်တဲ့ ကုမ္ပဏီသေးသေးလေးကို . . . ဟွန်း ရယ်စရာ ကောင်းလိုက်တာ၊ အဲဒီလို အသုံးမကျတဲ့လူမျိုး နင်သာ မှန်း နေလိုက် ရွှေစင်ယော်၊ ကြယ်စုံဖူးတို့တော့ ခြေသုတ်ခုံလို ချနင်း သွားမယ် နားလည်ထား၊ ငါ့ရဲ့ခြေသုတ်ခုံကို အမြတ်တနိုး ဦး ခေါင်းရွက် ကိုးကွယ်ချင်တယ်ဆိုလည်း နင့်သဘောပဲ"

ရင်ထဲ ခါးသက်သွားသည်။ မမုန်းချင်သော်လည်း မုန်း စိတ်ကို ဖြစ်ပေါ်စေသည်။ ကြယ်စုံ့အခန်းထဲမှ ထွက်သွားချိန်ထိ ကြယ်စုံ့ကို တစ်ခွန်းမျှ ခံမပြောလိုက်နိုင်ချေ။ ဒေါသက ရွှေစင့်ကို



ရောင့်နှုတ်ပိတ် ဖြစ်သွားစေသည်။

ရွှေစင် ဘာလုပ်ရမလဲ။ ဇော်ရင့်ဘဝ နစ်မွန်းတော့မယ် ဆိုတာ သိသိချည်းနဲ့ ဒီအတိုင်း လက်ပိုက်ကြည့်နေရတော့မှာလား။ မဖြစ်နိုင်ပါ။ မကြည့်နိုင်ပါ။ ဇော်ရင် ပျက်စီးသွားနိုင်သည်။

ရွှေစင်ယော် ဘာလုပ်ရမလဲ။ ငယ်ငယ်တုန်းကလို မကျေ နပ်စိတ်ဖြစ်လာတာနဲ့ တစ်ပြိုင်နက် အန်တီနွယ်ကို တိုင်တန်း၍ လည်း မဖြစ်ပါ။ အန်တီနွယ်က ဇော်ရင့်ကို သိပ်စိတ်ပူသွားပြီး ကြယ်စုံ့ကို ပြဿနာရှာရင် အားလုံးရှုပ်ကုန်လိမ့်မည်။ ဇော်ရင့်ကို တားရမလား။ ခုချိန်မှာ မွန်ထူနေတဲ့ ဇော်ရင်က ရွှေစင့်စကား ကိုရော ယုံကြည်ပေးပါ့မလား။

ဒီနှစ်နှစ်တာကာလတစ်လျှောက်လုံး ဇော်ရင်က ကြယ်စုံ့ ကို ရှာဖွေနေခဲ့သည်မှာ ရွှေစင်ယော်အသိဆုံးဖြစ်သည်။ ရင်နာ လွန်း၍ မသိချင်ယောင်ဆောင်နေရသော်လည်း ဇော်ရင့်စိတ်ကို လျစ်လျူရှုလို့မရချေ။

"မဖြစ်ဘူး တားရမယ်"

ကြယ်စုံဖူး ဘယ်လိုမိန်းမဆိုတာ သိနေတဲ့ ရွှေစင်ယော်က ဇော်ရင်ကို မတား၍မဖြစ်ပါ။ တားရလိမ့်မည်။

တားမည်ဆိုသော ရွှေစင်ယော်၏စိတ်သည် စေတနာက



www.burmeseclassic.com

www.burmeseclassic.com



ရေသောက်မြစ်ဖြစ်နေသော်လည်း ယုံကြည်ချက်တို့ ပျောက်ဆုံးနေရသည်။

အပြင်ဘက်မှ ဝန်ထမ်းများ၏ဆူညံသံသည်လည်း ရွှေစင့်နှလုံးသားကို ခပ်ဆတ်ဆတ်လေး ရိုက်ခတ်နေသည်။ ကြယ်စုံဖူးနှင့် ဓာတ်ပုံတွဲရိုက်နေကြသည် ထင်ပါရဲ့။ ရွှေစင့်ကိုတော့ မာန်မဲပြီး ရူးရူးရှရှ ကြည့်သွားသော ကြယ်စုံက အလှပဆုံးပြုံးပြီး ဓာတ်ပုံအရိုက်ခံချင် ခံနေနိုင်သည်။ ကြည့်ပါဦး ပြုံးတတ်လိုက်တာ။ လှပအောင် ပြုံးတတ်လိုက်တာ။ နှလုံးသားလည်း ပြုံးနေလျှင် ဘယ်လောက်များ ကောင်းလိုက်မလဲ။

ဖွင့်ထားသောတီဗီမှ ကြယ်စုံ့ပုံရိပ်များကိုကြည့်ပြီး စိတ်ထဲ၌ ဆိုမိသည်။

ဇော်ရင့်ကို တားရမယ်ဟု ဆုံးဖြတ်မိသော်လည်း ထိုဆုံးဖြတ်ချက်သည် ခိုင်မာမှုမရှိချေ။ ဇော်ရင် လက်မခံနိုင်မှန်းလည်း သိ၏။

ကျေးဇူးပြု၍ ဇော်ရင်ရယ် တစ်သက်လုံး ငါ့စကားကို နားမထောင်ခဲ့တဲ့ နင်။ ဒီတစ်ကြိမ်လေးတော့ နားထောင်ပေးပါ။ ဒီတစ်ကြိမ်လေးတော့ ယုံကြည်ပေးပါ။

တစ်ချိန်တုန်းက ငါ့ဖေဖေက ငါ့ကြောင့် သေဆုံးရတာပါ



ဆိုသည့် အစိုးပှာယ်မျိုးနှင့် နှုတ်ကထွက်လာတုန်းက ငါ ဘယ်လောက်ထိ ကြေကွဲရသလဲသိလား။ ရင်နာရသလဲ သိလား။ နင့်ကို မုန်းမိတဲ့အထိပါပဲ။ လောကမှာ နင်က ကြယ်စုံစကားကိုပဲ ယုံတယ်ဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ ဇော်ရင်ရယ် ဒီတစ်ကြိမ်လေးပါ ပြောတာကို ယုံပေးပါ။

နင့်ဘဝ နစ်မွန်းလိမ့်မယ် ဇော်ရင်ရယ်။ နင့်ဘဝက လူအများကြီးကို ထိခိုက်နစ်နာသွားနိုင်တယ်။ နင့်ကို သိပ်ယုံကြည်အားကိုးတဲ့ အန်ကယ်ခင်ဇော်နဲ့ အန်တီနွယ်။ ပြီးတော့ ငါ့မေမေ၊ ပြီးတော့ ငါ။ ငါကတော့ ထားပါတော့ လူကြီးတွေကိုတော့ မနိုပ်စက်ပါနဲ့တော့ ဇော်ရင်ရယ်နော်။

ဇော်ရင့်ကို ရင်ထဲမှစကားလုံးများစွာ နူးညံ့သိမ်မွေ့ခြင်းများစွာ တိုးမြှင့်မေတ္တာရပ်ခံနေမိသော်လည်း တကယ်တမ်းတော့။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဇော်ရင် ငါတို့လက်ထပ်ကြရအောင်"

ရွှေစင်ယော်သည် စကားကို အစီအစဉ်မကျ ပြောပစ်လိုက်သောအခါ ဇော်ရင်မှာ နားမလည်နိုင် ဖြစ်သွားသည်။

"ဘာ . . . ဘယ်လို"

"ငါတို့ လက်ထပ်ရအောင်"

မတတ်နိုင်ပါ။ ထိုသို့ပြောပစ်မှ ဖြစ်လိမ့်မည်။ စကားကို ပလ္လင်ခံနေ၍လည်း ထူးတော့မည် မဟုတ်ပေ။

ပြဿနာသည် ဇော်ရင်ကြောင့်ဖြစ်သည်။ ဇော်ရင်နှင့်သာ ရွှေစင် လက်ထပ်လိုက်ပါက အခြားရှုပ်လာမည့်ပြဿနာများ မရှိနိုင်တော့ပေ။ အန်တီနွယ်လည်း ဇော်ရင်ကြောင့် ရင်ထုပိုရသော





အဖြစ်မှ ကင်းလွတ်သွားမည်။ ကြယ်စုံကလည်း ဇော်ရင့်ကို ဘယ်လို ရွှေ့ပြောင်းကစားဦးမလဲဆိုတာ ဘယ်သူမှ မသိနိုင်ပေ။

ရှည်ရှည်ဝေးဝေး ကွေ့ပတ်ပြောနေလျှင် ဇော်ရင်နှင့် ရွှေစင် စကားများရတာပဲ အဖတ်တင်ကျန်ရစ်နိုင်သည်။

ဇော်ရင်သည် သဘောကောင်းသောလူဖြစ်သော်ငြား ကြယ်စုံနှင့် ပတ်သက်လာလျှင် တစ်ဖက်စွန်းရောက်တတ်မှန်း ရွှေစင် သိသည်။

"ဘာတွေ စိတ်ရှုပ်ပေါက်လာပြန်ပြီလဲ ရွှေစင်ယော်"

"တစ်နေ့နေ့ လက်ထပ်ရမှာ ကိုးနန်းသော်နေတာပဲ၊ အချိန်ဆွဲနေလို့ရော ဘာထူးဦးမလဲ၊ နင်လည်း အလုပ်ရှိတယ်၊ ငါလည်း အလုပ်ရှိတယ်၊ မိဘတွေလည်း ငါတို့ကို/ဒီအခြေအနေဖြစ်စေချင်နေတာပဲ၊ ဘာကို ချင့်ချိန်နေဦးမှာလဲ"

"ငါတို့ ငယ်သေးတယ်၊ ငါက အသက်နှစ်ဆယ့်ငါးနှစ်ပြည့်မှ လက်ထပ်မယ်လို့ စဉ်းစားဖူးတယ်"

"နင် ငါနဲ့လက်ထပ်ဖို့ရော စိတ်ကူးရှိသေးလို့လား"

"မင်းစကားက ဘာလဲ ရွှေစင်ယော်"

"နင် ဒီရက်ပိုင်း ဘယ်သွားနေတာလဲ၊ ကုမ္ပဏီမှာလည်း မရှိဘူး၊ အိမ်ကလည်း အစောကြီးသွားတယ်၊ အလုပ်လုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို လုပ်လို့ရသလား''

''နှင် ငါ့ကို ရှဲဒိုးလုပ်နေတာပဲ၊ ဘာသဘောလဲ''

''မမှားသင့်တာ မမှားအောင်လို့ ကူညီနေတာ၊ ငါ့စေတနာကို မစော်ကားနဲ့''

''ရင့်လှချည်လား ရွှေစင်ယော်၊ နှင်က ဘာမို့ ငါ့ကို လိုက်ချက်နေရတာလဲ၊ နှင်နဲ့ငါနဲ့က ဘာဆိုင်ကြသေးလို့လဲ''

''ဒီမှာဇော်ရင် . . . ငါကလည်း ဒါတွေကို မပြောချင်ပါဘူး။ ဒါပေမဲ့ ပြောရတော့မယ်၊ မနေ့က ငါ့ဆီ ကြယ်စုံ လာသွားတယ်''

''ငါ သိပြီးသားပါ''

''ဘယ်လို ဇော်ရင်၊ နှင်သိပြီးသား ဟုတ်လား။ ဒါနဲ့များ ဇော်ရင်ရယ် . . . နှင်သိရဲ့နဲ့များ''

''ဘာကိစ္စနဲ့ နှင်နဲ့ငါ လက်ထပ်ကြတော့မယ်လို့ သူ့ကို သွားပြောရတာလဲ''

ဘုရားရေ . . . ဇော်ရင် ဘာတွေပြောနေတာလဲ။ နားမလည်ပါ။

''ကြယ်စုံ့ဘဝက အထီးကျန်ပါတယ်၊ သူ့မှာ မိသားစုဆိုလို့လည်း မရှိဘူး။ ကူညီစောင့်ရှောက်ပေးမယ့်သူလည်း မရှိဘူး





သူ ခုလို အောင်မြင်မှုရနေတာကို ငါတို့က ဘေးက လက်ခုပ်တီးပေးရဦးမှာပါ၊ ဘာကြောင့် နှင်က သူ့ကို ခြိမ်းခြောက်နေရတာလဲ ရွှေစင်ယော်၊ ငါ နှင့်ကို ဘယ်လိုမှ နားမလည်နိုင်ဘူး''

ဘုရား . . . ဘုရား ဇော်ရင် ဘာဖြစ်သွားပြီလဲ။ ဘာတွေလာပြောနေတာလဲ။

''ဒီအခြေအနေထိရောက်အောင် သူ ဘယ်လောက်များ ရုန်းကန်ခဲ့ရမလဲဆိုတာ ငါတို့စိတ်နဲ့ မှန်းဆလို့တောင် မရနိုင်ပါဘူး။ သူ ဘယ်လောက်များ ခက်ခက်ခဲခဲ ရုန်းခဲ့ရမလဲ''

''နှင် ရူးသွားပြီ ဇော်ရင်၊ ကြယ်စုံရဲ့မာယာနွံအိုင်ထဲ နှင် ကျရှုံးသွားပြီ''

''နှင် ကြယ်စုံ့ကို အဲဒီလိုမပြောပါနဲ့၊ ကြယ်စုံက ရိုးသားပြီး အားငယ်တတ်သူပါ၊ တစ်ချိန်တုန်းကလည်း နှင်ပဲ သူ့ကို ရက်ရက်စက်စက် ရိုက်ခဲ့ဖူးတယ်၊ ဒါပေမဲ့ သူက ခုချိန်ထိ နှင့်ကို အပြစ်ဆိုလို့ တစ်စက်ကလေးမှ မမြင်နိုင်ရှာသူပါ''

''ဒါဆို . . . ငါကပဲ ဆိုးဆိုးမိုက်မိုက်နဲ့ သွေးရူးသွေးတမ်း သူ့ကို အပြစ်မြင်နေတယ်ပေါ့၊ ဟုတ်လား။ နှင့်စကားအရ ငါက ငါက''

''အဲဒီလိုလည်း မဆိုလိုပါဘူး။ ငါ့သဘောက ကြယ်စုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



နင်နဲ့ကို ပြေပြေလည်လည် ဖြစ်စေချင်လို့ပါ၊ တစ်ဖက်က အောက်ကျို့နေပြီးပဲ ရွှေစင်ယော်ရယ်၊ ကျေးအေးလိုက်ပါ၊ အနက်ကယ်နိုင်လည်း အသက်ပြန်ရှင်လာနိုင်တော့မှာမှ မဟုတ်တာ၊ သူ့ကို ခွင့်လွှတ်ပေးလိုက်ပါ"

"ငါ နင့်ကို ဘာပြန်ပြောရမှန်းတောင်မသိတော့ဘူး ဇော်ရင်ရယ်၊ နင် ဘာပြောနေတာလဲလို့လည်း ငါ တကယ်နားမလည်ဘူး၊ ကြယ်စုံနဲ့နင်နဲ့ ဘယ်သူက ဆက်ပြီး ဘယ်ကဘယ်လို ပတ်သက်နေကြသလဲဆိုတာ ငါ မသိဘူး၊ ထားပါ . . . နင်က ငါ့သူငယ်ချင်းမို့ ငါက ဝတ္တရားရှိတဲ့အတိုင်း သတိပေးရမှာပဲ၊ ကြယ်စုံက နင့်နားလာကပ်တာ မရိုးသားဘူးနော်၊ တစ်ချိန်က ဒဏ်ရာဒဏ်ချက်တွေကို သူ့ရင်ထဲ သင်ပုန်းချေနိုင်မယ်မထင်နဲ့၊ နင့်ဘဝကို စုတ်ပြတ်သတ်တဲ့ထိလုပ်ဖို့ ကြိုးစားနေတာ"

"သူပြောတဲ့အတိုင်းပါပဲ၊ ငါ နင်နဲ့တွေ့ရင် အဲဒီလို နင်ပြောလာနိုင်တယ်တဲ့၊ အမှန်ဆိုတာ အပူတွေပါ ရွှေစင်ယော်ရယ်၊ ခွင့်လွှတ်လိုက်ပါ၊ နင်သာ ခွင့်လွှတ်မယ်ဆိုရင် အဲဒီလို အိမ်ကြီးထဲမှာ ကြယ်စုံက တစ်ယောက်တည်း အထီးကျန်နေစရာ အကြောင်းမရှိတော့ဘူး"

"တစ်ယောက်တည်း ဟုတ်လား၊ အဲဒီမှာ သူတစ်



ယောက်တည်းရှိတာပါလို့ နင့်ကို ဘယ်သူပြောသလဲ"

"ငါ မြင်ခဲ့တာလေ၊ ငါကိုယ်တိုင်သိတာ"

"နင် ကြယ်စုံအကြောင်း ဘယ်လောက်သိလို့လဲ၊ ကြယ်စုံကို ဘယ်လောက်တောင်များ သိနေလို့လဲ"

"အားလုံးသိတယ် အကုန်"

"မိုးထက်ယံနဲ့ ကြယ်စုံရဲ့ပတ်သက်မှုကိုတော့ နင် မသိလောက်ပါဘူး"

"မိုးထက်ယံ ဟုတ်လား"

ရွှေစင်ယော်က ရိတိတိပြုံးလိုက်သည်။ ထိုအပြုံးသည် သူ့ကို လှောင်ပြောင်နေသလိုလို ခံစားရသည်။

"နင် မသိပါဘူး၊ နင်မသိတဲ့ မြုပ်ကွက်တွေ ကြယ်စုံမှာ အများကြီးရှိတယ်၊ နင်သိတာက ကြယ်စုံရဲ့အပေါ်ယံ အရေပြားကိုပါ၊ ငါက နင့်ကို စေတနာနဲ့သိလား၊ မမှားရအောင် မမှားအောင်လို့ မနာကျင်သင့်တာကို မနာကျင်ရအောင်လို့"

"တော်တော့ ရွှေစင်ယော်၊ ငါက ယောကျ်ားတစ်ယောက်၊ ဒါကြောင့် နင်စောင့်ရှောက်ပေးဖို့ မလိုဘူး၊ နင် စောင့်ရှောက်မှ ပြည့်စုံရမယ့်ဘဝမျိုး ရှိလာရင်လည်း ငါ ဒီလောကမှာ အသက်မရှင်ချင်တော့ဘူး၊ ငါ့ကို အဲဒီလို သေးနုတ်တဲ့အကြည့်မျိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com



မကြည့်နဲ့၊ ယောကျ်ားတစ်ယောက်ဟာ အထင်သေးခံရတာ လောက် နာကျင်တာ မရှိဘူး . . . ရွှေစင်ယော်၊ ဒါကို နင် နားလည် ထားလိုက်''

ပြောဆိုပြီးသည်နှင့် တစ်ပြိုင်နက် ဇော်ရင်သည် စွေ့ခနဲ ထွက်လာတော့သည်။

မနက်စောစောစီးစီး ရွှေစင်ယော်နှင့် စကားများရသည်။ ပြဿနာကို သူက လိုက်ရှာတာမဟုတ်သော်လည်း ပြဿနာက သူ့နောက်ကို လိုက်နေသည်။

နေရင်း ထိုင်ရင်းပင် ရွှေစင်ယော်ကို စိတ်ကုန်မိသည်။ သူ့ဘဝကို စွက်ဖက်လွန်းသည်ဟုထင်သည်။

သူ လုံးဝမကျေနပ်နိုင်ပါ။ သူက ကြယ်စုံ့အလိမ်အညာကို ခံနေရသည့်ထားဦး သူ့ကို ခုလို အထင်သေး အမြင်သေးတော့ မပြုမူသင့်ပေ။

ရွှေစင်ယော်ကြောင့် သူ့စိတ်ထဲ ရှုပ်ထွေးမွန်းကျပ်၍ နေလေသည်။ ထို့ကြောင့် ကုမ္ပဏီသို့ မသွားချင်တော့၍ အလုပ် များကိုသာ သူ့ကိုယ်စား ဂရုစိုက်ဖို့ အတွင်းရေးမှူးကို ဖုန်းဆက်မှာ ကြားပြီး တံခါးမရှိ ဓားမရှိသွားလာခွင့်ရထားသော ကြယ်စုံ့နားနေ စံအိမ်သို့ ဦးတည်လိုက်သည်။



ခြံကြီးသည် တိတ်ဆိတ်၍နေသည်။ ထို့ကြောင့် ကားဟွန်းသံပေးလိုက်၏။ အိမ်ထဲမှ တစ်စုံတစ်ယောက် ပြေးထွက်လာသည်။

သူက မိတ်ဇာပ်ဆရာမ မလတ်။ သူ ဝမ်းသာသွား၏။ ကြယ်စုံ အိမ်ထဲ၌ရှိနေသည်။

''ကြယ်စုံရှိတယ် မဟုတ်လား''

''ရှိတယ်၊ အထဲကိုဝင်ပါ''

သူဝင်လာသောအခါ ကြယ်စုံက ဆက်တီပေါ်ထိုင်ပြီး ခြေသည်းနီအဆိုးခံနေလေသည်။ ဖွံ့နုသော ကြယ်စုံ့ခြေချောင်း လေးများသည် ရှုရှဲပဲကောင်းနေလေတော့သည်။

''ကြယ်စုံ''

သူ ခေါ်လိုက်သောအခါ လှမ်းကြည့်သည့် ကြယ်စုံ့ မျက်လုံးများသည် တစ်ခုခုကို သိုဝှက်ထိန်ချန်ထားသည်ဟု ထင်မိသည်။

''ဖုန်းလည်း ကြိုမဆက်ထားဘူး''

''အင်း . . . ငါ နင့်ကိုသတိရလို့ ဝင်လာတာ''

''နောက်ဆို နင် ငါ့ဆီလာရင် ဖုန်းကြိုဆက်ပါ၊ ငါက လွတ်လွတ်လပ်လပ်နေလို့ရတဲ့ အနေအထား မဟုတ်ဘူး၊ ကဲ

www.burmeseclassic.com

www.burmeseclassic.com



. . . တော်တော့ နောက်မှဆက်လုပ်မယ်"

လက်သည်းအလှပြင်ဆရာအား ခပ်ဆတ်ဆတ်ပြော လိုက်သော ကြယ်စုံအသံသည် တစ်ခုခုကို အလိုမကျမှုံ အထင်း သားပေါ်လွင်၍နေသည်။

"ငါတို့ အပြင်သွားရအောင်၊ မလတ်တို့ နေခဲ့ပါ၊ ကြယ်စုံ မကြာဘူး"

သူ နားမလည်နိုင်ပါ။ ကြယ်စုံက ဘာကြောင့် သူ့ကို ခေါ်ထုတ်နေရတာလဲ။

"နင့်ကားနဲ့ပဲ လိုက်ခဲ့မယ်၊ ငါ့ကားက ဂိုထောင်ထဲက မထုတ်ရသေးဘူး"

ခါတိုင်းဆိုလျှင် အပြင်သွားဖို့ မခေါ်ရဲလောက်အောင် ကြယ်စုံသည် အလုပ်များနိုင်လွန်းသူဖြစ်သည်။ ခုတော့ ဘယ်လို ဖြစ်ရတာလဲ။ ပပေါဦးက ရင်ထဲရှိနေသော်လည်း သူပျော်သည်။ ကြယ်စုံနဲ့ ခုလို အပြင်မထွက်ရတာ ဘယ်လောက်ကြာသွားပြီလဲ။

"နင် စိတ်ဆိုးနေသလား ကြယ်စုံ"

"မဆိုးပါဘူး။ ငါက ဘာလို့ ဆိုးရမှာလဲ၊ ပျော်တောင် ပျော်သေး။ မလတ်တို့၊ မသူဇာတို့မပါဘဲ အပြင်သွားရတဲ့အချိန်က ရတောင့်ရခဲရယ်ပါ၊ ကဲ ပြောပါ နင့်မျက်နှာကြီးက အီလည်လည်နဲ့



ဘာဖြစ်လာတာလဲ"

"ဘာမှမဖြစ်ပါဘူး။ နင့်ကိုသတိရလို့ဝင်လာတာ"

"ရွှေစင်ယော်နဲ့ စကားများလာလို့လား"

သူ မဖြေပါ။ ကားကိုသာ ဂရုစိုက်မောင်းနေ၏။

"သည်းခံလိုက်ပါဟယ်၊ သူ့အကြောင်း နင်က မသိတာမှ မဟုတ်တာ။ သူက နည်းနည်းပြဿနာရှာတတ်ပေမယ့် သဘော ကောင်းပါတယ်"

"အဲဒီပြဿနာရှာတဲ့အကျင့်က အန်ကယ်နိုင်ရဲ့ သေဆုံး ခြင်းနဲ့အတူ ပျောက်သွားတာက ကြာပြီ၊ ခုမှ"

အန်ကယ်နိုင့်အကြောင်းကို /ပြောဖြစ်သောအခါ သိသိ သာသာ ငိုင်ကျသွားသော ကြယ်စုံဖူးကြောင့် အားတုံ့အားနာ ဖြစ်ရပြန်သည်။

"ဆောရီး"

"ဦးက ငါ့ကြောင့်လို့ နင်ရော ထင်နေသလား"

"ဟာ . . . မဟုတ်တာ"

"ဒါပေမဲ့ ရွှေစင်ယော်တော့ ငါ့ကို ခုချိန်ထိ စွပ်စွဲနေဆဲပဲ၊ မြန်မာပြည်ကို ပြန်လာချင်ပေမယ့်လည်း ဒါတွေကို ငါ သိပ် ကြောက်ခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထဲမထားပါနဲ့တော့၊ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီပဲ"

"ငါ့ဘဝတော့ အရိပ်မည်းကြီးတစ်ခုပါပဲ ဇော်ရင်ရယ်"

မျက်ရည်များစီးကျလာသည်။ လွယ်လိုက်တဲ့မျက်ရည်။

"မငိုပါနဲ့ ကြယ်စုံရယ် . . . တိတ်ပါ၊ ငါကလည်း ငါပဲ၊ *ဒါပဲ ပြောပြောမိနေတယ်"*

"ငါလေ . . . အန်တီမိကို သိပ်သတိရတာပဲသိလား။ ဒါပေမဲ့ အဲဒီအိမ်ထဲ ငါမဝင်ရဲဘူး။ ရွှေစင်ယော်ကလည်း သူတို့အိမ်ရိပ်ကိုတောင် မနင်းဖို့ ပြောထားတယ်၊ နင်နဲ့လည်း မပတ်သက်နဲ့တဲ့၊ နင် နဲ့ပတ်သက်လာမယ်ဆိုရင် ငါ့သတင်းတွေနဲ့ ငါ့နောက်ကြောင်းတွေကို မီဒီယာတွေကို ပြောပစ်မယ်တဲ့"

"ဘာ"

ယောင်ယောင်မှားမှားနှင့် ဘရိပ်ပင် ဆောင့်နင်းလိုက်မိသည်။ ထို့ကြောင့် ကိုယ်ရှိန်မထိန်းထားသော ကြယ်စုံမှာ ကိုယ်ဟန်ပျက်ကာ ဖရိုဖရဲဖြစ်သွား၏။ ကြယ်စုံ လန့်သွားသည်။ ဇော်ရင့်အသက်ထက် ကြယ်စုံ့အသက်က ပို၍ တန်ဖိုးရှိနေလေသည်။ မဆင်မခြင်လုပ်ရကောင်းလားဟု ဝေါက်ပစ်ချင်သော်လည်း ဒေါသကို ထိန်းထားရ၏။ ယောက်ျားတစ်ယောက်သည် ကြမ်းတမ်းမှုကို မုန်းတီးသောလူမျိုးဖြစ်သည်။ ယောက်ျားတစ်ယောက်ရှေ့



ကြမ်းတမ်းစွာ ပြောဆိုမိပါက ထိုမိန်းမအတွက် အနုတ်လက္ခဏာချည်းသာ ဖြစ်တော့မည်။

ဒါကို ကြယ်စုံ ကောင်းစွာသိ၏။ ထို့ကြောင့် ဒေါသကို မျိုသိပ်လိုက်ရသည်။ ခံရတော့ ခပ်ဆိုးဆိုးဖြစ်၏။ ကျေနပ်စရာလည်း ကောင်းနေပြန်သည်။ ဇော်ရင်က သိပ်ကို စိတ်ဆိုးနေပြီဖြစ်သည်။ ရွှေစင်ယော် ဘာဖြစ်သွားမလဲ။ ရွှေစင်ယော်နဲ့ဇော်ရင်တို့ ဘယ်လိုထိပ်တိုက်တွေ့ကြမလဲ။

"အကယ်၍သာ သူ မီဒီယာတွေကို ပြောပစ်မယ်ဆိုရင် ငါတော့သွားပြီ၊ သူက ငါ့ကို ဦးနဲ့စွပ်စွဲခဲ့တာ၊ အဲဒီနေ့ကလည်း ဦးက မဟုတ်ပါဘူးလို့ ရှင်းပြတာကို နားမထောင်ဘဲ ဦးကို တွန်းလိုက်တယ်၊ ဒါပေမဲ့ ဦးကိုတွန်းလိုက်တာက ငါပါလို့ စွပ်စွဲခဲ့တဲ့သူပါ၊ ဦးရဲ့အသံတွေကို ငါ ညတိုင်းကြားယောင်ခဲ့တယ်၊ ဒါမှန်းသိခဲ့ရင် ဦးက ခေါ်ပေမယ့်လည်း ငါက အဲဒီအိမ်ကို လိုက်မလာခဲ့ပါဘူး။ ဦးက ငါ့ဖေဖေဖြစ်နေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ လိုက်လာခဲ့မိတာပါ၊ ဦးက ငါ့မေမေရဲ့ ယယ်ချစ်ဦးဆိုတာ နင်လည်း သိပြီးဖြစ်မှာပါ၊ စဉ်းစားကြည့်ပါ ဇော်ရင်ရယ်၊ ငါ့ကို ဦးနဲ့ စွပ်စွဲစရာလား၊ ငါက ဦးကို မြူဆွယ်တယ်တဲ့၊ လုပ်စရာလားဟယ်၊ အဲဒီအချိန် ငါက နင်နဲ့ချစ်သူတွေ ဖြစ်နေကြပြီလေ၊ ငါက နင့်အပေါ် သစ္စာမဲ့

www.burmeseclassic.com

www.burmeseclassic.com



စရာလား''

''ဆောရီး ကြယ်စုံရယ်၊ ငါ ဒါတွေကို တကယ်မသိခဲ့ဘူး''

''နင်က ငါ့ကို ချစ်နေလို့ ရွှေစင်ယော်က ငါ့ကိုမုန်းနေတာလား ဟင်''

''ဟာ ... မဟုတ်တာ''

''အချိန်တန်ရင် နင်က ရွှေစင်ယော်ကို လက်ထပ်ရမှာပဲ ငါကိုက မှားတာပါ၊ နင့်ကို မမေ့နိုင်ဘဲဆက်သွယ်မိတာ။ နင့်ကို မပိုင်နိုင်မှန်းလည်း သိပေမယ့် ရှေ့ဆက်တိုးမိတယ်၊ နင်လည်း ရွှေစင်ယော်ကို လက်ထပ်မှာပဲဆိုတာ သိသိချည်းနဲ့''

''မဟုတ်ပါဘူး။ ငါ ရွှေစင်ယော်ကို လက်ထပ်ပါ့မယ်လို့ တစ်ခါမှ မပြောခဲ့ဖူးနော်၊ ငါ ရွှေစင်ယော်ကို မချစ်ဘူး''

ကြယ်စုံ လှစ်ခနဲ ပြုံးမိသွားသည်။ ထိုစဉ် ကြယ်စုံ လက်ထဲရှိ ဖုန်းမှာ လင်းလာသည်။

မြတ်စွာဘုရား၊ မိုးထက်ယံထံမှ ဖြစ်သည်၊ သူ့မိတ္တေရှနဲ့ တရားဝင်မိတ်ဆက်ပေးတော့မှာမို့ အလုပ်တွေအားလုံး ဖျက်ထားပါလို့ တောင်းဆိုထားခဲ့သည်။ ထို့ကြောင့် ကြယ်စုံ၊ မိုးထက်ယံကို စောင့်ရခြင်းဖြစ်သည်။ ကြယ်စုံ အောင်မြင်လာတော့ မိုးထက်ယံသည် ကြယ်စုံကို စိတ်မချဖြစ်ကုန်သည်။ ကြယ်စုံသည် မိုးထက်ယံကို မလွှန်ဆန်နိုင်ပေ။ လွှန်ဆန်၍လည်း မရချေ။ မိုးထက်ယံကိုသာ ကစားသွားပါက ကြယ်စုံ နောင်တရလိမ့်မည်။ ထက်မြက်သော မိုးထက်ယံသည် ဇော်ရင်နှင့် ရွှေစင်ယော်လို လူညံ့များမဟုတ်ချေ။ ကြယ်စုံ့မှတ်တမ်းကို ဗီဒီယိုဖြင့် မှတ်တမ်းတင်ထားသူဖြစ်သည်။ ကြယ်စုံ နာမည်ကြီးလာလေ မိုးထက်ယံကို မလွှန်ဆန်နိုင်လေဖြစ်တော့မည်။ ကြယ်စုံသာ တစ်စုံတစ်ယောက်နှင့် ညိစွန်းပါက မိုးထက်ယံလက်ထဲရှိ ဗီဒီယိုစိုင်သည် အွန်လိုင်းပေါ်သို့ အလိုလို ရောက်သွားမည်ဖြစ်သည်။ ကြယ်စုံ့ဘဝကြီး ဇောက်ထိုးမိုးမျှော် ဖြစ်နိုင်ဖွယ် ရှိ၏။



ထို့ကြောင့် ဇော်ရင်နှင့် ခုလိုတွဲနေသည်ကို မိုးထက်ယံ သိ၍မရချေ။ မိုးမီးလောင်ကုန်လိမ့်မည်။ ထို့ကြောင့် ဖုန်းကို ပိတ်ချပစ်ပြီး Sound Recorder ကို ဖွင့်လိုက်၏။

''ဒါဆို နင်ချစ်တာက ဘယ်သူလဲ''

''မေးနေဖို့လိုသေးသလားကြယ်စုံရယ်၊ နင်ပေါ့၊ ငါ ဘယ်တုန်းကမှ ရွှေစင်ယော်ကို မချစ်ခဲ့ဖူးပါဘူး၊ ငါ့ဘဝမှာ နင်တစ်ယောက်တည်းပါ၊ ငါ့အချစ်ကို နင်ယုံအောင် ဘယ်လို သက်သေပြရမလဲဟင်''

www.burmeseclassic.com

www.burmeseclassic.com



"နှင့်မိဘတွေဆီ ငါ့ကို ခေါ်သွားရဲလို့လား"

"နှင်ကရော ငါ့ကို ပတ်သက်ရဲလို့လား"

"ငါ လက်ထပ်မယ်ဆိုရင်ရော နှင်က"

ကြယ်စုံပင် စကားကို ဆုံးအောင်မပြောလိုက်နိုင်ချေ။ ဇော်ရင်က ကားကို ကျွံခနဲကွေ့ချပြီး ဖြစ်နေ၏။

ကြယ်စုံ ရင်ထိတ်သွားသည်။ ပြဿနာက တစ်စထက် တစ်စ ကြီးလာပြီဖြစ်သည်။ ဘာလုပ်ရမလဲ၊ မဖြစ်ပါ။ ကြယ်စုံ ဇော်ရင့်လိုလူကို လက်မထပ်နိုင်ပါ။

"ဘယ်မောင်းနေတာလဲ ဇော်ရင်"

"ငါ့အိမ်ကိုလေ၊ ငါ့အမေနဲ့ မင်းကို တွေ့ပေးတော့မယ်"

"မမြန်လွန်းဘူးလား၊ ငါ့ဘက်က ဘာမှတောင် မပြင်ဆင်ခဲ့ရဘူး"

ဇော်ရင်သည် ဘာစကားမှ မပြောတော့ဘဲ ရှေ့သို့သာ အာရုံစိုက်ပြီးမောင်းနေသည်။ ဒုက္ခပဲ ... ကြယ်စုံ ပြဿနာကြီးကို လုပ်လိုက်မိပြီ။

သို့သော် အရေးလား။ တစ်ချိန်က မတူသလို မတန်သလို ဆက်ဆံခဲ့တဲ့ မိန်းကလေးက တစ်ဦးတည်းသော ချွေးမ လုပ်တော့မယ်ဆိုရင် ဒေါ်မြင့်လေးနွယ်၏ယေထိပ် မြွေပေါက်





သွားနိုင်သည်။ အားလုံးကို စိတ်ဒုက္ခပေးပြီးမှ မသိပါဘူးဆိုပြီး အရှူးကွက်နင်းပြီးရှောင်နေလိုက်လျှင် ဇော်ရင်လည်း ရူးသွားလောက်ပါသည်။

ရင်ထဲ တဒိတ်ဒိတ်ခုန်နေသော်လည်း မာန်တင်းကာ ကျေနပ်နေရပြန်သည်။

ဇော်ရင်က နေအိမ်သို့ ကွေ့ဝင်လိုက်သောအခါ နာကျင်မှုတွေက ကြယ်စုံ့ရင်ထဲ တိုးဝင်၍လာပြန်သည်။

တစ်ချိန်တုန်း သူများအကြိုအကျလေ့များကို သိဝတ်ကာ ဒီနေရာမှာ စောင့်ခဲ့ဖူးသည်။ မျက်နှာငယ်လေးနှင့်လည်း ဇော်ရင့် အိမ်ဘက်သို့ မဝံ့မရဲ ကူးခဲ့ဖူးသည်။ သို့သော် ယခုလို ကမ္ဘာကျော် တစ်ယောက် ဖြစ်လာသောအခါ ကားနဲ့ အကြိုခံရပြီး အိမ်ရှေ့ဝင်ပေါက်မှ ဝံ့ဝံ့ကြွားကြွား၊ ရယ်စရာပဲ ကောင်း၍နေလေတော့သည်။

"ကြယ်စုံ ဆင်းလေ"

ပြောင်းလဲသွားလိုက်တာ။ သူက ကြယ်စုံဆင်းဖို့ ကားတံခါးကိုတောင် ဖွင့်ပေးနေပြီဆိုပါလား။ မှတ်လောက်အောင်တော့ ညာပေးလိုက်ဦးမှ။

"ဟင့်အင်း ... ကြယ်စုံ အရမ်းကြောက်နေပြီ ခြေထောက်တောင် မလှုပ်နိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမကြောက်ပါနဲ့၊ မင်းရှေ့မှာ ငါတစ်ယောက်လုံး ရှိနေပါတယ်"

"ဟင့်အင်း ... ကြယ်စုံကြောက်တယ်၊ မြေကြီးပေါ် နင်းလိုက်ရင်လည်း ကြယ်စုံ လဲကျသွားမယ်ထင်တယ်"

ဇော်ရင်သည် ကြယ်စုံ့ကို သနားကရုဏာသက်စွာ ကြည့်လာသည်။ ပြီးနောက် ကြယ်စုံ့ခြေထောက်တွေကို စုကိုင်ကာ ကြယ်စုံ့ခြေဖဝါးလေးကို မြေပြင်ပေါ် ချပေးသည်။

ကြယ်စုံ ပြုံးမိသည်။ ထိုစဉ် အိမ်မတံခါးလေးသည် လှစ်ခနဲပွင့်သွားသည်ကို သတိပြုမိလိုက်၏။ ရုတ်တရက်ဆိုသလို ကြယ်စုံ့ခေါင်းထဲ လင်းခနဲမြင်သွားသည်။

ကြယ်စုံသည် မိမိကိုစိုက်ကြည့်နေသော ဇော်ရင့်ရင်ခွင်ထဲ တိုးဝင်ကာ ဇော်ရင့်နှုတ်ခမ်းကို ဖွဖွနမ်းလိုက်သည်။

"ဒါ ဘာလုပ်နေကြတာလဲ"

"ဟင် မေမေ"

ကြယ်စုံ ကျေနပ်သည်။ အခဆင့်သင့်လိုက်တာ။ ဘာလို့ ရွှေစင်ယော်က အချိန်ကိုက်ရောက်နေရတာလဲ။

"မင်း ဘာလာလုပ်တာလဲ ကြယ်စုံ့ဖူး"

"ကျွန်တော်ခေါ်လာတာ မေမေ"





"မင်းကို ဘယ်သူက ခေါ်ခိုင်းလို့ ခေါ်လာရတာလဲ"

"ကျွန်တော့်သဘောဆန္ဒနဲ့ပါ မေမေ၊ ကျွန်တော် ကြယ်စုံ့ကို ချစ်တယ်၊ လက်ထပ်ချင်တယ်"

အားပါးပါး ပြတ်သားလှချည်လား ဇော်ရင်ရယ်။ မိုက်တယ်၊ ပြောလိုက်စမ်းပါ ခပ်ပြတ်ပြတ်သာ ပြောပစ်လိုက်စမ်းပါ။ နင့်အမေ ရင်ကွဲပြီး လဲသေသွားအောင် ပြောပစ်စမ်းပါ။ ကောင်းသွားတာပေါ့၊ နို့မဟုတ်ရင် ရွှေစင်ယော် ရင်နာဖို့ recorder ခွင့်ပြုနေရဦးမှာ။

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး မေမေ"

"မင်း ရူးနေပြီလားဇော်ရင်၊ ရွှေစင်လေးရှေ့မှာ ဒါတွေ မင်း ပြောစရာလား။ ပြီးတော့ ဒီကောင်မလေးအကြောင်း မင်း သိတာလည်း မဟုတ်ဘဲနဲ့၊ ဒါ့ထက် မိမိရွှေကို အရိပ်က လွတ်သွားပြီး နောက်ပိုင်းဘဝကို ဘယ်လိုပုံစံနေသလဲဆိုတာ မင်း သိနိုင်လို့လား။ မိန်းမဆိုတာ အပြောလှနေရုံနဲ့ မပြီးဘူး ဇော်ရင်၊ မျိုးရိုးဇာတိ အကျင့်သိက္ခာလှရတာဟဲ့ တော့ရဲ့"

"ကြယ်စုံက ဘာဖြစ်နေလို့လဲ မေမေ"

"အဲဒါ ... ငါ့ကို မမေးနဲ့၊ သူ့ကိုမေးလေ"

"ရွှေစင်ယော် ... နင် ငါ့အမေကို ဘာတွေချွန်အား



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီလဲ''

''မင်း ရွှေစင်လေးကို ဘာမှအပြစ်ပြောမနေနဲ့ ဒီကောင်မလေးရဲ့အကြောင်း ငါက အနုမရွေးခါး သိတယ်၊ ဟဲ့ ကောင်မလေး . . . မင်းပြန်တော့၊ မင်းဟာမင်း ကမ္ဘာကျော်ပဲဖြစ်ဖြစ်၊ စကြာဝဠာကျော်ပဲဖြစ်ဖြစ် မင်းကို စိတ်မဝင်စားဘူး၊ ငါတို့အသိုင်းအဝိုင်းထဲလည်း ဝင်လာဖို့ မကြိုးစားနဲ့၊ မင်းကို ဘယ်သူမှ မကြိုဆိုဘူး။ မင်းပြန်တော့''

''ကြယ်စုံ . . . မင်း မပြန်ရဘူး''

လှည့်ပြန်ဟန်ပြင်နေသော ကြယ်စုံ၏လက်ကို ဇော်ရင်ဆွဲထားသည်။

''ဟင့်အင်း လွှတ်ပါ . . . ပြန်မယ်၊ နင့်ကိုချစ်ခဲ့မိတာကအပြစ်တစ်ခုဖြစ်နေပြီ ဇော်ရင်၊ ငါ့မှာက ထပ်ပြီးကျစရာ သိက္ခာလည်း မရှိတော့ဘူး။ လွှတ်ပါ''

''နင် ဟန်ဆောင်မနေနဲ့ ကြယ်စုံ၊ ဇော်ရင့်ကို နင် ဒုက္ခပေးမနေနဲ့၊ နင်လုပ်တာနဲ့ ဇော်ရင်လည်း ရှုံးတော့မယ်၊ ဇော်ရင့်ကိုလွှတ်ပေးလိုက်ပါတော့၊ နင်က ငါတို့ကို တိုက်ခိုက်ချင်တာ မဟုတ်လား၊ တိုက်ခိုက်စရာမလိုတော့ဘူး ကြယ်စုံ၊ အစကတည်းကငါက ရှုံးခဲ့ပြီးသားပါ၊ ဇော်ရင် ငါ့ကိုမချစ်ဘူးဆိုတာ သိပါတယ်။





ဒါကြောင့် ငါက ဘယ်တုန်းကမှ ပိုင်ဆိုင်ဖို့လည်း မကြိုးစားဖူးဘူး။ ဒီ ဇော်ရင့်ကို လက်ထပ်ခဲ့ရင်တောင် အဲဒါ နင့်ရန်က ကာကွယ်ဖို့ပဲ ကြယ်စုံ''

''ရွှေစင်ယော် . . . နင် တော်တော့၊ ကြယ်စုံ့ကို ဒုတိယအကြိမ် ဒဏ်ရာတွေ မပေးပါနဲ့တော့၊ နင်သတ်လို့ ကြယ်စုံ့တဝက အဖန်ဖန် သေခဲ့ပြီးပါပြီ၊ တော်ပါတော့''

''လွှတ်ပါဇော်ရင်၊ ငါ့လက်ကိုလွှတ်ပါ၊ ငါ သွားပါရစေတော့''

''မရဘူး ကြယ်စုံ၊ နင့်ကို ဒီတစ်ခါ ဆုံးရှုံးရမယ်ဆိုရင် ဒီ ရူးရလိမ့်မယ်၊ မလွှတ်ဘူး''

''ဇော်ရင် . . . နင် ဘာဖြစ်နေတာလဲ၊ တစ်ဖက်ကရှန်းရင် လွှတ်လိုက်တော့လေ''

ရွှေစင်ယော် စိတ်မရှည်ချင်တော့ပါ။ ထို့ကြောင့် ကြယ်စုံ့လက်ကို ဆွဲထားသော ဇော်ရင့်လက်ကို ဆောင့်လွှတ်စေလိုက်သည်။ ဇော်ရင် ဒေါသထွက်သွားသည်။ မျက်စိထဲလည်း ဘာမှမမြင်နိုင်တော့ပေ။

'ဖြန်း'

ကိုယ့်ကိုယ်ကို မသိလိုက်သေးခင်မှာပင် ရွှေစင်ယော်



www.burmeseclassic.com

www.burmeseclassic.com



ပါးကို ရိုက်ပြီးဖြစ်သွားသည်။

"ဟင်"

ရိုက်ချက်သည် ပြင်းသွားသောကြောင့် ရွှေစင်ယော် တစ်ဖက်လည်သွားသည်။

"သား . . . မင်း ဘယ်လိုလုပ်လိုက်တာလဲ"

ကြယ်စုံ ကျေနပ်သည်။ သဘောကျလိုက်တာ။ ဒါ အကင်းပဲ ရှိသေးတယ် ရွှေစင်ယော်။ နောက်ထပ်လာဦးမယ်၊ နောက်တစ်ချက် ထပ်ရိုက်လိုက်စမ်းပါ ဇော်ရင်ရယ်။ ငါ ကျေနပ် သွားအောင် နောက်တစ်ချက် ထပ်ရိုက်ပေးစမ်းပါ။

"ဇော်ရင် . . . နင် သိပ်ရက်စက်တယ်၊ ငါက ဘာအမှား လုပ်မိလို့လဲ၊ အေး . . . အမှားလုပ်ခဲ့တယ်ဆိုရင်တောင် နင့်ဘဝ နစ်နာကုန်မှာစိုးလို့ မှားတဲ့စေတနာအမှားပဲ၊ နင်သိပ်စော်ကား တယ်၊ သိပ်လွန်တယ်၊ ငါ ဘယ်တုန်းက နင့်ဆန္ဒကို ဆန့်ကျင်ဖူး လို့လဲ၊ ရတယ်ဇော်ရင် . . . နင် ငါ့ကို အဲဒီလိုလုပ်စရာမလိုဘူး နင်လိုက်သွားလိုက်ပါ၊ နင့်ကို ကြယ်စုံကရော လက်ထပ်မယ်ထင် နေသလား။ နင့်ကို အရုပ်တစ်ရုပ်လို အပျင်းပြေဆော့ကစားနေတာ ဇော်ရင့်ရဲ့ . . . သိရဲ့လား။ မိုးထက်ယံကလွဲရင် သူ ဘယ်သူ့ကိုမှ လက်ထပ်လို့မရဘူး။ ဒါတွေကို ငါသိတယ်၊ သိလို့ နင့်ကို တားနေ



တာ၊ နင် ငါ့စေတနာကိုစော်ကားတယ်၊ ရတယ် ဇော်ရင်၊ ဒီလောက် ငါ့ကိုမုန်းနေမှတော့ ငါ ရှောင်သွားမယ်၊ ငါတို့ ဒီတစ် သက်လုံး မတွေ့ဘဲ နေကြတာပေါ့၊ အေး . . . နင် ကံကောင်းပါ စေလို့ပဲ ငါဆုတောင်းပေးလိုက်မယ်"

"သမီး . . . သမီး"

ရွှေစင်ယော်သည် လှည့်ကြည့်မသွားတော့ပေ။ ပြတ်သား လွန်းသွားပါပြီ။ တကယ်ပဲ စိတ်နာသွားပြီလား။

"သမီး ရွှေစင် . . . သမီး၊ ဇော်ရင် . . . မင်း သားမိုက်၊ ထွက်သွား၊ ထွက်သွား . . . သွား။ ဒီကောင်မလေးကို အိမ်ခေါ်လာ မယ်ဆိုရင် မင်းပါ ဒီမှာမနေနဲ့ ထွက်သွား၊ ရွှေစင် သမီး"

ဒေါ်မြင့်လေးနွယ်က ဘယ်လောက်ခေါ်ခေါ် ရွှေစင်ယော် သည် တစ်ချက်မျှ လှည့်ကြည့်မသွားတော့ပေ။

သူ ဘာဖြစ်သွားတာလဲ။ ဘာတွေ လုပ်မိသွားတာလဲ။ ရွှေစင်ယော်ကို ဘယ်လောက်ပဲ ဒေါသထွက်ပါစေ သူ ဒီလိုတော့ လုပ် သင့်ပါ။

"သမီး ရွှေစင်ယော် . . . သမီး"

မေမေသည် ရွှေစင်ယော့်နာမည်ကို တကြော်ကြော်အော် ရင်း ရွှေစင်ယော်နောက်သို့ ပြေးလိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်တကယ်ပဲ မိုးထက်ယံနဲ့ ညိစွန်းနေတာလား ကြယ်စုံ"

"နင်က ရွှေစင်ယော်စကားကို ယုံလို့လား၊ ဒေါသဖြ နေတဲ့လူက ဘာမဆို ပြောထွက်ဖို့ ဝန်မလေးတတ်ဘူး"

"ဆောရီး ကြယ်စုံ ... နင့်ကိုငါ စိတ်ဆင်းရဲမှုတွေ ပေးမိသွားပြန်ပြီ"

"ရပါတယ်"

ဟုသာ ပြောရသော်လည်း ရင်ထဲ ကျေနပ်နေမိသည်။

"ငါ နင့်ကို ပြန်ပို့ပေးမယ်လေ"

ကြယ်စုံသည် အလိုက်သိစွာပင် ကားပေါ်ပြန်တက်သည်။ ဇော်ရင့်ရင်ထဲ မကောင်းပေ။

"မျက်နှာကြီးက ဘာဖြစ်နေတာလဲ၊ ပြုံးပါဦး"

"ငါလေ တစ်ခါမှ ရွှေစင်ယော့်ကို အဲဒီလိုမလုပ်ဖူးဘူး"

ကြယ်စုံ့မျက်နှာတည်တင်းသွားသည်။ ဘာပြန်ပြော ပြောရ မှန်းမသိ။

"ရွှေစင်ယော် ... ငါ့ကို ဘယ်သောအခါကမှ အဲဒီ မကြည့်ဖူးဘူး၊ ငါ သိပ်လွန်သွားပြီ"

"နင် ရွှေစင်ယော်အကြောင်းပဲ ပြောနေတော့မှာလား



"ငါ ဘာပဲလုပ်လုပ် ရွှေစင်ယော်က ငါ့ကို ဘယ်တော့မှ အပြစ်မမြင်ဖူးဘူး။ အခု သူ့အကြည့်တွေက ငါ့ကို မုန်းသွားပြီလား မသိဘူး"

ရွှေစင်ယော်က ဇော်ရင့်ကို မုန်းမမုန်းဆိုတာ မသိသော်လည်း ကြယ်စုံကတော့ မုန်းသွားပြီဖြစ်သည်။

"သေချာစဉ်းစားကြည့်ရင် ငါ သူ့အပေါ် အနိုင်ယူခဲ့တာတွေ အများကြီးပဲ၊ အချိန်တိုင်းမှာ သူက ငါခိုင်းသမျှ လုပ်နေရတယ်၊ ငါ သိပ်ကိုလွန်သွားပြီ၊ သူ ငါ့ကို မုန်းသွားပြီထင်တယ်၊ ငါ ဘာလုပ်ရမလဲ"

"နင် သိပ်ကိုခံစားနေရသလား ဇော်ရင်"

"ကြယ်စုံ ... နင် ကားမောင်းတတ်တယ် မဟုတ်လား"

"ဘာဖြစ်လို့လဲ"

"ငါ့ကားကို နင်မောင်းပြီး ပြန်သွားလိုက်တော့"

ဇော်ရင်သည် ပြောပြောဆိုဆိုပင် ကားကို လမ်းဘေး ရပ်ကာ ကားပေါ်မှ ဆင်းပြေးသွားသည်။

ဘာလဲ ... ဘာတဲ့လဲ။ အဲဒါက ကြယ်စုံ့ကို သိပ်ချစ်လှပါ ည်ခဲ့ဆိုသော ယောကျ်ားတစ်ယောက်တဲ့လား။

မုန်းလိုက်တာ။ ကြယ်စုံ့ကိုများ ရာရာစစ သူက ထားခဲ့

www.burmeseclassic.com

www.burmeseclassic.com



စရာလား။ ရွှေစင်ယော်လို ဘာမဟုတ်တဲ့ ဆိုင်ပိုင်ရှင်လေးနဲ့ ကြယ်စုံ နှိုင်းယှဉ်စရာလား။ မိုက်မဲလိုက်တာ ဇော်ရင်။

"တူ တူ"

ထိုစဉ် ဖုန်းမြည်လာ၏။ ကြယ်စုံ ကောက်ကိုင်လိုက်သည်။ မိုးထက်ယံထံမှ ဖြစ်သည်။

"ကြယ်စုံ . . . မင်း ဘာတွေလျှောက်လုပ်နေတာလဲ"

"ကြယ်စုံက ဘာလုပ်လို့လဲ"

"မင်း ဇော်ရင့်အိမ်ကို ဘာကိစ္စနဲ့ ရောက်သွားတာလဲ"

ကြယ်စုံ့ရင်တွေ ထိတ်ခနဲဖြစ်သွားသည်။ ဘယ်က ဘယ်လို သိသွားတာလဲ။ ခုမှ ဇော်ရင့်အိမ်ကထွက်လာခဲ့ခြင်း ဖြစ်သည်။ သတင်းက မြန်လွန်းနေသည်။ ရွှေစင်ယော် . . . ရွှေစင်ယော် ဖြစ်မည်။ မစားရတဲ့အမဲ သဲနဲ့ပက်မယ်ပေါ့လေ ယုတ်မာလိုက်တာ။

"နင့်ကို ရွှေစင်ယော် ပြောလိုက်တာ မဟုတ်လား"

"ဘာလဲ ကြယ်စုံ . . . မင်းက ကိုယ့်ကို ကစားနေတာ လား၊ ဟုတ်လား"

"ဘာတွေပြောနေတာလဲ"

"ငါ့ကိုတော့ အိမ်မှာ ငုပ်တုတ်ထိုင်ခိုင်းထားပြီး မင်း



တော့ လက်ထပ်မယ့်လူရဲ့အိမ်ကို ရောက်နေတယ်၊ ဟုတ်လား၊ မင်း ယောကျ်ားတွေကို ဘာထင်နေသလဲ၊ ငါးစာတပ်ပြီး မျှားယူနေရအောင် ငါတို့က ဦးနှောက်နည်းတဲ့ သတ္တဝါတွေမဟုတ်ဘူးကွ"

"ဇော်ရင် . . . အဲ မိုးထက်၊ နင် ဘာတွေပြောနေတာလဲ၊ နင်ပြောတာတွေ ကြယ်စုံ တစ်ခုမှ နားမလည်ဘူး"

"ဟွန်း ဟွန်း . . . ရယ်ရတယ်၊ မင်းက ငါ့ကို လှေကားလိုနင်းပြီး ကျော်တက်သွားချင်တယ်ပေါ့ ဟုတ်လား ကြယ်စုံ၊ မင်းမေ့သွားတာ တစ်ခုရှိတယ်၊ ငါက ဇော်ရင်မဟုတ်ဘူး မိုးထက်ယံ၊ ကြယ်တွေရဲ့ အပေါ်မှာရှိတဲ့ စကြာဝဠာကောင်းပဲကွ သိလား"

"ရွှေစင်ယော့်စကားတွေကို နင်ယုံသွားပြီလား၊ ရွှေစင်ယော်နဲ့ငါ ဘယ်သူက နင်နဲ့ပိုရင်းနှီးသလဲ"

"ငါ မင်းကို မသက်သာလို့ စောင့်ကြည့်နေတာကြာပြီ ကြယ်စုံ၊ ငါ့ကို မင်း ညာဖို့မကြိုးစားနဲ့၊ မင်းရဲ့ကားမှန်ကိုဖွင့်ပြီး လမ်းတစ်ဖက်ကို ကြည့်လိုက်စမ်းပါ"

ကြယ်စုံ ရင်ထဲ့ထိတ်သွားသည်။ မိုးထက်ယံ ပြောသလိုပင် ကားမှန်ကိုချလိုက်သောအခါ –

"ဘုရား ဘုရား . . . ငါ ဘယ်လိုလုပ်ရမလဲ"

ကားလမ်းတစ်ဖက်ခြမ်းမှ မိုးထက်ယံသည် ကြယ်စုံ့ကို



www.burmeseclassic.com

www.burmeseclassic.com



ရူးရူးစွာ စိုက်ကြည့်၍နေသည်။

“ကြယ်စုံဆိုတဲ့ပန်းကို မိုးထက်ယံဆိုတဲ့ ငါက စနစ်တကျ စိုက်ပျိုးလာတာ သိလား၊ ပွင့်လာတဲ့အခါမှ သူများခူးဆွတ်မှာမျိုး ငါက ခွင့်ပြုမယ်ထင်သလား”

“မဟုတ်ဘူး မိုးထက်၊ နင် အထင်လွဲနေပြီ၊ ကြယ် ကြယ်စုံ အဲဒီလိုမျိုးမဟုတ်ပါဘူး”

“ငါစိုက်ပျိုးထားတဲ့ပန်းကို ငါ ခူးခွင့်ရှိရင်ရှိ မရှိခဲ့ရင် အဲဒီပန်းကို ငါကိုယ်တိုင်လုံးချေပြမယ်၊ မင်းစောင့်ကြည့်နေလိုက် ကြယ်စုံဖူး၊ ယောကျ်ားတွေက မင်း ကြိုးဆွဲရာကကြရမယ့် ရုပ် သေးတွေ မဟုတ်ဘူး၊ အဆိပ်နဲ့သတ္တဝါတွေ၊ မင်း သိပ်မှားသွားပြီ ကြယ်စုံဖူး”

“မိုးထက် . . . မိုးထက်”

မိုးထက်ယံ၏အသံသည် တတူတူနှင့် ပျောက်သွားခဲ့ပြီ သည်။

“ကျွတ် ပြဿနာပဲ၊ စကားကို ဆုံးအောင်နားထောင် မသွားဘူး၊ ဟိုကတစ်မျိုး ဒီကတစ်မျိုးနဲ့ ဘာတွေမှန်းကို မသိဘူး ချစ်တယ်ပြောနေတဲ့ သူတို့ရဲ့စကားတွေက အချိန်တန်တော့ အာပလာချည်းပဲ၊ အလကား ဗလာနတ္ထိ နှလုံးသားတွေ၊ အာပလာ



အချစ်တွေ”

ကြယ်စုံ့နှုတ်မှ ခပ်ဖွဖွ ရေရွတ်နေမိသည်။ ကြယ်စုံ့ကမ္ဘာ သည် မှောင်မည်းနေကုန်သည်။ သွေးအေးအေး ဆုံးဖြတ်တတ် သော်လည်း ယခုတော့ ဘာကိုဆုံးဖြတ်၍ ဆုံးဖြတ်ရမလဲဆိုတာ မသိပေ။

မိုးထက်ယံကိုပဲ စိတ်ကောက်ပြေအောင် ချော့ရမလား၊ ရွှေစင်ယော်ထံသွားနေသော ဇော်ရင့်ခြေလှမ်းတွေကို ဆိုင်းငံ့ထား ခိုင်းရမလား။ ကြယ်စုံ ဝေခွဲမတတ်ချေ။

ထို့ကြောင့် ဘယ်သူ့နောက်မှ မလိုက်ဘဲ အိမ်သို့သာ ပြန်လာဖြစ်သည်။ စိတ်ပူနေချိန်၌ လူတစ်ယောက်သည် အများ ချည်းသာ အထပ်ထပ်လုပ်မိနိုင်သည်။ ဒီနေ့တစ်နေ့တော့ ကိစ္စတွေ သိပ်ကိုများပြားသွားပြီဖြစ်၏။ ကြယ်စုံ အနားယူရလိမ့်မည်။ နယ် ရုပ်လေးများကို ရွှေ့ချင်လျှင် နောက်နေ့မှ ကစားပွဲသို့ ဝင်တော့မည် ဖြစ်၏။

ကြယ်စုံ့ နယ်ရုပ်လေးတွေက ဘာလို့များ ဘုရင်မကြီးကို ပုန်ကန်ချင်ရတာလဲ။ ကြယ်စုံ ပြုံးမိသည်။ ယောကျ်ားမှန်လျှင် မိန်းမလှလေးရဲ့မာယာအိုင်ထဲမှ ရုန်းထွက်၍ ရကောင်းသား။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ငါတောင်းပန်ပါတယ် ရွှေစင်ယော် . . . ငါ့ကို တံခါးဖွင့်ပေးပါ"

"နင်ပြန်တော့ ဇော်ရင်၊ ငါ့ကို အဲဒီလောက်အရှက်ခွဲရရင်ပဲ နင်ကျေနပ်သင့်ပါပြီ၊ အနိုင်တီးလိုက်ရုံ တောင်းပန်ခိုင်းရုံမှုနဲ့တော့ မတောင်းပန်ပါနဲ့ ငါ နင့်ကိုမတွယ်ကပ်ပါဘူး၊ နင် သွားချင်ရင်သွားတော့၊ နင့်အပေါ် ငါ ဘာစေတနာမှလည်း မထားတော့ဘူး"

"ရုတ်တရက်မို့ ဖြစ်သွားတာပါ၊ နင် ငါ့ကိုနားလည်မပေးတော့ဘူးလား၊ လောကမှာ နင်မှ ငါ့ကို နားလည်မပေးရင် ဘယ်သူက ငါ့ကို နားလည်ပေးတော့မှာလဲ၊ တံခါးဖွင့်ပါ ရွှေစင်ယော်"

"သွားပါ . . . ဆူညံမနေနဲ့၊ ကြယ်စုံကို နင် ပိုယုံတယ်





မဟုတ်လား၊ သွားတော့"

"ကြယ်စုံကိုချစ်တာ မှန်တယ်၊ ဒါပေမဲ့ နင် အဲဒီလိုမျိုးကြီး နေရင် ငါမနေတတ်ဘူး၊ ငါတောင်းပန်ပါတယ်၊ ငါ့ကိုပြန်ရိုက်ပါ၊ တံခါးဖွင့်ပါ"

"အပိုတွေပြောမနေနဲ့၊ နင်ပြန်တော့၊ နင့်ကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

ဇော်ရင် စိတ်ရှုပ်သွားသည်။ ရွှေစင်ယော်သည် ဘယ်တုန်းကမှ ဒီလောက်ကြီး စိတ်မဆိုးဖူးချေ။ ဘာ့ကြောင့်ဖြစ်သွားတာလဲ။

'တူ တူ'

အရေးထဲ ဖုန်းကမြည်လာပြန်သည်။ မကိုင်ချင်သော်လည်း အလုပ်ဖုန်းဖြစ်နေမည်စိုး၍ ကိုင်လိုက်သည်။

"ဟဲလို"

"ဇော်ရင်လား၊ ငါ မိုးထက်ယံပါ"

မိုးထက်ယံ။ ဘာလို့များ ခုတစ်လော မိုးထက်ယံ နာမည်ချည်း ကြားနေရတာလဲ။ မိုးထက်ယံနှင့်သူ ဘာအကျိုးအကြောင်းဆက်စပ်မှုမှလည်း မရှိချေ။ ဘာလို့များ မိုးထက်ယံက သူ့ကို နှုန်းဆက်ရသလဲ။

"မင်းနဲ့ငါ ခဏတွေ့ချင်လို့ ငါ ဘယ်ကိုလာခဲ့ရင် ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ နားမလည်ပါ။ မိုးထက်ယံက သူ့ကို ဘာကြောင့် အခုလောတကြီး တွေ့ချင်နေရတာလဲ။

"ဘာကိစ္စရှိလို့လဲ မိုးထက်၊ ငါ မအားသေးဘူး"

ထိုသို့ပြောနေစဉ်မှာပင် ရွှေစင်ယော်၏အိပ်ခန်းတံခါး ချက်မှာ လျှောခနဲပွင့်သွားသည်။

သူ အံ့ဩမိ၏။ တစ်ချိန်လုံး တဒုန်းဒုန်းထုရိုက်နေတာ မပွင့်ဘဲနဲ့ အခုမှ ဘာလို့ပွင့်လိုက်ရတာလဲ။

"နင် မိုးထက်နဲ့ သွားတွေ့သင့်တယ် ဖော်ရင်"

သူ မျက်မှောင်တွန့်သွားသည်။ ဘာတွေလဲ။ ရွှေစင်ယော် နဲ့ မိုးထက်ကြားမှာ ဘာဆက်နွယ်မှုရှိနေလို့လဲ။ ကြယ်စုံနဲ့များ ပတ်သက်နေလို့လား။ တကယ်ပဲ ကြယ်စုံနဲ့မိုးထက်ယံတို့က။

"ငါ ---- ဆိုင်မှာစောင့်နေမယ် ဖော်ရင်"

မိုးထက်သည် ငယ်ကအကျင့် မပျောက်သေးပေ။ ပြော ချင်ရာပြောပြီးမှ ထုံးစံအတိုင်း ဖုန်းချသွားသည်။

"နင် မိုးထက်နဲ့ သွားတွေ့လိုက်ပါ ဖော်ရင်"

"ဘာသဘောလဲ ရွှေစင်ယော်"

"ငါမပြောချင်ဘူး ဖော်ရင်၊ ကြယ်စုံနဲ့ပတ်သက်ပြီး ငါ နင့်ကို ဘာမှမပြောချင်တော့ဘူး။ နင်နဲ့ပတ်သက်လာရင် ငါ့ကိုယ်ငါ





လည်း စိတ်နာတယ် ... သိလား၊ ကျောင်းမှန်းကန်မှန်းမသိသွား အောင် ပစ်ထားလိုက်ချင်ပေမယ့် နင့်ကို မပစ်ထားနိုင်တဲ့ ငါ့ကိုယ်ငါ လည်း မုန်းတယ်၊ အမုန်းဆိုတာ မကောင်းမှန်းသိတယ်၊ မမုန်းမိအောင်လည်း ငါ အကြိမ်ကြိမ် ကြိုးစားပါလျက်နဲ့ နင့်ကိုငါ မုန်းတယ်၊ ဖော်ရင်။ ငါ့ကိုယ်ငါလည်း မုန်းတယ်၊ ဒါ ငါ နင့်ကို နောက်ဆုံးစေတနာထား ခြင်းပဲ၊ နင် မိုးထက်နဲ့ တွေ့ဖြစ်အောင် သွားတွေ့လိုက်ပါ"

ရွှေစင်ယော်စကားကြောင့်လည်း ဟုတ်သလို၊ စိတ်ထဲ ရှုပ်ချင်တာလည်း ပါတာကြောင့် မိုးထက်ယံချိန်းဆိုသောနေရာသို့ သူ ဦးတည်လာခဲ့သည်။

သူ ဆိုင်သို့ရောက်သောအခါ မိုးထက်ယံသည် စားပွဲ၌ ငူငူကြီး ထိုင်နေသည်ကို တွေ့ရ၏။

"မတွေ့ရတာကြာပြီနော် သူငယ်ချင်း"

မိုးထက်ယံက လက်ကမ်းပေးသောအခါ သူက လက်ဆွဲ နှုတ်ဆက်သည်။

"မင်းနဲ့ရွှေစင်ယော်တို့သတင်းကို ကြားပါတယ်၊ ငါက မင်းတို့ ကို ဂုဏ်ပြုစကားပြောချင်ပေမယ့် အခုမပြောနိုင်တော့ဘူး"

"မင်း ငါ့ကို ဘာကြောင့်တွေ့ချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ရှင်းရှင်းနဲ့တိုတိုပြောရရင်တော့ ကြယ်စုံ့ကိစ္စ”

သူ့ခေါင်းထဲ ဟုန်ခနဲပူသွားသည်။ ရွှေစင်ယော်၏စကားများကို သူ မယုံကြည်ခဲ့ပေ။ မိုးထက်နှင့်ကြယ်စုံ့ကို ရွှေစင်ယော်က တစ်ချိန်တုန်းက မိတ်ဆက်ပေးခဲ့ဖူးသည်။

သူ့ကို အရွဲ့တိုက်ချင်၍သာ မိတ်ဆက်ပေးခဲ့ခြင်း ဖြစ်သည်ကို သူသိ၏။ ထိုအချိန်တုန်းက မိုးထက်သည် လူရှုပ်လူပွေဆိုတာကို သူ ပြောခဲ့သည်။

ထို့ကြောင့် ကြယ်စုံသည် မိုးထက်နှင့်ပတ်သက်နေသည်ဟု ရွှေစင်ယော်ပြောသောအခါ သူ မယုံပေ။ ကြယ်စုံကိုမုန်းနေတာနှင့်ပဲ သွေးရူးသွေးတမ်း လျှောက်ပြောနေသည်ဟုထင်ခဲ့သည်။ ကြယ်စုံ့စကားကို သူယုံသည်။ ထို့ကြောင့် ကြယ်စုံ့အပေါ် သံသယ မရှိခဲ့ခြင်း ဖြစ်၏။

သံသယဝင်ရမှာကိုလည်း ကြောက်သည်။ တစ်ချိန်က ကြယ်စုံ့အပေါ် သူ သံသယဝင်ဖူး၍ ကြယ်စုံနှင့်သူ ဝေးခဲ့ရသည်။ ခက်ခက်ခဲခဲ ဆုံတွေ့ပြီးကာမှ ကြယ်စုံ့အပေါ် သံသယမဝင်ချင်တော့ပေ။

“ကြယ်စုံနဲ့မင်း ပတ်သက်နေပါတယ်ဆိုပြီး ငါယုံအောင် ပြောဖို့ ရွှေစင်ယော် လွှတ်လိုက်တာလား”





“ဘယ်ဆိုးလို့လဲ၊ ကြယ်စုံက ဒီလောက်လက်စွမ်းထက်မယ်လို့ ငါလုံးဝမထင်ခဲ့ဘူး။ အဲဒါ ငါ့ရဲ့မဟာအမှားပဲ၊ မင်းတော့ မလွယ်တော့ဘူးပဲ”

“စကားကို ရှင်းရှင်းပြောပါ မိုးထက်၊ ငါ့မှာ အချိန်သိပ် မရဘူး”

“မင်းကို ကြယ်စုံက တော်တော်ပြုစားထားပြီ ထင်တယ်”

“မင်း ယောကျ်ားမဟုတ်ဘူးလား မိုးထက်၊ စကားကို လိုရင်းပဲပြောပါ”

“ကြယ်စုံ့ကို မင်းရဲ့အိမ်ကိုခေါ်သွားတယ်နော်”

“ရွှေစင်ယော်က မင်းကို ခရေစေ့တွင်းကျ ပြောထားပုံရတယ်၊ ငါ သူ့ကို ပါးရိုက်လိုက်တာရော ပြောမထားဘူးလား”

“ဘာ ... မင်းက ရွှေစင်ယော်ကို ပါးရိုက်တယ်၊ ဟုတ်လား”

ဒေါသဖြစ်ဖြစ်နှင့်ပြောပြီးကာမှ သူမှားသွားမှန်း သိလိုက်ရသည်။ ထိုကိစ္စကို မိုးထက် မသိဘူးထင်ပါရဲ့။

“မင်း မှားသွားပြီ ဖော်ရင်၊ ရွှေစင်ယော်က မင်းအပေါ် ဘယ်လောက်ထိ ကောင်းသလဲ၊ သည်းခံသလဲဆိုတာ ငါ သိ



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းမကဘူး၊ တစ်တန်းလုံးသိတယ်၊ ဟား ဟား . . . ရယ်စရာပဲကောင်းနေပြီ၊ မင်းလိုကောင်မျိုးရှိနေလို့လည်း ကြယ်စုံက ယောက်ျားတွေကို အထင်သေးချင်တိုင်း သေးနေတာပေါ့''

''ဟေ့ကောင် . . . မင်း ကြယ်စုံ့ကို မကောင်းမပြောနဲ့''

''ငါက မင်းအပေါ် စေတနာထားပြီး တွေ့ချင်နေတယ် ထင်သလား၊ အဝေးကြီးမှာပါ၊ ငါက ငါသိချင်တာကို အတည်ပြုဖို့ လာခဲ့တာ၊ မင်းကို မေးခွန်းတွေအများကြီး ထုတ်ရလိမ့်မယ်လို့ ထင်ခဲ့ပေမယ့် ဘာမှမထုတ်လိုက်ရဘူး၊ မင်း သိပ်ရိုးတာပဲ ဇော်ရင် ဒါကြောင့် မင်းကို ကြယ်စုံက သွန်လိုသွန် မှောက်လိုမှောက် လုပ်နေတာ''

''မင်းက ကြယ်စုံ့ကို ဘယ်လောက်သိနေလို့ ဒီလို ဝေဖန်နေရတာလဲ''

''သိတယ် အကုန်သိတယ်၊ သူ မန္တလေးမှာ ဘယ်လို နေခဲ့တယ်၊ ဘယ်လိုကြီးပြင်းခဲ့တယ်၊ ရွှေစင်ယော်တို့အိမ်ကို ဘယ်လိုရောက်လာတယ်ကစလို့ အခု Miss ဖြစ်သွားတဲ့ထိ အကုန် သိတယ်''

မိုးထက်ယံ၏စကားသည် သူ့အား မှင်တက်သွားစေ သည်။ တကယ်တမ်းပြောရလျှင် ကြယ်စုံ့အကြောင်း သူ သိ





မသိပေ၊ သိရန်လည်း ခက်ခဲလှသည်၊ ကြယ်စုံက ရွှေစင်ယော်တို့ အိမ်မှာနေသည်။ ကြယ်စုံ့ငယ်ဘဝက သိပ်ကို နွမ်းပါးခဲ့သည်။

ကြယ်စုံနှင့်ရွှေစင်ယော်တို့က ဆွေမျိုးနီးစပ်တော်သည်။ ကြယ်စုံက စာတော်သည်။ ရုပ်မှန်းချက်ကြီးသည်။ ထို့အပြင် ကြယ်စုံ့အမေသည် အန်ကယ်နိုင်၏ ငယ်ချစ်ဦးဖြစ်ခဲ့ရတယ်ဆိုတာ ကိုပင် သူ သိလိုက်သည်မှာ မကြာသေးပေ၊ ကြယ်စုံက ဘဝကို ဘယ်လိုရုန်းကန်ပြီး ဘယ်လိုကြိုးစားကျော်ဖြတ်ခဲ့သလဲဆိုတာ သူမသိပေ။ ရွှေစင်ယော်တို့အိမ်မှ ထွက်သွားသည့်အချိန်နှင့် Miss ဖြစ်ပြီးပြန်ပေါ်လာသော အချိန်တ နှစ်နှစ်ကျော်ကာလသည် သူ့အတွက် ကွက်လပ်ကြီးတစ်ခု ဖြစ်၍နေသည်။

သူချစ်သော ကြယ်စုံ၏ဘဝကို အကုန်သိပါတယ်ဆို သော မိုးထက်ယံ၏ရှေ့တွင် သိမ်ငယ်လာမိသလို ခံစားရသည်။

''အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ကြယ်စုံက ဒီလိုဘဝ ရောက်နိုင်ဖို့ အနှစ်သုံးဆယ်ကြိုးစားမှုရမယ်၊ အခု ကြယ်စုံ ပြည့်စုံနေတယ်လေ၊ ထူးဆန်းမနေဘူးလား''

ထူးဆန်းသည်။ ချစ်သည့်စိတ်၊ အားနာသည့်စိတ်နှင့် အရာရာကို ထောက်ကွက်အဖြစ် မမြင်ခဲ့သော်လည်း ထူးဆန်းနေ တာတော့ မှန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါက ဒါတွေထိ မပြောချင်ဘူး။ ဒါပေမဲ့ အရိပ်ပြလို့ အကောင်မမြင်တဲ့လူကို အကောင်လိုက်ပြရတာပေါ့၊ မမြင်ချင်ဘူးဆိုပြီး မျက်စိမှိတ်ထားခဲ့မယ်ဆိုလည်း မင်းထိုက်နဲ့မင်းကံပဲ"

"ဘာအဓိပ္ပာယ်လဲ"

"မင်းလိုပဲ ငါလည်း လှည့်စားခံရတဲ့တစ်ယောက်ပေါ့ကွာ၊ ငါ့ကိုတော့ အတည်ကြံမှာပါဆိုပြီး ငါက စိတ်ကြီးဝင်ခဲ့ဖူးတယ်၊ မှတ်ထား ဇော်ရင် . . . ငါ့ကိုတော့ သူချစ်မှာပါဆိုပြီး တွေးမိလိုက်တဲ့လူက ရှုံးတာပဲ၊ ငါကတော့ ဂုဏ်သိက္ခာနဲ့ လောင်းကြေးထပ်ပြီး သိလာခဲ့ရပြီ၊ မရှုံးချင်ရင် အမြဲတမ်း သတိထား။ အချစ်မှာ အလျားအနံရှိသလို အသွားအပြန်လည်း ရှိရမယ်၊ ငွေက အလျား၊ ဂုဏ်သိက္ခာက အနံ၊ အချစ်မှာ မျက်စိမရှိဘူးလို့ ခပ်ညံ့ညံ့ ဒဿနမျိုးတွေကို ငါ့နားမှာ လာမလွှတ်နဲ့၊ ငါကလည်း တစ်ခွန်းပဲ ပြောမယ် မင်း သူတောင်းစားကို ချစ်နိုင်လို့လား။ ချစ်နိုင်ရင်လည်း အပေါ်ယံအရေပြားကို မင်း မရရတဲ့နည်းနဲ့ ပြင်ဆင်မှာပဲ၊ ငါလည်း အဲဒီလိုလုပ်ခဲ့တာပဲ"

"မင်း ဘာပြောချင်တာလဲ မိုးထက်"

"ဒါကိုကြည့်လိုက်ရင်တော့ ငါက ဘာမှ ရှင်းပြစရာ မလိုလောက်အောင် နားလည်သွားမှာပါ"





ဟုဆိုကာ လက်ထဲမှ အိုင်ပက်ကို ဖွင့်ကာ သူ့ထံ လှမ်းပေးလာသောကြောင့် သူက လှမ်းယူလိုက်သည်။

ရယ်သံလွင်လွင်ကို ပထမဆုံး ကြားလိုက်ရခြင်းဖြစ်၏။ ထိုရယ်သံကို သူသိသည်။ သူ တအံ့တသြပင် ဗီဒီယိုဖိုင်ကို ကြည့်လိုက်သည်။

ရုတ်တရက် မျက်စိရှက်သွားမိ၏။ ကြယ်စုံနှင့်မိုးထက်ယံတို့ ကျီစယ်နေကြပုံများ ဖြစ်သည်။ ကြယ်စုံသည် အဝတ်အစားမရှိသော ကိုယ်ခန္ဓာပေါ် တဘက်ပါးပါးတစ်ထည်ကို မလုံမခြုံဝတ်ဆင်ကာ မိုးထက်ယံကို ကပြဖျော်ဖြေနေလေသည်။

ပြီးနောက် မိုးထက်ယံနှား စင်ထိုင်ကာ မိုးထက်ယံ၏ ချက်နှာ နေရာအနှံ့အပြားကို နမ်းနေသည်။ ယောကျ်ားတစ်ယောက်ဖြစ်သော သူသည်ပင်လျှင် အနေရအထိုင်ရခက်စေသည်။

"ဒီဖိုင်ကို အွန်လိုင်းပေါ်တင်လိုက်ရင် ဘာဖြစ်သွားနိုင်မယ် ထင်သလဲ"

"ကြယ်စုံက မင်းနောက်ပါသွားခဲ့တာလား"

"မင်းမျက်စိမှိတ်ထားလိုက်ပြီနဲ့ တူတယ်၊ အမှန်တရားကို ဘာလို့ဆန်းစစ်နေချင်ရတာလဲ။ လက်ခံစရာရှိ ရဲရဲတင်းတင်း လက်ခံပေးတာက သတ္တိလေကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့အတူနေခဲ့ဖူးတဲ့ မိန်းကလေးတစ်ယောက်ကို မင်းက မညှာမတာ လုပ်တော့မှာလား"

"ကျားဆိုတဲ့သတ္တဝါက သားသမင်ပျိုကို သွားရည်ကျ တာ သဘာဝပဲ၊ ကျားကသာ သမင်ပျိုကို လှည့်စားချင် လှည့်စား မယ် သမင်ပျိုရဲ့လှည့်စားမှုကိုတော့ ကျားကမခံဘူး၊ ရာဇဝင်ရိုင်း တယ်၊ ကျားသိက္ခာကျတယ်၊ လှည့်စားခြင်းခံရလို့ ဒေါသထွက် တာ ကျားရဲ့အပြစ်မဟုတ်ဘူး၊ လှည့်စားတဲ့ သမင်ပျိုရဲ့အပြစ် သူက ကျားကိုမှ သွားကစားတာကိုး"

"သမင်ပျိုမှာလည်း သူ့အသက်အန္တရာယ်ကို တိမ်းရှောင် ခွင့် ရှိတာပဲလေ"

"ဒါပေမဲ့ ဒါက နိယာမတွေကို ချိုးဖောက်နေတယ်လေ လက်မခံနိုင်ဘူး၊ ကဲ . . . ထားပါ၊ ဒါတွေ ငြင်းနေလို့လည်း ဘာမှထူးမှာ မဟုတ်ဘူး"

"မင်း ဒါကိုတင်မလို့လား"

"မင်းဆီက ခွင့်ပြုချက်တောင်းဖို့ လိုသေးလို့လား"

"မင်းနဲ့သူက ဘာတွေဖြစ်ခဲ့ကြမှန်းမသိပေမယ့် ဒါ မလုပ်ပါနဲ့၊ သူ့မှာ အရှက်တရားရှိတယ်၊ ဘဝရှိတယ်"

"ကာလသျှည်ဘားကွ၊ မင်းက သူ့ရဲ့ဓားစာခံနေ



ဟောကောင် မင်းလည်ပင်းမှာ ဓားတင်ထားတယ်၊ မင်းကို သူချစ် နေတယ်လို့ ထင်ပြီး စိတ်ကြီးဝင်မနေနဲ့၊ မင်းခံသွားရမယ်"

"သူက ကမ္ဘာကျော်တစ်ယောက်ပါ မိုးထက်၊ ဒါကြောင့် ဒါတော့ မင်း မလုပ်ပါနဲ့"

သူ တောင်းပန်နေဆဲမှာပင် မိုးထက်ယံက ထရပ်သည်။

"မင်းက ခွေးလိုကောင်ပဲ ဇော်ရင်၊ မင်းနဲ့ပတ်သက်နေတဲ့ ရွှေစင်ယော်က သနားစရာပဲကောင်းနေပြီ"

"ကြိုက်သလိုပြော ရတယ်၊ ဒါတော့ မတင်ပါနဲ့၊ ဖျက် ပေးပါ၊ ဒါကိုတင်လိုက်ရင် ကြယ်စုံဘဝ အဖတ်ဆယ်မရအောင် ပုတ်ပြတ်သွားလိမ့်မယ်၊ ငါ တောင်းပန်ပါတယ်"

"ကျွတ် ပြဿနာပဲ၊ မင်းက ငါ့ရဲ့သူငယ်ချင်းဖြစ်ဖူးပါ တယ်ဆိုတာ ပြောရမှာတောင် ရှက်ဖို့ကောင်းနေပြီ"

"အချစ်ဆိုတာ ဘာလဲ၊ မင်းသိလား မိုးထက်"

"မပြောနဲ့၊ ဒါတွေကို ငါ မယုံဘူး"

"အချစ်ဆိုတာ ချစ်နေတာကွ၊ မင်းမသိရင် မှတ်ထား"

ဇော်ရင်သည် ပြောလည်းပြောကာ အိုင်ပက်ကို ရင်ခွင် ပိုက်ပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။

"ဇော်ရင် . . . ဇော်ရင် ငါ့ကိုပြန်ပေးစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"မပေးဘူး၊ လုံးဝမပေးဘူး။ ဒီဖိုင်ကို ငါ ဖျောက်ဖျက်ပစ်ပြီး မှ ပေးမယ်"

"ဖျက်လည်း အလကားပဲ၊ ဒီဖိုင်တွေက ခုချိန်ဆို အွန်လိုင်းမှာ ပျံ့နှံ့နေလောက်ပြီ"

"မဟုတ်ဘူး။ မင်း မတင်ရသေးဘူး"

"ပေးစမ်းပါ ဇော်ရင်၊ မင်း ကလေးမဆန်ချင်စမ်းပါနဲ့၊ ပေးစမ်းပါကွာ"

"မပေးဘူး"

ဇော်ရင်သည် ပြောပြောဆိုဆိုပင် ဆိုင်ထဲမှ ပြေးထွက်လာခဲ့သည်။

"ဇော်ရင် . . . မင်းရပ်တော့နော်၊ ဟေ့ကောင်"

"မပေးဘူးကွာ"

ပြေးလိုက်နေသော မိုးထက်၏ရန်မှ ကင်းဝေးစေရန် ပြေးထွက်ရမည်။ ပြီးနောက် အကုန်လုံးကို ဒလီလုပ်ပြီးမှ ပြန်ပေးရမည်။

"ဟေ့ကောင် ဇော်ရင်၊ ဇော်ရင် . . . မင်း"

ဖြတ်မောင်းလာသော ကားတစ်စီးကို မိုးထက်ယံ တွေ့လိုက်၏။ တားလိုက်သော်လည်း အချိန်မမီလိုက်တော့ပေ။



"ဘုန်း"

"အား"

မိုးထက်ယံ၏အသံသည် သိပ်ကိုနောက်ကျသွားခဲ့ပါပြီ။ သို့သော် ဇော်ရင့်လက်ထဲမှ အိုင်ပက်သည် ဝေးရာသို့ လွင့်ထွက်မသွားပေ။ လက်ထဲမွေ့ပိုက်ထားဆဲပင်။

"ဇော်ရင်"

မိုးထက်ယံ၏အသံသည် မတ်ဝန်းကျင်ကို ရိုက်ခတ်သွားတော့သည်။

လမ်းမပေါ်တွင် သွေးများ ဖြာခနဲစီးသွားတော့၏။

လေသည် ငြိမ့်ငြောင်းစွာ တိုက်ခိုက်နေသည်။ ခပ်လှမ်းလှမ်းတွင် ကားများ ဟိုမှဒီမှ ဖြတ်သန်းသွားလာနေကြသည်။ ဇော်ရင်၏အသက်ရှူသံတို့သည် ကြယ်စုံဆိုသော နာမည်ကို ရေရွတ်ရင်း။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ကြယ်စုံပူး၏အိမ်ရှေ့တွင် မီဒီယာသမားများသည် ထမင်းထုပ် ထမ်း၍ စောင့်နေကြကုန်သည်။ ကြယ်စုံပူးထွက်လာမည့်အချိန်ကို ငုပ်တုတ်ထိုင်စောင့်နေကြကုန်သည်။

ထိုစဉ် ခြံရှေ့သို့ တက္ကစီတစ်စီး ဆိုက်သွားသည်။ ကားပေါ်မှ အမျိုးသမီးဆင်းလာသည်။ သူက ဒေါ်မိမိရွှေ။

ထိုအမျိုးသမီး၏ မျက်ဝန်းတွင် မျက်ရည်များ ဖြေမဆည်နိုင် စီးဆင်း၍နေလေသည်။

"ကြယ်စုံပူး . . . ကြယ်စုံပူး . . . နင် ထွက်လာစမ်း"

ထိုအမျိုးသမီး၏အော်သံကြောင့် ငိုက်မြည်းနေသော မီဒီယာများ ခေါင်းမတ်လာကြသည်။ အချို့များသည် ဓာတ်



တဖျပ်ဖျပ် ရိုက်ကူး၍ နေလေသည်။

"ငါ့ယောက်ျားကို မြူဆွယ်ရုံမက အသေသတ်တယ်၊ ခု လာပြန်ပြီ ငါ့သမက်၊ မင်းက ဘယ်လိုမိန်းမလဲ၊ ထမင်းကျွေးတဲ့လက်ကို ပြန်ကိုက်ချင်တဲ့မိန်းမ၊ ထွက်ခဲ့စမ်း ခွေးမ"

ဒေါ်မိမိရွှေသည် ဘာကိုမှမရှက်နိုင်တော့ချေ။ လုံချည်ကိုဒူးထက်ပင့်ကာ အော်ဟစ်၍ နေလေသည်။

"ဖြိုပျက်ကောင်မ . . . မင်းကြောင့် ငါတို့မိသားစုဘဝပျက်ရတယ်၊ မင်းကို ကယ်မိလို့ ငါတို့မိသားစု အခြေပျက်ရတယ်၊ မင်းအကြောင်းကို အားလုံးပြောပြလိုက်မယ်"

ဟုဆိုကာ တဖျပ်ဖျပ်ရိုက်နေသော ကင်မရာများနှင့် မျက်နှာချင်းဆိုင်လိုက်ပြန်သည်။

"ဒင်းအဖေက အရက်သမား၊ အမေက ပန်းနာရင်ကျပ်ရောဂါနဲ့ စောစောသေသွားလို့ ကျွန်မယောက်ျားက သနားပြီး စောင့်ရှောက်ထားခဲ့တာပါ၊ ဒါကိုမှ မျက်နှာမထောက်ဘဲ ဒင်းကလေးက လောဘတက်ပြီး ကျွန်မယောက်ျားကို မြူဆွယ်တယ်၊ အသက်ဆယ့်ကိုးနှစ်နဲ့ လေးဆယ့်ငါးနှစ်အရွယ် ဖြစ်သင့်ရဲ့လားရှင်၊ ဒါတင်မကဘဲ ကျွန်မယောက်ျားကို လုပ်ကြံတယ်၊ ကျွန်မသမီးက အမှုလုပ်ချင်ပေမယ့် ကျွန်မက မိသားစုဂုဏ်သိက္ခာကြောင့် သည်း

www.burmeseclassic.com

www.burmeseclassic.com



ခံဖို့ ပြောခဲ့တယ်၊ ကျွန်မ အမှားပါ၊ အခုတော့ ယောက်ျားတင်မက သားမက်ကိုပါ ဖမ်းလာပြီ၊ ခုတော့ သားမက်က သူ့ပယောဂနဲ့ ဆေးရုံမှာ၊ သေမလား ရှင်မလား မသိတဲ့အခြေအနေ ဖြစ်နေပါတယ်၊ ဒါလား နိုင်ငံ့ဂုဏ်ဆောင်၊ ဒါလား စံပြအလှမယ်၊ ဒါလား"

ဒေါ်မိမိရွှေသည် အော်ပြောနေရင်းပင် အသံတိုးတိတ်ဆိတ်သွားသည်။ အားအင်ကုန်ခမ်းကုန်သည်။

"ဘုန်း"

တစ်ခုခု ပြုတ်ကျသောအသံသည် ကြွပ်ကြွပ်ညံနေသော မီဒီယာသမားများကို စစ်ခနဲ တိတ်ဆိတ်သွားစေသည်။

"ဘာအသံလဲ ဘာအသံလဲ"

"ကယ်ကြပါဦးရှင်၊ ကြယ်စုံဖူး တိုက်ပေါ်က ခုန်ချသွားလို့၊ ကယ်ကြပါဦး"

ထိုအသံ၏နောက်တွင် သတင်းသမားများသည် ခြံထဲသို့ အလုအယက် ပြေးဝင်ကြကုန်သည်။ ပြီးနောက် ခြံထဲ၌ ကင်မရာမီးဆလိုက်များ ဖျပ်ဖျပ်လူးသွားသည်။

ဆူညံနေသော လူအုပ်ကြီး၏အသံများနောက်တွင် တစ်စုံတစ်ဦးကတော့ တိတ်ဆိတ်လျက်။

## အခန်း (၁၉)

Miss ကြယ်စုံဖူး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားပြီဆိုသော သတင်းသည် မြန်မာမှာပါမက ကမ္ဘာ့နိုင်ငံများထိပင် ပျံ့နှံ့၍နေကုန်သည်။

ထိုသတင်းသည် ဂျာနယ်ရော၊ ရုပ်သံများ၌ပင် အတန်ကြာ နေရာယူ၍ နေလေသည်။

သို့သော် ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ဆိုသော လူ့သဘာဝတရားအရ တစ်နှစ်ခန့်ကြာသွားသောအခါ Miss ကြယ်စုံဖူးဆိုသူသည် လူအများ နှုတ်ဖျားကြား ပျောက်ဆုံးစပြုသွားသည်။

"ဇော်ရင် ... ငါတို့ အပြင်သွားရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ငါ အိမ်ထဲမှာပဲ နေပါ့မယ်"

"ဘယ်ဟုတ်မလဲ ဇော်ရင်ရယ်၊ လူတစ်ယောက် အသက်ရှင်ဖို့က လေကောင်းလေသန့်လည်း လိုတယ်လေ"

"နင် အလုပ်ရှုပ်နေမှာစိုးလို့ပါ"

"ငါ့မှာ နင့်အပြင် အခြားလူရော ရှိသေးလို့လား၊ ငါ့ကို သူစိမ်းဆန်တဲ့စကားမျိုး မစဉ်းစားပါနဲ့ ဇော်ရင်ရယ်"

ရွှေစင်ယော်သည် ဝိုးချဲလ်လေးကို ကိုယ့်သဘောနှင့်ကိုယ် ဆောင်ပြီး တစ်လိမ့်ချင်း တွန်းလာသည်။

အဖြစ်အပျက်များသည် မနေ့တစ်နေ့ကလိုပင် ခုချိန်ထိ ရင်ထဲနာကျင်နေဆဲဖြစ်၏။

သွေးအိုင်ထဲသေဆုံးနေသော ကြယ်စုံကို ကြည့်ပြီး မေမေလည်း တစ်ထိုင်တည်းမှာ သွေးတက်သေဆုံးခဲ့သည်။ မေမေ အင်မတန်မုန်းသောကြယ်စုံနှင့် မေမေသည် တစ်နေ့ရာတည်း သေဆုံးရလိမ့်မယ်ဟု အိပ်မက်ပင် မက်ဖူးမည်မဟုတ်ချေ။

မုန်းသူနှင့်အတူ သေဆုံးပြီး အချစ်ဆုံးဟု ကြွေးကြော်ခဲ့သော ရွှေစင်ယော်ကိုတော့ လောကတွင် တစ်ယောက်တည်း ပစ်ထားနိုင်ခဲ့သည်။

အမုန်းဆိုတာကဘာလဲ။ အချစ်ဆိုတာကရော ဘာလဲ





ငွေကရော ဘယ်လောက်ထိ အာဏာပြင်းနေလို့လဲ၊ ဂုဏ်ရှိန်ဝါကရော ဘယ်နေရာမှာ တန်ခိုးကြီးလို့လဲ၊ အောင်မြင်ကျော်ကြားမှုတွေကရော ဘယ်လောက်ထိ ရေရှည်တည်တံ့မှာမို့လဲ။

ရွှေစင်ယော် နားလည်သွားသည်။ အချစ်က ဖေဖေ့ဘဝကို ခြောက်လှန့်ခဲ့သည်။ အချစ်ကြောင့် ဇော်ရင်က ခုလို ဒုက္ခိတ ဖြစ်ခဲ့ရသည်။ အမုန်းကြောင့် မေမေ သေဆုံးခဲ့ရသည်။

ငွေကြောင့် ကြယ်စုံတဘဝ ခြောက်သွေ့ခဲ့ရသည်။ ဂုဏ်ရှိန်တွေကြောင့် ပြဿနာများကို လက်ယပ်ဖိတ်ခေါ်ခဲ့မိသည်။ အောင်မြင်ကျော်ကြားမှုက ကြယ်စုံကို သတ်သွားသည်။

အမုန်းကို လွှန်ဆန်နိုင်အောင် ကြိုးစားသည်။ အေးချမ်းသောဘဝ၌ပင် ဒေါသ၊ လောဘ၊ မောဟ ကင်းကင်းနေနိုင်အောင် ကျင့်ကြံသည်။ သို့သော် ရွှေစင် တွန်းလှန်၍ မတတ်နိုင်တာတစ်ခု ရှိသည်။

အချစ်။ အချစ်ကြောင့်ပဲ ကြယ်စုံသည် အထင်လွဲခံခဲ့ရသည်။ ဆိုးဝါးသောခံစားချက်မျိုးစုံကို ခံစားခဲ့ရသည်။ သို့သော် ရင်ထဲမှ နက်နက်နဲနဲဖြစ်တည်လာသော အချစ်ကို ရွှေစင် မတွန်းလှန်နိုင်ခဲ့ပေ။ တွန်းလှန်ပစ်ဖို့လည်း မကြိုးစားခဲ့ပေ။ တွန်းလှန်ရန်လည်း မတွန်းလှန်ချင်ခဲ့ပေ။ ရွှေစင် ဇော်ရင့်ကိုချစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကာတည်းက စတင်ဖြစ်ပေါ်သောစိတ်မှန်း မသိသော်လည်း ရွှေစင်သိလိုက်ချိန်တွင် အချစ်က ရွှေစင့်နှလုံးသား၏ အနက်ရှိုင်းဆုံး ထောင့်တစ်နေရာ၌ ခိုင်မာစွာ ကျောက်ချပြီး ဖြစ်နေသည်။ ရွှေစင်ကျေနပ်ပါသည်။ အချစ်သည် ကြမ်းရှပြီး ပြင်းထန်မည်ဟုထင်ခဲ့သော်လည်း သိမ်မွေ့စွာ နူးညံ့သည်။ ရွှေစင့်အနီး ဇော်ရင်ရှိသည်။

ဇော်ရင်သည် အောက်ပိုင်းသေသွားသော ဒုက္ခိတတစ်ဦး ဖြစ်နေသော်ငြား ရွှေစင့်နေရက်များကို ရှေ့ဆက်နိုင်အောင် ခွန်အားပေးနိုင်သည်။

ဇော်ရင့်အချစ်ကို မျှော်လင့်မိသော်လည်း လောဘ မကြီးမိချေ။ ရွှေစင့်မေတ္တာသာ မှန်ခဲ့လျှင် တစ်နေ့ ဇော်ရင်က ရွှေစင့်ကို ချစ်လာလိမ့်မည်ဟု ယုံကြည်သည်။ ထို့ကြောင့် ရွှေစင့်နေ့ရက်များသည် အဓိပ္ပာယ်များစွာနှင့် လက်ဆက်၍ နေလေတော့သည်။

တစ်ချိန်ချိန် ရွှေစင်သာ ဇော်ရင့်စိတ်ကို ဖတ်မိခဲ့ပါလျှင် အချစ်ဟုဆိုသောအရာကို ရွှေစင်ယော်က တစ်နည်းတစ်ဖုံ အဓိပ္ပာယ် ဖွင့်ပေတော့မည်။ အချစ်စစ်တို့မည်သည် အရေးကြုံလာသောအခါ မသိစိတ်တံခါးကို လှမ်းလှမ်းခေါက်သည့် လက်နက်တစ်မျိုးလား။

ရသတို့နှင့်ပြည့်စုံပါစေ
မယ်နိုင်

www.burmeseclassic.com